The Commerce Journal
http://www.commercejournal.com.mm
စီးပွားရေးသတင်းဂျာနယ်
စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ
VOL .18, NO . 49 | တနင်္လာနေ့တိုင်းထုတ်ဝေသည် | December 10, 2018

# ပြည်ပဈေးကွက်ခိုင်မာစွာ တည်ဆောက်ရမည့် နှမ်းတင်ပို့မှုနှင့် အားသာချက်အားနည်းချက်

စာမျက်နှာ - ၈



## ပြည်ပမှ ဝက်သားပေါက်၊ အေးခဲဝက်သားနှင့် အေးခဲ ဝက်သားပြားများ တင်သွင်းခွင့်ပြုခြင်းကို ယာယီရပ်ဆိုင်းထားမည်

စာမျက်နှာ - ၃

## မြိတ်မြို့တွင် နှစ်နိုင်ငံ ချစ်ကြည်ရေး စီးပွားရေး ညှိနှိုင်းဆွေးနွေးပွဲနှင့် OTOP ဈေးရောင်းပွဲပြုလုပ်ရန်ရှိ

စာမျက်နှာ - ၁၂

## ပြည်တွင်း၌ ဖွင့်လှစ်ခွင့်ရမည့် နိုင်ငံခြားဘဏ်များအနေဖြင့် ရန်ကုန်တိုင်းဒေသကြီး အတွင်းမှာသာ ဖွင့်လှစ်ရမည်

စာမျက်နှာ - ၂၆



## csif;ta&a[mif'oE§ a&mfbmawvmrsm;

စာမျက်နှာ - ၁၃


BL
BRIGHT LIGHT CO.,LTD.
Address :F/44 , Sein Pan Street, BayintNaungPwaeYone,
Mayangone Township, Yangon , Myanmar
Hand Ph : 95-9-5009577 , 95-9-73185577
Line Ph : 95-1-682246 , 686131
Fax : 95-1-682630
Email : brightlight.co.ltd@gmail.com
Website : www.brightlightgroup.com.mm


GREAT ALPHA
GREAT ALPHA LOGISTICS CO.,LTD.
Air Freight
Sea Freight
Multimodal Transportation
Door to Door Services
Warehousing Services
Customs Clearance Services
Room No. 404, 4th Floor, Olympic Tower, Bo Aung Kyaw Road, Kyauktada Tsp, Yangon Region, Myanmar.
Ph : +95 9 5506717, +95 9 43120959, +95 1 8245837. Fax : +95 1 8245837
Email : greatalphaaungaung@gmail.com, greatestalpha99@gmail.com

# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်ပါတီကော်မတီ၏ အတွင်းရေးမှူးဖြစ်သူ H.E. Mr. Chen Hao ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ



စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်ပါတီကော်မတီ အတွင်းရေးမှူးဖြစ်သူ H.E. Mr. Chen Hao ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ဒီဇင်ဘာ ၃ ရက် ၁၄:၃၀ နာရီတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံခဲ့သည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား ဆွေမျိုးပေါက်ဖော် ရင်းနှီးချစ်ကြည်မှုနှင့် မဟာဗျူဟာမြောက် ဆက်ဆံရေးအား မြှင့်တင်သွားရေး၊ နှစ်နိုင်ငံအကြား အထူးသဖြင့် ယူနန်ပြည်နယ်နှင့် ကုန်သွယ်ရေး၊ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရေးအတွက် ဆောင်ရွက်သွားမည့်လုပ်ငန်းစဉ်များ၊ နှစ်နိုင်ငံနယ်စပ် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဇုန် ဆောလျင်စွာ တည်ဆောက်အကောင်အထည်ဖော်သွားရေး၊ နယ်စပ်ကုန်သွယ်မှုမြှင့်တင်ရေး၊ မြန်မာနိုင်ငံတွင် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်း များ ပိုမိုတိုးတက်အောင် ဆောင်ရွက်နိုင်ရေး၊ ရွှေလီ-မူဆယ် ဒေသအခြေပြု၍ ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေး အပါအဝင် နှစ်နိုင်ငံ အကျိုးတူကိစ္စရပ်များကို နှစ်နိုင်ငံခေါင်းဆောင်များ၏ မူဝါဒအတိုင်း ဆောင်ရွက်သွားရန်နှင့် One Belt One Road (OBOR) အောက်မှ စီးပွားရေး စင်္ကြံပါလုပ်ငန်းများအား ပူးပေါင်းဆောင်ရွက်သွားရေးတို့ကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ဒုတိယဝန်ကြီး၊ အမြဲတမ်း အတွင်းဝန်၊ ညွှန်ကြားရေး မှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**MOC(IR)**

# မြန်မာ့သနပ်ခါး စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းနှင့် HELVETAS MYANMAR တို့ ပူးပေါင်းဆောင်ရွက်နေမှု အခြေအနေများနှင့် ပတ်သက်၍ ညှိနှိုင်းအစည်းအဝေးပွဲကျင်းပ

မန္တလေးတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး အစည်းအဝေးခန်းမ၌ မြန်မာ့သနပ်ခါးကဏ္ဍ ဖွံ့ဖြိုးတိုးတက် လာစေရန်နှင့် မြန်မာ့သနပ်ခါး ပြည်ပဈေးကွက် တင်ပို့နိုင်ရေးအတွက် မြန်မာ့သနပ်ခါးစိုက်ပျိုး ထုတ်လုပ်တင်ပို့ရောင်းချသူ များအသင်းနှင့်HELVETAS MYANMARတို့ပူးပေါင်း ဆောင်ရွက်နေမှု အခြေအနေများနှင့် ပတ်သက်၍ ညှိနှိုင်းအစည်းအဝေးပွဲကို ဒီဇင်ဘာ ၃ ရက်တွင်ကျင်းပ ပြုလုပ်ခဲ့ပါသည်။

အဆိုပါ အစည်းအဝေးသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာ ဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်မောင်း တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားရာတွင် မြန်မာ့သနပ်ခါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် အရည်အသွေးမီ ပြည်ပဈေးကွက်ဝင်သည့် သနပ်ခါး ထုတ်ကုန်များ ထုတ်လုပ်တင်ပို့နိုင်ရန် ဆောင်ရွက်သင့်ကြောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး၊ စားသုံးသူရေးရာ ဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး၌ ၂၀၁၇ ခုနှစ် နိုဝင်ဘာ ၁၁ ရက်တွင် သနပ်ခါးအများဆုံးစိုက်ပျိုး ထုတ်လုပ်သည့် စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်း ဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်ရှိ သနပ်ခါးစိုက်ပျိုးထုတ်လုပ်သူ တောင်သူများ၊သနပ်ခါး အလှကုန်ထုတ်လုပ်သော လုပ်ငန်းရှင်များ အများစုရှိသည့် ရန်ကုန်တိုင်းဒေသကြီးတို့ပေါင်းစု၍ မြန်မာ့သနပ်ခါးစိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်းကို အလုပ်အမှုဆောင် ၃၉ ဦးဖြင့် ဖွဲ့စည်းခဲ့ပါကြောင်း၊ မြန်မာ့သနပ်ခါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးဆောင်ရွက်ရာတွင် မြန်မာ့သနပ်ခါးစိုက်ပျိုးထုတ်လုပ်တင်ပို့ ရောင်းချသူများအသင်း၊ အကူအညီပေးသည့် HELVETAS MYANMAR၊ သနပ်ခါးကုမ္ပဏီများ၊ သက်ဆိုင်ရာ ဌာနဆိုင်ရာများနှင့် လက်တွဲညီညီ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ မြန်မာ့သနပ်ခါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရည်အသွေးမီ ပြည်ပဈေးကွက်ဝင်သည့် သနပ်ခါးထုတ်ကုန်များ ထုတ်လုပ်တင်ပို့ရေးသည်လည်း အရေးကြီးပါကြောင်း ပြောကြားခဲ့ပါသည်။

ဆက်လက်၍ မြန်မာ့သနပ်ခါး စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းဥက္ကဋ္ဌ ဦးကျော်မိုးက သနပ်ခါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် အသင်း၏ ဆောင်ရွက်ချက်များ ဆွေးနွေးခြင်း၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာဇာနည်မင်းက ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိသော စီမံကိန်းများအကြောင်း ဆွေးနွေးပြောကြားခဲ့ပြီး HELVETAS MYANMAR, Country Director, Mr Peter Schmidt တို့က စီမံကိန်းဆောင်ရွက်နေမှုများအား ဆွေးနွေး ပြောကြားခဲ့ပါသည်။

HELVETAS MYANMAR ၏ ဒေသတွင်း ဇီဝထုတ်ကုန် ကုန်သွယ်မှုစီမံကိန်း၊ စီမံကိန်းမန်နေဂျာ ဦးဇော်မင်းဦးက ဆွေးနွေးတင်ပြရာ HELVETAS MYANMAR အနေဖြင့် ဆွစ်ဇာလန်နိုင်ငံအစိုးရ၊ စီးပွားရေးဌာန၏ လှူဒါန်းမှုဖြင့် အရှေ့တောင်အာရှ သုံးနိုင်ငံဖြစ်သော ဗီယက်နမ်၊ လာအို၊ မြန်မာနိုင်ငံများတွင် စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်လျက် ရှိပါကြောင်း၊ ဇီဝထုတ်ကုန် ကုန်သွယ်မှု အခြေခံမူ ခုနစ်ချက် ချမှတ်၍ ဆောင်ရွက်လျက်ရှိပါကြောင်း၊ စီမံကိန်းကာလမှာ ၂၀၁၆ ခုနှစ် စက်တင်ဘာလမှ ၂၀၂၀ ခုနှစ် ဩဂုတ်လအထိ ဖြစ်ပါကြောင်း၊ ဇီဝကုန်သွယ်မှု စီမံကိန်း၏ ပံ့ပိုးကူညီမှုနယ်ပယ်လေးခုဖြင့် HELVETAS MYANMAR က သနပ်ခါးအား ဇီဝထုတ်ကုန်ဖြစ်နိုင်ခြေလေ့လာခြင်း၊ ပို့ကုန်ဈေးကွက် ဆန်းစစ်အတည်ပြုခြင်း အလုပ်ရုံဆွေးနွေးပွဲများ

**စာမျက်နှာ ၁၂ သို့**

## ပြည်ပမှ ဝက်သားပေါက်၊ အေးခဲဝက်သားနှင့် အေးခဲဝက်သားပြားများ တင်သွင်းခွင့်ပြုခြင်းကို ယာယီရပ်ဆိုင်းထားမည်

၂၀၁၈ ခုနှစ် နိုဝင်ဘာ ၂၂ ရက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးလမ်းညွှန်ချက်နှင့် ဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီ (၂၃/၂၀၁၈) အရ အိမ်နီးချင်း တရုတ်နိုင်ငံတွင် အာဖရိကဝက်တုပ်ကွေးရောဂါ ဖြစ်ပွားနေကြောင်း ကြားသိရ၍ ပြည်ပမှ ဝက်သားပေါက်၊ အေးခဲဝက်သားနှင့် အေးခဲဝက်သားပြားများ တင်သွင်းခွင့်ပြုခြင်းကို ယာယီရပ်ဆိုင်းထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ကုန်သွယ်ရေးဦးစီးဌာန
ပို့ကုန်သွင်းကုန်လုပ်ငန်းဌာနခွဲ


Commerce JOURNAL

**အတိုင်ပင်ခံစာတည်း**
မင်းမင်း
မြင့်လွင်
ဦးဦးဟန်
မြတ်ထွန်းကျော်

**စာတည်းမှူးချုပ်**
သိန်းထွန်းဦး

**တာဝန်ခံစာတည်း**
-

**အုပ်ချုပ်ရေးမှူး**
အေးအေးမော်

**စာတည်းအဖွဲ့**
ကြည်သာသစ်နိုင်

**လက်ထောက်စာတည်း**
ယဉ်ယဉ်အေး၊ မော်မော်အောင်၊
ခင်မိုးသူ၊ သီတာဝင်း

**သတင်းထောက်များ**
သန်းထိုက်အောင်(ပြင်ပ)၊ စုမြတ်လှိုင်(ပြင်ပ)
ရီလင်းထွဋ်(မုံရွာ)၊ မင်းမင်းဦး(ပုသိမ်)၊
ကြည်နိုင်ဦး(အင်းတော်) မင်းဇော်မွန်(ဖျာပုံ)၊
မြင့်ဦး(ပခုက္ကူ) ခင်ဆွေဝင်း(ပြည်)၊
ဝေဝေမင်း(ပြည်)၊ နီနီဝင်း(ပြည်)
ဝင်းဝင်းခိုင်(ပြည်)၊ ဇေခိုင်(တောင်ကြီး)၊
မင်းအောင်(တောင်ကြီး)၊ သန်းသန်းတင်(မုံရွာ)
စိုးအောင်(မန္တလေး)၊ စန္ဒာစိုးလွင်(မကွေး)

**Proof & Layout Design ကြီးကြပ်**
ခင်စုစုလှိုင်

**ကြော်ငြာတာဝန်ခံ**
ထွန်းထွန်းဝင်း (ဖုန်း-၀၉-၄၂၃၇၃၇၅၆၃)
မြင့်ဇင်ညွန့် (ဖုန်း-၀၉-၇၃၀၅၃၅၃၁)

**ထုတ်ဝေသူ**
ဦးမြတ်ထွန်းကျော်(၀၁၀၅၅)
အမှတ်-၂၂၈/၂၄၀၊ ကမ်းနားလမ်း၊
ပန်းဘဲတန်းမြို့နယ်။ ဖုန်း-၂၅၁၁၉၇၊ ၃၇၁၀၂၃

**ဖြန့်ချိရေးတာဝန်ခံ**
သန်းစိုး

**ဖြန့်ချိရေး**
ဇော်ဝင်း၊ မျိုးဇော်၊ အောင်မျိုး၊
အုန်းခင် (၀၉-၄၃၀၄၁၇၄၉)

**ကွန်ပျူတာ**
ဝင်းမာသိန်း
သင်းသီရိအောင်

**Layout Design & Graphic Design**
CJ Design Group

**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**
commercejournal.editor@gmail.com

# ရန်ကုန်ဆန်ဈေးကွက်ကို ဆန်ချောရောဆန်ကြမ်းများပါ အသစ်ထပ်မံဝင်ရောက်

ယခုတစ်ပတ် ရန်ကုန်ဆန်ဈေးကွက်မှာ ဆန်ဟောင်းများဈေးငြိမ်နေပြီး ဆန်ချောအသစ်များ ဝါးတန်းကုန်စည်ဒိုင်ကို ထပ်မံဝင်ရောက်လာကြောင်း သိရပါတယ်။

ဆန်ချော အသစ်များဖြစ်တဲ့ ဖျာပုံပေါ်ဆန်းဆန်ထိပ်စ တစ်အိတ်ကျပ် ၃၈၀၀၀ နဲ့ လတ်စတစ်အိတ်ကျပ် ၃၇၀၀၀၊ ပုသိမ်၊ ပေါ်ဆန်းဆန်ထိပ်စတစ်အိတ်ကျပ် ၄၂၀၀၀ နဲ့ လတ်စတစ်အိတ်ကျပ် ၄၀၀၀၀၊ ကျိုက်လတ်ပေါ်ဆန်းဆန်ထိပ်စတစ်အိတ်ကျပ် ၃၅၀၀၀နဲ့လတ်စတစ်အိတ်ကျပ် ၃၄၀၀၀၊မြောင်းမြပေါ်ဆန်းဆန်တစ်အိတ်ကျပ် ၃၈၀၀၀- ၄၁၀၀၀၊ ပေါ်ဆန်းဆန်အသစ် တစ်အိတ်ကျပ် ၃၄၀၀၀ -၃၅၀၀၀ ရှိကြောင်း၊ ဝါးတန်းကုန်စည်ဒိုင်ရဲ့ဆန်လက်ကားဈေးနှုန်းများအရ သိရပါတယ်။ ကျားပျံပေါ်ဆန်းဆန်တစ်အိတ်ကျပ် ၃၅၀၀၀-၄၀၀၀၀ ရှိပြီး ယခင်တစ်ပတ်ဈေးထက် အနည်းငယ်တက်ကြောင်း သိရပါတယ်။ ကုန်စည်ဒိုင်ကို ဆန်အဝင်ပုံမှန်ရှိပြီး အရောင်းအဝယ်အေးကြောင်း သိရပါတယ်။ ဧည့်မထ ၂၅ မှတ်ဆန်အသစ် တစ်အိတ်ကို ကျပ် ၂၁၀၀၀ -၂၁၅၀၀ ရှိပြီး ဈေးအနည်းငယ်တက်တာတွေ့ရပါတယ်။

ရက် ၉၀ ဆန်အဟောင်းတစ်အိတ်ကို ကျပ် ၂၈၀၀၀-၃၀၀၀၀၊ သီးထပ်(ရှယ်) အဟောင်းတစ် အိတ်ကျပ် ၂၃၀၀၀-၂၄၀၀၀ရှိပြီး ထပ်မံဝင်ရောက်လာတဲ့ နံ့ကားအသစ်တစ်အိတ်ကို ကျပ် ၂၁၀၀၀-၂၁၂၀၀ ရှိပါတယ်။ ဆန်သစ်များ ထပ်မံဝင်ရောက်လာသော်လည်း အစိုဓာတ်နည်းပြီး ခြောက်သွေ့သောဆန်များသာ အရောင်း အဝယ်ဖြစ်၍ အစိုဓာတ်ရှိသေးသော ဆန်များအရောင်းအဝယ်အေးကြောင်း ကုန်စည်ဒိုင်မှ သိရပါတယ်။

**ယဉ်ယဉ်အေး**

## ရွှေဘိုခရိုင်အတွင်း ဆန်၊ စပါးဈေးကွက် အရောင်းအဝယ်ပုံမှန်ရှိ

ရွှေဘိုခရိုင်အတွင်း ဆန်၊ စပါး ဈေးကွက်အခြေအနေမှာ ဈေးကွက်သို့ ပုံမှန်ဝင်ရောက်လျက်ရှိပြီး ရွှေဘိုပေါ်ဆန်းစပါးဈေးမှာ တင်း ၁၀၀ကို ကျပ် ၁၆၅၀၀၀၀- ၁၇၀၀၀၀၀ ဝန်းကျင်၊ ရွှေဘိုပေါ်ဆန်းဆန်တစ်တင်းခွဲတစ်အိတ်လျှင် ကျပ် ၅၄၀၀၀- ၅၅၀၀၀အတွင်း အရောင်းအဝယ်ဖြစ်လျက်ရှိပြီး ဧရာမင်းစပါးဈေးမှာ တင်း ၁၀၀ လျှင် ကျပ် ၁၀၀၀၀၀၀-၁၀၅၀၀၀၀၊ ဧရာမင်းဆန် တစ်တင်းခွဲတစ်အိတ်လျှင် ကျပ် ၄၀၀၀၀-၄၂၀၀၀ ဝန်းကျင်၊ နှွေအသွယ်စ စပါးဈေးမှာ တင်း ၁၀၀ လျှင် ကျပ် ၆၅၀၀၀၀- ၇၀၀၀၀၀၊ နှွေအသွယ်စဆန် တစ်တင်းခွဲ တစ်အိတ်လျှင် ကျပ် ၂၆၀၀၀ - ၂၇၀၀၀ ဖြင့်အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်းသိရပါတယ်။ ၂၀၁၈ခုနှစ် (မိုး)ရွှေဘိုပေါ်ဆန်းစပါး တန့်ဆည်မြို့နယ်တွင် စတင်ထွက်ရှိနေပြီဟုသိရှိရပြီး ယခုပေါက်ဈေးနှုန်း မှာတင်း ၁၀၀ လျှင် ကျပ် ၁၂၀၀၀၀၀ ခန့်ရှိကြောင်း ဆန်စက်ပိုင်ရှင်တစ်ဦး၏ ပြောကြားချက်အရ သိရှိရပါတယ်။

**ဇင်မျိုးမော်(ရွှေဘို)**

# နိုဝင်ဘာလအတွင်း ဆန်နဲ့ဆန်ကွဲ တန်ချိန်တစ်သိန်းခြောက်သောင်းခြောက်ထောင်ကျော် တင်ပို့

နိုဝင်ဘာနောက်ဆုံးပတ်ဖြစ်တဲ့ ၂၄ ရက်မှ ၃၀ ရက်အထိ သီတင်းပတ်အတွင်း မြန်မာ-တရုတ်နဲ့ မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ အမေရိကန်ဒေါ်လာ ၁၁ ဒသမ ၅၀၄ သန်းတန်ဖိုးရှိ ဆန် ၃၈၇၀၂ တန်ကျော် တင်ပို့ခဲ့ကြောင်း သိရပါတယ်။ မြန်မာ- တရုတ်နယ်စပ်မှ တင်ပို့မှုများမှာ မူဆယ်(၁၀၅)မိုင်ကုန် သွယ်ရေးဇုန်မှ ဧည့်မထဆန် ၂၂၁၂၉ တန်ကျော်၊ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ ဧည့်မထဆန် ၁၆၅၆၂ တန်တင်ပို့ခဲ့ပြီး မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ မောင်တောကုန်သွယ်ရေး စခန်းမှ ဧည့်မထဆန် ၁၁တန်ကျော် တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်တင်ပို့မှုနဲ့နှိုင်းယှဉ်ပါက ယခုတစ်ပတ်မှာ ၁၄၆၇၉ တန် ပိုမိုတင်ပို့ခဲ့ပါတယ်။ နိုဝင်ဘာလအတွင်းမှာ ကုန်သွယ်ရေးစခန်းများမှ အမေရိကန်ဒေါ်လာ ၂၇ ဒသမ ၇၁၆ သန်း တန်ဖိုးရှိ ဆန် ၉၂၈၂၃ တန်တင်ပို့ပြီး အနီးစပ်ဆုံး အောက်တိုဘာလတင်ပို့မှုနဲ့နှိုင်းယှဉ်ပါက ယခုလမှာ ၅၀၅၂၈ တန်ပိုမိုတင်ပို့နိုင်ကြောင်း သိရပါတယ်။

ယခုတစ်ပတ်အတွင်း အမေရိကန်ဒေါ်လာ သုညဒသမ ၁၇၂သန်းတန်ဖိုးရှိ ဆန်ကွဲ ၆၂၅ တန်တင်ပို့ခဲ့ပြီး မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ ဆန်ကွဲတန်ချိန်၅၀၀နဲ့လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ ဆန်ကွဲ ၁၂၅ တန် တင်ပို့ခဲ့ပါတယ်။ နိုဝင်ဘာလအတွင်းမှာ ဆန်ကွဲ ၉၉၉ တန်တင်ပို့ပြီး အနီးစပ်ဆုံးအောက်တိုဘာလနဲ့နှိုင်းယှဉ်ပါက ၁၃၇ တန် ပိုမိုတင်ပို့နိုင်ကြောင်း သိရပါတယ်။

နိုဝင်ဘာ ၂၅ ရက်မှ ဒီဇင်ဘာ ၁ ရက်အထိ သီတင်းပတ်အတွင်း ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ ၂ ဒသမ ၇၆၀ သန်းတန်ဖိုးရှိဧည့်မထဆန်၊ ငစိန်ဆန်နဲ့ပေါင်းဆန် တန်ချိန် ၇၄၁၀ တင်ပို့ခဲ့ကြောင်း သိရပါတယ်။ နိုင်ငံအလိုက်တင်ပို့မှုများမှာ ဗီယက်နမ်နိုင်ငံသို့ ၁၂၅ တန်၊ မလေးရှားနိုင်ငံသို့တန်ချိန် ၄၆၀၊ တရုတ်နိုင်ငံသို့ ၇၆ တန်၊ ဖိလစ်ပိုင်နိုင်ငံသို့ တန်ချိန် ၁၀၀၀ နဲ့ အီးယူနိုင်ငံများသို့၅၇၄၉ တန်တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ နိုဝင်ဘာတစ်လလုံးမှာ ရေကြောင်းမှ အမေရိကန်ဒေါ်လာ ၁၉ ဒသမ ၂၆၄ သန်းတန်ဖိုးရှိ ဆန် ၅၇၀၈၃ တန်ကျော်တင်ပို့ခဲ့ပြီး အနီးစပ်ဆုံး အောက်တိုဘာလတင်ပို့မှုနဲ့နှိုင်းယှဉ်ပါက ၂၁၄၃၈ တန် ယခုလမှာလျော့နည်းခဲ့ကြောင်း သိရပါတယ်။

ယခုတစ်ပတ်ရေကြောင်းမှ ဆန်ကွဲတင်ပို့မှုမှာ အမေရိကန်ဒေါ်လာ သုည ဒသမ ၆၇၄ သန်းတန်ဖိုးရှိ ဆန်ကွဲ ၂၂၈၄ တန်ကျော်တင်ပို့ခဲ့ရာ ဗီယက်နမ်နိုင်ငံ၊ စင်ကာပူနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံနဲ့အီးယူနိုင်ငံများကို တင်ပို့ခဲ့ပြီး နိုဝင်ဘာတစ်လလုံးမှာ အမေရိကန်ဒေါ်လာ ၄ ဒသမ ၄၅၈ သန်းတန်ဖိုးရှိ ဆန်ကွဲတန်ချိန် ၁၅၁၆၀ တင်ပို့ခဲ့ပါတယ်။ အနီးစပ်ဆုံးအောက်တိုဘာတင်ပို့မှုနဲ့နှိုင်းယှဉ်ပါက ၉၂၈၁ တန်လျော့ကျခဲ့ကြောင်း သိရပါတယ်။

နိုဝင်ဘာလအတွင်း ဆန်နဲ့ဆန်ကွဲတင်ပို့မှုစုစုပေါင်းမှာ ဆန် ၁၄၉၉၀၆ တန်နဲ့ ဆန်ကွဲ ၁၆၁၅၉ တန်တင်ပို့ခဲ့ပါတယ်။ ယခုလမှာ ကုန်သွယ်ရေးစခန်းများမှ ပိုမိုတင်ပို့ပြီး ပင်လယ်ရေကြောင်းမှ လျော့နည်းခဲ့ပါတယ်။

**ယဉ်ယဉ်အေး**

# ဧရာဝတီတိုင်းအတွင်း မိုးစပါးသစ်များ ဈေးကွက်သို့ လှိုင်လှိုင်ဝင်ရောက်လာချိန် ဆန်အသစ်/အဟောင်းဈေးနှုန်း ကွာခြားလျက်ရှိ

ဧရာဝတီတိုင်းဒေသကြီးအတွင်း မိုးစပါးသစ်များ ဈေးကွက်သို့ လှိုင်လှိုင်ဝင်ရောက်လာချိန် စပါး/ဆန်အဟောင်းလက်ကျန်များမှာလည်း နည်းပါးလျက်ရှိပြီး ဆန်အသစ်/အဟောင်းဈေးနှုန်းကွာခြားမှုရှိကြောင်း ဈေးကွက်သတင်းများမှ သိရသည်။ လက်ရှိတိုင်းအတွင်း ပေါ်ဆန်စပါးသစ်ပေါက်ဈေးမှာ ၄၆ ပေါင် တင်း ၁၀၀ ကို ကျပ်ရှစ်သိန်းဝန်းကျင်မှ ကျပ်ကိုးသိန်းဝန်းကျင်အထက်ပေါက်ဈေးရှိပြီး ပေါ်ဆန်းဆန်အသစ် တစ်အိတ် ကျပ် ၃၅၀၀၀ မှ ၄၂၀၀၀ ခန့်နှင့် ပေါ်ဆန်းဆန်အဟောင်းတစ်အိတ် ကျပ် ၄၅၀၀၀ - ၅၃၀၀၀ - ၅၅၀၀၀ အတွင်းရှိ၍ အသစ်/အဟောင်း ပေါ်ဆန်း ဆန်ဈေးမှာဈေးနှုန်းကွာခြားလျက် မိုးဧည့်မထစပါးသစ် ၄၆ ပေါင် တင်း ၁၀၀ ကို ကျပ် ၅၀၀၀၀၀ မှ ၅၇၀၀၀၀ ရှိပြီး ဆန်သစ်တစ်အိတ် ကျပ် ၁၉၅၀၀ မှ ၂၃၀၀၀ အတွင်းနှင့် မိုးဧည့်မထဆန်ဟောင်းတစ်အိတ်ကိုကျပ် ၂၆၀၀၀မှ ၂၈၅၀၀ အတွင်း အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ ဧည့်မထဆန်အသစ်/ဆန်အဟောင်းဈေး ကွာခြားလျက်ရှိကြောင်း ဆန်စပါးဈေးကွက်သတင်းများမှသိရသည်။

**မင်းမင်းဦး(ပုသိမ်)**

# အာရှနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၇-၁၂-၂၀၁၈ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀ % | ၃၈၅ | ၃၈၅ | □ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၃၇၅ | ၃၇၅ | □ | ၃၉၅ | ၃၉၅ | □ | ၃၇၀ | ၃၇၀ | □ | ၃၆၆ | ၃၅၈ | ▽ |
| ဆန်ဖြူ ၁၀% | ၃၇၃ | ၃၇၃ | □ | ၃၉၀ | ၃၉၀ | □ | - | - | - | ၃၆၁ | ၃၅၃ | ▽ |
| ဆန်ဖြူ ၁၅% | ၃၇၁ | ၃၇၁ | □ | ၃၈၅ | ၃၈၅ | □ | - | - | - | ၃၅၆ | ၃၄၈ | ▽ |
| ဆန်ဖြူ ၂၅% | ၃၆၇ | ၃၆၈ | △ | ၃၇၅ | ၃၈၂ | △ | ၃၅၅ | ၃၅၅ | □ | ၃၃၂ | ၃၂၀ | ▽ |
| ပေါင်းဆန် | ၄၀၃ | ၄၀၆ | △ | - | - | - | ၃၆၈ | ၃၆၈ | □ | ၄၀၈ | ၄၀၈ | □ |

*Source: liverice*

# ပြည်တွင်းမြို့ကြီးများ၏ (၇-၁၂-၂၀၁၈)ရက်နေ့ ဆန်၊ စပါးဈေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ဧည့်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| **ဆန်ပိုဒေသများ** | | | | | | | | |
| ပြည် | ၅၁၅၀ | □ | ၂၁၅၀၀ | □ | ၈၅၀၀၀ | □ | ၄၄၀၀၀ | □ |
| ပုသိမ် | ၅၇၀၀ | □ | ၂၁၀၀၀ | □ | ၈၈၀၀၀ | □ | ၃၆၅၀၀ | □ |
| ပဲခူး | ၅၂၄၀ | □ | ၂၂၀၀၀ | □ | ၁၂၅၀၀ | □ | ၆၆၅၀၀ | □ |
| ရွှေဘို | ၇၀၀၀ | □ | ၂၇၀၀၀ | □ | ၁၇၀၀၀ | □ | ၅၄၀၀၀ | □ |
| စစ်တွေ | ၅၀၀၀ | □ | ၂၂၀၀၀ | □ | ၇၀၀၀ | □ | ၃၅၀၀၀ | □ |
| **ဆန်လိုဒေသများ** | | | | | | | | |
| နေပြည်တော် | ၅၇၀၀ | □ | ၂၃၀၀၀ | □ | - | - | ၅၄၀၀၀ | □ |
| ရန်ကုန်(ဝါးတန်း) | ၆၄၀၀ | □ | ၂၃၂၀၀ | □ | - | - | ၅၂၀၀၀ | □ |
| မန္တလေး | ၇၅၀၀ | □ | ၃၀၀၀၀ | □ | - | - | ၅၀၀၀၀ | □ |
| မကွေး | ၅၅၀၀ | □ | ၂၉၅၀၀ | □ | - | - | ၆၅၀၀၀ | □ |
| မော်လမြိုင် | ၅၉၈၀ | □ | ၁၇၀၀၀ | □ | ၁၀၁၂၀ | □ | ၃၀၀၀၀ | □ |
| လှိုင်ကော် | ၉၃၁၀ | □ | ၃၆၀၀၀ | □ | - | - | ၆၅၀၀၀ | □ |
| မြိတ် | ၆၈၀၀ | □ | ၂၃၀၀၀ | □ | - | - | ၄၅၅၀၀ | □ |
| ဘားအံ | ၅၂၅၀ | □ | ၂၁၅၀၀ | □ | - | - | ၅၀၀၀၀ | □ |

မှတ်ချက်။ ။ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည် ဆန်ဈေးမှာ နတ္တလင်းဆန်ဈေးဖြစ်ပါသည်။ ဧည့်မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊ လှိုင်ကော်တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စ နှွေ(သစ်)အမျိုးအစားဖြစ်ပါသည်။ ရန်ကုန်၏ စပါးဈေးမှာ သန်လျင် မြို့နယ်၏ စပါးဈေးနှုန်းဖြစ်ပါသည်။

## ၃-၁၂-၂၀၁၈ မှ ၇-၁၂-၂၀၁၈ ထိ CO Form များ ထုတ်ပေးမှုစာရင်း ရန်ကုန်တိုင်းဒေသကြီးရုံး

| Sr.No. | Forms | Copies | Total Value (US$) |
|---|---|---|---|
| 1 | Form A | 594 | 27,976,095.520 |
| 2 | Form D | 96 | 3,878,767.800 |
| 3 | Form E | 109 | 27,856,980.614 |
| 4 | Korea GSP | 7 | 199,323.230 |
| 5 | Form AK | 167 | 7,913,084.530 |
| 6 | Form AJ | 12 | 431,083.030 |
| 7 | Form AI | 52 | 2,194,358.630 |
| 8 | Form AANZ | 9 | 117,579.210 |
| 9 | Form DFTP | 1 | 126,000,000 |
| 10 | Form CHINA | 2 | 224,935,275 |
| **Grand Total** | | **1049** | **70,918,207.839** |

## ပြည်တွင်းဈေးကွက်များမှ ပဲမျိုးစုံဈေးနှုန်းအပြောင်းအလဲ

၇-၁၂-၂၀၁၈ ကျပ်/ပိဿာ

| ပဲအမျိုးအမည် | ရန်ကုန် | | | မန္တလေး | | | မုံရွာ | | | မကွေး | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ၃၀/၁၁ | ၇/၁၂ | ပြောင်းလဲမှု | ၃၀/၁၁ | ၇/၁၂ | ပြောင်းလဲမှု | ၃၀/၁၁ | ၇/၁၂ | ပြောင်းလဲမှု | ၃၀/၁၁ | ၇/၁၂ | ပြောင်းလဲမှု |
| မတ်ပဲ | ၁၃၆၀ | ၁၃၈၆ | ▲ | ၁၃၃၃ | ၁၂၈၃ | ▼ | ၁၄၀၀ | ၁၂၅၀ | ▼ | ၁၃၉၀ | ၁၃၂၅ | ▼ |
| ပဲစင်းငုံ | ၁၃၀၆ | ၁၃၂၆ | ▲ | ၁၃၀၀ | ၁၂၃၃ | ▼ | ၁၂၉၀ | ၁၁၇၅ | ▼ | ၁၂၇၅ | ၁၂၃၀ | ▼ |
| ပဲတီစိမ်း | ၁၈၀၀ | ၁၆၆၅ | ▼ | ၁၉၀၂ | ၁၈၆၇ | ▼ | ၁၅၇၈ | ၁၆၈၄ | ▲ | ၁၇၅၀ | ၁၆၀၅ | ▼ |
| ကုလားပဲရိုးရိုး | ၁၈၅၀ | ၁၈၅၀ | ■ | ၁၃၈၀ | ၁၄၂၂ | ▲ | ၁၃၈၄ | ၁၂၈၉ | ▼ | ၁၄၃၀ | ၁၃၇၀ | ▼ |
| ပဲလွန်းဖြူ | ၁၀၅၀ | ၁၁၃၀ | ▲ | ၁၄၁၇ | ၁၄၁၇ | ■ | ၁၃၆၈ | ၁၃၆၈ | ■ | ၁၁၆၀ | ၁၁၃၅ | ▼ |
| ထောပတ်ပဲ | ၂၂၆၀ | ၂၄၃၀ | ▲ | ၂၉၃၃ | ၂၉၃၃ | ■ | ၂၁၀၅ | ၂၁၀၅ | ■ | ၃၁၆၀ | ၃၁၆၀ | ■ |

* မှတ်ချက်။ ဖော်ပြပါဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## အပတ်စဉ် ပဲမျိုးစုံတင်ပို့မှု FOB အရောင်းအဝယ်ဖြစ်မှု အခြေအနေ

ရေတွက်ပုံ-တန်ချိန်

| ပဲအမျိုးအစား | ပြည်ပတင်ပို့မှု | | ပြည်ပတင်ပို့မှု |
|---|---|---|---|
| | ယခင်တစ်ပတ် (၂၄.၁၁.၁၈)ထိ | ယခုတစ်ပတ် (၁.၁၂.၁၈)ထိ | (၁.၁.၁၈) မှ (၁.၁၂.၁၈) ထိ |
| မတ်ပဲ | ၅၃၈၀၈၄ | ၁၄၃၂၁ | ၅၅၂၄၀၅ |
| ပဲတီစိမ်း | ၁၁၀၂၇၀ | ၃၄၁၅ | ၁၁၃၆၈၅ |
| ပဲစင်းငုံ | ၁၇၃၃၂၃ | ၁၆၇၂ | ၁၇၄၉၉၅ |
| ကုလားပဲ | ၅၁၅၅၆ | ၂၂၈၁ | ၅၃၈၃၇ |
| ပဲလွန်းဖြူ | ၂၂၈၂၂ | ၄၆၆ | ၂၃၂၈၈ |
| မြေထောက်ပဲ | ၁၀၀၈၀ | ၇ | ၁၀၀၈၇ |

## ပြည်မြေပဲဆန် ဈေးကျပေမယ့် အရောင်းအဝယ်ဖြစ်

ပြည်ဈေးကွက်တွင် ယခုတစ်ပတ် မြေပဲဆန်ဈေးအနည်းငယ်ပြန်ကျလာတာတွေ့ရပါတယ်။ ပန်းတောင်းနှင့် ပေါင်းတည်ဘက်မှ တစ်နေ့လျှင် အိတ် ၅၀၀ ခန့် ဝင်ရောက်လာတဲ့အတွက် ဈေးကွက်တွင် မြေပဲဆန်များရှိနေပြီး ဝယ်လက်များက အဝယ်နည်းသွားသဖြင့် ဈေးအနည်းငယ်ပြန်ကျလာတာတွေ့ရပါတယ်။ မြေပဲ ဆီဆန်ကို မြို့တွင်းဆီစက်များ မကွေးနှင့်ရန်ကုန်ဆီစက်များက ဝယ်ယူမှုရှိပေမယ့် ဆီဆန် (ဖြူ) တစ်ပိဿာလျှင် ကျပ် ၂၅၅၀ နှင့် (နီ) တစ်ပိဿာလျှင် ကျပ် ၂၆၅၀ ဖြင့် ယခင်တစ်ပတ်ကထက် ဈေးကျလာတာတွေ့ရပါတယ်။ မြေပဲလုံးဆန်ကို မြို့တွင်းပဲလှော်ဖိုများနှင့် ရန်ကုန်၊ မန္တလေး ဝယ်လက်များက အဝယ်ရှိပေမယ့်လည်း ဈေးမမြင့်ဘဲ ယခင်တစ်ပတ်ကထက် ဈေးအနည်းငယ် ကျလာတာတွေ့ရပါတယ်။ ဈေးမှာ လုံးဆန် (ဖြူ) တစ်ပိဿာလျှင် ကျပ် ၂၇၅၀၊ လုံးဆန် (နီ) တစ်ပိဿာလျှင် ၂၈၇၅ ကျပ်ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။

**ဝေဝေမင်း(ပြည်)**

## ပဲနီပြားအဝယ်ရှိတဲ့အတွက် ဈေးအမြင့်နှင့်ရောင်းနေရ

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်နှင့်ရေနံချောင်းမြို့နယ်များမှထွက်ရှိသော ပဲနီပြားများအဝယ်ရှိ၍ ဈေးမြင့် နေကြောင်း ရေနံချောင်းဈေးကွက်မှသိရသည်။ ရေနံချောင်းဈေးကွက်ကို ပွင့်ဖြူမြို့နယ်ရှိ ဇီကျွန်း၊ ပေါက်ကုန်း၊ ကျောင်းစု၊ ဘိစပ်ခုံ၊ နန်းတော်ကျွန်း၊ ငခြောက် ကျွန်းကျေးရွာများနှင့် ရေနံချောင်းမြို့နယ်ရှိ ကျေးရွာများမှ ပဲနီပြားများဝင်ရောက်လျက်ရှိပါတယ်။ ဈေးကွက်အနေအထားအရ ပဲနီပြားမှာ ပဲကြော်လုပ်ငန်းနှင့် မန္တလေးကဝယ်ယူကြောင်း ရေနံချောင်းမြို့နယ်မှ ပွဲစားတစ်ဦးက ပြောသည်။ဈေးကွက်မှာယခင်နှစ်ကာလ တူက ပဲနီတစ်တင်းကျပ် ၃၃၀၀၀ ဖြင့် ရောင်းခဲ့ရာက ယခုတစ်တင်း ကျပ် ၄၀၀၀၀ ဖြင့် ရောင်းချလျက်ရှိသဖြင့် ပဲဈေးမြင့်နေကြောင်း သိရသည်။

**ရွှေဇင်(ရေနံချောင်း)**

## ပြည်ဘိုကိတ်ပဲသစ် ရန်ကုန်ဝယ်လိုအား ရှိနေခဲ့

ပြည်ပဲဈေးကွက်သို့ ဘိုကိတ်ပဲသစ်များ နိုဝင်ဘာလကုန်ပတ်မှစ၍ ဝင်ရောက်လာခဲ့ရာ ယခုလဆန်းရက်မှာ ဝင်ရောက်မှုပိုများလာတာကြောင့် တစ်ရက် အိတ် ၁၀၀ ကျော်ထိ ပဲအဝင်များလာခဲ့တာကို တွေ့ရပါတယ်။ ပြည်အနီးတစ်ဝိုက်ဒေသမှ ဝင်ရောက်ခြင်းဖြစ်ပြီး ရန်ကုန်ဝယ်လက်သမားအဝယ်ရှိတယ်လို့ သိရပါတယ်။ ဒါကြောင့် လက်လီ/လက်လား အရောင်းအဝယ်ဖြစ်နေတဲ့ ပဲသီးနှံဖြစ်ခဲ့ကာ ပဲတစ်တင်း ကျပ် ၂၀၀၀၀ ဖြင့် ယခင်တစ်ပတ်ဈေးထက်လည်း ပိုလာခဲ့တာကို တွေ့ရပါတယ်။ ပဲသစ်ဝင်စက ပဲတစ်တင်းကျပ် နှစ်သောင်းအောက်ဈေးဖွင့်ခဲ့ပေမယ့် ပဲအဝင်လှိုင်လာချိန်မှာတော့ အဖွင့်ဈေးထက်ပိုနေကြောင်း သိရပါတယ်။

**ခင်ဆွေဝင်း(ပြည်)**

## ကယားပြည်နယ်အတွင်း ကုန်စည်စီးဆင်းမှုအခြေအနေများ

၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၂၄ ရက်မှ ၃၀ ရက်အတွင်း မယ်စဲ့နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းဖြစ်သော ကယားပြည်နယ်၊ လွိုင်ကော်မြို့မှ ထိုင်းနိုင်ငံ မယ်ဟောင်ဆောင်သို့ ကုန်ပစ္စည်းတင်ပို့မှုမှာ အမေရိကန်ဒေါ်လာ ၂၂၇၃၆တန်ဖိုးရှိ ငရုတ်သီးခြောက် ၁၂၀၀၀ ကီလိုဂရမ် တင်ပို့ခဲ့ပြီး ထိုင်းနိုင်ငံ မယ်ဟောင်ဆောင်ဘက်မှတစ်ဆင့် ပြန်လည်တင်သွင်းမှုမှာ အမေရိကန်ဒေါ်လာ ၄၅၀၀ တန်ဖိုးရှိ သန့်ရှင်းရေးသုံးဆပ်ပြာရည် ၃၆၀၀၀ ကီလိုဂရမ်၊ အမေရိကန်ဒေါ်လာ၄၂၀၀တန်ဖိုးရှိ ဟင်ချိုမှုန့် ၃၅၀၀ ကီလိုဂရမ် ၊ အမေရိကန်ဒေါ်လာ ၄၅၀ တန်ဖိုးရှိ ဖိနပ်အမျိုးအစားစုံ ၁၀၀၀ တို့ဖြင့် ကုန်သွယ်မှုပြုနိုင်ခဲ့ကြောင်း မယ်စဲ့ကုန်သွယ်ရေးစခန်းစာရင်းများအရ သိရှိရပါတယ်။

၂၀၁၈ခုနှစ် နိုဝင်ဘာလ ၂၉ ရက်မှ ဒီဇင်ဘာလ ၅ ရက်အတွင်း ကယားပြည်နယ်မှ မန္တလေးမြို့သို့ ဒေသထွက်ဧည့်မထဆန်အိတ် စုစုပေါင်း ၆၄၇၀ အိတ်၊ တန်ချိန်အားဖြင့် ၄၇၆ တန်ခန့် တင်ပို့ခဲ့ကြောင်း၊ ရန်ကုန်မှ လွိုင်ကော်သို့ ဆန်တင်သွင်းမှာ ၁၉၅၀အိတ်၊ မန္တလေးမြို့မှ ၁၈၆၀ အိတ် ရွှေဘိုမြို့မှ ၁၈၀၀ အိတ်တင်သွင်းခဲ့ရာ ဆန်အိတ်စုစုပေါင်း ၅၆၁၀ အိတ်၊ တန်ချိန်အားဖြင့် ၄၀ တန်တင်သွင်းခဲ့ကြောင်း သိရပါတယ်။

ကယားပြည်နယ်မှ မန္တလေးနှင့်အခြားမြို့ကြီးများသို့ ပြောင်းတင်ပို့မှု စုစုပေါင်း ၁၆၁၅၀၈ အိတ်၊ တန်ချိန်အားဖြင့် ၇၉၁၁ ဒသမ ၇၅ တန်နှင့် နှမ်းတင်ပို့မှု စုစုပေါင်း ၉၉၀ အိတ်၊ တန်ချိန်အားဖြင့် ၄၈ ဒသမ၄၉ တန် တင်ပို့ထားကြောင်း ပြည်နယ်အထွက် ဂိတ် စာရင်းများအရ လေ့လာသိရှိရပါတယ်။

**ဖြိုးဝေအောင်(လွိုင်ကော်)**

## ရွှေဘိုခရိုင် နှမ်းနက်သီးနှံ အရောင်းအဝယ်သွက်နေ

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်၏ မိုးနှမ်းစိုက်ဧက ဝက်လက်မြို့နယ်၌ ၂၅၆၂၃ဧက၊ ရေဦးမြို့နယ် ၃၂၈၉ဧက၊ တန့်ဆည်မြို့နယ် ၂၇၀ဧကနှင့် ဒီပဲယင်းမြို့နယ်၌ ၂၇၈၁၀ ဧက၊ ရွှေဘိုခရိုင်ချုပ်အနေဖြင့် ၅၆၉၉၂ဧက စိုက်ပျိုးထားရှိပါတယ်။ ဒီဇင်ဘာပထမပတ်နှမ်းနက်သီးနှံများ အဝင်များလျက်ရှိရာ ဝက်လက်မြို့နယ်မှ ထွက်ရှိသော နှမ်းနက်သီးနှံများမှာ မန္တလေးသို့ တိုက်ရိုက်စီးထွက်ပြီး ရေဦး၊ တန့်ဆည်နှင့် ဒီပဲယင်းမြို့များမှ မုံရွာသို့တိုက်ရိုက်စီးထွက်လျက်ရှိပါတယ်။ ရွှေဘိုခရိုင်ပဲပွဲစားများကထိန်တော်အသင်း (ကုန်စည်ဒိုင်)သို့ ခင်ဦးမြို့နယ်နှင့်ကန့်ဘလူမြို့နယ်များမှ တစ်ရက်လျှင် ပျမ်းမျှအိတ် ၁၅၀၀ မှ ၂၀၀၀ ကျော်ခန့်အထိ ဝင်ရောက်ခဲ့တယ်လို့ သိရပါတယ်။ မန္တလေးဝယ်လက်သမားများ အဓိကထား ဝယ်ယူမှုရှိပြီး အဝင်ရှိသလောက် အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ နှမ်းနက်ဈေးနှုန်းမှာတစ်တင်းကျပ် ၇၈၇၀၀ ခန့်ဖြင့် ထိပ်စ အရောင်းအဝယ်ဖြစ်သလို (ရိုးရိုးစ) နှမ်းနက်မှာတစ်တင်းလျှင် ကျပ် ၇၈၀၀၀ ခန့်ဖြင့် အသီးသီးအရောင်းအဝယ်ဖြစ်လျက်ရှိကြောင်းသိရပါတယ်။ **နီနီမြင့်(ရွှေဘို)**

## ပခုက္ကူကုန်စည်ဒိုင်တွင် နှမ်းနက်(စမုံ) ပုံမှန်အရောင်းအဝယ်ဖြစ်နေ



ယခုတစ်ပတ် ပခုက္ကူကုန်စည်ဒိုင်တွင် ပဲစင်းငုံနီ (အဟောင်း)မှာ ဈေးငြိမ်နေပြီးအရောင်းအဝယ်မှာလည်း အနည်းငယ်အေးနေပါတယ်။ ယခုတစ်ပတ် ပဲစင်းငုံနီ (အဟောင်း)ဈေးနှုန်းများမှာ အရည်အသွေးကို လိုက်၍ တစ်တင်းလျှင် ကျပ် ၂၅၂၀၀-၂၅၃၀၀-၂၅၄၀၀-၂၅၅၀၀-၂၆၀၀၀-၂၆၃၀၀ ဖြင့်နေ့စဉ်အိတ် ၅၀ မှ ၁၀၀ ကြား အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။

ပဲစင်းငုံနီ(အသစ်)မှာ ရက်ခြားအရောင်းအဝယ်ဖြစ်နေပြီး တစ်တင်းလျှင် ကျပ် ၂၅၂၀၀ ဖြင့် အိတ် ၅၀ခန့် အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ကုလားပဲဈေးအနည်းငယ်ကျနေပြီး ကုလားပဲဝါ HLမှာ တစ်တင်းလျှင်ကျပ် ၂၅၅၀၀-၂၆၅၀၀-၂၇၀၀၀ ဖြင့်အိတ် ၅၀ ခန့်၊ ကုလားပဲဖြူလုံးကြီး V2 မှာတစ်တင်းလျှင်ကျပ် ၂၄၅၀၀-၂၅၀၀၀-၂၅၃၀၀ ဖြင့် အိတ် ၅၀ ခန့်၊ ကုလားပဲဝါလုံးကြီး 929 မှာ တစ်တင်းလျှင် ကျပ် ၂၅၅၀၀-၂၆၅၀၀-၂၇၀၀၀ ဖြင့်အိတ် ၅၀ ခန့်ပုံမှန်အရောင်းဖြစ်နေပါတယ်။ ပဲတီစိမ်းသေး တစ်တင်းလျှင် ကျပ် ၃၀၀၀၀-၃၂၀၀၀-၃၃၀၀၀ ဖြင့် အိတ် ၅၀ ခန့် အရောင်းအဝယ်ဖြစ်နေပါတယ်။ နှမ်းနက်(စမုံ) မုံတောမှာ ဈေးကောင်းရရှိနေပါတယ်။ နှမ်းနက်စမုံမှာအရည်အသွေးကိုလိုက်၍ ဈေးကောင်းရနေပြီး တစ်တင်းလျှင် ကျပ် ၆၅၀၀၀-၇၈၀၀၀-၈၀၀၀၀-၈၂၀၀၀-၈၃၀၀၀ ဖြင့် အိတ် ၅၀ မှ ၁၀၀၀ ကြား အရောင်းအဝယ်ဖြစ်နေပြီး ပြည်ပမှလည်း အဝယ်လိုက်နေခြင်းကြောင့်လည်း ဈေးကောင်းရ နေပါတယ်။ နက်နက်(ဂွ )မှာတစ်တင်းလျှင် ကျပ် ၆၂၅၀၀ ဖြင့် အိတ် ၅၀ ခန့်၊ နှမ်းနက် (ရိုးရိုး) တစ်တင်းလျှင် ကျပ် ၇၈၀၀၀ ဖြင့် အိတ် ၁၀၀ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်းသတင်းရရှိပါတယ်။ **လှိုင်ဥမ္မာဦး(ပခုက္ကူ)**

## ပြည်ပဲစင်းငုံသီးနှံ ရန်ကုန်ဝယ်လက်များဖြင့် ဈေးမြင့်အရောင်းအဝယ်ဖြစ်

ပြည်ပဲဈေးကွက်အတွင်း နိုဝင်ဘာလမှစ၍ ပဲစင်းငုံသီးနှံဈေးမြင့်တက်လာခဲ့ရာ တစ်လလုံးဈေးအမြင့်ဖြင့် ဆက်လက်အရောင်းအဝယ်ဖြစ်နေခဲ့ပါတယ်။ ပဲတစ်တင်းကျပ် နှစ်သောင်းအောက်သာ ရောင်းဝယ်နေခဲ့ကြရာမှ ကျပ် နှစ်သောင်း၊ သုံးသောင်းနီးပါးအထိ ရရှိလာခဲ့သလို ရန်ကုန်ဝယ်လက်မှလည်း အဝယ်ရှိခဲ့လို့ တချို့ရက်များတွင် အိတ် ၂၀၀/၃၀၀ ကျော်ထိ ရောင်းဝယ်မှုဖြစ်ခဲ့ပါတယ်။ ပဲလက်ကျန်များဖြင့်သာ ရောင်းဝယ်နေခဲ့ရပြီး ပဲသစ်ဝင်ရောက်ခြင်းမရှိသေးကြောင်း သိရပါတယ်။ ယခုတစ်ပတ်မှာတော့ ပဲစင်းငုံသီးနှံတစ်တင်းကျပ် ၂၄၅၀၀ ဖြင့် ယခင်တစ်ပတ်ကထက် ဈေးအနည်းငယ်လျော့တယ် ဆိုသော်လည်း ယခင်နှစ်ပဲဈေးရဲ့ နှစ်ဆကျော်ထိ ဈေးရလျက်ရှိကြောင်း သိရပါတယ်။

**ခင်ဆွေဝင်း(ပြည်)**

## ပြည်ပဲတီစိမ်း သီးနှံအဝင်ရှိသလောက် အရောင်းအဝယ်ဖြစ်

ဒီဇင်ဘာလဆန်းပိုင်းအတွင်း ပြည်ပဲဈေးကွက်မှာ အရောင်းအဝယ်သွက်နေတဲ့ပဲသီးနှံကတော့ ပဲတီစိမ်းသီးနှံဖြစ်ပါတယ်။ ပြည်အနီးတစ်ဝိုက်နှင့် ပန်းတောင်း၊ ကံမမြို့နယ်များမှ နေ့စဉ်ဝင်ရောက်ခဲ့လို့ တစ်ရက် အိတ် ၅၀၀/၆၀၀ ကျော်ထိပဲ ဝင်ရောက်မှုများခဲ့ကာ ဝယ်လိုအားကလည်း အဝင်ရှိသလောက် မန္တလေးဝယ်လက်အဝယ်သွက်နေခဲ့ပါတယ်။ ဒါကြောင့် ဝင်ရောက်လာသမျှ အရောင်းအဝယ်ခဲ့ပြီး ပဲဈေးမှာ တစ်တင်းကျပ် ၃၄၅၀၀ ဖြင့် ယခင်တစ်ပတ်ထက် ဈေးလျော့သွားပေမယ့် မတ်ပဲသီးနှံထက်တော့ ဈေးပိုရနေခဲ့ကြောင်း သိရပါတယ်။

**ခင်ဆွေဝင်း (ပြည်)**

Vol: 18, No.49 Monday December 10 2018

# GAP စနစ် ဘာကြောင့် အလေးအနက်ထားသင့်သလဲ

**အောင်ဆန်း (စိုက်ပျိုးရေး)**

မြန်မာနိုင်ငံ၏စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ (GAP)ကို(၁)အစားအစာများဘေးအန္တရာယ်ကင်းရှင်းရေး (၂) သီးနှံများ၏ အရည်အသွေးကောင်းမွန်ရေး (၃) ပတ်ဝန်းကျင်ညစ်ညမ်းမှုကို ထိန်းသိမ်းရေး (၄) လုပ်သားများ ကျန်းမာ၍ဘေးအန္တရာယ်ကင်းရှင်းရေး လူမှုဘဝသာယာ ရေးဆိုတဲ့ရည်ရွယ်ချက်ကောင်းများနဲ့ပြဋ္ဌာန်းသတ်မှတ်ခဲ့ခြင်း ဖြစ်ပါတယ်။

ဤသို့ ပြဋ္ဌာန်းသတ်မှတ်ခဲ့ခြင်းမှာ သီးနှံများ စိုက်ပျိုးထုတ်လုပ်ရာတွင် မြေယာစတင်ရွေးချယ် ပြုပြင်သည်မှ စားသုံးသူများ လက်ဝယ်(ပါးစပ်ထဲ) ရောက်သည်အထိ စားနပ်ရိက္ခာများ စိတ်ချလုံခြုံမှု အာမခံပေးနိုင်သည်ထိ တာဝန်ခံထုတ်လုပ်ရမည်ဖြစ်ပါတယ်။ သီးနှံစားနပ်ရိက္ခာ တာဝန်ခံထုတ်လုပ်ရသူအများစုသည် တောင်သူလယ်သမားကြီးများ၊ ပုဂ္ဂလိက အစုအဖွဲ့များ၊ အချို့ကုမ္ပဏီလုပ်ငန်းရှင်များသာ ဖြစ်ပါတယ်။

ယနေ့ကမ္ဘာတွင် ဖွံ့ဖြိုးပြီးနိုင်ငံများမှာ စက်မှုလုပ်ငန်းများ ထွန်းကားလာပြီး ဓာတုအဆိပ်အတောက်များဖြင့် ညစ်ညမ်းပြည့်လျှံနေပြီဖြစ်ပါတယ်။ လေထု၊ ရေထုမှာ ကာဗွန်ဒိုင်အောက်ဆိုဒ်များနဲ့ဖုံးလွှမ်းနေပါတယ်။ အာဆင်းနစ်အဆိပ်များနဲ့ လွှမ်းခြုံနေပါတယ်။ ပထဝီမြေထုဟာလည်း ကလိုရင်းဓာတ်ရောစပ်ထားတဲ့ ဟိုက်ဒရိုကာဗွန်များ၊ အော်ဂင်နိုဖော့စ်ဖိတ်များဖြင့် လွှမ်းခြုံလျက်ရှိနေပါတယ်။ ကမ္ဘာ့စားနပ်ရိက္ခာ ဖူလုံရေး အတွက် သီးနှံရိက္ခာထုတ်လုပ်မှုလုပ်ငန်းများလည်း တစ်ရှိန်ထိုးမြင့်တက်လာခဲ့ပါတယ်။ သီးနှံရိက္ခာများ စိုက်ပျိုးထုတ်လုပ်လာခြင်းနှင့်အတူ ဖွားဘက်တော်အဖြစ် ယှဉ်တွဲပေါ်လာသည်မှာ သီးနှံဖျက်ပိုးမွှားရောဂါနှင့် မှိုများသာဖြစ်ပါတယ်။ ဒီအချက်ကို စီးပွားရေးအကွက်မြင်ကြတဲ့လုပ်ငန်းရှင်ကြီးများဟာ ပိုးသတ်ဆေး၊ ရောဂါသတ်ဆေး၊ မှိုသတ်ဆေး၊ ပေါင်းသတ်ဆေးများကို ပမာဏများစွာ ထုတ်လုပ်လာကြတာတွေ့ရပါတယ်။ ယခုအခါ ကမ္ဘာစားနပ်ရိက္ခာအဖွဲ့ကြီးမှထုတ်ပြန်သောစာရင်းအရ ဓာတုဆေးအမျိုးပေါင်း ၁၅၀၀ ကျော်၊ ဆေးစုစုပေါင်း ၁၃ သန်းကျော် ထုတ်လုပ်လျက်ရှိသည်လို့ ဆိုထားပါတယ်။ သုံးစွဲမှုမှာလည်း ဆေးအပျော့စားမှသည် အပြင်းစားအထိသုံးစွဲမှုလက်လွန်လာကြတာတွေ့ရပါတယ်။ အချို့နိုင်ငံကြီးများဆိုရင် လေယာဉ်နဲ့ ပိုးသတ်ဆေးဖျန်းတဲ့ လုပ်ငန်းကိုတောင် တွင်တွင်ကြီးသုံးနေတာတွေ့ရတယ်။ သီးနှံသစ်ပင်များ အပေါ်တွင်မကဘဲ အခြားမဆိုင်သောနေရာများ (ဥပမာ- ချောင်း၊ မြောင်း၊ ရေအိုင်များ)သို့ ပျံ့နှံ့ရောက်ရှိသွားတဲ့အတွက် သဘာဝပတ်ဝန်းကျင် ညစ်ညမ်းစေပြီး အန္တရာယ်ဖြစ်စေမှာဖြစ်ပါတယ်။

အမေရိကန်နိုင်ငံမှ ပညာရှင် Rachel Carson (1962-Silent Spring) က "အင်းဆက်ပိုးသတ်ဆေးများ ဓာတုပစ္စည်းများကို ဘယ်တော့မှ လုံးဝမသုံးစွဲပါနှင့်ဟုတိုက်တွန်းနေခြင်းမဟုတ်၊ အဆိပ်အတောက်ပြင်းပြီး သတ္တဝါများနှင့်သစ်ပင်များအပေါ် သက်ရောက်မှု အားကြီးမားသည့် ဓာတုပစ္စည်းများကို ၎င်းတို့၏အန္တရာယ်အကြောင်း ကောင်းစွာမသိသူ၊ သို့မဟုတ် လုံးဝမသိသူများ၏ လက်ထဲသို့ အဆင်အခြင်အတွက် အဆမရှိပေးခဲ့ခြင်းသာ ဆိုလိုခြင်းဖြစ်သည်" ဟု ပြောခဲ့ပါတယ်။ R.Carson ဟာသဘာဝဗေဒသိပ္ပံစာရေးဆရာမ တစ်ဦးဖြစ်ပြီး သူမရေးခဲ့တဲ့ "Silent Spring" စာအုပ်ကြောင့် အမေရိကန်ကွန်ဂရက်လွှတ်တော်မှ အဖျက်စွမ်းအားကြီးမားပြင်းအားကောင်းတဲ့ ရေရှည်တည်တံ့ အာနိသင်သတ္တိရှိ ကလိုရင်း အုပ်စုဝင် ဒီဒီတီ၊ လင်ဒိန်း၊ အင်ဒရင်း၊ အော်ဒရင်း ဆေးများကို စိုက်ပျိုးရေးနယ်ပယ်တွင် အသုံးမပြုရန် ပိတ်ပင်ခဲ့ပါတယ်။

ယခုအခါမှာ ဓာတုပိုးသတ်ဆေး၊ ရောဂါသတ်ဆေး၊ မှိုသတ်ဆေးများသည် ဖွံ့ဖြိုးသော နိုင်ငံကြီးများမှတစ်ဆင့် မြန်မာနိုင်ငံအပါအဝင် တတိယနိုင်ငံများသို့ ခြေချလာခဲ့ပြီဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ ပိုးသတ်ဆေးအမျိုးပေါင်းတန်ချိန် ၃၀၀၀၀ ကျော်ခန့်ထိ မြန်မာ့လယ်ယာမြေများသို့ ခြေဆန့်လာခဲ့ပြီဖြစ်ပါတယ်။ သီးနှံစိုက်ပျိုးထုတ်လုပ်သည့် တောင်သူလယ်သမားကြီးများ၊ ဥယျာဉ်ခြံစိုက်သူများ၊ ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်သူများ၊ စားသုံးသူပြည်သူများ၊ပိုးသတ်ဆေးအဆိပ်သင့်မှုဒဏ်ကို စတင်ခံစားနေကြရပြီဖြစ်ပါတယ်။ လူသားတို့တွင်သာမက ရေထု၊ မြေထုအတွင်းရှိ သတ္တဝါများပင် အဆစ်ခံနေကြရပြီဖြစ်ပါတယ်။ သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှု ဖြစ်စေခြင်းအကြောင်းရင်းခံကြောင့် ဖြစ်ရခြင်းပါပဲ။

စာရေးဆရာမ R.Carson ရဲ့ သပိတ်လွယ်ငှက်ကလေးများ တေးမဆိုနိုင်တော့ပါ။ ကျေးငှက်သံများ တိတ်ဆိတ်သွားခဲ့တဲ့ နွေဦးပုံရိပ်စာအုပ်၏ စာပေအင်အားကြောင့် အမေရိကန်နိုင်ငံရှိ ဝန်ကြီးဌာနများ၊ လုပ်ငန်းရှင်များ၊ စိုက်ပျိုးရေးနှင့်ဆက်နွယ်သူများနှင့် သာမာန်လူထု လူတန်းစားအားလုံးကပင် သတိပြုမိလာကြပြီး ဓာတုပိုးသတ်ဆေးများသုံးစွဲမှု ကန့်သတ်ရေး၊ သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှုကာကွယ်ရေးနဲ့လူမှုဝန်းကျင်ကာကွယ်ရေးများကို လုပ်ထုံးလုပ်နည်းများ ထုတ်ပြန်၍ ဓာတုကင်းစင်သည့်ဝန်းကျင်တစ်ခုတည်ထောင်ရန် စတင်တွေးတော ကြံဆလာကြပါတယ်။ သို့သော်လည်း ပန်းတိုင်သို့မရောက်နိုင်ဘဲနှေးကွေးနေဆဲပင်ဖြစ်ပါတယ်။

စာရေးဆရာမ R.Carson မှ ဓာတုအဆိပ်ဆေးများ သုံးစွဲခြင်းနှင့်ပတ်သက်ပြီး စာအုပ်များတစ်အုပ်ပြီး တစ်အုပ် ရေးသားဟန့်တား၊ ကန့်ကွက်နေသည့်ခေတ်မှာပင် အော်ဂင်နိုကလိုရင်းဆေးကြောင့် အသည်းရောင်အသားဝါရောဂါနဲ့ ကင်ဆာရောဂါများဖြစ်ပွားလာခြင်း၊ ဂျင်ဂျာဖျော်ရည်အတုကြောင့်တစ်နိုင်ငံလုံး ဂျင်ဂျာသွက်ချာပါဒရောဂါဖြစ်လာခြင်း၊ ၁၉၉၆ ခုနှစ် အမေရိကန်နိုင်ငံတစ်ဝန်းမှာ ရပ်စ်ဘယ်ရီသီးအဆိပ်သင့်မှု ဖြစ်လာခြင်း၊ ၁၉၉၉ ခုနှစ်တွင် ဩစတြေးလျနိုင်ငံမှာ လိမ္မော်ရည်အဆိပ်သင့်မှု ခံစားရခြင်း၊ ၂၀၀၃ ခုနှစ်တွင် အမေရိကန်နိုင်ငံ၌ ကြက်သွန်သီးနှံ အဆိပ်သင့်ခံရမှု ဖြစ်ပွားခြင်း၊ ၂၀၀၄ ခုနှစ်တွင် အီတလီနိုင်ငံ၌ ခရမ်းချဉ်သီးမှ အဆိပ်သင့်မှုဖြစ်ပေါ်ခြင်း၊ ၂၀၀၅ ခုနှစ်တွင် ဖိလစ်ပိုင် နိုင်ငံ၌ ကျောင်းသူကျောင်းသားများ စားသုံးမိသော ပီလောပီနံ သကြားလုံးမှ အဆိပ်သင့်ခံရခြင်းများက မီးမောင်းထိုးပြသော သာဓကများဖြစ်ပါတယ်။

ခေတ်ကာလအလိုက် ဤသို့သော ဖြစ်ပျက်ခဲ့တဲ့ အနိဋ္ဌာရုံများကိုအားလုံးက လျစ်လျူရှုမထားနိုင်ကြတော့ဘဲ အပူတပြင်း တွေးတောကြံဆလာပါတယ်။ ဤသို့ တွေးတောကြံဆလာကြရန် ဦးစွာနေရာယူလာသည်မှာအော်ဂဲနစ်စိုက်ပျိုးရေးပင်ဖြစ်ပါတယ်။ အော်ဂဲနစ်စိုက်ပျိုးရေးတွင်မူဝါဒများ၊ နည်းစနစ်များ၊ လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်ခဲ့သော်လည်း အချို့လုပ်ငန်းစဉ်များတွင် အခက်အခဲ အဟန့်အတားများနဲ့ ကြုံခဲ့ရပြန်ပါတယ်။ အော်ဂဲနစ်စိုက်ပျိုးရေးစနစ်တွင် အော်ဂဲနစ်ဓာတ်မြေဩဇာများစားသုံးပြုခြင်းကို ခွင့်ပြုမပြုမှာ ယနေ့ထိအငြင်းပွားလျက်ပင်ရှိနေပါသေးတယ်။ကောင်းစွာဆွေးမြေ့ပြီးသော သဘာဝမြေဆွေးကို သုံးစွဲသည်ဆိုသော်လည်း ၎င်းမြေဆွေးတွင် လူသားတို့၏ အသက်အန္တရာယ်အားထိခိုက်စေနိုင်တဲ့ ဘက်တီးယားများ၊ မှိုများ၊ ဗိုင်းရပ်(စ်)များပါဝင်မှုရှိ/မရှိ ကိုမူ အာမခံချက်ပေးမထားသည်ကို တွေ့ရပါတယ်။ ဥပမာကြက်ချေး ဆွေး၊ မြေဩဇာကို အသုံးပြုမည်ဆိုလျှင် ကြက်စာတွင် အသုံးပြုတဲ့ အသားတိုးဟော်မုန်းဆေးများ၏ဓာတ်ကြွင်းအာနိသင်ကြောင့် ကြက်ချေးကို အသုံးပြုရန် ကန့်သတ်ထားခြင်းဖြစ်ပါတယ်။ အော်ဂဲနစ်စိုက်ပျိုးရေးသည် အထက်ပါ ရည်ရွယ်ချက်(၄)ခုကို ပြည့်စုံကုန်လုံစွာ အာမခံချက်ပေးနိုင်ခြင်းမရှိပါ။

သို့ပါ၍ အော်ဂဲနစ်စိုက်ပျိုးရေးစနစ်ကို ကျော်လွန်၍ တစ်ဆင့်တက် စဉ်းစားလာကြသည်မှာ အထက်ပါ အနိဋ္ဌာရုံများ အားလုံးကို ကုန်လုံစွာ ကျော်လွှားနိုင်သည့် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ (Good Agricultural Practices=GAP) စနစ်ပင်ဖြစ်ပါတယ်။ GAP ကို ကမ္ဘာနိုင်ငံအားလုံးနှင့် သက်ဆိုင်တဲ့ GAP စနစ်ကို ကမ္ဘာ့ကုလသမဂ္ဂ အဖွဲ့အစည်းမှ ဦးဆောင်၍ညှိနှိုင်းရေးဆွဲပြဋ္ဌာန်းခဲ့တာ ဖြစ်ပါတယ်။ ASEAN နိုင်ငံများနဲ့ သက်ဆိုင်တဲ့ GAP စနစ်ကို ASEAN နိုင်ငံများပူးပေါင်းညှိနှိုင်းရေးဆွဲခဲ့ကြတာဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာလဲ ASEAN Guide Line နဲ့ အညီရေးဆွဲပြီး မြန်မာ GAP စနစ်ကို ပြဋ္ဌာန်းခဲ့ပြီးဖြစ်ပါတယ်။

သို့ပါ၍ လူသားအားလုံးအတွက် အစားအစာဘေးကင်းလုံခြုံရေး၊ သီးနှံများ၏ အရည်အသွေးကောင်းမွန်ရေး၊ ပတ်ဝန်းကျင် ညစ်ညမ်းမှုကို ထိန်းသိမ်းကာကွယ်ပေးနိုင်ရေး၊လုပ်သားများကျန်းမာ၍ဘေးအန္တရာယ်ကင်းရှင်းရေး၊ လူမှုဘဝသာယာလှပရေးဆိုတဲ့ ကောင်းမွန်ပြည့်စုံသော အချက်များကို ဖန်တီးပေးနိုင်မည့် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများGAPစနစ်ကို သာမန်သမားရိုးကျဟုသဘောမထားဘဲ အထူးအလေးအနက်ထား ဆောင်ရွက်ကြပါရန် တိုက်တွန်းလိုက်ရပါတယ်။

## မြန်မာ့ဆိပ်ကမ်းတွင် ၆ .၁၂ .၂၀၁၈ နေ့ ကုန်တင်ကုန်ချသင်္ဘောများစာရင်း

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းများတွင် ကုန်တင်/ကုန်ချဆဲနှင့် ရောက်ရှိမည့် ကုန်သင်္ဘောများ၊ ကုန်သေတ္တာသင်္ဘောများစာရင်းကို ကြည့်ရှုနိုင်ရန် ဖော်ပြလိုက်ပါတယ်။

### (က) ကုန်တင်ကုန်ချဆောင်ရွက်နေသောသင်္ဘောများ

| ဆိပ်ကမ်းအမည် | သင်္ဘောအမည် | ကုန်တင်/ကုန်ချအခြေအနေ |
|---|---|---|
| မြန်မာနိုင်ဂရုပ်ဆိပ်ကမ်း | - MT VIET STAR | P'Oil(In Bulk) ၄၇၅၀ ချဆဲ |
| ထီးတန်းဆိပ်ကမ်း(၁) | - PACAO | ကုန်သေတ္တာ ၅၈၃တင် ၄၆၈ ချဆဲ |
| အေးရှားဝေါလ်ဆိပ်ကမ်း(၁) | - ALS SUZURAN | ကုန်သေတ္တာ ၃၅၀တင် ၄၅၃ ချဆဲ |
| အလုံဆိပ်ကမ်း (၁) | - PACITA | ကုန်သေတ္တာ ၃၇၅တင် ၃၀၄ ချဆဲ |
| ဆူးလေဆိပ်ကမ်း (၇) | - THAI BINH_688 | Urea(In Bulk) ၁၂၀၀၀ ကုန်ချဆဲ |
| သီလဝါဆိပ်ကမ်း (၃) | - RAINBOW FAIRY | IRON PIPES ၂၆၀၂ ချဆဲ |
| သီလဝါဆိပ်ကမ်း (၄) | - NORTH QUAY | Steel Product ၃၁၂၃၀ ချဆဲ |

### (ခ) ကုန်တင်ကုန်ချရန် စောင့်နေသောသင်္ဘောများ

| သင်္ဘောအမည် | ကုန်အမျိုးအစား | လာ/သွားရောက်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| XIR YI HAI -55 | Steel Bars& G/C ၁၀၅၀၀ ကုန်ချရန် | - | ၆.၁၂.၂၀၁၈ |
| SANTA HELENA | Coal (In Bulk)၃၀၂၅၀ကုန်ချရန် | - | ၇.၁၂.၂၀၁၈ |
| TUG;MARITIME | REPAIR AND MAIWTENANCE | INDIA | ၈.၁၂.၂၀၁၈ |
| PUTRI SMIT BORNEO | FOR SMIT BORNEO | | |
| ANARITA | Steel Product ၃၀၅၈၅ ကုန်ချရန် | CHINA | ၈.၁၂.၂၀၁၈ |
| RAINBOW FAIRY | Rice 10000 ကုန် တင်ရန် | PHILIPPINE | ၈.၁၂.၂၀၁၈ |
| MODERN LINK | Unit Vehicle (RO/RO) ၆၃၃ ကုန်ချရန် | JAPAN | ၁၃.၁၂.၂၀၁၈ |

### (ဂ) ဝင်ရောက်မည့် ကုန်သေတ္တာ သင်္ဘောများစာရင်း

| သင်္ဘောအမည် | လာမည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| OCEAN PROBE | SINGAPORE | စက်မှုဆိပ်ကမ်း | ၆.၁၂.၂၀၁၈ |
| MCC MERGUI | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၇.၁၂.၂၀၁၈ |
| KUO TAI | SINGAPORE | စက်မှုဆိပ်ကမ်း | ၇.၁၂.၂၀၁၈ |
| RATANA THIDA | SINGAPORE | သီလဝါ/အလုံဆိပ်ကမ်း | ၈.၁၂.၂၀၁၈ |
| ISEA CO GENESIS | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၉.၁၂.၂၀၁၈ |
| GSS YANGON | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၉.၁၂.၂၀၁၈ |
| SAN GIORGLO | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၉.၁၂.၂၀၁၈ |
| CAPE FLORES | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၂.၁၂.၂၀၁၈ |
| MV CHERRY BESTA | SINGAPORE | စက်မှုဆိပ်ကမ်း | ၁၃.၁၂.၂၀၁၈ |
| MV ANAN BHUM | SINGAPORE | စက်မှုဆိပ်ကမ်း | ၁၃.၁၂.၂၀၁၈ |
| MV KOTA HASIL | SINGAPORE | သီလဝါ/အေးရှားဝေါလ်ဆိပ်ကမ်း | ၁၃.၁၂.၂၀၁၈ |
| MV AREZOO | SINGAPORE | သီလဝါဆိပ်ကမ်း | ၁၃.၁၂.၂၀၁၈ |
| MV CTP FORTUNE | SINGAPORE | သီလဝါ/အလုံဆိပ်ကမ်း | ၁၅.၁၂.၂၀၁၈ |
| MV NINOS | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၆.၁၂.၂၀၁၈ |

### (ဃ) ဆိုက်ရောက်ရန် မျှော်လင့်လျက်ရှိသော စက်သုံးဆီ/စားအုန်းဆီ သင်္ဘောများစာရင်း

| သင်္ဘောအမည် | ကုန်ပစ္စည်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ရောက်မည့်ခန့်မှန်းရက် |
|---|---|---|---|
| MT.GLORY STAR | MOGAS (92 RON) | Proc;to Green Asia JETTY | ၆.၁၂.၂၀၁၈ |
| MT.OCEAN SPRING | Diesel Oil+ MOGAS (92 RON) | Proc;toMMTM JETTY | ၆.၁၂.၂၀၁၈ |
| MT.SENNA | LPG GAS | Proc;toElite JETTY | ၇.၁၂.၂၀၁၈ |
| MT.TASCO-1 | BITUMEN | MALAYSIA | ၇.၁၂.၂၀၁၈ |
| MT.YU HAI | Diesel Oil | SINGAPORE | ၇.၁၂.၂၀၁၈ |
| MT.TAK SAORN | P'Oil(In Bulk) | INDINESIA | ၇.၁၂.၂၀၁၈ |
| MT.YU DONG | DIESELS+ MOGAS (92 RON) | SINGAPORE | ၇.၁၂.၂၀၁၈ |
| MT.TAK SAORN | P'Oil(In Bulk) | SINGAPORE | ၇.၁၂.၂၀၁၈ |
| MT.CHAO ANOMA | P'Oil(In Bulk) | INDONESIA | ၇.၁၂.၂၀၁၈ |
| MT.SENNA-3 | LPG GAS | SINGAPORE | ၇.၁၂.၂၀၁၈ |
| MT.ATALANTA | Diesel | SINGAPORE | ၇.၁၂.၂၀၁၈ |
| MT.ORCA PACIFIC | Diesel | SINGAPORE | ၉.၁၂.၂၀၁၈ |
| MT.FLY SEAL | MOGAS (92 RON) | SINGAPORE | ၉.၁၂.၂၀၁၈ |
| MT.CP 38 | P'Oil(In Bulk) | INDONESIA | ၁၀.၁၂.၂၀၁၈ |
| MT.OCEAN MARLIN | Diesel | SINGAPORE | ၁၁.၁၂.၂၀၁၈ |
| MT.BABYLON | Diesel | SINGAPORE | ၁၄.၁၂.၂၀၁၈ |
| MT.FLY GURNARD | Diesel | SINGAPORE | ၁၄.၁၂.၂၀၁၈ |
| MT.PRIMROSE | P'Oil(In Bulk) | INDONESIA | ၁၆.၁၂.၂၀၁၈ |

## ကြက်သွန်

# ပြည်ဈေးကွက်အတွင်း ကြက်သွန်နီ အရောင်းအဝယ်အေး၍ ပစ္စည်းလက်ကျန်များနေ

ပြည်ဈေးကွက်အတွင်းသို့ ယခုတစ်ပတ်တွင်း ရေနံချောင်း၊ ဆိပ်ဖြူ၊ ပခုက္ကူ၊ ကျောက်ပန်းတောင်းဘက်မှ ကြက်သွန်နီ(အဟောင်း)များ ပိဿာ (၃၀) ဝင်အိတ် ၃၀၀ခန့် နေ့စဉ်ဝင်ရောက်မှုရှိနေကြောင်း သိရပါတယ်။

ဝင်ရောက်မှု ပုံမှန်ရှိပေမယ့် ကြက်သွန်နီအရည်အသွေးမကောင်းတော့သဖြင့် အရောင်းအဝယ်မှာ အတော်လေးအေးနေပြီး ပြည်ပွဲရုံဈေးကွက်အတွင်း ကြက်သွန်နီလက်ကျန်များ များပြားနေကြောင်းလည်း ပွဲရုံပိုင်ရှင်များရဲ့ ပြောကြားချက်အရ သိရပါတယ်။ ဈေးနှုန်းအနေနဲ့ ပွဲရုံလက်ကားဈေး တစ်ပိဿာလျှင် အရည်အသွေးကောင်း/မကောင်းပေါ်မူတည်၍ ကျပ် ၇၀၀-၈၀၀-၉၀၀ -၁၀၀၀-၁၁၀၀ စသည်ဖြင့် ဈေးနှုန်းအသီးသီးသတ်မှတ်ရောင်းချနေကြကြောင်း သိရပါတယ်။ ဒေသတွင်းလက်လီဈေးအသေးများမှာတော့ အချို့သောရောင်းချသူများအနေဖြင့်ယခင်အရည်အသွေးကောင်းပြီး အစို့မပေါက်သေးသည့် ကြက်သွန်နီများနှင့် အရည်အသွေး ညံ့အစို့ပေါက်ကြက်သွန်နီများကို အနည်းငယ်ရောနှောကာ အကျိုးအမြတ် ပိုမိုရချင်သည့်အတွက် ရောင်းချနေခြင်းများလည်းရှိနေကြောင်း သိရပါတယ်။ လက်လီဈေး တစ်ပိဿာလျှင် (ကြီး) ကျပ် ၁၅၀၀-၁၆၀၀၊ (လတ်) ကျပ် ၁၃၀၀-၁၄၀၀၊ (သေး) ကျပ် ၁၀၀၀-၁၁၀၀-၁၂၀၀ စသည်ဖြင့် အသီးသီးရောင်းချလျက်ရှိကြောင်း သိရပါတယ်။



လက်လီဈေးကွက်အတွင်း အစားအသောက်ချက်ပြုတ်ရောင်းချသူများမှ ချက်ချင်းအသုံးပြုရန်အတွက် အခွံချွတ်ကြက်သွန်နီများ ဝယ်လိုအား ရှိသည့်အတွက် ရောင်းချသူများမှ အခွံချွတ်(ဂွန်)တစ်ပိဿာကို ကျပ် ၁၁၀၀-၁၂၀၀ စသည်ဖြင့် ရောင်းချနေကြောင်းလည်း သိရပါတယ်။

**ဝင်းလဲ့ဝါ (ပြည်)**

## ပြောင်း

# နိုဝင်ဘာလအတွင်း ပြောင်းတန်ချိန် ကိုးသောင်းခန့် တရုတ်နိုင်ငံသို့တင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်၊ လွယ်ဂျယ်နဲ့ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းများမှ နိုဝင်ဘာနောက်ဆုံးပတ်အတွင်း အမေရိကန်ဒေါ်လာ ၃ ဒသမ ၈၉၂ သန်းတန်ဖိုးရှိ ပြောင်းဖူးစေ့ ၁၈၅၃၁ တန်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ စခန်းအလိုက်တင်ပို့မှုမှာ မူဆယ်မှ တန် ၁၃၇၀၀၊ လွယ်ဂျယ်မှ ၃၀၃၁ တန်နဲ့ချင်းရွှေဟော် မှ တန် ၁၈၀၀ ဖြစ်ပါတယ်။ ယခင်သီတင်းပတ်က မူဆယ်၊ လွယ်ဂျယ်၊ ချင်းရွှေဟော်နဲ့ ကန်ပိုက်တီစခန်းစုံမှ ပြောင်းဖူးစေ့ ၂၉၀၉၁ တန်တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ် တန်ချိန် ၁၀၅၆၀ လျော့နည်းခဲ့ပါတယ်။ မူဆယ်ကုန်စည်ဒိုင်မှာ ယခင်တစ်ပတ်က ပြောင်းတစ်တန်ဈေး ၃၃၆၃၆၄ ကျပ်ရှိရာမှ နိုဝင်ဘာ ၂၄ ရက်မှ ၃၀ ရက်အထိ ရက်သတ္တပတ်အတွင်း ၃၃၃၇၀၉ ကျပ်သို့ ဈေးထပ်မံကျဆင်းခဲ့ကြောင်း၊ မူဆယ်သို့ ပြောင်းကား ၃၁၈ စီး ဝင်ရောက်ခဲ့ကြောင်း၊ နိုဝင်ဘာတစ်လလုံး တရုတ်နိုင်ငံသို့ ပြောင်းဖူးစေ့တန်ချိန် ကိုးသောင်းခန့်တင်ပို့နိုင်ခဲ့ပြီး မြန်မာ-ထိုင်းနယ်စပ်ရှိ မြဝတီ နဲ့တာချီလိတ်မှတစ်ဆင့် ထိုင်းနိုင်ငံသို့ ပြောင်းတန်ချိန် ၆၀၀ ကျော် တင်ပို့ခဲ့တယ်လို့သိရပါတယ်။

**မော်မော်အောင်**

## မန်ကျည်း

# နိုဝင်ဘာလအတွင်း မန်ကျည်း တန်ချိန် ၇၀၀ ကျော်တင်ပို့

နိုဝင်ဘာ ၁ ရက်မှ ၃၀ရက်အထိသီတင်းပတ်အတွင်း မန်ကျည်းတန်ချိန် ၇၂၀ ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှတင်ပို့ခဲ့ပါတယ်။ တင်ပို့ခဲ့တဲ့နိုင်ငံများမှာ ပါကစ္စတန်၊ စင်ကာပူ၊ ယီမင်၊ ဗီယက်နမ်၊ ဂျော်ဒန်နဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့ဖြစ်ပါတယ်။ အောက်တိုဘာလအတွင်းမှာတော့ မန်ကျည်းတန်ချိန် ၄၅၁ ဒသမ ၅ တန်တင်ပို့ နိုင်ခဲ့တယ်လို့သိရပါတယ်။ ဒါကြောင့် နိုဝင်ဘာလမှာ အောက်တိုဘာလထက် မန်ကျည်းတန်ချိန် ၂၆၀ ကျော် ပိုမိုတင်ပို့နိုင်ခဲ့တယ်လို့ သိရပါတယ်။ နိုဝင်ဘာလအတွင်း မန်ကျည်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁၁၇၆၈၀ ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း(DOT)**

## နှမ်း

# ချင်းရွှေဟော်မှ နှမ်းပိုမိုတင်ပို့ပြီး မူဆယ်မှလျော့နည်းတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ နိုဝင်ဘာနောက်ဆုံးပတ်အတွင်း အမေရိကန်ဒေါ်လာ ၃ ဒသမ ၉၄၀ သန်းတန်ဖိုးရှိနှမ်းရောင်စုံ ၂၃၇၇ တန်ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ရာ တင်ပို့ခဲ့တဲ့နှမ်းအမျိုးအစားတွေကတော့ နှမ်းဖြူ ၇၇၅ တန်ကျော်၊ နှမ်းနက် ၁၂၅၂ တန်ကျော်၊ နှမ်းညိုတန် ၁၀၀ နဲ့ နှမ်းညို (အခွံချွတ်) တန် ၂၅၀ ဖြစ်ပါတယ်။ ယခင်ရက်သတ္တပတ်က ချင်းရွှေဟော် မှ နှမ်း ၁၃၁၆ တန်ကျော်သာ တင်ပို့ခဲ့လို့ ၁၀၆၁ တန်ပိုမိုတင်ပို့နိုင်ခဲ့တာ တွေ့ရပါတယ်။

မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ အဆိုပါ ရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာ သုည ဒသမ ၀၇၀ သန်းတန်ဖိုးရှိ နှမ်းနက် ၃၂ တန်ခွဲနဲ့ နှမ်းညို (အခွံချွတ်) တန် ၂၀ စုစုပေါင်းတန်ချိန် ၅၂ တန်ခွဲတင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၁၆၆ တန်နဲ့နှိုင်းယှဉ်ပါက ၁၁၃ တန်ခွဲလျော့နည်းတင်ပို့ခဲ့ပါတယ်။ မူဆယ်ကုန်စည်ဒိုင်မှာ နိုဝင်ဘာ ၂၄ ရက်မှ ၃၀ ရက်အတွင်း နှမ်းဖြူတစ်တန်လျှင် ၂၀၀၂၂၅၅ ကျပ်၊ နှမ်းနက်တစ်တန်လျှင် ၂၁၁၄၉၉၄ ကျပ်ဈေးရှိကြောင်း၊ နိုဝင်ဘာ လအတွင်း တရုတ်နိုင်ငံသို့ နှမ်းရောင်စုံတန်ချိန် ၁၁၂၀၀ ကျော်တင်ပို့ခဲ့ကြောင်း စခန်းများရဲ့စာရင်းအရ သိရပါတယ်။

**မော်မော်အောင်**

## ချင်း

# ချင်းတန်ချိန် ၃၀နီးပါးတင်ပို့

နိုဝင်ဘာ ၂၅ ရက်မှ ဒီဇင်ဘာ ၁ ရက်အထိ သီတင်းပတ်အတွင်းချင်း ၂၈ တန်ကို အိန္ဒိယနိုင်ငံသို့ ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့ပါတယ်။ ယခင်သီတင်းပတ်က အပို့ပျောက်ခဲ့တဲ့ ချင်းက ဒီတစ်ပတ်မှ ပြန်လည်တင်ပို့ခဲ့ခြင်းဖြစ်ပါတယ်။ ချင်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁၂၆၀၀၀ ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။ လချုပ်အနေနဲ့ကြည့်မယ်ဆိုရင် အောက်တိုဘာလအတွင်းချင်းစုစုပေါင်း ၈၈ တန်တင်ပို့ခဲ့ပြီး နိုဝင်ဘာလမှာ ၁၀၈ ဒသမ ၆၀ တန်တင်ပို့ခဲ့တာကြောင့် နိုဝင်ဘာလမှာ ချင်း တန်ချိန် ၂၀ ကျော် ပိုမိုတင်ပို့နိုင်ခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း**(DOT)

# ရှမ်းချင်းအဆွဲရှိသလောက် ပုံမှန်အရောင်းအဝယ်ဖြစ်

နိုဝင်ဘာလမှာ ချင်းကအဝင်ရှိသလောက် အဆွဲကလည်းရှိနေတာကြောင့် ပုံမှန်အရောင်းအဝယ်ဖြစ်နေတယ်လို့ သိရပါတယ်။ နိုဝင်ဘာလမှာ ဈေးကွက်ကို ပစ္စည်းတွေလှိုင်လှိုင်ဝင်လာတာကြောင့် ဈေးလည်းပြန်အေး လာပါတယ်။ ရန်ကုန်၊ မန္တလေး ဝယ်လက်တွေကတော့ ပြည်တွင်းမှာ ပြန်ရောင်းချဖို့အတွက်ဝယ်ယူနေသလို မုံရွာ၊ စစ်တွေ ဝယ်လက်တွေကတော့ လှောင်ဖို့အတွက်ပါ ဝယ်ယူထားတယ်လို့ဆိုပါတယ်။ နိုဝင်ဘာလမှာ အောင်ပန်းဈေးကွက်ကနေ တစ်လအတွင်း ချင်းပိဿာချိန်ပေါင်း တစ်သိန်းငါးသောင်းခန့် အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ဒီတစ်ပတ်မှာလည်း ချင်း(တက်)က ပုံမှန်အရောင်းအဝယ်ဖြစ်နေပြီး ဈေးနှုန်းကတော့ အနိမ့်ဆုံး ကျပ် ၅၀၀ မှ အမြင့်ဆုံးကျပ် ၇၀၀ နဲ့ ချင်းခြောက်ကတော့ ကျပ် ၉၀၀ မှ ကျပ် ၁၂၀၀ ဈေးရှိပါတယ်။ ဟိုပုံးဈေးကွက်မှာတော့ ချင်းအသစ်က အခုချိန်ထိ မဝင်လာသေးဘူး၊ ဒီဇင်ဘာလကုန်မှ စပြီးဝင်လာ မှာဖြစ်တယ်လို့လည်း သိရပါတယ်။ ချင်း(စို)မရှိသေးတော့ ချင်းခြောက်က အရောင်းအဝယ်ဖြစ်နေပါတယ်။ ရန်ကုန်ဝယ်လက်တွေကဝယ်ယူနေတာကြောင့် တစ်ပတ်အတွင်း ပိဿာချိန်ခြောက်သောင်းခန့် အရောင်း အဝယ်ဖြစ်နေပြီး တစ်ပိဿာပေါက်ဈေးက ကျပ် ၁၂၀၀ ရှိပါတယ်။

**ဇေခိုင်(တောင်ကြီး)**

## နနွင်း

# နနွင်းတန်ချိန် ၃၀ ကျော်တင်ပို့

နိုဝင်ဘာ ၂၅ ရက်မှ ဒီဇင်ဘာ ၁ ရက် သီတင်းပတ်အတွင်း နနွင်း၃၃ ဒသမ ၅၂၅ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့ပါတယ်။ ဒီတစ်ပတ်ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ၅ တန်နဲ့ ယီမင်နိုင်ငံသို့ ၂၈ ဒသမ ၅၂၅ တန် တင်ပို့ခဲ့တယ်လို့ သိရပါတယ်။

ယခင်သီတင်းပတ်မှာ နနွင်းတန်ချိန် ၃၀ ကျော်သာတင်ပို့ခဲ့တာကြောင့် ဒီတစ်ပတ်တင်ပို့မှုနဲ့ နှိုင်းယှဉ်ရင် ၃ တန်ကျော် ပိုမိုတင်ပို့ခဲ့တယ်လို့ သိရပါတယ်။ လချုပ်အနေနဲ့ကြည့်မယ်ဆိုရင် နိုဝင်ဘာလမှာနနွင်းစုစုပေါင်း ၁၁၄ ဒသမ ၀၂၅ တန်တင်ပို့နိုင်ခဲ့ပြီး အောက်တိုဘာလတင်ပို့မှုမှာ ၅၄၅ ဒသမ ၅၀ တန်ရှိခဲ့တာကြောင့် နိုဝင်ဘာလမှာ တန်ချိန် ၄၃၀ ကျော်တင်ပို့မှုလျော့နည်းခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ်နနွင်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁၀၅၅၈ ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း(DOT)**

# ရှမ်းနနွင်း ပုံမှန်အရောင်းအဝယ်ဖြစ်

ဒီတစ်နှစ်တော့ ရှမ်းနနွင်းက ချင်းသီးနှံလောက်အရောင်းအဝယ်မသွက်ပေမယ့် ပုံမှန်တော့ အရောင်းအဝယ် ဖြစ်နေတယ်လို့ သိရပါတယ်။ အောင်ပန်းဈေးကွက်မှာထက် ဟိုပုံးဈေးကွက်မှာပိုပြီး အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။ ရှမ်းနနွင်းက အဝင်လုံးဝမရှိတော့ပါဘူး။ လက်ကျန်နနွင်းကိုပဲ ရောင်းနေရတာကြောင့် ဟိုပုံးဈေးကွက်မှာ လက်ကျန်အတော်နည်းနေပြီလို့ သိရပါတယ်။

ဒီတစ်ပတ်ဟိုပုံးဈေးကွက်မှာရှိတဲ့ နနွင်းတွေကို ရန်ကုန်ဝယ်လက်နဲ့ မူဆယ်ဝယ်လက်တွေက ဝယ်ယူနေတာကြောင့် တစ်ပတ်အတွင်း ပိဿာချိန် လေးသောင်းခွဲခန့် အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့သိရပါတယ်။ ဒီလိုသာမှန်မှန်အရောင်းအဝယ်ဖြစ်ခဲ့တယ်ဆိုရင်တော့နောက်နှစ်နနွင်းအသစ်မပေါ်ခင်မှာတောင် ပစ္စည်းလက်ကျန်ပြတ်သွားနိုင်တယ်လို့ သိရပါတယ်။

ဈေးကွက်မှာရှိနေတဲ့ ပစ္စည်းတွေကလည်းဝယ်လက်တွေက စိတ်ကြိုက်ရွေးပြီး ဝယ်ယူကြတာကြောင့် ဈေးနှုန်းကလည်း ကွာခြားပါတယ်။ အချောစနဲ့ အကြမ်းစဆိုပြီး အဆင့်ခွဲထားပြီး ရန်ကုန်ဝယ်လက်တွေက အကြမ်းစကိုဝယ်ယူမှုများပြီး မူဆယ်ဝယ်လက်ကတော့ အချောစကို ဝယ်ယူမှုများနေပါတယ်။ ဟိုပုံးဈေးကွက်မှာ ဒီတစ်ပတ် နနွင်းဈေးနှုန်းက ကြမ်း(စ)တစ်ပိဿာ ကျပ် ၉၅၀ နဲ့ အချောတစ်ပိဿာ ကျပ် ၁၇၀၀ ရှိပါတယ်။ အောင်ပန်းဈေးကွက်မှာတော့ ပုံမှန်အရောင်းအဝယ်ဖြစ်နေပြီး နိုဝင်ဘာလ တစ်လလုံးမှာ နနွင်းပိဿာချိန် ၂ ဒသမ ၄ သိန်းခန့် အရောင်းဝယ်ဖြစ်ခဲ့ပါတယ်။ ဈေးနှုန်းကတော့ အနိမ့်ဆုံး ကျပ် ၈၀၀ မှ အမြင့်ဆုံး ကျပ် ၂၂၀၀ ရှိပါတယ်။


**ဇေခိုင်(တောင်ကြီး)**

# ပြည်ပဈေးကွက်ခိုင်မာစွာ တည်ဆောက်ရမည့် နှမ်းတင်ပို့မှုနှင့် အလားအလာ

ခင်လေးယု

နှမ်းအမယ်သည် နိုင်ငံတော်၏ စီးပွားရေးကဏ္ဍတွင် အရေးပါသော ပို့ကုန်အမယ်များအနက် တစ်ခု အပါအဝင်ဖြစ်သည်။ မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးကိုအခြေခံသည့်နိုင်ငံဖြစ်သည့်အားလျော်စွာ စိုက်ပျိုးမြေ များစွာရှိသလို နှမ်းအမယ်ကိုလည်း နိုင်ငံ၏နေရာအနှံ့အပြားတွင် တစ်နှစ်ပတ်လုံးစိုက်ပျိုးလျက်ရှိရာ ဒီဇင်ဘာလရောက်သည်နှင့် ဆောင်းနှမ်းသစ်များ ပေါ်လာပြီဖြစ်ပါသည်။

မြန်မာနိုင်ငံသည် ကမ္ဘာပေါ်တွင် နှမ်းစိုက်ပျိုးမှုအများဆုံးနိုင်ငံတွင် ပါဝင်ပါသည်။ သို့သော်လည်း ပြည်တွင်းတွင်စားသုံးမှုများပြားကာ ပို့ကုန်အနေဖြင့် တရုတ်နိုင်ငံသို့ အများအပြားတင်ပို့နေသလို ကိုရီးယား၊ စင်ကာပူ၊ ထိုင်းနိုင်ငံ၊ ဂျပန်နိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ ဘူဂေးရီးယားနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံ၊ နယ်သာလန်နိုင်ငံ မလေးရှားနိုင်ငံနှင့် ယူအေအီးနိုင်ငံများထံသို့လည်း တင်ပို့လျက်ရှိနေသည်ကို တွေ့ရှိရပါသည်။ နှမ်းကို ဆီထွက် သီးနှံအဖြစ် မြန်မာ၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ တရုတ်နှင့် အာဖရိကတို့တွင် အများအပြားစိုက်ပျိုးလျက်ရှိသည်။ တရုတ်နိုင်ငံသည် နှမ်းအမြောက်အမြားထွက်ရှိသကဲ့သို့ သုံးစွဲမှုများပြားသဖြင့် ဈေးကွက်လိုအပ်ချက်လည်းကြီးမားလျက်ရှိရာ မြန်မာ့နှမ်းကို နယ်စပ်ထွက်ပေါက်မှတစ်ဆင့် အများအပြား တင်ပို့လျက်ရှိသည်။ နှမ်းဈေးကွက်သည် နိုင်ငံတကာဈေးကွက်တွင် ဈေးကွက်ဝေစု ပိုမိုများပြားလျက်ရှိရာ အထူးသဖြင့် တရုတ်အပြင် အီးယူဈေးကွက်တွင်လည်း နှမ်းလိုအပ်ချက် မြင့်မားလျက်ရှိသည်ကို ထုတ်ပြန်ထားသည့် အချက်အလက်များအရ အောက်ပါအတိုင်း တွေ့ရသည်။




မြန်မာနိုင်ငံတွင် နှမ်းကို ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် အများအပြား စိုက်ပျိုးလျက်ရှိပါသည်။ မကွေးတိုင်းဒေသကြီး၊ အောင်လံမြို့နယ်မှ ထွက်ရှိသည့် နှမ်းနက်သည် အရည်အသွေးအလွန်ကောင်းမွန်သဖြင့် ဂျပန်နိုင်ငံမှ အလွန်နှစ်သက်ကြောင်းကိုလည်း ကုန်သည်များ အသိုင်းအဝိုင်းထံမှ သိရသည်။ သို့သော်လည်း လတ်တလောသတင်းများအရ ဈေးနှုန်းတည်ငြိမ်မှုနည်းပါးကာ ဈေးအတက်အကျများသောကြောင့် ဂျပန်နိုင်ငံမှ နှမ်းဝယ်ယူမှုများ လျော့နည်းလာပြီး အခြားနှမ်းစိုက်ပျိုးထွက်ရှိသောနိုင်ငံများသို့ ဦးတည်ချက်ပြောင်းလဲကာ လိုအပ်သော စံချိန်စံညွှန်းများရရှိစေရန်အတွက် ထောက်ပံ့ကူညီပေးနေပြီး နှမ်းအထွက်တိုးစေရေး ဆောင်ရွက်ပေးနေကြောင်း သတင်းများအရ သိရပါသည်။ ထို့ကြောင့် ရှိရင်းစွဲဈေးကွက်ကို ထိန်းသိမ်းရန်အတွက် ဈေးနှုန်းတည်ငြိမ်ရေးသည် အလွန်အရေးပါနေသော အနေအထားတွင် ရှိနေသည်မှာ ထင်ရှားပါသည်။ မြန်မာ့နှမ်းသည် လက်ရှိဈေးကွက်တွင် အရည်အသွေးကောင်းမွန်မှုအပိုင်း၌ ထိပ်တန်းအဆင့်တွင်ရှိကာ သတင်းကောင်း မွှေးကြိုင်လျက်ရှိပါသည်။ ဖုန်၊ သဲနှင့် အရောအနှော ကင်းရှံ့မှုမက ပိုးသတ်ဆေး အကြွင်းအကျန်နည်းပါးမှုကြောင့် ဝယ်လက်များအလွန်နှစ်သက်ကြောင်းကိုလည်း သိရပါသည်။ မြန်မာနိုင်ငံ ထွက်နှမ်းများကို ပင်လယ်ရေကြောင်းမှတစ်ဆင့် တင်ပို့နေသကဲ့သို့ နယ်စပ်ထွက်ပေါက်မှတင်ပို့မှုမှာ တရုတ်နိုင်ငံသို့ မူဆယ်နယ်စပ် ကုန်သွယ်ရေးဇုန်မှ တစ်ဆင့်တင်ပို့ခြင်းဖြစ်ပြီး အခြားနယ်စပ်ကုန်သွယ်ရေးစခန်းများမှလည်း တင်ပို့မှုရှိနေသည်ကို တွေ့ရှိရပါသည်။ ထို့ကြောင့်နာမည်ကြီး သတင်းမွှေးလှသော မြန်မာ့နှမ်းကို ပိုမိုစိုက်ပျိုးထုတ်လုပ်ပြီး ဈေးကွက် ချဲ့ထွင်နိုင်သမျှ ချဲ့ထွင်ရန် လိုအပ်လှသလို ဈေးနှုန်းတည်ငြိမ်မှုရှိစေရေး အလေးပေး ဆောင်ရွက်ရမည်လည်း ဖြစ်ပါသည်။ ထို့ကြောင့် နှမ်းဈေးကွက်ကြီးမားလှသော အီးယူဈေးကွက်သို့နှမ်းတင်ပို့ရာတွင် သိသင့်သိထိုက်သမျှတို့ကို အနည်းငယ် တင်ပြလိုပါသည်။

အီးယူနှမ်းဈေးကွက်သည် အလွန်ကြီးမားပြီး ဈေးကွက်ကျယ်ပြန့်မှုမှာ နှစ်စဉ်တိုးပွားလျက်ရှိပေသည်။ ဟမ်ဘာဂါကဲ့သို့သော ပေါင်မုန့်အသုံးပြုမုန့်များတွင် အသုံးပြုမှုများပြားခြင်း၊ မုန့်များ၊ ဟင်းပွဲများ၊ အသုပ်များနှင့် ခရက်ကာမုန့်များတွင် ထည့်သွင်းစားသုံးခြင်းနှင့် နှမ်းဖြင့်ပြုလုပ်သော မုန့်ချောင်းများ နှစ်စဉ်စားသုံးမှုမှာလည်း ပိုမိုမြင့်မားနေသောကြောင့် နှမ်းစိုက်ပျိုးသော နိုင်ငံများမှလည်း မျက်စိကျလျက်ရှိသည်။ နှမ်းများကို နိုင်ငံအများအပြားမှ အီးယူဈေးကွက်သို့ တင်ပို့နေပြီး အဖြူရောင်(သို့မဟုတ်) ရွှေရောင်သမ်းသော နှမ်းများကို ဟင်းပွဲများတွင် အများဆုံးအသုံးပြုပြီး ကျန်နှမ်းရောင်စုံများကို အများအားဖြင့် စားသုံးဆီအဖြစ် အသုံးပြုကြသည်။ အနက်ရောင်နှမ်းကိုမူ အာဟာရဓာတ်ကြွယ်ဝမှုကြောင့် လူအများနှစ်သက်သုံးစွဲနေကြောင်း စစ်တမ်းများအရ သိရပါသည်။ သို့သော်လည်း အစားအသောက်ဘေးကင်းလုံခြုံမှုကို အလွန်အလေးထားမှုကြောင့် သွင်းကုန်တင်ပို့မှုကို တင်းကြပ်ထားသော အီးယူဈေးကွက်သို့ ထိုးဖောက်ရာတွင် အတားအဆီးများစွာကိုလည်း တွေ့ကြုံနေကြရပါသည်။

(၂၈) နိုင်ငံဖြင့်ဖွဲ့စည်းထားသည့် အီးယူဈေးကွက်ကြီးသို့ နှစ်စဉ်နှမ်းတင်သွင်းမှုမှာ ပိုမိုများပြားလျက်ရှိပါသည်။ ၂၀၁၆ ခုနှစ်က ယူရို ၂၁၆ မီလီယံ တန်ဖိုးရှိနှမ်း၁၅၅ တန်ကို တင်သွင်းခဲ့သည်ကိုလည်း အချက်အလက်များအရ လေ့လာတွေ့ရှိခဲ့သည့်အပြင် နောက်ပိုင်းနှစ်များတွင် နှမ်းတင်သွင်းမှု အတက်အကျဖြစ်ပေါ်နေသည်ကိုလည်း တွေ့ရှိရပါသည်။ သို့သော်လည်း ၂၀၁၂ မှ ၂၀၁၆ ခုနှစ်အတွင်း နှမ်းတင်သွင်းမှုသည် ပျမ်းမျှအားဖြင့် တိုးတက်တင်သွင်းနေပြီး နှစ်စဉ်တန်ချိန်ရော တန်ဖိုးပါ ၄ ရာခိုင်နှုန်းခန့် တိုးပွားနေကြောင်း အီးယူကုန်သွယ်မှု ထုတ်ပြန်ချက်အရ သိရပါသည်။ အီးယူဈေးကွက်တွင် အဓိကနှမ်းတင်သွင်းနေသော နိုင်ငံများမှာ ဂျာမနီ၊ နယ်သာလန်၊ ပိုလန်၊ ဂရိနှင့် အင်္ဂလန်နိုင်ငံတို့ဖြစ်ကြကာ အထူးသဖြင့် စားသောက်ဖွယ်ရာများတွင် ထည့်သွင်းစားသုံးခြင်းဖြစ်သည်ကို တွေ့ရပါသည်။ မြန်မာနိုင်ငံထွက် နှမ်းနက်သည် ကမ္ဘာ့ဈေးကွက်တွင်လူကြိုက်များလျက်ရှိရာ အဆိုပါနိုင်ငံများ၏ ဈေးကွက်လိုအပ်ချက်ကို အခွင့်ကောင်းယူသင့်လှပါသည်။

ထိုကဲ့သို့ဈေးကွက်ကြီးမားလှသော အီးယူဈေးကွက်တွင် ၂၀၁၆ ခုနှစ်မှစ၍နှမ်းအများဆုံးတင်သွင်းနေပြီး အီးယူသို့စုစုပေါင်းတင်သွင်းမှု၏ ၂၂ ရာခိုင်နှုန်းကို ဂရိနိုင်ငံက ပိုင်ဆိုင်ပါသည်။ နှမ်းသည် ဂရိနိုင်ငံ၏ ရိုးရာဟင်းများတွင် ထည့်သွင်းချက်ပြုတ်လေ့ရှိသော အမယ်တစ်ခုပင်ဖြစ်ပါသည်။ ဂျာမနီနိုင်ငံနှင့် နယ်သာလန်နိုင်ငံတို့သည်လည်း နှမ်းကို စားစရာများတွင် ထည့်သွင်းစားသောက်လေ့ရှိသဖြင့် အများအပြားတင်သွင်းလျက်ရှိပြီး အီးယူဈေးကွက် အတွင်း ဂရိပြီးလျှင် ဂျာမနီနိုင်ငံသည် နှမ်းလိုအပ်ချက်အကြီးမားဆုံးသော နိုင်ငံဖြစ်ပါသည်။ နယ်သာလန်နိုင်ငံသည် အီးယူဈေးကွက်တွင် တတိယ နှမ်းလိုအပ်မှုအများဆုံးနိုင်ငံဖြစ်ကာ နှစ်စဉ် ၅ ဒသမ ၅ ရာခိုင်နှုန်း ပိုမိုတင်သွင်းလျက် ရှိပါသည်။ ပိုလန်နိုင်ငံသည်လည်း ရိုးရာဟင်းများတွင် ထည့်သွင်းစားသည့် အလေ့အထရှိသောကြောင့် နှစ်စဉ်နှမ်းကို ပိုမိုတင်သွင်းလျက်ရှိသည်ကိုတွေ့ရပါသည်။ထို့ကြောင့် အီးယူဈေးကွက်သည် နှမ်းလိုအပ်ချက်များပြားလှသော ဈေးကွက်ကြီးပင်ဖြစ်ပါသည်။

အဆိုပါ အီးယူနိုင်ငံများသည် နှမ်းအမြောက်အများကို တင်သွင်းမှုပြုရာတွင် စိုက်ပျိုးထွက်ရှိရာ ဒေသများဖြစ်သော အာရှ၊ အာဖရိကနှင့် လက်တင်အမေရိကနိုင်ငံများမှ တိုက်ရိုက်တင်သွင်းလျက်ရှိပါသည်။သို့သော်လည်း အီးယူဈေးကွက်သည် အရည်အသွေးထိန်းချုပ်မှုများတင်းကြပ်သဖြင့် တင်ပို့သည့် နိုင်ငံများအနေဖြင့် အခက်အခဲများ ရင်ဆိုင်နေရကြောင်းကိုလည်း ဈေးကွက်သတင်းများတွင် တွေ့မြင်ရလေ့ရှိရာ အများသိကြပြီးဖြစ်ပါသည်။ အီးယူဈေးကွက်သို့ စားသောက်ဖွယ်ရာကုန်စည်ပစ္စည်းများတင်ပို့ရာတွင် အဓိကကန့်သတ်ချက်မှာ အစားအသောက် ဘေးကင်းလုံခြုံမှု ရှိစေရေးပင်ဖြစ်သည်။ ပိုးသတ်ဆေးဝါး ဓာတ်ကြွင်းနည်းပါးမှုနှင့် ရောဂါပိုးမွှားကင်းစင်ရေးကို အထူးဂရုပြုစစ်ဆေးလေ့ရှိပါသည်။ ၂၀၀၁ ခုနှစ်က ဂျာမနီသို့ နှမ်းတင်ပို့ရာတွင် အစာအဆိပ်ဖြစ်စေသော ဆဲလ်မနဲလားရောဂါပိုးမွှားပါဝင်မှု ဖြစ်ပွားခဲ့သောကြောင့် အဆိုပါပိုးမွှားမပါစေရေးကိုလည်း အလေးထား စစ်ဆေးလျက်ရှိပါသည်။ သို့သော်လည်း အဆိုပါ ဆဲလ်မနဲလားရောဂါပိုးမျိုးစိတ်သစ်များကို ထပ်မံတွေ့ရှိနေရကြောင်းနှင့် ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီက အိန္ဒိယနိုင်ငံမှ တင်ပို့ခဲ့သော နှမ်းများတွင် အဆိုပါမျိုးစိတ်သစ်များ တွေ့ရှိခဲ့မှုကြောင့် အိန္ဒိယနှမ်းများကို ပိုမိုတင်းကြပ်စွာ စိစစ်နေ ကြောင်းကို အီးယူမှထုတ်ပြန်ချက်များအရ သိရပါသည်။ နှမ်းများတွင် မှိုပါဝင်မှုများကိုတွေ့ရသော်လည်း အဆိုပါပိုးမွှားများကို ပိုမိုတွေ့ရှိနေရကြောင်းကိုလည်း ထုတ်ပြန်ထားပါသည်။ သို့ဖြစ်ရာ အီးယူသို့ နှမ်းတင်ပို့နေသော နိုင်ငံများသည် ပိုးသတ်ဆေးကြွင်းကျန်မှုများကို နည်းနိုင်သမျှနည်းအောင် လုပ်ဆောင်ပြီး အီးယူမှ သတ်မှတ်ထားသော စံချိန်စံညွှန်းများအတိုင်း မီအောင်တင်ပို့နေကြောင်း၊ အော်ဂဲနစ်သီးနှံဖြစ်ပါက အော်ဂဲနစ်သက်သေခံလက်မှတ်များဖြင့် တင်ပို့နေကြောင်းတို့ကိုလည်း လေ့လာတွေ့ရှိရပါသည်။

အဆိုပါအချက်များအပြင် ဝယ်လက်များသည် အစားအသောက်ဘေးကင်းလုံခြုံမှုလုပ်ဆောင်ခြင်းနှင့် အရည်အသွေး ထိန်းသိမ်းတင်ပို့မှု၊ ထုပ်ပိုးမှု၊ တင်ပို့မှုနည်းစနစ်များကိုလည်း စံချိန်စံညွှန်းများသတ်မှတ်ဝယ်ယူသည့် အပြင်တင်ပို့သူများဘက်သို့လည်း Hazard Analysis and Critical Control Points( HACCP) System ၊ ISO 22000 ၊ British Retail Consortium ( BRC) ၊ International Feautured Standards (IFS): Food စသည့် အစားအသောက်ဘေးကင်းလုံခြုံမှုဆိုင်ရာ အစီအမံများလုပ်ဆောင်မှုတို့အတွက် အသိအမှတ်ပြုမှုများကိုပါ ဆောင်ရွက်ပေးရန်အတွက် တောင်းဆိုလေ့ရှိကြောင်းကိုလည်း သိရပါသည်။ နှမ်းတင်ပို့မှုလုပ်ဆောင်သည့်အခါ အရောင်၊ အနံ့၊ အရသာ၊ ဆီထွက်နှုန်း၊ အစိုဓာတ်၊ အရွယ်အစား၊ သန့်စင်မှု စသည့် အရည်အသွေးပိုင်းသည် အလွန်အရေးကြီးသကဲ့သို့ စိုက်ပျိုးမှု၊ ထုတ်လုပ်မှု၊ ထုပ်ပိုးမှု၊ တင်ပို့မှုသည်လည်း အလွန်အရေးကြီးလှပါသည်။ ရောဂါ ပိုးမွှားပါဝင်မှုနှင့် မှိုပါဝင်မှုတို့အပြင် အစာအဆိပ်ဖြစ်စေနိုင်သော ဓာတ်ကြွင်းများပါဝင်မှုတို့ကိုလည်း အထူးသတိပြုရမည်ဖြစ်ပါသည်။ သို့ဖြစ်ရာ အီးယူဈေးကွက်တွင် နှမ်းတင်ပို့မှုကဏ္ဍသည် ဈေးကွက်ကြီးမားသကဲ့သို့ ကန့်သတ်မှုများလည်း တင်းကျပ်လျက်ရှိသည်ကို တွေ့နိုင်ပါသည်။

အီးယူဈေးကွက်သို့ နှမ်းတင်ပို့နိုင်ရေးအတွက် နှမ်းစိုက်ပျိုးထွက်ရှိသည့် နိုင်ငံများသည် အပြိုင်အဆိုင်ကြိုး ပမ်းလျက်ရှိရာ အိန္ဒိယနိုင်ငံသည် အများဆုံးတင်ပို့သည့် နိုင်ငံအဖြစ် ရပ်တည်လျက်ရှိပါသည်။ သို့သော်လည်း နောက်ပိုင်းကာလများတွင်မူ ပြည်တွင်းစားသုံးမှုမြင့်တက်လာမှုကြောင့် နှမ်းတင်ပို့မှုမှာ နှစ်စဉ်လျော့ကျလျက်ရှိပါသည်။ ထို့ကြောင့် အိန္ဒိယနှင့် တရုတ်နိုင်ငံမှ နှမ်းစိုက်ပျိုးမှုလမ်းကြောင်းသည် လောလောဆယ်ကာလတွင် အာဖရိကသို့ ဦးတည်နေသလို နှမ်းစိုက်ပျိုးမှုများပြားသည့် မြန်မာနိုင်ငံမှ နှမ်းသည်လည်း ဈေးမတည်ငြိမ်မှုများကြောင့် အဓိကနှမ်းဝယ်လက်ဖြစ်သည့် ဂျပန်သည် အာဖရိကဈေးကွက်ကို လှမ်းမျှော်လာသည်ကို သတိပြုသင့်လှပါသည်။

**စာမျက်နှာ (၂၅)သို့**

## ဒီတစ်ပတ်ဓာတ်ဆီရော ဒီဇယ်ပါအဝင်ပို

နိုဝင်ဘာ ၂၅ ရက်မှ ဒီဇင်ဘာ ၁ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ၆၂၈၆၃၇၃၇ တန်ဖိုးရှိ ဒီဇယ် ၉၈၇၁၉ ဒသမ ၃၇ တန်နဲ့ အမေရိကန်ဒေါ်လာ ၃၆၇၇၃၇၀၀ တန်ဖိုးရှိဓာတ်ဆီ ၇၀၃၄၈ ဒသမ ၄၃ တန်၊ စုစုပေါင်း၁၆၉၀၆၇ ဒသမ ၈၀ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ ဓာတ်ဆီတန်ချိန် ၃၂၅၀၀ ကျော်နဲ့ နှိုင်းယှဉ်ရင် တန်ချိန် ၃၇၈၄၀ ကျော် ပိုမိုတင်သွင်းခဲ့သလို ယခင်သီတင်းပတ် ကတင်သွင်းခဲ့တဲ့ ဒီဇယ်တန်ချိန် ၁၂၇၈၀ ကျော်နဲ့နှိုင်းယှဉ်ရင် တန်ချိန် ၈၅၉၃၀ ကျော် ပိုမိုတင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ဒီဇယ်ရော ဓာတ်ဆီပါအဝင်ပိုခဲ့ပါတယ်။

နယ်စပ်စခန်းဖြစ်တဲ့ တာချီလိတ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၃၂၅၇၀၀ တန်ဖိုးရှိ ဓာတ်ဆီ၆၉၃ဒသမ ၄၅ တန်နဲ့ အမေရိကန်ဒေါ်လာ ၂၆၇၆၇၂ တန်ဖိုးရှိ ဒီဇယ် ၄၆၄ ဒသမ ၆၆ တန်ကိုတင်သွင်းခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း**(DOT)

## တရုတ်နိုင်ငံသို့ နိုဝင်ဘာလအတွင်း ပရဆေးကုန်ကြမ်း တန်ချိန်လေးထောင်နီးပါးတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှတစ်ဆင့် တရုတ်နိုင်ငံသို့ နိုဝင်ဘာနောက်ဆုံးပတ်အတွင်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၃၁၂ သန်းတန်ဖိုးရှိ ပရဆေးကုန်ကြမ်းအမယ် ၁၀ မျိုးကို တန်ချိန်အားဖြင့် ၇၉၅ တန်တင်ပို့ခဲ့ရာ ယခင်တစ်ပတ်ကတင်ပို့ခဲ့တဲ့ ၁၀၂၉ တန်နဲ့နှိုင်းယှဉ်ပါက ၂၃၄ တန်လျော့နည်းခဲ့ပြီး နိုဝင်ဘာလအတွင်း ပရဆေးကုန်ကြမ်းတန်ချိန် ၄၀၀၀ နီးပါးတင်ပို့ခဲ့တယ်လို့သိရပါတယ်။

ယခုတစ်ပတ်တင်ပို့ခဲ့တဲ့ ပရဆေးအမယ်တွေကတော့ မိကျောင်းကွမ်းဖတ်စေ့၊ သီဟိုဠ်စေ့၊ နေလဲစေ့၊ ဆီးဆန်၊ ကွမ်းသီးခွံ၊ ဒရင်ကောက်မြစ်၊ နနွင်းတက်၊ တောချင်းနဲ့ချဉ်ပေါင်ဖာလာ(အခွံပါ/မပါ)တို့ဖြစ်ပါတယ်။ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှလည်း အဆိုပါ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၄၂၂၃ တန်ဖိုးရှိတောချင်းတန် ၂၀ နဲ့ အမေရိကန်ဒေါ်လာ ၂၄၈ တန်ဖိုးရှိဒရင် ကောက်မြစ်နှစ်တန်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။

**မော်မော်အောင်**

## မူဆယ်နဲ့ချင်းရွှေဟော်မှ လက်ဖက်ခြောက်တင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်နဲ့ ချင်းရွှေဟော်မှတစ်ဆင့် တရုတ်နိုင်ငံသို့ နိုဝင်ဘာနောက်ဆုံးပတ်အတွင်း အမေရိကန်ဒေါ်လာ ၁၀၁၀၈ သန်းတန်ဖိုးရှိလက်ဖက်ခြောက် ၃၆ တန်ကိုတင်ပို့ခဲ့ရာ စခန်းအလိုက်တင်ပို့မှုမှာ မူဆယ်မှ ၂၄ တန်နဲ့ ချင်းရွှေဟော်မှ ၁၂ တန်ဖြစ်ပါတယ်။ နိုဝင်ဘာတစ်လလုံးမှာတော့ မူဆယ်နဲ့ချင်းရွှေဟော်မှ လက်ဖက်ခြောက် တန် ၁၆၀ ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့နိုင်ခဲ့ပြီး တာချီလိတ်ကုန်သွယ်ရေးစခန်းမှ ထိုင်းနိုင်ငံသို့လက်ဖက်ခြောက် တန် ၁၀၀ ကျော် တင်ပို့ခဲ့တယ်လို့ သိရပါတယ်။

နိုင်ငံတကာမှ မြန်မာ့ထွက်ကုန်ကို လွယ်လွယ်ကူကူထိတွေ့နိုင်ရန်နှင့် တန်ဖိုးထားညှော်ခံနိုင်ရန်၊ မြန်မာ့လက်ဖက်သဘာဝအရသာများကို မိတ်ဆက်ခွင့်ရရှိစေရန် နိုင်ငံခြားသားတွေ အဝင်-အထွက်များတဲ့ လေယာဉ်ကွင်းလိုနေရာမျိုး၊ ပုဂံ၊ အင်းလေး၊ ဦးပိန်တံတားလိုနေရာမျိုးတွေမှာ မြန်မာ့လက်ဖက်ရည်ကြမ်းဝိုင်းတွေ ဖြစ်လာအောင် စီစဉ်ဆောင်ရွက်သင့်တယ်လို့ မြန်မာလက်ဖက်အသင်းအစုအဖွဲ့မှ သိရပါတယ်။

**မော်မော်အောင်**

### Energy NYMEX 7-12-2018

| | Price | Change | Change % |
|---|---|---|---|
| WTI Crude Future (USD/bbl.) | 51.09 | -0.40 | -0.78 |
| Brent Crude Futr (USD/bbl) | 59.56 | -0.50 | -0.83 |
| Gasoline Rbob Fut (Cent/gal) | 142.74 | -0.60 | -0.42 |
| Natural Gas Futr (USD/MMBtu) | 4.29 | -0.04 | -0.88 |
| Heating Oil Futr (Cent/gal) | 184.61 | -1.21 | -0.65 |

### World Metal Price (US$)

| Date | Silver/Oz | Zinc/Ton | Aluminium/Ton | Copper/Ton | Platinum/Oz |
|---|---|---|---|---|---|
| 3-December | 14.30 | 2668.82 | 1958.03 | 6350.61 | 810.00 |
| 4-December | 14.48 | 2696.59 | 1969.05 | 6304.32 | 803.00 |
| 5-December | 14.43 | 2705.85 | 1968.17 | 6238.42 | 792.00 |
| 6-December | 14.44 | 2706.73 | 1965.53 | 6173.62 | 793.00 |
| 7-December | 14.45 | 2751.47 | 1954.51 | 6188.61 | 788.00 |

## ပြည်တွင်းရွှေဈေးအတက်အကျ များခဲ့သော ရက်သတ္တပတ်

ပြည်တွင်းရွှေဈေးနှုန်းသည် ယခုရက်သတ္တပတ်အတွင်း ဈေးအတက်အကျဖြစ်ပေါ်ခဲ့ကြောင်းသတင်းရရှိသည်။ နိုဝင်ဘာနောက်ဆုံးပတ်အတွင်း အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ် ၁၀၃၀၀၀၀ ရှိခဲ့ရာမှ ဒီဇင်ဘာပထမပတ်တွင် ကျပ် ၁၀၂၄၀၀၀သို့ပြန်လည်ကျဆင်းခဲ့ကြောင်း သိရသည်။

"ပြည်တွင်းရွှေဈေးက ဒီတစ်ပတ်ထဲမှာ အတက်အကျများတယ်။ အစောပိုင်းကဆိုရင် ကျပ် ၁၀၁၀၀၀၀ထိကို ထိုးဆင်းသွားတာ။ ပြည်တွင်းငွေလဲနှုန်းကလည်း အတက်အကျဖြစ်တော့ ပြည်တွင်းရွှေဈေးလည်း အတက်အကျများတယ်။ ကမ္ဘာ့ရွှေကလည်း အမေရိကန်နဲ့ တရုတ်ကုန်သွယ်ရေးစစ်ပွဲ အဆုံးသတ်နိုင်မယ့်လမ်းကြောင်းတွေတွေ့လာရလို့ ဈေးငြိမ်မလားစောင့်ကြည့်နေတုန်း ဟွာဝေးကုမ္ပဏီအကြီးအကဲကနေဒါမှာ အဖမ်းခံလိုက်ရတာနဲ့ပတ်သက်ပြီး အမေရိကန်နဲ့ တရုတ်ကြားတင်းမာမှုတွေ ပြန်စလာမလားဆိုပြီး နိုင်ငံတကာရွှေလုပ်ငန်းရှင်တွေက စိုးရိမ်နေကြတယ်" ဟု ပြည်တွင်းရွှေအရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်နေသူတစ်ဦးက ဆိုသည်။

ပြည်တွင်းရွှေဈေးကွက်တွင် ဒီဇင်ဘာ၃ရက်က အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ်၁၀၁၀၀၀၀ရှိခဲ့ရာမှ ဒီဇင်ဘာ ၅ရက်တွင် ကျပ်၁၀၁၄၀၀၀သို့ ပြန်လည်မြင့်တက်ခဲ့သလို ဒီဇင်ဘာ ၅ရက်တွင် ကျပ် ၁၀၂၄၀၀၀သို့ ပြန်လည်ရောက်ရှိခဲ့ကြောင်းသိရသည်။ ကမ္ဘာ့ရွှေဈေးကွက်မှာတော့ ဒီဇင်ဘာ၃ရက်က ရွှေတစ်အောင်စလျှင် ၁၂၃၁အမေ ရိကန်ဒေါ်လာရှိခဲ့ရာမှ ဒီဇင်ဘာ ၅ ရက်တွင် တစ်အောင်စလျှင် ၁၂၃၆ အမေရိကန်ဒေါ်လာသို့ မြင့်တက်ခဲ့ပြီး ဒီဇင်ဘာ ၇ရက်တွင် ၁၂၃၉ အမေရိကန်ဒေါ်လာသို့ထပ်မံမြင့်တက်ခဲ့ကြောင်း သိရသည်။

**သန်းထိုက်အောင်**

## ပြည်တွင်းငွေလဲနှုန်း အတက်အကျမြန်

ပြည်တွင်းငွေလဲဈေးကွက်သည် ယခုရက်သတ္တပတ်အတွင်း ဈေးနှုန်းကျဆင်းခဲ့ပြီး အတက်အကျများခဲ့ကြောင်း ပြည်တွင်းငွေလဲဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။မြန်မာနိုင်ငံတော်ဗဟို ဘဏ်ကငွေလဲနှုန်းကို အမေရိကန်တစ်ဒေါ်လာလျှင်၁၅၇၃ကျပ်မှ ၁၅၅၉ကျပ် သို့ ပြောင်းလဲသတ်မှတ်ခဲ့ကြောင်း သိရသည်။

ရန်ကုန်ဈေးကွက်တွင် အမေရိကန်ဒေါ်လာဈေးမှာ အတက်အကျများခဲ့ကြောင်း၊ တစ်ပတ်အတွင်း အမေရိကန်တစ်ဒေါ်လာလျှင် ကျပ်ငါးဆယ် ဝန်းကျင်ခန့်ကျဆင်းခဲ့ရာ လူအများအံ့အားသင့်ခဲ့ရကြောင်း၊ ထိုအချိန်တွင် ဗဟိုဘဏ်မှဈေးကွက်တည်ငြိမ်ရေး ဆောင်ရွက်လာရာ နိုဝင်ဘာလကုန်ဈေးနှုန်းနီးပါးသို့ပြန်လည်မြင့်တက်လာခဲ့ကြောင်း၊ ဗဟိုဘဏ်လုပ်ရပ်အပေါ် ချီးကျူးမှုများရှိသလို အားမလိုအားမရ ဖြစ်မှုလည်းရှိခဲ့ကြောင်း၊ ယခုဖြစ်ရပ်ကိုအခြေခံ၍ ဈေးကွက်အတွင်း ဈေးကစားသူများရှိနေနိုင်သည်ဟု ထင်မြင်ယူဆမှုများလည်း ထွက်ပေါ်လာကြောင်း ပြည်တွင်းငွေကြေးအရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်နေသူတစ်ဦးက ဆိုသည်။

ပြည်တွင်းငွေလဲနှုန်းဈေးကွက်တွင် ဒီဇင်ဘာ ၃ရက်က အမေရိကန်တစ်ဒေါ်လာရောင်းဈေး ၁၅၄၅ကျပ်၊ဝယ် ဈေး ၁၅၃၅ကျပ်မှ ဒီဇင်ဘာ ၅ရက်တွင် ရောင်းဈေး ၁၅၃၅ကျပ်၊ဝယ်ဈေး ၁၅၂၀ကျပ်သို့ကျဆင်းခဲ့ပြီးနောက် သက်ဆိုင်ရာမှ ဈေးကွက်ကို ဝင်ရောက်ထိန်းသိမ်းခဲ့ရာ ဒီဇင်ဘာ၇ရက်တွင် အမေရိကန်တစ်ဒေါ်လာလျှင် ရောင်းဈေး ၁၅၅၅ကျပ်၊ ဝယ်ဈေး ၁၅၄၀ကျပ် သို့ ပြန်လည်မြင့်တက်ခဲ့ကြောင်း သိရသည်။

**သန်းထိုက်အောင်**

## YSX Lucky Draw အစီအစဉ်မှ ကံထူးရှင်များ ထွက်ပေါ်

ရန်ကုန်စတော့အိတ်ချိန်းတွင် စာရင်းဝင်ထားသော FMI၊ MTSH၊ MCB၊ FPBနှင့် TMHအစုရှယ်ယာများကို စက်တင်ဘာ ၁၀ရက်မှ အောက်တိုဘာ ၁၀ရက်အတွင်း ဝယ်ယူရင်းနှီးမြှုပ်နှံခြင်း (Buy Order)ဖြင့် အဝယ်ပြီးမြောက်ခြင်း (Execution For Buy Order)ဖြစ်ပေါ်ခဲ့သူများအနက် ရန်ကုန်စတော့အိတ်ချိန်း၏ YSX Lucky Draw အစီအစဉ်ကံထူးရှင်စာရင်း ထွက်ပေါ်လာပြီဖြစ်ကြောင်း သတင်းရရှိသည်။

ယခုအစီအစဉ်၏ ကံထူးရှင်စာရင်းကို ရန်ကုန်စတော့အိတ်ချိန်း၏ ဖေ့စ်ဘုတ်စာမျက်နှာနှင့် ဝက်ဘ်ဆိုဒ်တွင် ဖော်ပြထားပြီး ဒီဇင်ဘာ ၁၄ရက် နေ့လယ် ၃ နာရီအချိန်တွင် ရန်ကုန်စတော့အိတ်ချိန်း၌ ဆုချီးမြှင့်သွားမည်ဖြစ်ကြောင်း၊ ရွေးချယ်ခံရသောကံထူးရှင်များကိုလည်း ကံထူးရှင်များစာရင်းဖွင့်လှစ်ထားသော ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီမှ တစ်ဆင့်လည်း အကြောင်းကြားပေးမည်ဖြစ်ပြီး ဆုများထုတ်ယူရန်အတွက် အမျိုးသား မှတ်ပုံတင်ကဒ်ပြား ယူဆောင်လာပေးရန် လိုအပ်ကြောင်း သိရသည်။

ဆုမဲများမှာ ပထမဆုအဖြစ် Acer Core i5၊ဒုတိယဆုအဖြစ် Samsung A6 Plus Mobile Phone၊ တတိယဆုအဖြစ် Samsung 40" LED TV၊ စတုတ္ထဆုအဖြစ် Sony Digital Camera၊ ပဉ္စမဆုအဖြစ် Casio G-Shock နာရီနှင့် အထူးဆုအနေဖြင့်နာမည်ကျော် ဘဏ္ဍာရေးသင်တန်းကျောင်းများမှ သင်တန်းတက်ရောက်ခွင့်များ ပါဝင်ကြောင်း သိရသည်။ ရန်ကုန်စတော့အိတ်ချိန်းကို မြန်မာ့စီးပွားရေးဘဏ်၊ ဂျပန်နိုင်ငံမှ Diawa Institute of Researchနှင့် Japan Exchange Groupတို့မှ ပူးပေါင်းတည်ထောင်ခဲ့ပြီး ၂၀၁၆ခုနှစ် မတ်လတွင် အစုရှယ်ယာရောင်းဝယ်မှုကို စတင်ခဲ့သည်။

**သန်းထိုက်အောင်**

## Currency Exchange Rate

**December 7, 2018**
**Base Currency is United States Dollar - USD**

| Currency Unit | Units per USD |
|---|---|
| AUD Australia Dollars | 1.38 |
| BDT Bangladesh Taka | 83.61 |
| CAD Canada Dollars | 1.34 |
| CNY China Yuan Renminbi | 6.88 |
| EUR Euro | 0.88 |
| H KDHong Kong Dollars | 7.81 |
| I NR India Rupees | 70.56 |
| I DR Indonesia Rupiahs | 14480.23 |
| JPY Japan Yen | 112.91 |
| MYR Malaysia | 4.16 |
| PKR Pakistan Rupees | 139.02 |
| PHP Philippines Pesos | 52.63 |
| RUB Russia Rubles | 66.74 |
| SGD Singapore Dollars | 1.37 |
| KRWSouth Korea Won | 1119.46 |
| LKR Sri Lanka Rupe | 178.80 |
| THB Thailand Baht | 32.83 |
| GBP United Kingdom Pounds | 0.78 |
| VND VietnamDon | 23231.37 |

*Source:xe.com*

### World Gold Price

December-2018 (USD/OZ)

| Date | NY | London | Zurich |
|---|---|---|---|
| 3 | 1230 | 1229 | 1227 |
| 4 | 1241 | 1239 | 1235 |
| 5 | 1239 | 1237 | 1237 |
| 6 | 1243 | 1239 | 1240 |
| 7 | 1242 | 1241 | 1241 |

### Domestic Gold Price

Kyats(Thousand)

| Date | Yangon | Mandalay |
|---|---|---|
| 3-12- 2018 | 1019.00 | 1018.00 |
| 4-12- 2018 | 993.50 | 993.00 |
| 5-12- 2018 | 1010.50 | 1011.00 |
| 6-12- 2018 | 1021.00 | 1022.00 |
| 7 -12- 2018 | 1024.00 | 1024.00 |

### နယ်စပ်ငွေလဲလှယ်နှုန်း

ဒီဇင်ဘာလ ၂၀၁၈ (1US$)

| ရက် | တရုတ် (ယွမ်) | ထိုင်း (ဘတ်) | ဘင်္ဂလားဒေ့ရှ် (တာကာ) | အိန္ဒိယ (ရူပီး) |
|---|---|---|---|---|
| 3 | 6.93 | 32.81 | 84.22 | 70.05 |
| 4 | 6.84 | 32.70 | 84.09 | 70.36 |
| 5 | 6.87 | 32.75 | 83.79 | 70.56 |
| 6 | 6.89 | 32.83 | 83.89 | 71.03 |
| 7 | 6.88 | 32.83 | 83.61 | 70.56 |

## ဘိလပ်မြေ

### ရေလမ်းမှဘိလပ်မြေ တန် ၄၀၀ ကျော်နဲ့ နယ်စပ်လမ်းမှ ၇၀၀၀ ကျော်ဝင်

နိုဝင်ဘာ ၂၅ ရက်မှ ဒီဇင်ဘာ ၁ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၈၈၅၈၀ တန်ဖိုးရှိဘိလပ်မြေ ၄၂၅ ဒသမ ၄၀ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် ထိုင်းနိုင်ငံမှ ၄၂၅ တန်နဲ့ စပိန်နိုင်ငံမှ သုည ဒသမ ၄၀ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ ဘိလပ်မြေတန်ချိန် ၇ တန်ကျော်နဲ့ နှိုင်းယှဉ်ရင် တန်ချိန် ၄၁၀ ကျော် ပိုမိုတင်သွင်းခဲ့တယ်လို့ သိရပါတယ်။

နိုဝင်ဘာ ၂၄ ရက်မှ ၃၀ ရက်အထိ သီတင်းပတ်အတွင်း နယ်စပ်လမ်းမှ ဘိလပ်မြေအဝင်မှာတန်ချိန် ၇၃၃၇ တန်ကျော်ရှိခဲ့ပြီး ယခင်သီတင်းပတ်ကဘိလပ်မြေအဝင်မှာ တန်ချိန် ၄၄၃၀ ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာတန်ချိန် ၂၉၀၀ အဝင်ပိုခဲ့တယ်လို့သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ရေလမ်းရောနယ်စပ်လမ်းမှပါ ဘိလပ်မြေအဝင်ပိုခဲ့ပါတယ်။

### ဘိလပ်မြေဈေးကွက် အရောင်းသွက်

**မော်လမြိုင်ဘိလပ်မြေဈေးကွက်မှာ**ပွင့်လင်းရာသီရောက်လာတာကြောင့် အရောင်းအဝယ်သွက်တယ်။ ဘိလပ်မြေဈေးကတော့ အပြောင်းအလဲသိပ်မရှိဘူးလို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ဆင်မြန်မာ ကျပ် ၄၉၀၀၊ ဆင်(ထိုင်း) ကျပ် ၅၇၅၀၊ ကြံ့(မြန်မာ)ကျပ် ၄၇၅၀၊ ကြံ့နှစ်ကောင်(အနီ) ကျပ် ၄၇၀၀၊ ကြံ့နှစ်ကောင်(အစိမ်း) ကျပ် ၄၄၀၀၊ စိန်(ထိုင်း) ကျပ်၅၅၀၀နဲ့အရောင်းအဝယ် ဖြစ်တယ်လို့ စုံစမ်းသိရှိရပါတယ်။

**မန္တလေးဘိလပ်မြေဈေးကွက်မှာ** အရောင်းအဝယ်သွက်တယ်လို့သိရပါတယ်။ ဒီတစ်ပတ် အရောင်းသွက်ပေမယ့် ဈေးငြိမ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ရွှေဖြူ ကျပ် ၄၈၀၀၊ အေသုံးလုံး ကျပ် ၄၅၀၀၊ အယ်လ်ဖာ ကျပ် ၄၆၀၀၊ ဘလူးဒိုင်းမွန်း ကျပ် ၄၈၀၀၊ ခရောင်းကျပ် ၅၀၀၀၊ အပါချီ ကျပ် ၄၂၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်းသိရှိရပါတယ်။

**မကွေးဘိလပ်မြေဈေးကွက်**မှာ ဒီတစ်ပတ်အရောင်းအဝယ်ပုံမှန်ရှိတယ်လို့ သိရပါတယ်။ပွင့်လင်းရာသီရောက်လာတာကြောင့် အရောင်းအဝယ်ကောင်းလာတယ်။ အရောင်းအဝယ်ကောင်းလာတာကြောင့် ဘိလပ်မြေဈေးတွေလည်း တက်လာတယ်လို့သိရပါတယ်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ဆင်မြန်မာ ကျပ်၄၉၀၀၊ ကြံ့ကျပ် ၅၈၅၀၊ ဆင် (ထိုင်း) ကျပ် ၆၅၀၀၊ ကမ္ဘောဇ ကျပ် ၄၃၀၀၊ အပါချီ ကျပ် ၄၇၀၀၊ ဘလူးဒိုင်းမွန်းကျပ် ၄၆၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရှိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** ပွင့်လင်းရာသီရောက်လာတာကြောင့် အရောင်းသွက်တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် အပါချီဘိလပ်မြေက ကျပ် ၁၀၀ ဈေးကျပြီး ကျန်ဘိလပ်မြေများက ယခင်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဈေးကွက်ထဲ ရှမ်းပြည်နယ်မှထုတ်တဲ့ ကမ္ဘောဇဘိလပ်မြေကိုအသုံးများတာကြောင့် အရောင်းပိုသွက်တယ်လို့ သိရပါတယ်။ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ စိန်(ထိုင်း) ကျပ် ၇၇၀၀၊ အေသုံးလုံး ကျပ် ၅၂၀၀၊ အပါချီ ကျပ် ၄၁၀၀၊ ကမ္ဘောဇ ကျပ် ၄၀၀၀၊ နဂါးကျပ် ၄၃၀၀၊ ဆင်(ထိုင်း)ကျပ် ၆၄၀၀နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရှိရပါတယ်။

**သီတာဝင်း(DOT) စုစည်းသည်**

## ဓာတ်မြေသြဇာ

### မြေသြဇာပုံမှန်အဝင်ရှိ

နိုဝင်ဘာ ၂၅ ရက်မှ ဒီဇင်ဘာ ၁ ရက်သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၇၁၂၁၆၃၅ တန်ဖိုးရှိ မြေသြဇာ ၂၀၇၆၁ ဒသမ ၂၉၂ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် တရုတ်နိုင်ငံမှ ၅၂၃ ဒသမ ၇၉၄ တန်၊ ဂျာမနီနိုင်ငံမှ ၃၄၉၈ တန်၊ အစ္စရေးနိုင်ငံမှ ၄၈ တန်၊ အီတလီနိုင်ငံမှ ၁၀၄ ဒသမ ၇၄ တန်၊ ကိုရီးယားနိုင်ငံမှ ၁၂၉၈ ဒသမ ၉၆ တန်၊ မလေးရှားနိုင်ငံမှ ၁၂၅၄၉ ဒသမ ၉၃ တန်၊ အီရန်နိုင်ငံမှ တန်ချိန် ၁၀၀၀၊ နော်ဝေနိုင်ငံမှ ၃၄၅ ဒသမ ၃၀ တန်၊ ရုရှားနိုင်ငံမှ ၁၀၉၀ ဒသမ ၄၄ တန်၊ ထိုင်းနိုင်ငံမှ ၂၈၈ ဒသမ ၅၂ တန်နဲ့ ယူအက်စ်အေမှ ၁၃ ဒသမ ၆၀၉ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ တင်သွင်းခဲ့တဲ့အမျိုးအစားများမှာ ကွန်ပေါင်း (၁၅း၁၅း၁၅)၊ အမိုးနီးယားဆာလဖိတ်၊ ယူရီးယား၄၆%၊ ကွန်ပေါင်း (၁၆း၁၆း၈) တို့ဖြစ်ပါတယ်။ ဒီတစ်ပတ်မလေးရှားနိုင်ငံမှ အများဆုံး တင်သွင်းခဲ့ပြီး ဒုတိယအများဆုံးကို ဂျာမနီနိုင်ငံမှ တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ မြေသြဇာတန်ချိန် ၂၁၆၈၀ ကျော်နဲ့ နှိုင်းယှဉ်ရင် တန်ချိန် ၉၁၀ ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။

### မြေသြဇာဈေးကွက်အရောင်းပုံမှန်ရှိ

နိုဝင်ဘာ ၂၄ ရက်မှ ၃၀ ရက်အထိ နယ်စပ်လမ်းမှ မြေသြဇာအဝင်မှာတန်ချိန် ၁၁၉၄၀ ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်ကအဝင်မှာတန်ချိန် ၉၀၄၀ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာတန်ချိန် ၂၈၉၀ကျော် အဝင်ပိုခဲ့တယ်လို့သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ရေလမ်းရောနယ်စပ်လမ်းမှပါ မြေသြဇာအဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ ပြည်တွင်းဈေးကွက်များဖြစ်တဲ့ မော်လမြိုင်၊မန္တလေးနဲ့ တောင်ကြီးမှာ အရောင်းပုံမှန်ရှိပြီး မကွေးမှာအရောင်းအေးတယ်လို့ သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** အရောင်းသွက်တယ်လို့သိရပါတယ်။ဒီတစ်ပတ် ပိုတက်(မြန်မာ့သြဘာ)၊ ပုလဲ-အကြီး(ထိုင်း)(မြင်းပျံ)၊ ကွန်ပေါင်း(ရွှေကောမတ်)(ထိုင်း)နဲ့ ပုလဲ-အကြီး (မြန်မာ-အမ်ပီအီး)အမျိုးအစားများ ဈေးကွက်ထဲဝင်လာတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ပုလဲ-အသေး ၄၆%(ရွှေတောင်-တရုတ်) ကျပ်၃၃၀၀၀၊ ပုလဲ-အကြီး(ထိုင်း)(မြင်းပျံ)ကျပ် ၃၂၀၀၀၊ ပုလဲ-အကြီး(မြန်မာ-အမ်ပီအီး) ကျပ် ၂၈၀၀၀၊ ကွန်ပေါင်း (ရွှေကောမတ်)(ထိုင်း) ကျပ် ၄၁၅၀၀၊ ကွန်ပေါင်း (အစိမ်းရောင်) ကျပ်၅၀၀၀၀၊ ကွန်ပေါင်း ၁၆း၁၆း၈ (မြင်းပျံ-ထိုင်း) ကျပ် ၃၁၅၀၀၊ တီစူပါ ၄၆% (သံကွင်း-တရုတ်) ကျပ် ၂၆၀၀၀၊ တီစူပါ ၁၆% (မြားကမ္ဘာ-တရုတ်) ကျပ် ၁၃၅၀၀နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့စုံစမ်းသိရှိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ**အရောင်းပုံမှန်ရှိတယ်လို့သိရပါတယ်။ဒီတစ်ပတ် ယူရီးယား-ပုလဲ(ပန်းဖူး၊ ရွှေတောင်)က ကျပ် ၅၀၀ ဈေးကျပြီး ကျန်မြေသြဇာ များက ယခင်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ (ကမ္ဘာလုံး-တရုတ်) ကျပ် ၃၂၀၀၀၊ ယူရီးယား(ရွှေတောင်-တရုတ်) ကျပ် ၃၁၅၀၀၊ ယူရီးယား(ပန်းဖူး-တရုတ်) ကျပ်၃၁၅၀၀၊တီစူပါ၂၀% (တရုတ်) ကျပ် ၁၂၇၀၀၊ ပိုးသတ်ဆေး ကျပ် ၂၂၀၀၊ တီစူပါ ၁၅ ပတ်လည် (တရုတ်) ကျပ် ၄၁၀၀၀၊ တီစူပါ ၁၀း၁၀း၅ (တရုတ်) ကျပ် ၁၉၅၀၀၊ ဓာတ်ဆား (တရုတ်) ကျပ် ၁၇၅၀၀၊ ပိုတက်(တရုတ်) ကျပ်၃၁၀၀၀၊ ယူရီးယား(ယူအေအီး) ကျပ် ၂၉၅၀၀ ၊ မြားကမ္ဘာကျပ် ၁၉၀၀၀၊ ရွက်ဖျန်းကျပ် ၂၅၀၀၊ ဆိုင်ကလုန်း ကျပ် ၃၀၀၀ ၊ ဆိုက်ပါ ကျပ် ၅၅၀၀ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရပါတယ်။

**မကွေးဈေးကွက်မှာ** အရောင်းအဝယ်ပါးတယ်လို့ သိရပါတယ်။ဒီတစ်ပတ် မြားကမ္ဘာ (၁၂း၁၃) က ကျပ် ၂၀၀နဲ့တက်တိုးက ကျပ် ၈၀၀ ဈေးမြင့်ပြီး ယူရီးယား-ပုလဲ (ပန်းဖူး၊ရွှေတောင်)က ကျပ် ၃၀၀၊ တီစူပါက ကျပ် ၁၀၀ဈေးကျပြီး ကျန်မြေသြဇာများက ယခင်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ မြားကမ္ဘာ-တရုတ်(၁၂း၁၃) ကျပ်၁၉၀၀၀၊ ဆင်၁၀း၁၀း၅ကျပ်၁၈၀၀၀၊ အာမို ၁၅း၁၅း၁၅ ကျပ် ၄၁၀၀၀၊ အာမို ၁၆း၁၆း၈ကျပ်၃၈၅၀၀၊အာမို၁၀း၁၀း၅ ကျပ် ၁၉၅၀၀၊ သီးစုံ (ဝါစိမ်းပြာ) ကျပ် ၁၉၀၀၀၊ ယူရီးယား-ပုလဲ(ပန်းဖူး-တရုတ်) ကျပ်၃၁၅၀၀၊ယူရီးယား-ပုလဲ (ရွှေတောင်-တရုတ်) ကျပ် ၃၁၅၀၀၊ ဇာမနီကျပ် ၁၈၂၀၀၊ အောင် ကမ္ဘာ ၁၀း၁၀း၅ ကျပ် ၁၉၅၀၀၊ မြားကမ္ဘာ (၁၅း၇း၈)ကျပ် ၂၀၅၀၀၊တီစူပါ ကျပ် ၂၄၂၀၀၊ တောင်သူမ ကျပ်၁၈၆၀၀၊တက်တိုးကျပ် ၂၂၃၀၀နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

## နို့ဆီ/နို့မှုန့်

### ဒီတစ်ပတ် နို့ဆီအဝင်လျော့ပြီး နို့မှုန့်အဝင်ပို

နိုဝင်ဘာ ၂၅ ရက်မှ ဒီဇင်ဘာ ၁ရက်သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၃၀၂၄၀၀ တန်ဖိုးရှိ နို့ဆီ ၂၆၂ ဒသမ ၆၅၆ တန်ကိုပင်လယ်ရေကြောင်းလမ်းမှတင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် စင်ကာပူနိုင်ငံမှ ဒွန်းနို့ဆီတစ်မျိုးသာ တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ယခင်သီတင်းပတ်က နို့ဆီအဝင်မှာတန်ချိန် ၃၀၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ် တင်သွင်းမှုနဲ့ နှိုင်းယှဉ်ရင် တန်ချိန် ၃၀ ကျော် အဝင်လျော့ခဲ့ပါတယ်။

အမေရိကန်ဒေါ်လာ၁၂၈၄၂၃၆ တန်ဖိုးရှိ နို့မှုန့် ၄၇၈ ဒသမ ၇၅ တန်ကို တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် နယူးဇီလန်နိုင်ငံမှ ၃၇၈ ဒသမ ၇၅ တန်နဲ့ ယူကရိန်းနိုင်ငံမှ တန်ချိန် ၁၀၀ တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က နို့မှုန့်အဝင်မှာ ၂၆ တန်ကျော်သာရှိခဲ့တာကြောင့် ဒီတစ်ပတ် တင်သွင်းမှုနဲ့ နှိုင်းယှဉ်ရင် တန်ချိန် ၄၅၀ ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ နို့ဆီအဝင်လျော့ပြီး နို့မှုန့်အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဘိလပ်မြေတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၄/၁၁ မှ ၃၀/၁၁ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၇/၁၁ မှ ၂၃/၁၁ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၇.၅၀ | ၃၇.၅၀ | (-) | ၃၀.၀၀ |
| ၂။ | လွယ်ဂျယ် | - | - | | - |
| ၃။ | ချင်းရွှေဟော် | - | - | | - |
| ၄။ | ကန်ပိုက်တီး | - | - | | - |
| ၅။ | တာချီလိတ် | ၄၅၀၀.၀၀ | ၂၂၀၀.၀၀ | (+) | ၂၃၀၀.၀၀ |
| ၆။ | မြဝတီ | - | - | | - |
| ၇။ | ကော့သောင်း | ၅၀.၀၀ | - | (+) | ၅၀.၀၀ |
| ၈။ | မြိတ် | ၂၇၈၀.၀၀ | ၂၂၀၀.၀၀ | (+) | ၅၈၀.၀၀ |
| | စုစုပေါင်း | ၇၃၃၇.၅၀ | ၄၄၃၇.၅၀ | (+) | ၂၉၀၀.၀၀ |

မော်မော်အောင်

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဓာတ်မြေသြဇာတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၄/၁၁ မှ ၃၀/၁၁ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၇/၁၁ မှ ၂၃/၁၁ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၃၃၇၅.၂၅ | ၂၂၂၂.၇၀ | (+) | ၁၁၅၂.၅၅ |
| ၂။ | လွယ်ဂျယ် | ၁၈၈.၀၀ | ၁၇၇.၀၀ | (+) | ၁၁.၀၀ |
| ၃။ | ချင်းရွှေဟော် | ၅၇၅၁.၀၀ | ၂၉၅၃.၇၅ | (+) | ၂၇၉၇.၂၅ |
| ၄။ | ကန်ပိုက်တီ | ၇၄၀.၀၀ | ၅၄၁.၀၀ | (+) | ၁၉၉.၀၀ |
| ၅။ | မြဝတီ | - | - | | - |
| ၆။ | ကော့သောင်း | - | - | | - |
| ၇။ | မြိတ် | - | ၂၅၀.၀၀ | (-) | ၂၅၀.၀၀ |
| ၈။ | ရိဒ် | ၁၈၉၀.၀၀ | ၂၉၀၀.၀၀ | (-) | ၁၀၁၀.၀၀ |
| ၉။ | တမူး | - | - | | - |
| | စုစုပေါင်း | ၁၁၉၄၄.၂၅ | ၉၀၄၄.၄၅ | (+) | ၂၈၉၉.၈၀ |

ခင်မိုးသူ

# ကုန်သွယ်ရေးစေ့စပ်ညှိနှိုင်းပွဲများပြုလုပ်တော့မည့် တရုတ်နှင့်အမေရိကန်

**ဒေါက်တာရွှေစင်ကို**



ပြီးခဲ့သည့် စနေနေ့တွင် တရုတ် ပြည်သူ့သမ္မတနိုင်ငံ၏ သမ္မတနှင့် အမေရိကန်ပြည်ထောင်စု၏သမ္မတတို့၏ အောင်မြင်သောဆွေးနွေးပွဲပြီးစီး ပြီးနောက် သဘောတူညီပြီးဖြစ်သည့် သီးခြားကိစ္စရပ်များကို လျင်မြန်စွာ အကောင်အထည်ဖော်မည်ဖြစ်ပြီး လာမည့်ရက်ပေါင်း ၉၀ အတွင်း အမေရိကန်ပြည်ထောင်စုနှင့် ကုန်သွယ်ရေးစေ့စပ်ညှိနှိုင်းမှုများ ပြုလုပ်ရေးရှေ့ဆက်တွန်းအားပေးသွားမည်ဖြစ်ကြောင်း၊ နှစ်ဦးနှစ်ဖက်သဘောတူညီချက်များအား အကောင်အထည်ဖော်ရေးအတွက် မိမိတို့တွင် ယုံကြည်မှုရှိကြောင်း တရုတ်နိုင်ငံ၏စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဒီဇင်ဘာလ ၅ ရက်တွင် ထုတ်ဖော်ပြောကြားလိုက်ပါသည်။ ထိုသို့ ထုတ်ဖော်ပြောကြားရာတွင် ရှင်းလင်းသော အချိန်ဇယားနှင့်လမ်းပြမြေပုံများနှင့်အညီရက်ပေါင်း ၉၀ အတွင်း စေ့စပ်ညှိနှိုင်းမှုများကို ပြုလုပ်သွားရေးအတွက် နှစ်နိုင်ငံစလုံးမှ စီးပွားရေးနှင့် ကုန်သွယ်ရေးအဖွဲ့များက တွန်းတွန်းတိုက်တိုက်တက်ကြွစွာ ဆက်လက်ဆောင်ရွက်သွားကြမည်ဖြစ်ကြောင်းလည်း ပါဝင်ပါသည်။ ယခုကဲ့သို့ တရုတ်အစိုးရ၏ ထုတ်ပြန်ချက်မှာရက်ပေါင်း ၉၀ အချိန်ဇယား၏ ပထမဆုံးအများ ပြည်သူမြင်သာအောင် အသိအမှတ်ပြုချက်တစ်ရပ်ဖြစ်ပါသည်။

ပြီးခဲ့သည့် စနေနေ့က အာဂျင်တီးနားနိုင်ငံတွင် ကျင်းပခဲ့သည့် G20 ထိပ်သီးအစည်းအဝေးကာလအတွင်း နှစ်နာရီကြာကျင်းပခဲ့သည့် ညစာစားပွဲတွင် သမ္မတTrumpနှင့် သမ္မတ Xi တို့က ကုန်သွယ်မှုစစ်ပွဲကို အရှိန်မြင့်လာစေသည့် အကောက်ခွန်နှုန်းအသစ်များကို ဆိုင်းငံ့ကြလျက် ရက်ပေါင်း ၉၀ အချိန်ကာလအတွင်းသဘောတူညီချက်တစ်ရပ် ပြုလုပ်ရမည်ဖြစ်ကာ ကုန်သွယ်ရေးစစ်ပွဲကို အဆုံးသတ်ရန် သဘောတူညီခဲ့ကြခြင်းဖြစ်ပါသည်။ ထိုသို့တွေ့ဆုံရာတွင် တရုတ်သမ္မတက ကျွန်ုပ်တို့နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှသာလျှင် ငြိမ်းချမ်းရေးနှင့် ကြွယ်ဝချမ်းသာရေးတို့၏အကျိုးကို ဆောင်ရွက်ပေးနိုင်လိမ့်မည်ဟု ပြောကြားခဲ့ပါသည်။ ဂျာမနီနိုင်ငံ၏ အကြီးအကဲကလည်း ကမ္ဘာတစ်ဝန်းမှလိုအပ်သည့်အတိုင်းချောမွေ့မှုမရှိသည့် တရုတ်-အမေရိကန်စီးပွားဆက်ဆံရေး၏ သွယ်ဝိုက်သက်ရောက်မှုကို ကျွန်ုပ်တို့ခံစားနေရသည်ကို ကျွန်ုပ်တို့အားလုံး ဆန်းစစ်မိပြီးဖြစ်ပါကြောင်း မှတ်ချက်ပြုခဲ့ပါသည်။

အိမ်ဖြူတော်ဘက်မှ ထုတ်ပြန်ချက်အရ တရုတ်နိုင်ငံနှင့်အမေရိကန်ပြည်ထောင်စုတို့၏ကုန်သွယ်မှုကွာဟချက်ကို လျှော့ချရန်အတွက် စိုက်ပျိုးရေး၊ စွမ်းအင်၊ စက်မှုနှင့် အခြားကုန်စည်များ၏ အလွန်များပြားသည့်ပမာဏကိုဝယ်ယူရန် တရုတ်ဘက်မှသဘောတူခဲ့ကြောင်း၊ အမေရိကန် လယ်သမားများထံမှ ဝယ်ယူမှုကို စတင်ရန်လည်း သဘောတူခဲ့ကြောင်း သိရပါသည်။ နှစ်ဖက်နိုင်ငံတို့သည် အတင်းအကြပ် တွန်းအားပေးသည့် နည်းပညာလွှဲပြောင်းပေးမှု၊ အသိဉာဏ်ဆိုင်ရာ အခွင့်အရေးကာကွယ်မှု၊ဆိုက်ဘာနှောင့်ယှက်မှုနှင့်ဆိုက်ဘာခြိမ်းခြောက်မှု၊ ဝန်ဆောင်မှုနှင့်လယ်ယာစိုက်ပျိုးရေးတို့အား သက်ရောက်သည့် ဖွဲ့စည်းတည်ဆောက်ပုံနှင့်သက်ဆိုင်သော ပြောင်းလဲမှုများအပေါ် ဆွေးနွေးမှုများကိုလည်း စတင်ခဲ့ကြပြီး ထိုသို့ဆွေးနွေးမှုမှာ အလွန်အောင်မြင်သည့်တွေ့ဆုံမှုဖြစ်သည်ဟု အိမ်ဖြူတော်၏ထုတ်ပြန်ချက်တွင် ပါဝင်ခဲ့ပါသည်။

ဒီဇင်ဘာလ ၅ ရက်တွင် သမ္မတထရမ့်က ၂၀၁၉ ခုနှစ်၊ မတ်လ ၁ ရက်ကိုနောက်ဆုံးသတ်မှတ်ထားသည်ထက် အချိန်ပိုမိုယူနိုင်ကြောင်း အရိပ်အမြွက်ပြသည့်စကားဖြင့် လမ်းကြောင်း ပေးခဲ့သော်လည်း သဘောတူညီချက်တစ်ရပ်ကို ပြုလုပ်ရန် ပျက်ကွက်ခဲ့ပါက အကောက်ခွန်နှုန်းများ ပိုမိုကောက်ခံမည်ဖြစ်ကြောင်း ခြိမ်းခြောက်ခဲ့ပါသည်။

တရုတ်နှင့်အမေရိကန်တို့၏လတ်တလော သဘောတူညီချက်အရ လာမည့်နှစ် ဇန်နဝါရီလ ၁ ရက်တွင် တရုတ်နိုင်ငံမှတင်သွင်းသော တန်ဖိုးအမေရိကန်ဒေါ်လာ ၂၀၀ ဘီလီယံရှိ သွင်းကုန်များအပေါ် လက်ရှိကောက်ခံနေသည့် အကောက်ခွန်နှုန်း ၁၀ ရာခိုင်နှုန်းမှ ၂၅ ရာခိုင်နှုန်းသို့ တိုးမြှင့်ကောက်ခံမည့်အစီအစဉ်အား အမေရိကန်ဖက်မှရပ်ဆိုင်းထားပါသည်။ သို့ရာတွင် တရုတ်နိုင်ငံမှတင်သွင်းသော အမေရိကန်ဒေါ်လာ ၅၀ ဘီလီယံတန်ဖိုးရှိ အချို့သောကုန်စည်များမှာမူ သွင်းကုန်ခွန် ၂၅ ရာခိုင်နှုန်းကောက်ခံမှုအောက်တွင် ကျရောက်နေပြီးဖြစ်ပါသည်။ အမေရိကန်ဘက်မှ တင်သွင်းသည့် အမေရိကန်ဒေါ်လာ ၁၁၀ ဘီလီယံတန်ဖိုးရှိ ကုန်စည်များအပေါ် အကောက်ခွန်အတွက် တရုတ်နိုင်ငံဘက်မှ ရည်ရွယ်ထားသဖြင့် အကယ်၍ ထပ်မံလက်စားချေမှုတစ်စုံတစ်ရာ ပြုလုပ်ပါက ကျန်ရှိနေသည့် တရုတ်ကုန်စည် အမေရိကန်ဒေါ်လာ ၂၆၇ ဘီလီယံအပေါ် ပြစ်ဒဏ်ပေးသည့် အကောက်ခွန်ကိုကောက်ခံမည်ဖြစ်ကြောင်း၊ ရက်ပေါင်း ၉၀ အတွင်း အမေရိကန်၏တောင်းဆိုချက်များကို လိုက်လျောပေးခြင်း မရှိပါက အကောက်ခွန်နှုန်းကို ၁၀ ရာခိုင်နှုန်းမှ ၂၅ ရာခိုင်နှုန်းသို့တိုးမည်ဖြစ်ကြောင်း သမ္မတထရမ့်က သတိပေးခဲ့ပါသည်။

ကုန်သွယ်ရေးစစ်ပွဲများဖြစ်ပွားနေသော်လည်း တရုတ်နိုင်ငံ၏ပို့ကုန်များမှာ ဇူလိုင်လအတွင်းက မျှော်မှန်းထားသည့် နှစ်စဉ်တိုးတက်မှုနှုန်း၁၀ ရာခိုင်နှုန်းထက်ကျော်လွန်ကာ ၁၂ ဒသမ ၂ ရာခိုင်နှုန်းရရှိခဲ့ပါသည်။ အကောက်ခွန်နှုန်းတိုးမြှင့်ကောက်ခံနေသည့်ကြားမှ အမေရိကန်နှင့်ကုန်သွယ်ရာတွင် တရုတ်ဘက်မှ ကုန်သွယ်မှုပိုငွေပြမှုမှာဇွန်လတွင် အမေရိကန်ဒေါ်လာ ၂၈ ဒသမ ၉၇ ဘီလီယံရှိရာမှ နိုဝင်ဘာလတွင် အမေရိကန်ဒေါ်လာ ၂၈ ဒသမ ၀၉ ဘီလီယံရှိသဖြင့် အနည်းငယ်မျှသာကျဆင်းခဲ့သည်ကိုတွေ့ရပါသည်။ ထိုကဲ့သို့ တရုတ်ဘက်မှ နှစ်ကာလကြာရှည်စွာ ကုန်သွယ်ရေးပိုငွေပြခဲ့မှုအား အမေရိကန်ဘက်မှ ဝေဖန်ထောက်ပြနေခြင်းဖြစ်ပါသည်။

ထိုသို့ဖြစ်နေစဉ်အတွင်း တရုတ်နိုင်ငံဘက်မှ ၎င်း၏ယွမ်ငွေကြေးကို လေးလဆက်တိုက်တန်ဖိုးချခဲ့သဖြင့် မမျှတသော ကုန်သွယ်ရေးအကျိုးကျေးဇူးရရှိရန် ထပ်တလဲလဲကစားနေခြင်းဖြစ်ကြောင်း ယူဆသဖြင့် ကုန်သွယ်ရေးစစ်ပွဲမှာပိုမိုအရှိန်မြင့်လာခဲ့ခြင်းဖြစ်ပါသည်။ အမေရိကန်သမ္မတ၏ အမေရိကန် ပထမမူဝါဒများကြောင့် ကမ္ဘာ့စီးပွားရေးနာလန်ထူမှုအား လမ်းချော်သွားမည်ကိုစိုးရိမ်စိတ်များတိုးပွားလာသဖြင့် မကြာသေးမီလများအတွင်း ကမ္ဘာ့ငွေကြေးဈေးကွက်များတွင် ကျဆင်းမှုများဖြစ်ပေါ်ခဲ့ပါသည်။

အမေရိကန်နှင့်တရုတ်တို့၏ အောင်မြင်သောတွေ့ဆုံမှုပြီးစီးပြီး နောက်ပိုင်းတွင် တစ်လနီးပါးဖြစ်ပေါ်ခဲ့သော အမေရိကန်တစ်ဒေါ်လာလျှင် တရုတ်ယွမ်ငွေလဲနှုန်း ၆ ဒသမ ၉၁မှ ၆ ဒသမ ၉၇အကြားတန်းနေခဲ့ရာမှ ဒီဇင် ဘာလ ၃ ရက်တွင် ၆ ဒသမ ၈၈ ယွမ် သို့လည်းကောင်း၊ ဒီဇင်ဘာလ ၄ ရက်တွင် ၆ ဒသမ ၈၃ ယွမ်သို့လည်းကောင်း ငွေကြေးတန်ဖိုးပြောင်းလဲဖြစ်ပေါ်ခဲ့သဖြင့် တရုတ်ယွမ်ငွေတန်ဖိုးပြန်လည်တက်လာခဲ့ကြောင်း တွေ့ရပါသည်။

■

## ပြည်တွင်းဆီဈေးနှုန်းများ (၇-၁၂-၂၀၁၈) ကျပ်/ပိဿာ

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမနား) | ၅၈၀၀ | ၅၈၀၀ | □ | ၅၀၀၀ | ၅၀၀၀ | □ | ၁၈၀၀ | ၁၈၀၀ | □ |
| ရန်ကုန် | ၇၀၀၀ | ၇၀၀၀ | □ | ၆၅၀၀ | ၆၅၀၀ | □ | ၂၀၀၀ | ၂၀၀၀ | □ |
| မန္တလေး | ၅၈၀၀ | ၅၈၀၀ | □ | ၅၈၀၀ | ၅၈၀၀ | □ | ၁၉၀၀ | ၁၈၀၀ | ▽ |
| ပခုက္ကူ | ၅၈၀၀ | ၅၈၀၀ | □ | ၅၈၀၀ | ၅၈၀၀ | □ | ၁၈၀၀ | ၁၈၀၀ | □ |
| မကွေး | ၆၀၀၀ | ၆၀၀၀ | □ | ၇၅၀၀ | ၇၅၀၀ | □ | ၁၉၂၀ | ၁၉၀၀ | △ |
| မုံရွာ | ၅၂၀၀ | ၅၂၀၀ | □ | ၅၃၀၀ | ၅၃၀၀ | □ | ၁၈၀၀ | ၁၈၀၀ | ▽ |
| စစ်တွေ | ၆၀၀၀ | ၆၀၀၀ | □ | ၅၀၀၀ | ၅၀၀၀ | □ | ၂၂၀၀ | ၂၂၀၀ | □ |




## မလေးရှားစားအုန်းဆီ အပတ်စဉ်ပျမ်းမျှ (FOB) ဈေးနှုန်း

၇-၁၂-၂၀၁၈ US$/Ton

| အမျိုးအစား | နိုဝင်ဘာစတုတ္ထပတ် | ဒီဇင်ဘာပထမပတ် | နှိုင်းယှဉ်ချက် |
|---|---|---|---|
| RBD P.Oil | ၄၆၀.၀၀ | ၄၆၀.၀၀ | □ |
| RBD P.Olein | ၄၆၉.၀၀ | ၄၇၅.၀၀ | △ |
| RBD P.Stearin | ၄၃၄.၀၀ | ၄၃၁.၀၀ | ▽ |

*Source: bepi.mpob*

## ပြည်ပမှတင်သွင်းလာသော စားအုန်းဆီများ ရန်ကုန်ဆိပ်ကမ်းအရောက် တစ်ပိဿာအရင်းဈေးတွက်ချက်ပုံ (၇-၁၂-၂၀၁၈ )နေ့

| အကြောင်းအရာ | တွက်ချက်နှုန်း | တစ်ပိဿာကုန်ကျစရိတ် (ကျပ်) Cloud Point 8°CMax |
|---|---|---|
| CIF ဈေး | (CIFx USD)/ 612 | ၁၃၃၇.၃၈ |
| FDA ထောက်ခံစာ | 58 .20/ 612 | ၀.၁၀ |
| သွင်းကုန်လိုင်စင်ကြေး | 50/ 612 | ၀.၀၈ |
| L/C စရိတ် | (CIF x 0.25% x USD)/612 | ၃.၃၄ |
| Bill စရိတ် | (CIF x 0.50% x USD )/612 | ၆.၆၉ |
| စားအုန်းဆီအလျော့ | 0.5% x လက်ကားဈေး | ၇.၂၈ |
| ဆီကန်သိုလှောင်ထိန်းသိမ်းခ | 5/ -1% | ၄.၉၅ |
| ကုန်သွယ်လုပ်ငန်းခွန် | (FOB x USD x 1.0 x 5%)/612 | ၇၆.၄၂ |
| ဆိပ်ကမ်းခွန် | (50000/ 1000)/612 | ၀.၀၈ |
| MITS စစ်ဆေးခ (FDA အပါအဝင်) | | ၀.၆၀ |
| အမြတ်ခွန် | (CIF x 35/-)/ 612 | ၃၀.၀၂ |
| ဆိပ်ကမ်းကပ်ခ | (3x USD )/ 612 | ၇.၆၄ |
| | ရန်ကုန်ဆိပ်ကမ်းအရောက် အရင်းဈေး | ၁၄၇၄.၅၇၈ |

မှတ်ချက်။

၁။ အထက်ပါတွက်ချက်မှုမှာ ၇-၁၂-၂၀၁၈နေ့ (CIF ဈေး Cloud Point 8 °C Max 520 ဒေါ်လာနှင့် USD ဈေး ၁၅၅၉ကျပ်)ဖြင့် တွက်ချက်ထားခြင်းဖြစ်ပါသည်။

၂။ ၇-၁၂-၂၀၁၈နေ့ ဝယ်ယူပြီးနောက် ၁၀ ရက်ခန့်အကြာ ရန်ကုန်ဆိပ်ကမ်းရောက်ရှိမည့် ဈေးဖြစ်ပါသည်။

၃။ တင်သွင်းလာသော ကုမ္ပဏီ၏ အမြတ်၊ ဆိပ်ကမ်းမှ ဖြန့်ဖြူးမည့်ဈေးကွက်အရောက် သယ်ယူစရိတ်၊ လုပ်သားခ၊ လက်လီဆိုင်များ၏ အမြတ်များ မပါဝင်သေးပါ။

၄။ ငွေလဲနှုန်း တစ်ဒေါ်လာကို ယခင် ၄၅၀ ကျပ်နှင့် တွက်ချက်ပြီး ၂၀၁၂ ခုနှစ် ဧပြီ ၁ ရက်မှစ၍ ဗဟိုဘဏ်မှ နှုန်းရှင်သတ်မှတ်သည့်အတွက် ဒေါ်လာဈေး ၁၅၅၉ကျပ်ဖြင့် တွက်ချက်ထားပါသည်။

၅။ ကုန်သွယ်လုပ်ငန်းခွန်မှာ ယခင် သုညရာခိုင်နှုန်းဖြစ်ပြီး ယခု ၅ရာခိုင်နှုန်း ဖြစ်ပါသည်။

၆။ ဆိပ်ကမ်းကပ်ခမှာ ယခင်ကောက်ခံခြင်းမရှိပါ။ ယခုတစ်တန်လျှင် အမေရိကန် ၃ ဒေါ်လာနှုန်းကောက်ခံပါသဖြင့် ထည့်သွင်းတွက်ချက်ပါသည်။

# အမေရိကန်ပြည်ထောင်စုသို့ ဗီယက်နမ်နိုင်ငံမှ ပုစွန်တင်ပို့မှုမှာ ယခုနှစ်ကုန်ပိုင်းတွင် ပုံမှန်အခြေအနေသို့ ပြန်လည်ရောက်ရှိမည်



အမေရိကန်ပြည်ထောင်စု၊ စိုက်ပျိုးရေးဌာနလက်အောက်ရှိ နိုင်ငံခြားစိုက်ပျိုး ရေးဆိုင်ရာ ဝန်ဆောင်မှုအဖွဲ့၏ အစီရင်ခံစာအရ ယခုနှစ်၏ပထမခုနှစ်လအတွင်း ဗီယက်နမ်နိုင်ငံမှ အမေရိကန်ပြည်ထောင်စုသို့ တင်သွင်းခဲ့သည့် ပုစွန်တန်ချိန် ၃၅၉၉၄၈ တန်ရှိပြီး၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၃ ဒသမ ၃ ဘီလီယံရှိကာ အရေအတွက်အားဖြင့် ၃ရာခိုင်နှုန်း တိုးတက်လာသော်လည်း၊ ယခင်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက တန်ဖိုးအနေဖြင့် ၁ရာခိုင်နှုန်းကျဆင်းသွားပါကြောင်း သိရှိရပါတယ်။

အမေရိကန် ပြည်ထောင်စုသို့ ပုစွန်အများဆုံးတင်သွင်းသည့် ထိပ်တန်းနိုင်ငံ ခြောက်နိုင်ငံမှာ အိန္ဒိယနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ အီကွေဒေါနိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ ထိုင်းနိုင်ငံနှင့် တရုတ်နိုင်ငံတို့ဖြစ်ပြီး ပုစွန်တင်သွင်းသည့် ရာခိုင်နှုန်းများမှာ အိန္ဒိယနိုင်ငံသည် ၃၅ ရာခိုင်နှုန်း၊ အင်ဒိုနီးရှားနိုင်ငံသည် ၂၀ရာခိုင်နှုန်း၊ အီကွေဒေါနိုင်ငံသည် ၁၂ရာခိုင်နှုန်း၊ ဗီယက်နမ်နိုင်ငံသည် ၇ဒသမ၂ရာခိုင်နှုန်း၊ ထိုင်းနိုင်ငံသည် ၇ရာခိုင်နှုန်းနှင့် တရုတ်နိုင်ငံသည် ၆ ဒသမ ၇ ရာခိုင်နှုန်း အသီးသီးတို့ ဖြစ်ကြပါတယ်။

ယခုနှစ် ဇူလိုင်လတွင် အမေရိကန်ပြည်ထောင်စုအတွင်းသို့ ပုစွန်တင်သွင်းရာတွင် တင်သွင်းမှုမှာ ပိုမိုများပြားပြီး၊ ဈေးနှုန်းမှာ ပျမ်းမျှဈေးနှုန်းအောက် လျော့နည်းသည့် သက်ရောက်မှုများ ဖြစ်ခဲ့ပါကြောင်း၊တိုးတက်မှုရှိခဲ့သည့် ၁၄ လတာကာလပြီးနောက်ပိုင်း ယခုနှစ် မေလ၊ ဇွန်လနှင့် ဇူလိုင်လများတို့တွင် ပုစွန်တင်သွင်းမှုများ ကျဆင်းခဲ့ပါကြောင်း၊ ဗီယက်နမ်နိုင်ငံသည်လည်း ယခုနှစ် ဇူလိုင်လတွင် ပုစွန်တင်ပို့မှု ကျဆင်းခဲ့ပါကြောင်း၊ ၎င်းအပြင် မကြာသေးမီ ၈-၃-၂၀၁၈ ရက်နေ့ အမေရိကန်ပြည်ထောင်စု ကုန်သွယ်ရေးဌာနက ကြေညာခဲ့သော ကြိုတင်ပြင်ဆင်ထားသော အခွန်နှုန်း ၂၅ဒသမ ၃၉ ရာခိုင်နှုန်းအောက်ပို၍ လျော့နည်းသောနှုန်းထားဖြစ်သည့် ၄ ဒသမ ၅၈ ရာခိုင်နှုန်းမှာ ဗီယက်နမ်နိုင်ငံမှ ပုစွန်တင်ပို့သူများအတွက် နောက်ဆုံးအကောက်ခွန်နှုန်းဖြစ်ပြီး၊ အမေရိကန်ပြည်ထောင်စု ကုန်သွယ်ရေးဌာနမှ (၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလမှ ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလထိ) (၁၂) ကြိမ်မြောက် စီမံအုပ်ချုပ်မှုဆိုင်ရာ ပြန်လည်စစ်ဆေးမှုကာလ (POR 12) အတွင်း ဗီယက်နမ်နိုင်ငံမှ တင်သွင်းသော ပုစွန်များအပေါ် Anti-dumping duties များအတွက် နောက်ဆုံးရလဒ်အဖြစ် ကြေညာခဲ့ခြင်းဖြစ်ပါကြောင်းနှင့် အဆိုပါရလဒ်မှာ နောက်ဆုံး POR 11 အကောက်ခွန်နှုန်းထက်လည်း ပို၍ကောင်းမွန်ပါကြောင်းသိရပါတယ်။

၂၀၁၇ ခုနှစ်အတွင်း ဗီယက်နမ်နိုင်ငံမှ ပုစွန်များကို ပိုမိုများပြားသော ဈေးကွက်များသို့ယခင်နှစ်ကထက် ပို၍မြင့်သော ဈေးနှုန်းများဖြင့် တင်ပို့ခဲ့သည့်အချိန်တွင် အမေရိကန်ဈေးကွက်သို့ တင်ပို့မှုမှာ Anti-dumping taxes ၏ သက်ရောက်မှုကြောင့် ၇ ရာခိုင်နှုန်း ကျဆင်းခဲ့ပါကြောင်း၊ ထို့အပြင် အမေရိကန်ပြည်ထောင်စုသည် ဗီယက်နမ်နိုင်ငံမှ ပုစွန်များကို စတုတ္ထအများဆုံး ဝယ်ယူသူနေရာကို ဆုံးရှုံးခဲ့ပါကြောင်း၊ ၂၀၁၈ ခုနှစ် ပထမရှစ်လအတွင်း အမေရိကန်ဈေးကွက်သို့ ပုစွန်တင်ပို့မှုမှာ ၅ဒသမ၅ရာခိုင်နှုန်းသို့ ကျဆင်းခဲ့ပြီး၊ အမေရိကန်ဒေါ်လာ ၃၉ သန်းဖြစ်ပါကြောင်းသိရှိရပါတယ်။

POR 11 နှင့်ကြိုတင်ပြင်ဆင်ထားသော အခွန်နှုန်းအောက် ပို၍လျော့နည်းသော အကောက်ခွန်နှုန်းဖြစ်သည့် POR 12 ၏ ရလဒ်အရ နောင်လာမည့်လများအတွင်း အမေရိကန်ဈေးကွက်သို့ ဗီယက်နမ်နိုင်ငံမှ ပုစွန်တင်ပို့မှုကို ၂၀၁၇ ခုနှစ် ကာလနှင့် နှိုင်းယှဉ်ပါက ၂၀၁၈ နှစ်ကုန်ပိုင်းတွင် ၆ ဒသမ ၅ ရာခိုင်နှုန်းခန့်လောက်သာ ကျဆင်းမှုရှိပြီး တန်ဖိုး အမေရိကန်ဒေါ်လာ ၆၁၅ သန်းခန့်ဖြင့် ပုံမှန်အခြေအနေသို့ ပြန်ရောက်လာမည်ဟု မျှော်မှန်းထားပါကြောင်း သိရပါတယ်။

**ချိုချိုမာ (ရန်ကုန်)**

# တန်ချိန် ၁၁ သန်း တင်ပို့နိုင်မည့် ထိုင်းဆန်

ထိုင်းနိုင်ငံက ၂၀၁၈ ခုနှစ် နှစ်ကုန်ထိ ဆန် တန်ချိန် ၁၁ သန်း တင်ပို့နိုင်မည်ဟု ထိုင်းဆန်တင်ပို့သူများအသင်း ဥက္ကဋ္ဌ Charoen Laothammatas က ပြောကြားခဲ့ပါသည်။

လွန်ခဲ့တဲ့ နှစ်လကျော်က တစ်လလျှင် ဆန်တင်ပို့မှု တန်ချိန်ပျမ်းမျှ တစ်သန်းရှိကြောင်း၊ တရုတ်၊ ဖိလစ်ပိုင် နှင့် မလေးရှားတို့၏ အစိုးရနှင့် ပုဂ္ဂလိကကုမ္ပဏီတို့မှ ဝယ်လိုအား မြင့်တက်လျက်ရှိကြောင်း၊ တောင်အာဖရိကနှင့် ဘီနင်နိုင်ငံတို့မှ ပေါင်းဆန်ဝယ်ယူမှု တိုးမြှင့်လာကြောင်း၊ အမေရိကန်၊ ဟောင်ကောင်နှင့် တရုတ်နိုင်ငံတို့မှလည်း Hom Mali ဆန်ဝယ်ယူမှု တိုးမြှင့်လာခြင်းတို့ကြောင့် နှစ်ကုန်တွင် ဆန်တန်ချိန် ၁၁ သန်း တင်ပို့နိုင်မည်ဟု ပြောကြားခြင်းဖြစ်ကြောင်း သိရှိရပါသည်။

ဇန်နဝါရီမှ အောက်တိုဘာလထိ ဆန်တင်ပို့နိုင်မှုကို လေ့လာပါက ၁၀ လအတွင်း ဆန်တင်ပို့နိုင်မှုမှာ တန်ချိန် ၉ ဒသမ ၀၄၉ သန်း၊ ဘတ် ၁၅၀ ဘီလီယံရရှိခဲ့ပြီး ယခင်နှစ်ကာလတူထက် ၈ ဒသမ ၂ ရာခိုင်နှုန်း တိုးမြှင့်တင်ပို့နိုင်ခဲ့ကြောင်း၊ အောက်တိုဘာလတွင် ဆန်တင်ပို့နိုင်မှုမှာ တန်ချိန် ၉ ဒသမ ၂၇သိန်း၊ တန်ဖိုး ဘတ် ၁၅ ဒသမ ၀၃ သန်းသာ ရရှိခဲ့ကြောင်း၊ စက်တင်ဘာလတွင် ပေါင်းဆန်တင်ပို့မှုမှာ ယခင်နှစ်ကာလတူထက် ၁ ဒသမ ၆ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း သိရှိရပါသည်။

ထိုင်း ဆန်တင်ပို့သူများအသင်း၏ စာရင်းအရ အောက်တိုဘာလတွင် ပေါင်းဆန်တင်ပို့မှုမှာ တန်ချိန် ၂ ဒသမ ၃၃ သိန်းရှိပြီး အဓိကဝယ်ယူသော နိုင်ငံများမှာ တောင်အာဖရိက၊ ဘီနင်နှင့် ကင်မရွန်း နိုင်ငံတို့ဖြစ်ကာ စက်တင်ဘာလ ထက် ၃၃ ဒသမ ၇ ရာခိုင်နှုန်းလျော့နည်းခဲ့ကြောင်း၊ ဆန်ဖြူတင်ပို့မှုမှာ တန်ချိန် ၅ ဒသမ ၂၀ သိန်းရှိပြီး အာရှ၊ အာဖရိကတိုက်တို့မှဖြစ်ပြီး စက်တင်ဘာလထက် ၇ ဒသမ ၉ ရာခိုင်နှုန်း ပိုမိုခဲ့ကြောင်း၊ ထိုင်း Hom Mali ဆန်မှာ တန်ချိန် သုည ဒသမ ၉၇ သိန်း တင်ပို့နိုင်ခဲ့ကြောင်းနှင့် ပြည်ပပို့ကုန်ဈေးကွက်မှာ အမေရိကန်၊ ဟောင်ကောင်၊ တရုတ်နှင့် ကနေဒါနိုင်ငံတို့ဖြစ်ကြောင်း Mr Charoen က ပြောကြားခဲ့ပါသည်။

လွန်ခဲ့သည့်နှစ်လတွင် ထိုင်းဆန် တန်ချိန် ၃ ဒသမ ၂၄ သိန်း တိုးမြှင့်တင်ပို့နိုင်ခဲ့ပြီး ဆန်ဈေးနှုန်းမှာ လွန်ခဲ့သည့် နှစ်ထက် ငါးရာခိုင်နှုန်းသာ ပိုမိုကြောင်း၊ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၆၈ နှင့် ၄၀၇ ကြား ရရှိခဲ့ကြောင်း၊ တရုတ်နိုင်ငံမှ ဆန်တန်ချိန် တစ်သန်း ဝယ်ယူရန် အစိုးရချင်း သဘောတူညီချက်အရ နိုဝင်ဘာလ တွင် ဆန်တန်ချိန် တစ်သိန်း၊ ဖိလစ်ပိုင်မှ ဆန်တန်ချိန် ရှစ်သောင်း၊ ပုဂ္ဂလိကကုမ္ပဏီများမှ ဆန်တန်ချိန် ၁ ဒသမ ၄၄ သိန်း ဝယ်ယူခဲ့ကြောင်း ထိုင်းနိုင်ငံခြား ကုန်သွယ်မှုဌာနမှ ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

**Sources: Bangkok Post သတင်းစာ**

**ခိုင်(တာချီလိတ်)**

# မြိတ်မြို့တွင် နှစ်နိုင်ငံချစ်ကြည်ရေး စီးပွားရေး ညှိနှိုင်းဆွေးနွေးပွဲနှင့် OTOP ဈေးရောင်းပွဲပြုလုပ်ရန်ရှိ

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင်၊ မြိတ်မြို့၊ ရှော့ပင်းစင်တာတွင် ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၂၆ ရက်မှ ၃၀ ရက်ထိ မြိတ်ခရိုင်နှင့် ထိုင်းနိုင်ငံ ရာချဘူရီခရိုင်တို့ နှစ်နိုင်ငံချစ်ကြည်ရေး စီးပွားရေးညှိနှိုင်းဆွေးနွေးပွဲနှင့် OTOP ဈေးရောင်းပွဲ ပြုလုပ်သွားရန်ရှိကြောင်း သိရှိရပါသည်။

မြိတ်ခရိုင်နှင့် ရာချဘူရီခရိုင်တို့သည် မောင်နှမမြို့တော်များအဖြစ် ၂၀၁၄ ခုနှစ် အောက်တိုဘာလတွင် နေပြည်တော်၌ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးကာ နှစ်နိုင်ငံ ချစ်ကြည်ရေး၊ (ရာချဘူရီခရိုင်နှင့် မြိတ်ခရိုင်) တည်ထောင်ထားပြီးဖြစ်ပါသည်။ ပွဲတော်တွင် စီးပွားရေးဆွေးနွေးပွဲ၊ တစ်ဖက်နှင့်တစ်ဖက် နယ်စပ်ကုန်သွယ်မှု အတွေ့အကြုံများ၊ ရိုးရာအစဉ်အလာ ယဉ်ကျေးမှုများနှင့် ဒေသထွက်ကုန်ကြမ်းများနှင့်ပြုပြင်ထုတ်လုပ်ထားသော အိမ်တွင်းထုတ်ကုန်များ၊ လူသုံးကုန်၊ စားသုံးကုန်၊ အိမ်သုံးကုန်များပါဝင်ပြီး ဆိုင်ခန်းပေါင်း ၅၅ ခန်းပါဝင်မည်ဖြစ်ကြောင်း သိရှိရပါသည်။ **MTK (မြိတ်)**

စာမျက်နှာ (၃) မြန်မာ့သနပ်ခါး စိုက်ပျိုးထုတ်လုပ် . . . မှအဆက်

ကျင်းပပြီး သနပ်ခါးအား ဇီဝထုတ်ကုန်အဖြစ် ရွေးချယ်ခြင်း၊ သနပ်ခါး ကုမ္ပဏီများအား စင်ကာပူကုန်စည်ပြပွဲ လေ့လာစေခြင်း၊ မြန်မာ့သနပ်ခါးအလှကုန်ကုမ္ပဏီများနှင့် အင်္ဂလန် အလှကုန်ကုမ္ပဏီဖြင့် ချိတ်ဆက်ပေးခြင်း၊ စီးပွားရေးစီမံခန့်ခွဲမှု သင်တန်းများ၊ အရာတော်သနပ်ခါးအသင်း နှစ်ပတ်လည် အစည်းအဝေးများ၊ မြေဆီလွှာထိန်းသိမ်းနည်းသင်တန်းများ၊ ရန်ကုန်သနပ်ခါးပွဲတော်၊ မန္တလေးသနပ်ခါးပွဲတော်ကျင်းပနိုင်ရေး ကူညီပေးခြင်း၊ မြေဆီလွှာ ထိန်းသိမ်းနည်းသင်တန်းများ ပံ့ပိုးပေးခြင်း၊ သနပ်ခါးစိုက်ပျိုးသည့် ငါးမြို့နယ်သို့ကွင်းဆင်းလေ့လာပြီး သနပ်ခါးမျိုးဗီဇနှင့် ရိုးရာအသိပညာ ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ မြန်မာ့သနပ်ခါးအကြောင်း နိုင်ငံတကာသို့တင်ပြခြင်း၊ မြန်မာ့သနပ်ခါး ရေရှည်ကောင်းမွန်စွာ ဈေးကွက် ဖြန့်ကြက်ရေးများ ဆောင်ရွက်ခြင်း၊ အရည်အသွေးကောင်းမွန်သည့် သနပ်ခါးထုတ်လုပ်မှု နည်းစဉ်များ ရေးဆွဲနိုင်ရေးအတွက် သနပ်ခါးထုတ်လုပ်မှုများအား ကွင်းဆင်းလေ့လာခြင်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ၂၀၁၉ ခုနှစ် သနပ်ခါးကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးအတွက် HELVETAS MYANMAR ၏ ရန်ပုံငွေလျာထားချက်မှာ အမေရိကန်ဒေါ်လာ ၅၀၀၀၀ လျာထားသည့်အပြင် မြန်မာ့သနပ်ခါးစိုက်ပျိုး ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း၏ လုပ်ငန်းစဉ်ခြောက်ချက်ကိုလည်း ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်း ဆွေးနွေးခဲ့ပါသည်။

မြန်မာ့သနပ်ခါး စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းနှင့် HELVETAS MYANMAR တို့အကြား ပူးပေါင်းဆောင်ရွက်နေမှု အခြေအနေများနှင့်ပတ်သက်၍ ညှိနှိုင်းအစည်းအဝေးတွင် NGO အဖွဲ့အစည်းနှင့် သနပ်ခါးအသင်းတို့ နှစ်ဖက်အကြား နားလည်မှုစာချွန်လွှာ(MOU)လက်မှတ်ရေးထိုးနိုင်သည်အထိ ဌာနဆိုင်ရာတာဝန်ရှိသူများက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပါသည်။

အစည်းအဝေးသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်မောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူး ဒေါက်တာဇာနည်မင်းနှင့် HELVETAS MYANMAR မှ တာဝန်ရှိသူများ၊ မြန်မာ့သနပ်ခါး စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း ဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ ဌာနဆိုင်ရာများ စုစုပေါင်း ၇၀ ဦး တက်ရောက်ခဲ့ကြပါသည်။

**T.H.H (DOCA)**



# cs i f,a&a [ m a'oE
# ရော်ဘာတောများ

[ မောင်မောင် (ချင်းရွှေဟော်) ]

ချင်းရွှေဟော် ကုန်သွယ်ရေး စခန်းသည် ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးခရိုင် ကွမ်လုံမြို့နယ်မှာ တည်ရှိပါတယ်။ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် 'ဝ'ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတို့နှင့် ဆက်စပ်လျက်ရှိပြီး တရုတ်နိုင်ငံ နယ်နိမိတ်မျဉ်းနှင့် ၅ မိုင် ခန့်အကွာမှာ တည်ရှိပါတယ်။ မြန်မာ-တရုတ်ကုန်သွယ်မှုမှာ အရေးပါသည့် ကုန်သွယ်ရေးစခန်းတစ်ခုဖြစ်ပြီး လယ်ယာထွက်ကုန်ပစ္စည်းများကို အဓိက တင်ပို့လျက်ရှိပါတယ်။ ချင်းရွှေဟော်ဒေသသည် သင့်တင့်မျှတသည့် ရာသီဥတုရှိပြီး တောတောင်သဘာဝအလှ တရားများနဲ့ပြည့်စုံသည့် ဒေသတစ်ခုဖြစ်ပါတယ်။ ယခင်က ဘိန်းစိုက်ပျိုးသည့် ဒေသဖြစ်ခဲ့သော်လည်း ယခုအခါမှာ နိုင်ငံတော်ရဲ့မူးယစ်ဆေးဝါး အသိပညာပေးဆောင်ရွက်မှုကြောင့် ဘိန်း အစားထိုးသီးနှံဖြစ်သည့်ရော်ဘာနှင့် ပြောင်းသီးနှံများကို ပြောင်းလဲစိုက်ပျိုးလျက်ရှိရာမှာ ချင်းရွှေဟော်ဒေသတစ်ဝိုက်မှာ ရော်ဘာတောများနှင့် ဖုံးလွှမ်းလျက်ရှိပြီး ဒေသခံပြည်သူများ အနေဖြင့်လည်း ရော်ဘာစိုက်ပျိုးခြင်းဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လျက်ရှိပါတယ်။ ချင်းရွှေဟော်ဒေသအပါအဝင် ရှမ်းပြည်နယ်(မြောက်ပိုင်း)ဒေသများတွင် ရော်ဘာစိုက်ဧက ရှစ်သောင်းကျော်အနက် အစေးခြစ်ယူနိုင်သည့်ဧကလေးသောင်းခန့်မှရော်ဘာအစေးတန်ချိန် တစ်သောင်း လေးထောင်ခန့် ထွက်ရှိပါတယ်။

ရော်ဘာပင်သည် ပြည်တွင်းစက်မှုလုပ်ငန်းများအတွက်သာမက ပြည်ပ ပို့ကုန်အတွက်လည်း အရေးပါသည့် စက်မှုကုန်ကြမ်း နှစ်ရှည်သီးနှံပင်ဖြစ်ပါတယ်။ ရော်ဘာပင်၏ စီးပွားသက်တမ်း နှစ်ပေါင်း ၃၀ အတွင်း စက်မှုကုန် ကြမ်း အစေးခြစ်ယူရရှိခြင်းသာမက အပင်အိုသွားပါက ရော်ဘာသစ်အဖြစ် အသုံးပြုနိုင်ပါတယ်။ မြန်မာနိုင်ငံသာမက ကမ္ဘာ့နိုင်ငံအသီးသီးမှာလည်း ပိုမိုတိုးချဲ့စိုက်ပျိုးလျက်ရှိကြပါတယ်။ ရော်ဘာပင်သည် နှစ်ရှည်ပင်ဖြစ်ပြီး ပြည်တွင်းဈေးကွက်သာမက ပြည်ပဈေးကွက်ထိ ထိုးဖောက်တင်ပို့နိုင်သည့် အတွက် နည်းစနစ်မှန်မှန်ဖြင့် စနစ်တကျ တိုးချဲ့စိုက်ပျိုးသင့်ပါတယ်။

မြန်မာနိုင်ငံမှာ ရော်ဘာဟု အလွယ်တကူခေါ်ဆိုနေသော်လည်း အမှန်တကယ်ရော်ဘာဆိုသည်မှာ အင်္ဂလိပ်အမည်ဖြစ်ပြီး မြန်မာအမည်မှာ ကြက်ပေါင်စေးဖြစ်ပါတယ်။ သိပ္ပံ အမည်ကတော့ Heveabrasiliensis ဖြစ်ပါတယ်။ ရော်ဘာကို ၂၀ ရာစု အစောပိုင်းမှာ ဥရောပတိုက်သားများ နယ်မြေသစ်ရှာဖွေရင်း တောင်အမေရိကတိုက်ရဲ့ တောနက်ကြီးတစ်နေရာမှာ တွေ့ရှိခဲ့တာဖြစ်ပါတယ်။ ရော်ဘာကို Cachus (သို့မဟုတ်) Weeping Wood လို့ စတင်ခေါ်ဆိုခဲ့ကြပါတယ်။ နိုင်ငံအချို့ကလည်း အမည်အမျိုးမျိုး သတ်မှတ်ခေါ်ဆိုခဲ့ကြပါတယ်။ စပိန်နိုင်ငံမှာ Caucho၊ ပြင်သစ်နိုင်ငံမှာ Cauotchouc၊ ဂျာမနီနိုင်ငံမှာ Kautschuk လို့ အသီးသီးခေါ်ဆိုခဲ့ကြပါတယ်။

ဥရောပသိပ္ပံပညာရှင်များက ရော်ဘာဟာ ကျုံ့နိုင်/ဆွဲနိုင်ခြင်း (ပျော့ ပြောင်းခြင်း) ဂုဏ်သတ္တိနဲ့ ရေစိုခံနိုင်ခြင်း ဂုဏ်သတ္တိတို့ကိုသာ ရှာဖွေတွေ့ရှိခဲ့ပေမယ့် နောင်နှစ်အနည်းငယ်အကြာ အင်္ဂလန်သိပ္ပံပညာရှင် (Johspeh Priestley) မှ Rubber ဆိုပြီး စကားလုံးတီထွင်ခဲ့ခြင်းဖြစ်တယ်လို့ သိရပါတယ်။

မြန်မာနိုင်ငံမှာ ရော်ဘာကို ၁၈၇၆ ခုနှစ်ခန့်မှ စတင်စိုက်ပျိုးခဲ့ပြီး ၁၉၈၅ခုနှစ်လောက်မှာ ရော်ဘာစိုက်ပျိုးထုတ်လုပ်မှု စတင်ဖွံ့ဖြိုးလာတာဖြစ်ပါတယ်။ တစ်နိုင်ငံလုံးအတိုင်းအတာအနေနဲ့ ဧကပေါင်း ၁၄ သိန်း ကျော်စိုက်ပျိုးပြီးဖြစ်တယ်လို့ သိရပါတယ်။ မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့မှာ အများဆုံး စိုက်ပျိုးပြီး ပဲခူး၊ ရန်ကုန်၊ ဧရာဝတီ စသည့် တိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်ရှိ သံတွဲမြို့နယ်နှင့် တောင်ကုတ်မြို့နယ်များ၊ ကချင်ပြည်နယ်ရှိဗန်းမော်နှင့် မြစ်ကြီးနားမြို့နယ်များ၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)ရှိ ကျိုင်းတုံမြို့နယ်၊ ရှမ်း ပြည်နယ် (မြောက်ပိုင်း)ရှိ မူဆယ်၊ နမ့်ခမ်း၊ ချင်းရွှေဟော်နှင့် ဟိုပန် မြို့နယ်များတွင်လည်း အသင့်အတင့်စိုက်ပျိုးကြပါတယ်။

အင်ဒိုနီးရှား၊ မလေးရှားနှင့် ထိုင်းနိုင်ငံတို့သည် ကမ္ဘာ့ရော်ဘာ အများဆုံးစိုက်ပျိုးထုတ်လုပ်သည့် နိုင်ငံများဖြစ်ပြီး မြန်မာနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ တရုတ်နိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ ဘရူနိုင်းနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ နိုင်ဂျီးရီးယားနိုင်ငံ၊ ကွန်ဂိုနိုင်ငံ၊ လစ်ဗျားနိုင်ငံ၊ ကင်မရွန်းနိုင်ငံ၊ ဘရာဇီးနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံ၊ သီရိလင်္ကာနိုင်ငံတို့မှာလည်း အဓိကစိုက်ပျိုးထုတ်လုပ်လျက်ရှိကြောင်း သိရှိရတဲ့အတွက် အာဆီယံနိုင်ငံများသာ ကမ္ဘာပေါ်တွင် ရော်ဘာအများဆုံးစိုက်ပျိုးသည့်နိုင်ငံများဖြစ်ကြောင်း သိရပါတယ်။

ရော်ဘာမျိုးကောင်းမျိုးသန့်များကို ရွေးချယ်ပြီး တစ်ဧကအပင် (၂၀၀-၂၄၀) ခန့်ထိ ဝင်ဆံ့အောင် နည်းစနစ် မှန်ကန်စွာစိုက်ပျိုးပါက တစ်ဧကရော်ဘာ (၁၀၀၀-၁၂၀၀)ပေါင်အထိ ထွက်ရှိနိုင်ပြီး တစ်ပေါင်ကျပ် ၄၀၀ ခန့် နှုန်းဖြင့် တွက်ချက်ပါက တစ်ဧက (၄၀၀၀၀၀-၄၈၀၀၀၀)ထိ ရရှိမည်ဖြစ်ပြီး ရော်ဘာပင်၏ စီးပွားရေးသက်တမ်း နှစ် ၃၀ ထိ ဝင်ငွေစဉ်ဆက်မပြတ် ရရှိနေမှာဖြစ်ပါတယ်။ သို့သော်လည်း စိုက်ပျိုးပြီးအပင်သက်တမ်း (၇-၈) နှစ်ကြာမှ အစေးစတင်ထုတ်ယူနိုင်တာကြောင့် ကြားကာလအတွင်းမှာ ရော်ဘာပင်တန်းများအကြားတွင် တစ်ဖက်တစ်လမ်းမှ ဝင်ငွေရရှိစေမည့် မြေဩဇာထုတ်ယူစားသုံးမှု မများသောရာသီပင်များကို ကြားသီးနှံအဖြစ် စိုက်ပျိုးသင့်ပါတယ်။ ရော်ဘာတစ်ဧက စိုက်ပျိုးမှုကုန်ကျစရိတ်အနေဖြင့် ပန္နက်ရိုက်ခြင်း၊ စိုက်ပျိုးခြင်း၊ သွင်းအားစု၊ အပင်ပြုပြင်ခြင်းနှင့် မီးအန္တရာယ်ကာကွယ်ခြင်းစရိတ်များ အပါအဝင် ကျပ်ရှစ်သိန်းခန့် ကုန်ကျမည်ဖြစ်ပြီး နေရာဒေသပေါ်မူတည်၍ ကုန်ကျစရိတ် အပြောင်းအလဲရှိနိုင်ကြောင်းလည်း သိရပါတယ်။

ရော်ဘာပင်များသည် အပူချိန် အနည်းဆုံး ၅၅ ဒီဂရီဖာရင်ဟိုက်မှ အများဆုံး ၁၀၀ ဒီဂရီဖာရင် [illegible]ိုက်အတွင်းမှာ ကောင်းစွာပေါက်ရောက် နိုင်ပြီး [illegible] သင့်လျော်ဆုံးမိုးရေချိန်လက်မ (၈၀-၁၆၀)ခန့် [illegible]ဖြစ်ပြီး မြေအမျိုး အစားမရွေးစိုက်ပျိုးနိုင်သည့် နှစ်ရှည် ပင်ဖြစ်ပါတယ်။

ရော်ဘာကို စက်မှုကုန်ကြမ်းအဖြစ် အသုံးပြုကြပြီး မော်တော်ကား တာယာ၊ မော်တော်ဆိုင်ကယ်တာယာ၊ စက်ဘီးတာယာနှင့် ကျွတ်များ၊ ယာဉ်ဘရိတ်တုံးများ၊ ဘောလုံး၊ ခဲဖျက်၊ သရေကွင်းအမျိုးမျိုး၊ ရော်ဘာလက်အိတ်၊ ဖိနပ်၊ အိမ်သုံး စွည်းများ၊ ကော်စေးများ၊ ရော်ဘာကွင်းကြိုးများ၊ ကလေးကစားစရာအရုပ်များ၊ စက်လည်ပတ်ရန် အသုံးပြုသည့်သားရေပတ်များစသည့် ပစ္စည်းထုတ်လုပ်သည့် စက်ရုံများတွင် အမျိုးမျိုးတီထွင်ထုတ်လုပ်အသုံးပြုကြကြောင်း သိရပါတယ်။

ချင်းရွှေဟော်ကုန်သွယ်ရေးစခန်း၏ အဓိကပို့ကုန်တွေထဲမှာ ရော်ဘာတင်ပို့မှုသည်လည်း အပါအဝင်ဖြစ်ပါတယ်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၆ ဒသမ ၇၁၈ သန်းတန်ဖိုးရှိ တန်ချိန် ၆၀၆၈ တန်၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၂၉ ဒသမ ၆၂၃ သန်းတန်ဖိုးရှိတန်ချိန် ၂၀၈၅၈ တန်၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၂၂ ဒသမ ၉၅၀ သန်းတန်ဖိုးရှိ တန်ချိန် ၁၈၄၆၃ တန်၊ ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ ခြောက်လအတွင်း အမေရိကန်ဒေါ်လာ ၅ ဒသမ ၃၂၂ သန်းတန်ဖိုးရှိ တန်ချိန် ၄၉၁၉ တန် တင်ပို့နိုင်ခဲ့ပါတယ်။ ရော်ဘာကိုနယ်စပ်မှ သာမက ပင်လယ်ရေကြောင်းမှလည်း ပြည်ပနိုင်ငံများကို တင်ပို့လျက်ရှိပါ တယ်။

ရော်ဘာပင်သည် ပြည်တွင်း သာမက ပြည်ပနိုင်ငံများအထိ တင်ပို့နိုင်သည့် စက်မှုကုန်ကြမ်းနှစ်ရှည်ပင် သီးနှံဖြစ်တာကြောင့် ဒေသနှင့်ကိုက်ညီမည့် မျိုးကောင်းမျိုးသန့်ရော်ဘာများ စိုက်ပျိုးပြီး ရော်ဘာစေးခြစ်ယူရာမှာလည်း နည်းစနစ်မှန်မှန်ဖြင့် စနစ် တကျခြစ်ယူပါက အလေအလွင့်နည်းပါးနိုင်ပြီး အစေးအထွက်နှုန်းတိုးစေနိုင်မှာ ဖြစ်ပါတယ်။ ရော်ဘာစေးကို စနစ်တကျထုတ်ယူခြင်း၊ ဈေးကွက်လိုအပ်ချက်များအတိုင်း ပြုလုပ်ထုတ်လုပ်တင်ပို့နိုင်ခြင်းများ ဆောင်ရွက်ခြင်းဖြင့် ပြည်ပပို့ကုန် တိုးမြှင့်တင်ပို့နိုင်ရေးကိုလည်း များစွာအထောက်အကူပြုမှာ ဖြစ်ပါတယ်။ နိုင်ငံတော်အတွက်လည်း ရသင့်ရထိုက်သော အခွန်ဘဏ္ဍာငွေ များရရှိပြီး ဒေသခံပြည်သူများ၏ လူမှု စီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည့်အတွက် ရော်ဘာပင်များကို တိုးချဲ့စိုက်ပျိုးသင့်ပါကြောင်း ရေးသားတင်ပြလိုက်ပါတယ်။

**ကိုးကား - နှစ်ရှည်ပင်များ သုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေး ဌာန (မော်လမြိုင်) မြန်မာနိုင်ငံတောင်သူကြီးများ ဂျာနယ်၊ ရွှေရောင်ပြရော်ဘာခြံ**

---

# မောတောင်ကုန်သွယ်ရေးစခန်းမှ ၂၀၁၈ ခုနှစ် နိုဝင်ဘာလ ကုန်သွယ်မှုလျာထားချက်အပေါ် ၃၉၆ ဒသမ ၄၀ ရာခိုင်နှုန်းဆောင်ရွက်နိုင်

မောတောင် ကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုအနေဖြင့် လျာထားချက် ပို့ကုန် သုည ဒသမ ၃၀၀ ဒေါ်လာသန်း၊ သွင်းကုန် သုည ဒသမ ၂၀၀ ဒေါ်လာသန်း၊ ကုန်သွယ်မှုပမာဏ သုည ဒသမ ၅၀၀ ဒေါ်လာသန်းတွင် ယာယီကုန်သွယ်မှု အမှန်စာရင်းအရ ပို့ကုန် သုည ဒသမ ၉၆၉ ဒေါ်လာသန်း၊ သွင်းကုန် ၁ ဒသမ ၀၁၃ ဒေါ်လာသန်း၊ ကုန်သွယ်မှုပမာဏ ၁ ဒသမ ၉၈၂ ဒေါ်လာသန်း ကုန်သွယ်မှုဆောင်ရွက်နိုင်ခဲ့ပြီး ကုန်သွယ်မှုလျာထားချက်အပေါ် ၃၉၆ ဒသမ ၄၀ ရာခိုင်နှုန်း ဆောင်ရွက်နိုင်ခဲ့ပါသည်။

ယခင်နှစ်ကာလတူဖြစ်သည့် ၂၀၁၇ ခုနှစ် နိုဝင်ဘာလနှင့် နှိုင်းယှဉ်ပါက ပို့ကုန်ပိုင်းတွင် သုည ဒသမ ၅၀၆ ဒေါ်လာသန်းနှင့် သွင်းကုန်ပိုင်းတွင် သုည ဒသမ ၆၈၅ ဒေါ်လာ သန်း ပိုမိုခဲ့သဖြင့် ကုန်သွယ်မှုပမာဏအနေဖြင့် ၁ ဒသမ ၁၉၁ ဒေါ်လာသန်းပိုမိုခဲ့သည်ကို တွေ့ရှိရပြီး ကုန်သွယ်မှုပိုမိုခဲ့ရခြင်းမှာ ပို့ကုန်ပိုင်းအနေဖြင့် ရေထွက်ပစ္စည်းများ ပိုမို တင်ပို့နိုင်ခဲ့ပြီး သွင်းကုန်ပိုင်းအနေဖြင့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများဖြစ်သည့် ဘိလပ်မြေနှင့် အခြားဆောက်လုပ်ရေးလုပ်ငန်းသုံး ပစ္စည်းများ၊ တစ်ဦးတည်းပိုင် ထုတ်ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်ကတ် (ITC) ဖြင့် မော်တော်ဆိုင်ကယ်များ တင်သွင်းမှုပိုမိုခဲ့ခြင်းကြောင့် ကုန်သွယ်မှု ပမာဏအနေဖြင့် ပိုမိုခဲ့ခြင်းဖြစ်ပါသည်။

အနီးစပ်ဆုံးကာလဖြစ်သည့် အောက်တိုဘာလနှင့် နှိုင်းယှဉ်ပါက ပို့ကုန်ပိုင်းတွင် သုည ဒသမ ၃၀၃ ဒေါ်လာသန်း လျော့နည်းခဲ့ပြီး သွင်းကုန်ပိုင်းတွင် သုည ဒသမ ၀၄၈ ဒေါ်လာသန်းပိုမိုခဲ့သော်လည်း ကုန်သွယ်မှုပမာဏအနေဖြင့် သုည ဒသမ ၂၅၅ ဒေါ်လာသန်း လျော့နည်းခဲ့ကြောင်း၊ လျော့နည်းရသည်မှာ အဓိကပို့ကုန်ပစ္စည်းဖြစ်သည့် ရေထွက်ပစ္စည်းနှင့် စားအုန်းဆီကုန်ကြမ်းများ တင်ပို့မှုလျော့နည်းခဲ့သောကြောင့်ပို့ကုန်တန်ဖိုး လျော့နည်းခဲ့ကြောင်း တွေ့ရှိရပါသည်။ သွင်းကုန်ပိုင်းပိုမိုခဲ့ခြင်းမှာ တစ်ဦးတည်းပိုင်ထုတ်ကုန်သွင်းကုန် လုပ်ငန်းရှင်မှတ်ပုံတင်ကတ် (ITC) ဖြင့် မော်တော်ဆိုင် ကယ်များ တင်သွင်းမှု ပိုမိုခဲ့ခြင်းကြောင့် ဖြစ်ပါသည်။

**စောရန်နိုင် (မောတောင်)**

# စက်သုံးဆီ(ဓာတ်ဆီ၊ ဒီဇယ်)၊ ဆန်၊ သကြား၊ ရွှေနှင့် အမေရိကန်ဒေါ်လာ ပြည်တွင်း

## စက်သုံးဆီ (ဓာတ်ဆီ၊ ဒီဇယ်) ပြည်တွင်းဈေးနှုန်းနှင့်ကမ္ဘာ့ဈေးကွက်အခြေအနေသုံးသပ်ချက်

ကမ္ဘာ့လောင်စာဆီဈေးကွက် အခြေအနေအား လေ့လာကြည့်ရာတွင် ဓာတ်ဆီဈေးနှုန်းသည် ၂၀၁၈ ခုနှစ် ဒီဇင်ဘာလ ၄ ရက်နေ့ Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ဈေးနှုန်းများအရ ကမ္ဘာ့နိုင်ငံပေါင်း ၁၁၁ နိုင်ငံအနက် ဈေးနှုန်းမြင့်တက်ခဲ့သည့် နိုင်ငံပေါင်း ၅ နိုင်ငံသာရှိ၍ ဒိန်းမတ်၊ ဂျာမနီ၊ Ireland၊ အင်ဒိုနီးရှားနှင့် ဆွီဒင်နိုင်ငံတို့ဖြစ်ပြီး ဈေးနှုန်းမြင့်တက်မှု အမြင့်ဆုံးနိုင်ငံဖြစ်သည့် ဒိန်းမတ်နိုင်ငံတွင် ယခင်တစ်ပတ်ဈေးနှုန်းထက် ၁ ဒသမ ၆၀ ရာခိုင်နှုန်းဈေးနှုန်းမြင့်တက်ခဲ့ကြောင်း တွေ့ရှိရပါသည်။

ယခုတစ်ပတ်အတွင်း လာအို၊ မလေးရှား၊ စက်ာပူ၊ ထိုင်း၊ ထိုင်ဝမ်၊ ဗီယက်နမ်၊ တောင်ကိုရီးယား၊ ကူဝိတ်၊ ရုရှား စသည့် နိုင်ငံများ အပါအဝင် ၄၆ နိုင်ငံတွင် ယခင်တစ်ပတ်ဈေးနှုန်းနှင့် နှိုင်းယှဉ်ပါက ဈေးနှုန်းပြောင်းလဲခြင်းမရှိဘဲ ဈေးနှုန်းတည်ငြိမ်ခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။

ဈေးနှုန်းကျဆင်းသွားသည့်နိုင်ငံအနေဖြင့် ၆၀ နိုင်ငံရှိ၍ ဟောင်ကောင်၊ နော်ဝေ၊ အီတလီ၊ နယ်သာလန်၊ ကမ္ဘောဒီးယား၊ ဆွစ်ဇာလန်၊ နီပေါ၊ ပါကစ္စတန်၊ ဖိလစ်ပိုင်၊ Australia၊ ကနေဒါ၊ သီရိလင်္ကာ၊ အိန္ဒိယ၊ အမေရိကန်၊ တရုတ်၊ ဂျပန် စသည့်နိုင်ငံတို့ ပါဝင်ပြီး ယခင်တစ်ပတ်ဈေးနှုန်းထက် သုည ဒသမ ၁၀ ရာခိုင်နှုန်းမှ ၁၁ ဒသမ ၉၀ ရာခိုင်နှုန်းထိကျဆင်းခဲ့ကြောင်းနှင့် ယခင်တစ်ပတ်ထက် ဈေးနှုန်းကျဆင်းမှုနှုန်း ပိုမိုမြင့်မားခဲ့ကြောင်း တွေ့ရှိရပါသည်။

အာဆီယံနိုင်ငံများ၏ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၄ ရက်နေ့ Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ဓာတ်ဆီဈေးနှုန်းအနေဖြင့် ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် အင်ဒိုနီးရှားနိုင်ငံတွင် ၁ ဒသမ ၃၇၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းမြင့်တက်မှုရှိပြီး ဖိလစ်ပိုင်နိုင်ငံတွင် ၂ ဒသမ ၁၀ ရာခိုင်နှုန်း၊ ကမ္ဘောဒီးယားနိုင်ငံတွင် ၁ ဒသမ ၀၀ ရာခိုင်နှုန်း အသီးသီးဈေးနှုန်းကျဆင်းခဲ့ပြီး ကျန်အာဆီယံနိုင်ငံတို့တွင် ဈေးနှုန်းတည်ငြိမ်ခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။ ဖိလစ်ပိုင်နိုင်ငံသည် ၂ ဒသမ ၀၀ ရာခိုင်နှုန်းဖြင့် ယခု တစ်ပတ်၏ ဈေးနှုန်းကျဆင်းမှုနှုန်း အမြင့်မားဆုံးနိုင်ငံအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း တွေ့ရှိရပါသည်။

ဒီဇယ်ဆီဈေးနှုန်းသည် ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၄ ရက်နေ့ Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ကမ္ဘာ့နိုင်ငံပေါင်း ၁၁၁ နိုင်ငံအနက် ဈေးနှုန်းမြင့်တက်ခဲ့သည့် နိုင်ငံပေါင်း ၇ နိုင်ငံရှိခဲ့၍ Germany နိုင်ငံသည် ယခင်တစ်ပတ်ဈေးနှုန်းထက် ၅ ဒသမ ၈၀ ရာခိုင်နှုန်းထိ အမြင့်မားဆုံးအဖြစ် ဈေးနှုန်းမြင့်တက်ခဲ့ပါသည်။

ယခုတစ်ပတ်အတွင်း အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ စင်ကာပူ၊ ထိုင်း၊ ဗီယက်နမ်၊ ဟောင်ကောင်၊ ရုရှား၊ တောင်ကိုရီးယား၊ ထိုင်ဝမ်၊ တူရကီ၊ ကူဝိတ် စသည့်နိုင်ငံများ အပါအဝင် ၄၈ နိုင်ငံတွင် ယခင်တစ်ပတ်များအတိုင်း ဈေးနှုန်းအပြောင်းအလဲမရှိဘဲ ဒီဇယ်ဈေးနှုန်းတည်ငြိမ်ခဲ့ကြောင်း တွေ့ရှိရပါသည်။

ဈေးနှုန်းကျဆင်းသွားသည့် နိုင်ငံအနေဖြင့် ၅၆ နိုင်ငံရှိပြီး ကမ္ဘောဒီးယား၊ ဖိလစ်ပိုင်၊ တရုတ်၊ နီပေါ၊ ဂျပန်၊ ကနေဒါ၊ နယူးဇီလန်၊ ဘရာဇီး၊ နယ်သာလန်၊ ဆွစ်ဇာလန်၊ ဆွီဒင်၊ ပါကစ္စတန်၊ နီပေါ၊ ဂျပန်၊ အိန္ဒိယ၊ သီရိလင်္ကာ၊ ဂျော်ဒန်စသည့်နိုင်ငံတို့ဖြစ်ကာ ယခင်တစ်ပတ်ဈေးနှုန်းထက် သုည ဒသမ ၃၀ ရာခိုင်နှုန်းမှ ၈ ဒသမ ၂၀ ရာခိုင်နှုန်းထိကျဆင်းခဲ့ကြောင်းနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်သည့်ဖိလစ်ပိုင်နိုင်ငံသည် ယခင်တစ်ပတ်ဈေးနှုန်းထက် ၈ ဒသမ ၂၀ ရာခိုင်နှုန်းထိ ဈေးနှုန်းကျဆင်းခဲ့ပြီး ယခုတစ်ပတ်တွင် ဈေးနှုန်းကျဆင်းမှု အမြင့်ဆုံးနိုင်ငံအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း တွေ့ ရှိရပါသည်။

အာဆီယံနိုင်ငံများ၏ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၄ ရက်နေ့ Global Petrol Prices Website တွင်ဖော်ပြထားရှိသည့် ဒီဇယ်ဈေးနှုန်းအနေဖြင့် ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် ဖိလစ်ပိုင်နိုင်ငံတွင် ၄ ဒသမ ၉၄ ရာခိုင်နှုန်းနှင့် ကမ္ဘောဒီးယားနိုင်ငံတွင် ၂ ဒသမ ၁၇ ရာခိုင်နှုန်း အသီးသီးဈေးနှုန်းကျဆင်းခဲ့ပြီး ကျန်အာဆီယံနိုင်ငံတို့တွင် ဈေးနှုန်းတည်ငြိမ်ခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။ အာဆီယံနိုင်ငံများ၏ ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၄ ရက်တွင် ဖြစ်ပေါ်နေသော ဓာတ်ဆီ၊ ဒီဇယ် ၁ လီတာဈေးနှုန်းများအား တစ်ဖက်ပါအတိုင်း ဖော်ပြအပ်ပါ

## ဆန်ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက်အခြေအနေ သုံးသပ်တင်ပြခြင်း

ပြည်ပဆန်ဈေးကွက်ကို လေ့လာကြည့်ပါက ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၃ ရက်တွင် International Rice Market Website တွင် ဖော်ပြချက်အရ ပါကစ္စတန်ဆန်ဈေးနှုန်းများမှာ ဧည့်မထ ၅ မှတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၆၆ ဖြင့် လည်းကောင်း၊ ဧည့်မထ ၂၅ မှတ်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၃၂ ဖြင့် လည်းကောင်း၊ ထိုင်းဆန်ဈေးနှုန်းများမှာ ၁၀၀ ရာခိုင်နှုန်း ဘီဂရိတ် ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၈၅ ဖြင့် လည်းကောင်း၊ ဧည့်မထ ၅ မှတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၇၅ ဖြင့် လည်းကောင်း၊ ဧည့်မထ ၂၅ မှတ်တစ်တန်လျှင် အမေရိကန် ဒေါ်လာ ၃၇၅ ဖြင့်လည်းကောင်း ရှိခဲ့ပါသည်။ ဗီယက်နမ်နိုင်ငံ၏ ဆန်ဈေးကွက်တွင် ဧည့်မထ ၅ မှတ်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၉၅ ဖြင့် လည်းကောင်း၊ ဧည့်မထ ၂၅မှတ် ဆန်တစ်တန်လျှင် အမေရိကန် ဒေါ်လာ ၃၇၅ ဖြင့်လည်းကောင်း၊ အိန္ဒိယနိုင်ငံတွင် ဧည့်မထ ၂၅ မှတ်ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၅၅ ဖြင့်လည်းကောင်း၊ ပေါင်းဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၆၈ ဖြင့်လည်းကောင်း အသီးသီးရှိသည်ကို လေ့လာတွေ့ရှိရပါသည်။ ယခင်တစ်ပတ်ဈေးများနှင့် နှိုင်းယှဉ်ပါ က ပါကစ္စတန်နိုင်ငံတွင် ဧည့်မထ ၅ မှတ်နှင့် ဧည့်မထ ၂၅ မှတ် ဆန်ဈေးများ အနည်းငယ်မြင့်တက်ခဲ့ပြီး ထိုင်းနိုင်ငံတွင် ဆန်ဈေးများ တည်ငြိမ်နေကာ ဗီယက်နမ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့တွင် ဆန်ဈေးနှုန်းများ အနည်းငယ်ဈေးကျခဲ့သည်ကို လေ့လာတွေ့ရှိရ ပါသည်။

ဆန်စပါးဈေးကွက်နှင့် စပ်လျဉ်းသည့် ပြည်ပသတင်းများအနေဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ သွင်းကုန်လုပ်ငန်းရှင်များသည် ဆန်တင်သွင်းမှု အခွင့်အလမ်းများရှာဖွေရန် ဗီယက်နမ်နိုင်ငံ၊ ဟိုချီမင်းမြို့နှင့် လောင်းအန်ပြည်နယ်သို့သွားရောက်ခဲ့ကြောင်း၊ စီးပွားရေးလုပ်ငန်း ၂၂ ခုကို ကိုယ်စားပြုသော တရုတ်ကိုယ်စားလှယ်အဖွဲ့တွင် တရုတ်နိုင်ငံ၊ ကွမ်တုန်းပြည်နယ်မှ ဆန်တင်သွင်းရေး ကုမ္ပဏီများလည်း ပါဝင်ကြောင်း ဗီယက်နမ် စက်မှုလုပ်ငန်းနှင့် ကုန်သွယ်ရေးဝန်ကြီးဌာန၊ ပို့ကုန်သွင်းကုန်ဦးစီးဌာန၏ ထုတ်ပြန်ချက်အရ သိရှိရပါသည်။ ဗီယက်နမ်နှင့် တရုတ် ဆန်စပါးလုပ်ငန်း ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးအတွက် ဗီယက်နမ်သို့ တရုတ်ကိုယ်စားလှယ်အဖွဲ့ လာရောက်လည်ပတ်သည်မှာ ယခုနှစ်အတွင်း ဒုတိယအကြိမ်ဖြစ်ပြီး တရုတ်နိုင်ငံသည် ဗီယက်နမ်ဆန်တင်ပို့မှု စုစုပေါင်းအနက် ၂၅ ရာခိုင်နှုန်းကို ဝယ်ယူနေပြီး အဓိကဝယ်လက်နိုင်ငံအဖြစ် ရပ်တည်နေသည်ကို သိရှိရပါသည်။

ယခုနှစ် ပထမ ၁၀ လ အတွင်း တရုတ်ဈေးကွက်သို့ ဗီယက်နမ်ဆန်တင်ပို့မှု တန်ချိန် ၁ ဒသမ ၂၄ သန်းရှိခဲ့ပြီး တန်ဖိုး အမေရိကန်ဒေါ်လာ ၆၄၀ သန်းရှိ၍ တရုတ်ဈေးကွက်တွင် တရုတ်နိုင်ငံမှ ဆန်တင်သွင်းမှုအနက် ၅၀ ရာခိုင်နှုန်းနီးပါးမှာ ဗီယက်နမ်ဆန်များ ဖြစ်ကြသည်။ ဗီယက်နမ်၏ ဆန်ထုတ်လုပ်နိုင်စွမ်း မြင့်မားခြင်းနှင့် တရုတ်နှင့် နယ်နိမိတ်ထိစပ်တည်ရှိနေခြင်းတို့ကြောင့် ဗီယက်နမ်နှင့် တရုတ်နိုင်ငံတို့အကြား ဆန်ကုန်သွယ်မှုမြှင့်တင်ရန် အလားအလာကောင်းရှိနေကြောင်း ပို့ကုန်သွင်းကုန်ဌာနက ထုတ်ပြန်သည်ကို သိရှိရပါသည်။ တရုတ်နှင့် ကုန်သွယ်မှုမြှင့်တင်ခြင်းသည် ဗီယက်နမ်ဆန်ကို အသုံးပြုမည့်ဈေးကွက် ပို၍ကျယ်ပြန့်လာမည်ဖြစ်ကြောင်း၊ တစ်ပြိုင်နက်တည်း မှာပင် တရုတ်ဈေးကွက်တွင်လည်း လိုအပ်သည့်ဆန်ကို ဗီယက်နမ်ထံမှ ဈေးသက်သက်သာသာဖြင့် ရရှိနိုင်မည်ဟု ဌာနကထုတ်ပြန်ခဲ့သည်ကို လေ့လာသိရှိရပါသည်။

ကမ္ဘောဒီးယားဆန်ကုမ္ပဏီကြီးတစ်ခုဖြစ်သော Amru Rice သည် ဥရောပသို့တင်ပို့သည့် ကမ္ဘောဒီးယားဆန်အပေါ် အခွန်စည်းကြပ်မည့်ကိစ္စကို ပြန်လည်သုံးသပ်ပေးရန် ဥရောပသမဂ္ဂ (EU) ထံသို့ အိတ်ဖွင့်စာတစ်စောင် ပေးပို့တိုက်တွန်းခဲ့သည်ကို တွေ့ရှိရပါသည်။ အီးယူအနေဖြင့် ဈေးနှုန်းမညီမျှမှုနှင့်စပ်လျဉ်း၍ အီတလီနှင့် စပိန်တို့၏ တွန်းအားပေးမှုများကြောင့် ကမ္ဘောဒီးယားနှင့် မြန်မာနိုင်ငံတို့ထံမှ ဆန်တင်သွင်းမှုအပေါ် အခွန်စည်းကြပ်ရန် ပြင်ဆင်လျက်ရှိပြီး အီးယူအနေဖြင့် ယခင်လက ကြေညာခဲ့သည့် ကိုယ်ကျိုးစီးပွားကာကွယ်ရေး ပြဋ္ဌာန်းချက်ကို ရုပ်သိမ်းပေးရန်၊ ကမ္ဘောဒီးယားနှင့် မြန်မာနိုင်ငံမှ တင်သွင်းသည့် အင်ဒီကာဆန်ဈေးကို အကဲဖြတ်ရာတွင် FAO ၏ ဈေးနှုန်းညွှန်းကိန်းကို စံတစ်ခုအနေဖြင့် ကိုးကားပေးနိုင်ပါရန် မေတ္တာရပ်ခံလိုပါကြောင်း၊ ဥရောပသမဂ္ဂ၏ ပြဋ္ဌာန်းချက်များသည် ဘေးကင်းပြီး ပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေဖြစ်စေသည့် စားနပ်ရိက္ခာထုတ်လုပ်ရေးအတွက် တစ်ပိုင်တစ်နိုင်တောင်သူများ၏ ပါဝင်မှုကိုဟန့်တားရာရောက်ကြောင်း Amru Rice ကုမ္ပဏီ၏ အမှုဆောင်အရာရှိချုပ် Song Saran က ပြောကြားခဲ့သည်ကို သိရှိရပါသည်။

အီတလီနှင့် အခြားအီးယူအဖွဲ့ဝင် ခြောက်နိုင်ငံတို့သည် ကုန်သွယ်ရေးမညီမျှမှုမှ ကာကွယ်နိုင်ရေးအတွက် ကမ္ဘောဒီးယားနှင့် မြန်မာထံမှ တင်သွင်းသည့် ဆန်အပေါ် တစ်တန်လျှင်အခွန် ၁၇၅ ယူရို၊ ၁၅၀ ယူရိုနှင့် ၁၂၅ ယူရိုစည်းကြပ်နိုင်ရေး ဥရောပသမဂ္ဂထံသို့တောင်းခံထားသည်ကို သိရှိရ ပါသည်။ ကမ္ဘောဒီးယားသည် ယခင်တွင် လက်နက်ခဲယမ်းမှတစ်ပါး အခြားကုန်စည်များ အပေါ်တွင် အခွန်လွတ် ကုန်သွယ်ခွင့်ရရှိခဲ့သော်လည်း အီးယူမှ အခွန်သစ်စည်းကြပ်မှုကြောင့် ဆန်တင်ပို့မှုအပေါ်တွင်ထိခိုက်ပြီးဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်း အားနည်းလာနိုင်မည်ဟု ကမ္ဘောဒီးယားဆန်စပါးအသင်း၏ဒုတိယဥက္ကဋ္ဌ Hun Lak ကပြောကြားခဲ့ပြီး ကမ္ဘောဒီးယားအနေဖြင့် အီးယူပြင်ပအခြားဈေးကွက်များကို ချဲ့ထွင်ရမည်ဖြစ်ပြီး တရုတ်ဈေးကွက်ကို အဓိကထားစောင့်ကြည့်ရမည်ဟု ၎င်းကပြောကြားခဲ့သည်ကို သိရှိရပါသည်။

အိန္ဒိယနိုင်ငံအနေဖြင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံကဲ့သို့သော အဓိကဈေးကွက်များမှ ဆန်ဝယ်လိုအား လျော့ကျလာခြင်း၊ ဆန်အတွက် အနိမ့်ဆုံးဈေးနှုန်းသတ်မှတ်ချက် ၁၃ရာခိုင်နှုန်းမြင့်လာခြင်းကြောင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း အိန္ဒိယနိုင်ငံ၏ ဆန်တင်ပို့မှုသည် ပထမဆုံးအကြိမ်အဖြစ် လျော့ကျလာနိုင်ကြောင်း လေ့လာသိရှိရပါသည်။ အိန္ဒိယနိုင်ငံ၏ ဆန်လုံးရှည် တင်ပို့မှုသည် ပြီးခဲ့သည့် အောက်တိုဘာလတွင် ၁၈ ရာခိုင်နှုန်းမျှ ကျဆင်းလာခဲ့ပြီး ဆန်လုံးရှည်မဟုတ်သော ဆန်တင်ပို့မှုသည်လည်း အဓိကဆန်တင်ပို့မှုဈေးကွက်များတွင် လျော့ကျလာခဲ့သည်ကို တွေ့ရှိရပါသည်။

ပြည်တွင်းဆန်စပါးဈေးကွက်အနေဖြင့် ပြည်ပနိုင်ငံများသို့ တင်ပို့နေသည့် ဆန်ကြမ်းများကို အဓိကဝယ်ယူနေသည့် တရုတ်နိုင်ငံဘက်မှ ဝယ်ယူမှုရပ်တန့်ထားခြင်းကြောင့် ဈေးနှုန်းဆက်တိုက်ကျဆင်းနေသော်လည်း ယခုပေါက်ဈေးထက် ဆက်လက်ကျဆင်းနိုင်ရန်မဖြစ်နိုင်ကြောင်း၊ တရုတ်နိုင်ငံသို့ အဓိကတင်ပို့နေသည့် နယ်စပ်ကုန်သွယ်ရေး လမ်းကြောင်းများဖြစ်သည့် လွယ်ဂျယ်လမ်း၊ မူဆယ်လမ်းများတွင် အဖမ်းအဆီးများကြောင့် ကုန်သည်များမှ ဝယ်ယူမှုရပ်ဆိုင်းထားသဖြင့် ဆန်ကြမ်းများကို မန္တလေးနှင့် နယ်စပ်စခန်းများရှိ ဂိုဒေါင်များတွင် သိုလှောင်ထားကြရသည်ကို သိရှိရပါသည်။

မန္တလေးဈေးကွက်အတွင်းတွင် ပြည်ပပို့ကုန်ဆန်ကြမ်း တစ်အိတ်လျှင်မနောသုခကျပ် ၂၁၀၀၀၊ ရတနာတိုး ၂၁၅၀၀ ကျပ်၊ ကရင်မ ၂၁၃၀၀ ကျပ် ပေါက်ဈေးရှိနေ သော်လည်း အိတ်ရေများ များဝယ်ယူပါက

စာမျက်နှာ ၁၆ သို့

# ဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက် အခြေအနေ၊ အပတ်စဉ်ဈေးနှုန်း သုံးသပ်ချက်

သည်-

တန်ဖိုး - အမေရိကန်ဒေါ်လာ

| စဉ် | နိုင်ငံအမည် | ရေတွက်ပုံ | ဓာတ်ဆီ | ဒီဇယ် |
|---|---|---|---|---|
| ၁ | မြန်မာ | လီတာ | ၀.၅၇ | ၀.၆၂ |
| ၂ | အင်ဒိုနီးရှား | လီတာ | ၀.၇၄ | ၀.၈၄ |
| ၃ | ထိုင်း | လီတာ | ၁.၀၈ | ၀.၈၄ |
| ၄ | ဗီယက်နမ် | လီတာ | ၀.၈၆ | ၀.၇၆ |
| ၅ | စင်္ကာပူ | လီတာ | ၁.၅၅ | ၁.၂၃ |
| ၆ | မလေးရှား | လီတာ | ၀.၅၂ | ၀.၅၂ |
| ၇ | ဖိလစ်ပိုင် | လီတာ | ၀.၉၈ | ၀.၇၇ |
| ၈ | ကမ္ဘောဒီးယား | လီတာ | ၀.၉၈ | ၀.၉ |
| ၉ | လာအို | လီတာ | ၁.၂၇ | ၁.၀၃ |
| ၁၀ | ဘရူနိုင်း | Global Petrol Prices website တွင် ဖော်ပြထားခြင်းမရှိပါ။ | | |

၂၀၁၈ ခုနှစ် ဒီဇင်ဘာလ ၄ ရက်တွင် Global Petrol Prices Website ၌ ဖော်ပြထားရှိသည့် ကမ္ဘာ့စက်သုံးဆီဈေးနှုန်းမှာ ဓာတ်ဆီ ၁ လီတာတွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၂ နှင့် ဒီဇယ် ၁ လီတာတွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၆ ရှိပြီး စက်သုံးဆီဈေးနှုန်း နိုင်ငံအလိုက် နည်း/များတွင် မြန်မာနိုင်ငံသည် ဓာတ်ဆီ ဈေးနှုန်း ၁ လီတာ သုည ဒသမ ၅၇ ဒေါ်လာနှုန်းဖြင့် ၁၉ နိုင်ငံမြောက်နှင့် ဒီဇယ်ဈေးနှုန်းတစ်လီတာ သုည ဒသမ ၆၂ ဒေါ်လာနှုန်းဖြင့် ၂၃ နိုင်ငံမြောက်တွင် ရှိနေသောကြောင့် ကမ္ဘာ့နိုင်ငံများနှင့် နှိုင်းယှဉ်လျှင် စက်သုံးဆီဈေးနှုန်းသက်သာသော နိုင်ငံများတွင်ပါဝင်ကြောင်း တွေ့ရှိရပါသည်။

ယခုတစ်ပတ်တွင် ဓာတ်ဆီ၊ ဒီဇယ်ဈေးနှုန်း အနည်းဆုံး/အများဆုံးနိုင်ငံများ စာရင်းကို ၁ လီတာ ဈေးနှုန်းများဖြင့် အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး - အမေရိကန်ဒေါ်လာ

| စဉ် | ဓာတ်ဆီဈေးနှုန်း အနိမ့်ဆုံးနိုင်ငံ | | | ဓာတ်ဆီဈေးနှုန်း အမြင့်ဆုံးနိုင်ငံ | | |
|---|---|---|---|---|---|---|
| | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး |
| ၁ | ဗင်နီဇွဲလား | လီတာ | ၀.၀၁ | ဟောင်ကောင် | လီတာ | ၂.၀၇ |
| ၂ | ဆူဒန် | လီတာ | ၀.၁၃ | Wallis and Futuna | လီတာ | ၁.၈၇ |
| ၃ | အီရန် | လီတာ | ၀.၂၉ | Monaco | လီတာ | ၁.၈၅ |
| ၄ | ကူဝိတ် | လီတာ | ၀.၃၄ | နော်ဝေ | လီတာ | ၁.၈၅ |
| ၅ | အယ်ဂျီရီးယား | လီတာ | ၀.၃၅ | Barbados | လီတာ | ၁.၈၅ |

တန်ဖိုး - အမေရိကန်ဒေါ်လာ

| စဉ် | ဒီဇယ်ဆီဈေးနှုန်း အနိမ့်ဆုံးနိုင်ငံ | | | ဒီဇယ်ဆီဈေးနှုန်း အမြင့်ဆုံးနိုင်ငံ | | |
|---|---|---|---|---|---|---|
| | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး |
| ၁ | အီရန် | လီတာ | ၀.၀၇ | နော်ဝေ | လီတာ | ၁.၈၂ |
| ၂ | ဆူဒန် | လီတာ | ၀.၀၉ | ဆွစ်ဇာလန် | လီတာ | ၁.၇၉ |
| ၃ | ဆော်ဒီအာရေဗျ | လီတာ | ၀.၁၃ | အိုက်စလန် | လီတာ | ၁.၇၈ |
| ၄ | အယ်ဂျီးရီးယား | လီတာ | ၀.၁၉ | Wallis and Futuna | လီတာ | ၁.၇၄ |
| ၅ | Ecuador | လီတာ | ၀.၂၇ | Monaco | လီတာ | ၁.၇၄ |

မြန်မာနိုင်ငံနှင့် ကုန်သွယ်မှု အများဆုံးဆောင်ရွက်သော တရုတ်၊ ဂျပန်နှင့် အိန္ဒိယနိုင်ငံများ၏ စက်သုံးဆီ ၁ လီတာ ဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး - အမေရိကန်ဒေါ်လာ

| စဉ် | နိုင်ငံအမည် | ရေတွက်ပုံ | ဓာတ်ဆီ | ဒီဇယ် |
|---|---|---|---|---|
| ၁ | တရုတ် | လီတာ | ၁.၀၅ | ၀.၉၃ |
| ၂ | ဂျပန် | လီတာ | ၁.၃ | ၁.၁၂ |
| ၃ | အိန္ဒိယ | လီတာ | ၁.၀၅ | ၀.၉၇ |

Oil-Price. Net Website ၌ ဖော်ပြထားရှိသည့် ကမ္ဘာ့ရေနံစိမ်း

## ကြယ်စင်(တန့်ဆည်မြေ)


Crude Oil နေ့စဉ်ဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး - အမေရိကန်ဒေါ်လာ

| စဉ် | ရက်စွဲ | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|---|
| ၁ | ၃၀.၁၁.၂၀၁၈ | စည် | ၅၁.၄၅ |
| ၂ | ၃.၁၂.၂၀၁၈ | စည် | ၅၂.၉၅ |
| ၃ | ၄.၁၂.၂၀၁၈ | စည် | ၅၂.၉၅ |
| ၄ | ၅.၁၂.၂၀၁၈ | စည် | ၅၂.၈၉ |
| ၅ | ၆.၁၂.၂၀၁၈ | စည် | ၅၁.၄၉ |

source : http://www.oil-price.net/

၂၀၁၈ ခုနှစ် အောက်တိုဘာလ ၈ ရက်မှ ဒီဇင်ဘာလ ၃ ရက်ထိ အပတ်စဉ် ဓာတ်ဆီ၊ ဒီဇယ်နှင့် ရေနံစိမ်းဈေးနှုန်း ပြောင်းလဲမှု ကမ္ဘာ့ပျမ်းမျှဈေးနှုန်းအား အောက်ပါအတိုင်း နှိုင်းယှဉ်ဖော်ပြအပ်ပါသည်-




**စာမျက်နှာ ၁၇ သို့**

## ရွှေနှင့် အမေရိကန်ဒေါ်လာ ငွေလဲလှယ်နှုန်း ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက် အခြေအနေ သုံးသပ်တင်ပြခြင်း

ပြည်တွင်း ပြင်ပငွေလဲလှယ်နှုန်းဈေးကွက်အတွင်း နိုဝင်ဘာလကုန်မှ ဒီဇင်ဘာလ ၅ ရက်အတွင်း အမေရိကန် တစ်ဒေါ်လာလျှင် ကျပ်၁၅၇၅ မှ ကျပ် ၁၅၁၅ သို့ ၆၀ ကျပ်ခန့်အထိ ရုတ်တရက် ဒေါ်လာဈေး ထိုးကျခြင်းများဖြစ်ပေါ်ခဲ့ပြီး မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ငွေလဲလှယ်နှုန်းတွင်လည်း နိုဝင်ဘာ ၃၀ ရက်တွင် အမေရိကန် တစ်ဒေါ်လာလျှင်ကျပ် ၁၅၇၃ ရှိခဲ့ရာမှ ဒီဇင်ဘာ ၅ ရက်တွင်ကျပ် ၁၅၄၀ သို့ ကျဆင်းလာခဲ့သဖြင့် တစ်ဒေါ်လာလျှင် ၃၃ ကျပ် ကျဆင်းခဲ့သည်ကို တွေ့ရှိရပါသည်။ သို့ရာတွင် ဒီဇင်ဘာ ၆ ရက်တွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ တရားဝင်ထုတ်ပြန်ချက်အရ အမေရိကန် တစ်ဒေါ်လာလျှင်ကျပ် ၁၅၄၃ သို့ အနည်းငယ်ပြန်လည် မြင့်တက်လာပြီး ပြင်ပငွေလဲနှုန်းမှာလည်း ကျပ် ၁၅၅၀ သို့ ပြန်လည်မြင့်တက်လာခဲ့သည်ကို တွေ့ရှိရပါသည်။

ပြည်တွင်းငွေကြေးဈေးကွက်တွင် ကန်ဒေါ်လာတန်ဖိုး ကျဆင်းလာခဲ့ပြီး အခေါက်ရွှေဈေးသည် လည်းကျဆင်းလာခဲ့ပါကြောင်း၊ နိုဝင်ဘာ ၃၀ ရက်တွင် အခေါက်ရွှေ တစ်ကျပ်သားလျှင် ကျပ် ၁၀၂၇၀၀၀ရှိခဲ့ရာမှ ဒီဇင်ဘာ ၅ ရက်တွင် အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ် ၁၀၁၄၀၀၀ ဖြစ်ပေါ်ခဲ့ပြီး ကမ္ဘာ့ရွှေဈေးမှာ တစ်အောင်စလျှင် ၁၂၃၅ ဒေါ်လာ ဈေးရှိကြောင်းသိရှိရပါသည်။ သို့ရာတွင် ဒီဇင်ဘာ ၆ ရက်တွင် ပြင်ပငွေကြေးဈေးကွက်တွင် ဒေါ်လာဈေး ပြန်လည်မြင့်တက်လာခြင်းကြောင့် ရွှေဈေးမှာလည်း ပြန်လည်မြင့်တက်ခဲ့သည်ကို တွေ့ရှိရပြီး အခေါက်ရွှေ တစ်ကျပ်သားလျှင် ကျပ်၁၀၂၅၀၀ ဖြစ်ပြီး ကမ္ဘာ့ရွှေဈေးမှာ တစ်အောင်စလျှင် ၁၂၃၆ ဒေါ်လာဖြစ်ကြောင်း သိရှိရပါသည်။ ယခုအခါ ရွှေဈေးသည် ဒေါ်လာဈေးပေါ်မူတည်နေပြီး ရွှေဈေးကွက်အတွင်း ဝယ်လိုအားမှာ အရောင်းအဝယ်ပါးလျက်ရှိကြောင်း ရွှေဘုံသာရွှေဈေးကွက်အတွင်းမှ စုံစမ်းသိရှိရပါသည်။

**စာမျက်နှာ ၂၇ သို့**

## သကြား ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက်အခြေအနေ သုံးသပ်တင်ပြခြင်း

ယခုရာသီတွင် အိန္ဒိယနိုင်ငံ၌ ကြံစိုက်ဧရိယာတိုးလာခြင်း၊ အထွက်နှုန်းကောင်းခြင်းတို့ကြောင့် အိန္ဒိယ၏ သကြားထုတ်လုပ်မှုမှာ ၅ ဒသမ ၂ ရာခိုင်နှုန်း မြင့်တက်လာကာ စံချိန်တင်ပမာဏအဖြစ် တန်ချိန် ၃၅ ဒသမ ၉ သန်းအထိ ရောက်ရှိလာမည်ဟု အမေရိကန်စိုက်ပျိုးရေးဝန်ကြီးဌာန (USDA) က ခန့်မှန်းဖော်ပြထားသည်ကို တွေ့ရှိရပါသည်။ ဘရာဇီးနိုင်ငံတွင် ရာသီဥတုအခြေအနေဆိုးရွားခြင်းနှင့် ကြံကို အီသနောလောင်စာ ထုတ်လုပ်ရာတွင် ပိုသုံးလာခြင်းတို့ကြောင့် သကြားထုတ်လုပ်မှု ၂၀ ရာခိုင်နှုန်း ကျဆင်းလာခဲ့ပြီး ကမ္ဘာပေါ်တွင် သကြားထုတ်လုပ်မှု အများဆုံးနိုင်ငံအဖြစ် အမြဲရပ်တည်လာ ခဲ့သော ဘရာဇီးနိုင်ငံသည် တန်ချိန် ၃၀ ဒသမ ၆ သန်းသာရှိနိုင်မည်ဟု ခန့်မှန်းဖော်ပြထားသည်ကို တွေ့ရှိရပါသည်။

| Date | ISA Daily Price | 15 Day Average | White Sugar Price Index | |
|---|---|---|---|---|
| 5-Dec-18 | 12.82 cts/lb | 12.78 cts/lb | 346.00 $/T | 15.69 cts/lb |
| 4-Dec-18 | 12.85 cts/lb | 12.78 cts/lb | 346.25 $/T | 15.71 cts/lb |
| 3-Dec-18 | 13.01 cts/lb | 12.78 cts/lb | 352.25 $/T | 15.98 cts/lb |
| 30-Nov-18 | 12.95 cts/lb | 12.78 cts/lb | 350.15 $/T | 15.88 cts/lb |
| 29-Nov-18 | 12.97 cts/lb | 12.77 cts/lb | 348.70 $/T | 15.82 cts/lb |
| 28-Nov-18 | 12.93 cts/lb | 12.78 cts/lb | 349.00 $/T | 15.83 cts/lb |
| 27-Nov-18 | 12.46 cts/lb | 12.79 cts/lb | 338.10 $/T | 15.34 cts/lb |
| 26-Nov-18 | 12.60 cts/lb | 12.84 cts/lb | 340.95 $/T | 15.47 cts/lb |
| 23-Nov-18 | 12.58 cts/lb | 12.88 cts/lb | 339.90 $/T | 15.42 cts/lb |
| 22-Nov-18 | 12.78 cts/lb | 12.94 cts/lb | 341.65 $/T | 15.50 cts/lb |
| 21-Nov-18 | 12.79 cts/lb | 12.98 cts/lb | 344.45 $/T | 15.62 cts/lb |
| 20-Nov-18 | 12.59 cts/lb | 13.01 cts/lb | 340.25 $/T | 15.43 cts/lb |
| 19-Nov-18 | 12.92 cts/lb | 13.06 cts/lb | 346.25 $/T | 15.71 cts/lb |
| 16-Nov-18 | 12.83 cts/lb | 13.11 cts/lb | 343.45 $/T | 15.58 cts/lb |
| 15-Nov-18 | 12.79 cts/lb | 13.18 cts/lb | 335.70 $/T | 15.23 cts/lb |
| 14-Nov-18 | 12.79 cts/lb | 13.26 cts/lb | 345.50 $/T | 15.67 cts/lb |
| 13-Nov-18 | 12.75 cts/lb | 13.35 cts/lb | 342.40 $/T | 15.53 cts/lb |
| 12-Nov-18 | 13.08 cts/lb | 13.42 cts/lb | 347.75 $/T | 15.77 cts/lb |
| 9-Nov-18 | 12.87 cts/lb | 13.48 cts/lb | 344.90 $/T | 15.64 cts/lb |
| 8-Nov-18 | 12.98 cts/lb | 13.56 cts/lb | 344.80 $/T | 15.64 cts/lb |
| 7-Nov-18 | 13.11 cts/lb | 13.62 cts/lb | 346.00 $/T | 15.69 cts/lb |
| 6-Nov-18 | 13.07 cts/lb | 13.66 cts/lb | 345.85 $/T | 15.69 cts/lb |
| 5-Nov-18 | 13.27 cts/lb | 13.68 cts/lb | 350.85 $/T | 15.91 cts/lb |
| 2-Nov-18 | 13.53 cts/lb | 13.70 cts/lb | 359.00 $/T | 16.28 cts/lb |
| 1-Nov-18 | 13.26 cts/lb | 13.68 cts/lb | 353.75 $/T | 16.05 cts/lb |

Source: www.isosugar.org

ဘရာဇီး၊ ထိုင်းနှင့် ဥရောပသမဂ္ဂတို့သည် သကြားအထွက် အလားအလာကို လျှော့ချခဲ့ပြီးနောက် USDA စာရင်းများအရ ကမ္ဘာ့သကြား ထုတ်လုပ်မှုမှာ နှစ်အလိုက် ၄ ဒသမ ၅ ရာခိုင်နှုန်း လျော့နည်းကာ တန်ချိန် ၁၈၅ ဒသမ ၉ သန်းသာရှိနိုင်မည်ဖြစ်ပြီး ထိုပမာဏမှာ မေလခန့်မှန်းချက် တန်ချိန် ၁၈၈ ဒသမ ၃ သန်းထက်လည်း လျော့နည်းလာမည်ဖြစ်ကြောင်း သိရှိရပါသည်။ ဘရာဇီးနိုင်ငံသည် ကမ္ဘာ့သကြားတင်ပို့မှုအများဆုံးနိုင်ငံအဖြစ် ဆက်လက်ရပ်တည်ပြီး ထိုင်းနိုင်ငံက ဘရာဇီးနောက်တွင် ရပ်တည်မည်ဟု ခန့်မှန်းဖော်ပြထားသည်ကို သိရှိရပါသည်။

ဘရာဇီးနိုင်ငံ၏ ဈေးကွက်နှစ်မှာ ဧပြီလမှ မတ်လအထိဖြစ်ပြီး အိန္ဒိယနိုင်ငံ၏ ဈေးကွက် နှစ်မှာ အောက်တိုဘာလမှ စက်တင်ဘာလအထိ ဖြစ်ပါသည်။ အခြားနိုင်ငံအများစု၏ ဈေးကွက် နှစ်သည် မေလမှဧပြီလအထိ ဖြစ်သည်ကို သိရှိရပါသည်။ တရုတ်နှင့် ဥရောပသမဂ္ဂတို့တွင် သကြားရောင်းလိုအား နည်းလာနိုင်သော်လည်း အိန္ဒိယ၏ ကုန်ပိုမြင့်တက်မှုက အလေးသာသဖြင့် ကမ္ဘာ့သကြားလက်ကျန် မြင့်တက်နိုင်မည်ဟု USDA က ခန့်မှန်းဖော်ပြထားပါသည်။ ယခုနှစ်အတွင်း ကြံသီးနှံအထွက်ကောင်းခြင်းကြောင့် နယူးယောက်ဈေးကွက်တွင် ဖြစ်ပေါ်ခဲ့သော သကြားကြမ်း ကြိုပွိုင့်ဈေးမှာ ၁၈ ရာခိုင်နှုန်း ကျဆင်းခဲ့ပြီး ၂၀၁၇ ခုနှစ်တွင် သကြားကြမ်း ကြိုပွိုင့်ဈေး ၂၂ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း သိရှိရပါသည်။

ကမ္ဘာ့သကြားဈေးနှုန်းများအနေဖြင့် International Sugar Organization (ISO) ၏ website ဖြစ်သော www.isosugar.org တွင်ဖော်ပြချက်များအရ နေ့စဉ်ဖြစ်ပေါ်နေသည့် ကမ္ဘာ့သကြား ဈေးနှုန်းများကို လေ့လာတွေ့ရှိရပါသည်။ အဆိုပါ website တွင်ဖော်ပြချက်များ အရ သကြားဖြူ (White Sugar) တစ်တန်လျှင် ၂၀၁၈ ခုနှစ် နိုဝင်ဘာ ၃၀ ရက်တွင် အမေရိကန်ဒေါ်လာ ၃၅၀ ဒသမ ၁၅ ပေါက်ဈေးရှိခဲ့ရာမှ အတက်အကျ အပြောင်းအလဲများ ဆက်လက်ဖြစ်ပေါ်လျက်ရှိရာ ဒီဇင်ဘာလ ၅ ရက်နေ့တွင် အမေရိကန်ဒေါ်လာ ၃၄၆ သို့ ဈေးနှုန်းအနည်းငယ် ပြန်လည်ကျဆင်းခဲ့သည်ကို တစ်ဖက်ပါအတိုင်း တွေ့ရှိရပါသည်-

**စာမျက်နှာ ၁၇ သို့**

Vol: 18, No.49 Monday December 10 2018

# မန္တလေးတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနမှ ချမ်းမြသာစည်မြို့နယ်ရှိ အ ∙ ထ ∙ က(အား/ကာ)၌ စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး ဟောပြောဆွေးနွေး

စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ဦးစီးမှူးရုံးမှ ဝန်ထမ်းများသည် နိုဝင်ဘာ ၂၇ ရက်တွင် ချမ်းမြသာစည်မြို့နယ်ရှိ အ. ထ. က(အား/ကာ)သို့ စားသုံးသူအကာအကွယ်ပေးရေးအသိပညာပေး ဟောပြောဆွေးနွေးခြင်းနှင့် ကျောင်းမုန့်ဈေးတန်းအား ကွင်းဆင်းစစ်ဆေးခြင်း လုပ်ငန်းများ ဆောင်ရွက်ခဲ့ပါတယ်။

အဆိုပါ ဟောပြောပွဲတွင် စားသုံးသူရေးရာဦးစီးဌာနမှ ဦးစီးအရာရှိဒေါ်မေသက်ထွန်းက စားသုံးသူ အခွင့်အရေးများ အပြည့်အဝရရှိရေး၊ ဘေးဥပဒ်အန္တရာယ် ကင်းရှင်းသော လူသုံး၊ အိမ်သုံးပစ္စည်းများ၊ ဝန်ဆောင်မှုလုပ်ငန်းများ၊ ရယူသုံးစွဲနိုင်ရေး၊ နိုင်ငံတကာ စံနှုန်းသတ်မှတ်ချက်များနှင့်အညီ ထုတ်ကုန်လုံခြုံစိတ်ချရမှုရှိသော ကုန်ပစ္စည်းများ ရယူသုံးစွဲနိုင်ရေးတို့အား ဟောပြောဆွေးနွေးခဲ့ပြီး စားသုံးသူရေးရာဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးနိုင်ထွန်းက စားသုံးသူရေးရာဦးစီးဌာန၏ မျှော်မှန်းချက်၊ ရည်မှန်းချက်များ၊ စားသုံးသူများ၏ တာဝန်များ၊ လုံခြုံစိတ်ချရမှုရှိပြီး အန္တရာယ်ကင်းသည့် အစားအသောက်များ ရွေးချယ်စားသုံးတတ်စေရန်နှင့် စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ကုန်စည်များ ထုတ်လုပ်ခြင်း၊ ကုန်သွယ်ခြင်းတို့ပြုလုပ်ရာတွင် စားသုံးသူဘေးကင်းလုံခြုံရေးအတွက် ကုန်စည်များတွင် မြန်မာဘာသာဖြင့်ဖြစ်စေ၊ မြန်မာနှင့် အခြားဘာသာတွဲလျက်ဖြစ်စေ ဖော်ပြရန် အမိန့်ကြော်ငြာစာ ထုတ်ပြန်ထားပြီးဖြစ်ကြောင်း၊ စားသုံးသူများ နစ်နာဆုံးရှုံးမှုရှိပါက CICC သို့ လာရောက်တိုင်ကြားနိုင်ကြောင်း အသေးစိတ် ဟောပြောဆွေးနွေး ခဲ့ပါတယ်။

ဆက်လက်ပြီး စိုက်ပျိုးရေးဦးစီးဌာနမှ ဒေါ်သီတာဟိန်းက ဟင်းသီးဟင်းရွက်များ ချက်ပြုတ်စားသောက်ရာတွင် အန္တရာယ်ကင်းစေရန်အတွက် ဆောင်ရန်၊ ရှောင်ရန်များကို ဟောပြောဆွေးနွေးခြင်း၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ဒေါ်အေးမြတ်စိုးက ဆိုးဆေးများတွင် သဘာဝဆိုးဆေးနှင့် ဓာတုဆိုးဆေးဟူ၍ နှစ်မျိုးရှိကြောင်း၊ အစားအသောက်များတွင် ဓာတုဆိုးဆေးများ သုံးစွဲလာခြင်းကြောင့် အန္တရာယ်ရှိမှုများအကြောင်း ဟောပြောဆွေးနွေးခဲ့ပြီး လက်ကမ်းစာစောင်များဖြန့်ဝေခြင်း၊ ကျောင်းမုန့် ဈေးတန်းအား ကွင်းဆင်းစစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါတယ်။

**သီတာဝင်း**
**စားသုံးသူ (မန္တလေး)**

စာမျက်နှာ (၁၄) ဆန်ပြည်တွင်းဈေးနှုန်း . . . မှအဆက်

ဈေးလျှော့ရောင်းချလျက်ရှိကြောင်း သိရှိရပါသည်။ ပြည်ပပို့ကုန်ဆန်ဈေးကွက်ကျဆင်းနေသကဲ့သို့ ပြည်တွင်းစားသုံးဆန်များဖြစ်သည့် ရန်ကုန်ပေါ်ဆန်းမှာလည်း လက်ရှိစပါးစတင် ရိတ်သိမ်းချိန်မှ စတင်ကာ ဈေးကွက်အတွင်း ဆန်သစ်များအလုံး အရင်းဖြင့်ဝင်ရောက်နေခြင်းကြောင့် အရောင်းအဝယ် အေးသွားသော်လည်း ဈေးနှုန်းကျဆင်းခြင်း မရှိသေးကြောင်း သိရှိရပါသည်။

နိုင်ငံတော်အနေဖြင့် ပြည်ပဈေးကွက်သို့မြန်မာ့ဆန်နှင့် ဆန်ကွဲဈေးကွက်ချဲ့ထွင်နိုင်ရန်ဆောင်ရွက်လျက်ရှိရာ ဖိလစ်ပိုင်နှင့် အင်ဒိုနီးရှားနိုင်ငံများသို့မကြာမီ တင်ပို့နိုင်မည့် အခြေအနေရှိကြောင်း၊ ဆန်စပါးနှင့် ပဲမျိုးစုံအပါအဝင် လယ်ယာထွက်ကုန်သီးနှံများကို ပြည်ပသို့ တင်ပို့ရာတွင် ဝယ်ယူသည့် နိုင်ငံများနှင့်ချိတ်ဆက် ဆောင်ရွက်ရပြီး ၎င်းနိုင်ငံများ၏ ဝယ်လိုအားနှင့် နိုင်ငံတကာပေါက်ဈေးအပေါ် အခြေခံ၍ ရောင်းချရကြောင်း၊ လယ်ယာထွက်ကုန်ပစ္စည်းများ ပြည်ပသို့တင်ပို့ရာတွင် ခိုင်မာသည့်ဈေးကွက်ရရှိရေးအတွက် အမျိုးသားပို့ကုန်မဟာဗျူဟာအစီအစဉ်ကို ရေးဆွဲချမှတ် အကောင်အထည်ဖော်လျက်ရှိပြီး လယ်ယာထွက်ကုန်ဖြစ်သည့် ဆန်၊ ပဲအမျိုးမျိုး၊ ဆီထွက်သီးနှံ၊ နှမ်း၊ ရော်ဘာ၊ ရေထွက်ပစ္စည်းတို့ကို ဦးစားပေး ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

လယ်ယာထွက်ကုန်များ ပြည်ပသို့ တင်ပို့ရာတွင် ကုန်သွယ်ဖက်နိုင်ငံများ၏ လိုအပ်ချက်အရ ဓာတ်ကြွင်းပါဝင်မှုကန့်သတ်ချက်များကို ကျော်လွန်မှုမရှိအောင် ဓာတ်ခွဲခန်းမှ အဖြေထုတ်ပေးပြီး ခိုင်မာသည့် ဈေးကွက်ရရှိနိုင်စေရန် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ပြင် စိုက်ပျိုးရေးထုတ်ကုန်များ ပြည်ပသို့တင်ပို့မှုအပေါ် ပို့ကုန်များတွင် ပိုးသတ်ဆေးဓာတ်ကြွင်းပါဝင်မှု စစ်ဆေးခြင်း၊ အဆိပ်ဖြစ် သတ္တုပါဝင်မှုစစ်ဆေးခြင်း၊ မှိုအဆိပ်ပါဝင်မှု စစ်ဆေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရပါသည်။

ထို့ပြင် လယ်ယာထွက်ကုန်ပစ္စည်းများ ပြည်ပဈေးကွက် အခိုင်အမာရရှိရေးအတွက် ပြည်တွင်း၊ ပြည်ပကုန်စည်ပြပွဲများတွင် ပါဝင်ပြသ၍ လည်းကောင်း၊ ပို့ကုန်မဟာဗျူဟာစီမံကိန်းအရ ဈေးကွက်အခိုင်အမာ ရရှိရေးအတွက် အစဉ်တစိုက် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် လည်းကောင်း၊ လယ်ယာထွက်ကုန်များထုတ်လုပ်မှုကုန်ကျစရိတ် လျှော့နည်း၍ မျိုးကောင်းမျိုးသန့်ရရှိရေး၊ အထွက်နှုန်းတိုးတက်ရေး၊ သွင်းအားစုမှန်ကန်စေရေး၊ စိုက်ပျိုးသီးနှံများ၏ တန်ဖိုးမြှင့်ကွင်းဆက်နည်းပညာများ ဖွံ့ဖြိုးတိုးတက်လာစေရေးတို့အတွက် ပြည်တွင်းရှိ အရင်းအမြစ်များနှင့် တည်ဆောက်နေပြီး နိုင်ငံတကာ ကူညီထောက်ပံ့မှုနှင့် ချေးငွေစီမံကိန်းများကိုလည်း နိုင်ငံတကာအဖွဲ့အစည်းများ၏ နည်းပညာနှင့် ငွေကြေးအကူအညီရယူ၍ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အသင်းအဖွဲ့များနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

မြန်မာ-ထိုင်း နယ်စပ်ဒေသဖြစ်သော မြဝတီမြို့တွင် ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၆ ရက်တွင်ဖြစ်ပေါ်နေသော ဈေးနှုန်းများအရ ပြင်ပငွေလဲနှုန်းအနေဖြင့် ၁ ဘတ်လျှင်၄၈ ကျပ်နှုန်းရှိပြီး ဧည့်မထ ဆန်တစ်အိတ်လျှင်ကျပ် ၂၅၂၀၀ ခန့်ပေါက်ဈေးရှိသဖြင့် ယခင်တစ်ပတ်ဈေးနှင့်နှိုင်းယှဉ်ပါက ဈေးနှုန်းတည်ငြိမ်လျက်ရှိကြောင်း လေ့လာသိရှိရပါသည်။ မြန်မာ-တရုတ်နယ်စပ်ဒေသဖြစ်သော မူဆယ်မြို့တွင် ဒီဇင်ဘာ ၆ ရက်တွင် ဖြစ်ပေါ်နေသော ဈေးနှုန်းများအရ ပြင်ပငွေလဲနှုန်းအနေဖြင့် ၁ ယွမ်လျှင် ၂၂၆ ကျပ်နှုန်းရှိပြီး၊ ဧည့်မထဆန် ၂၅ မှတ် တစ်အိတ်လျှင် ၂၃၀၅၂ ကျပ် မှ ၂၃၂၇၈ ကျပ်ထိ ပေါက်ဈေးရှိသဖြင့် ယခင်တစ်ပတ်နှင့်နှိုင်းယှဉ်ပါက ဈေးနှုန်းဆက်လက်ကျဆင်းနေကြောင်း လေ့လာသိရှိရပါသည်။

USDA စာရင်းများအရ ၂၀၁၈ ခုနှစ် နိုဝင်ဘာလအတွင်း လေ့လာတွေ့ရှိချက်အရ ကမ္ဘာ့ဆန်အဓိကတင်သွင်းသောနိုင်ငံများ၏ တင်သွင်းနိုင်မည့် တန်ချိန်မှာ ဘီနင်း သုည ဒသမ ၆၅၀ သန်း၊ ဘင်္ဂလားဒေ့ရှ် သုည ဒသမ ၆၀၀ သန်း၊ ဘရာဇီး သုည ဒသမ ၆၅၀ သန်း၊ ကင်မရွန်း သုည ဒသမ ၇၀၀ သန်း၊ တရုတ် ၅ သန်း၊ အိုင်ဗရီကို့စ် ၁ ဒသမ ၄၅၀ သန်း ၊ EU ၂ ဒသမ ၀၅၀ သန်း၊ ဂါနာ သုည ဒသမ ၆၈၀ သန်း၊ အင်ဒိုနီးရှား ၁ ဒသမ ၂၀၀ သန်း၊ ဂျပန် သုည ဒသမ ၆၈၅ သန်း၊ အီရန် ၁ ဒသမ ၄၀၀ သန်း၊ အီရတ် ၁ ဒသမ ၃၀၀ သန်း၊ ကင်ညာ သုည ဒသမ ၇၅၀ သန်း၊ မလေးရှား ၁ ဒသမ ၀၀၀ သန်း၊ မက္ကဆီကို သုည ဒသမ ၈၈၀ သန်း၊ မိုဇမ်းဘစ် သုည ဒသမ ၇၅၀ သန်း၊ နိုင်ဂျီရီးယား ၃ သန်း၊ ဖိလစ်ပိုင် ၁ ဒသမ ၈၀၀ သန်း ၊ ဆော်ဒီအာရေဗျ ၁ ဒသမ ၃၀၀ သန်း၊ ဆီနီဂေါ ၁ ဒသမ ၂၅၀ သန်း၊ တောင်အာဖရိက ၁ သန်း၊ UAE သုည ဒသမ ၉၀၀ သန်း၊ US သုည ဒသမ ၈၇၅ သန်း တင်သွင်းမည်ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။ ကမ္ဘာ့ဆန်တင်ပို့သည့် နိုင်ငံများအနက် မြန်မာနိုင်ငံအနေဖြင့် တန်ချိန်သုံးသန်းတင်ပို့မည်ဟု USDA စာရင်းများအရ ခန့်မှန်းထားပါသည်။

ဘုရင့်နောင် ကုန်စည်ဒိုင်မှရရှိသော အချက်အလက်များအရ တစ်ပတ်အတွင်း ဆန်ဈေးနှုန်းများကို လေ့လာရာတွင် ဈေးနှုန်းအတက်အကျ အပြောင်းအလဲများ ဖြစ်ပေါ်ခဲ့သည်ကို လေ့လာတွေ့ရှိရပါသည်။ ဘုရင့်နောင်ကုန်စည်ဒိုင်တွင် နိုဝင်ဘာ ၃၀ ရက်မှ ဒီဇင်ဘာ ၆ ရက် အတွင်းဖြစ်ပေါ်နေ သောဈေးနှုန်းစာရင်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

| စဉ် | အမျိုးအစား | ရာခိုင်နှုန်း | ဈေးနှုန်း | | | | |
|---|---|---|---|---|---|---|---|
| | | | ၃၀.၁၁.၂၀၁၈ | ၃.၁၂.၂၀၁၈ | ၄.၁၂.၂၀၁၈ | ၅.၁၂.၂၀၁၈ | ၆.၁၂.၂၀၁၈ |
| ၁ | ဒီယာ | ၅ | ၂၀၈၀၀ | ၂၀၇၀၀ | ၂၀၇၀၀ | ၂၀၇၀၀ | ၂၀၆၀၀ |
| ၂ | ဒီယာ | ၁၀ | ၁၉၈၀၀ | ၂၀၂၀၀ | ၂၀၀၀၀ | ၂၀၂၀၀ | ၂၀၀၀၀ |
| ၃ | ဒီယာ | ၂၅ | ၁၉၃၀၀ | ၁၉၂၀၀ | ၁၉၀၀၀ | ၁၈၈၀၀ | ၁၈၈၀၀ |
| ၄ | ဒီယာ | ၃၅ | ၁၉၀၀၀ | ၁၈၉၀၀ | ၁၈၇၀၀ | ၁၈၅၀၀ | ၁၈၅၀၀ |
| ၅ | ဧည့်မထ | ၅ | ၂၀၃၀၀ | ၂၀၂၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၁၉၈၀၀ |
| ၆ | ဧည့်မထ | ၁၀ | ၁၉၈၀၀ | ၁၉၇၀၀ | ၁၉၅၀၀ | ၁၉၅၀၀ | ၁၉၃၀၀ |
| ၇ | ဧည့်မထ | ၂၅ | ၁၉၃၀၀ | ၁၉၂၀၀ | ၁၉၀၀၀ | ၁၈၈၀၀ | ၁၈၈၀၀ |
| ၈ | ဧည့်မထ | ၃၅ | ၁၉၀၀၀ | ၁၈၉၀၀ | ၁၈၇၀၀ | ၁၈၅၀၀ | ၁၈၅၀၀ |

တိုင်းဒေသကြီး/ပြည်နယ်များရှိ မြို့ကြီးများ၌ နေ့စဉ်ဖြစ်ပေါ်နေသော ဧည့်မထဆန်ဈေးနှုန်းများကို လေ့လာကြည့်ပါက ဟားခါးမြို့တွင် ဧည့်မထဆန် တစ်ပြည်လျှင် ကျပ် ၂၄၀၀ ဖြင့် အမြင့်ဆုံးဈေးနှုန်းဖြစ်ပေါ်ခဲ့ပြီး ပုသိမ်မြို့၊ ဘားအံမြို့နှင့် ပြည်မြို့တို့တွင် ဧည့်မထဆန်(သစ်)တစ်ပြည်လျှင် ကျပ် ၉၅၀ ဖြင့် အနိမ့်ဆုံးဈေးနှုန်းများ ဖြစ်ခဲ့သည်ကို တွေ့ရှိရပါသည်။ မြန်မာနိုင်ငံ မြို့ကြီးများတွင် နေ့စဉ်ဖြစ်ပေါ်နေသော ဈေးနှုန်းစာရင်းများအား တစ်ဖက်အတိုင်း ဖော်ပြအပ်ပါသည်-

မြန်မာနိုင်ငံအနေဖြင့် လယ်ယာစိုက်ပျိုးရေးကို အဓိကအားထားသည့် နိုင်ငံဖြစ်သည့် အားလျော်စွာ တိုးတက်ပြောင်းလဲလာသည့် Global စီးပွားရေးစနစ်တွင် စိန်ခေါ်မှုယှဉ်ပြိုင်မှုများစွာကို ရင်ဆိုင်ကြုံတွေ့နေရလျက်ရှိပါသည်။ နိုင်ငံတကာဆန်စပါးဈေးကွက်ကြီးများမှလည်း အပြိုင်အဆိုင် ဈေးကွက်ရရှိရေးကို ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံသည်လည်း အထွက်နှုန်း၊ နည်းပညာ၊ အရည်အသွေးနှင့် ဈေးကွက်ရှာဖွေမှုအပိုင်းများကို အရှိန်အဟုန်မြှင့်တင်ကြိုးပမ်းဆောင်ရွက်ရန် ပိုမိုတွန်းအားပေး လုပ်ဆောင်ကြရမည်ဖြစ်ပါ သည်။ Trading Economics Website တွင် ဖော်ပြချက်အရ ယခုတစ်ပတ်တွင် ကမ္ဘာ့ဆန်ဈေးနှုန်းမှာ ယခင်တစ်ပတ်နှင့်နှိုင်းယှဉ်ပါက သုည ဒသမ ၇၃ ရာခိုင်နှုန်းကျဆင်းခဲ့သည်ကို သိရှိရပါသည်။ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလပထမပတ်အတွင်း နိုင်ငံတကာဆန်ဈေးနှုန်းများတွင် အတက်အကျပြောင်းလဲမှုများရှိသကဲ့သို့ မြန်မာနိုင်ငံတွင်လည်း ဆန်ဈေးနှုန်းများအတက်အကျ ပြောင်းလဲမှုများရှိသည်ကို လေ့လာတွေ့ရှိရပါသည်။

ဈေးကွက်သစ်များ တိုးမြှင့်လာနိုင်ခြင်းနှင့်အတူ ပြည်ပသို့ ဆန်ကြမ်းများ တင်ပို့ခြင်းထက် ပြည်တွင်းတွင် စားသုံးမှုပိုများသည့် နိုင်ငံတကာအဆင့်မီ မျိုးကောင်းမျိုးသန့် ဆန်ချောများကို တင်ပို့နိုင်ရေးအတွက် သီးနှံအာမခံစနစ်၊ ရာသီဥတုကိုအခြေခံသော အာမခံစနစ်များ အမြန်ဆုံးပေါ်ပေါက်လာစေရေး၊ ဈေးကွက်စီးပွားရေးစနစ်အရလည်း နိုင်ငံတော်မှ ဈေးကွက်အတွင်း ဝင်ရောက်ဝယ်ယူထိန်းကျောင်းခြင်းထက် ခိုင်မာသည့် ပုဂ္ဂလိကအသင်း အဖွဲ့အစည်းများအား လိုအပ်သည့်ချေးငွေထောက်ပံ့မှု အစီအစဉ်များဖြင့် ပြည်တွင်းတွင် အဆင့်မြှင့်ကြိတ်ခွဲထုတ်လုပ်သိုလှောင်တင်ပို့မှု လုပ်ငန်းစဉ်များကိုဆောင်ရွက်ရန် လိုအပ်လျက်ရှိပါသည်။

မိမိတို့နိုင်ငံအနေဖြင့် နိုင်ငံတကာဈေးကွက်ကြီးများ၏ ထုတ်လုပ်တင်ပို့မှု လုပ်ငန်းစဉ်များကို စဉ်ဆက်မပြတ်လေ့လာကာ ပြည်တွင်းထုတ်လုပ်မှုအဆင့်ဆင့်ဖြင့် နိုင်ငံတကာဈေးကွက်သို့ ထိုးဖောက်တင်ပို့နိုင်သည့် အရည်အသွေးမီဆန်များ ဖြစ်ပေါ်လာရေး ပြင်ဆင်ဆောင်ရွက်ရန်လိုအပ်သကဲ့သို့ နိုင်ငံတကာဈေးကွက်များနှင့် Quality ပိုင်းသာလွန်ပြီး ဈေးကွက်ယှဉ်ပြိုင်နိုင်သည့် မြန်မာ့ဆန်အား ကမ္ဘာတွင် ထိပ်တန်းရောက်ရှိလာနိုင်စေရေးတောင်သူများ၊ ကုန်သည်လုပ်ငန်းရှင်များ၊ သက်ဆိုင်ရာဌာန အဖွဲ့အစည်းများအနေဖြင့် အစိုးရနှင့် ပုဂ္ဂလိကအဖွဲ့အစည်းများနှင့် ညှိနှိုင်းကြိုးပမ်းဆောင်ရွက်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါသည်။

| စဉ် | မြို့အမည် | ဧည့်မထဆန်(ကျပ်/ပြည်) | | | | |
|---|---|---|---|---|---|---|
| | | ၃၀.၁၁.၂၀၁၈ | ၃.၁၂.၂၀၁၈ | ၄.၁၂.၂၀၁၈ | ၅.၁၂.၂၀၁၈ | ၆.၁၂.၂၀၁၈ |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၁ | မြစ်ကြီးနား | ၁၄၀၀(သစ်) | ၁၄၀၀(သစ်) | ၁၄၀၀(သစ်) | ၁၄၀၀(သစ်) | ၁၄၀၀(သစ်) |
| ၂ | လားရှိုး | ၁၃၅၀ | ၁၃၅၀ | ၁၃၅၀ | ၁၃၅၀ | ၁၃၅၀ |
| ၃ | ကျိုင်းတုံ | ၁၆၀၀(သစ်) | ၁၆၀၀(သစ်) | ၁၆၀၀(သစ်) | ၁၆၀၀(သစ်) | ၁၆၀၀(သစ်) |
| ၄ | တောင်ကြီး | ၁၃၅၀ | ၁၃၅၀ | ၁၃၅၀ | ၁၃၅၀ | ၁၃၅၀ |
| ၅ | လွိုင်ကော် | ၁၅၀၀(သစ်) | ၁၅၀၀(သစ်) | ၁၅၀၀(သစ်) | ၁၅၀၀(သစ်) | ၁၅၀၀(သစ်) |
| ၆ | ဘားအံ | ၉၅၀(သစ်) | ၉၅၀(သစ်) | ၉၅၀(သစ်) | ၉၅၀(သစ်) | ၉၅၀(သစ်) |
| ၇ | မော်လမြိုင် | ၁၁၀၀ | ၁၁၀၀ | ၁၁၀၀(သစ်) | ၁၁၀၀(သစ်) | ၁၁၀၀(သစ်) |
| ၈ | ထားဝယ် | ၁၆၀၀ | ၁၇၀၀ | ၁၇၀၀ | ၁၇၀၀ | ၁၇၀၀ |
| ၉ | မြိတ် | ၁၀၅၀(သစ်) | ၁၀၅၀(သစ်) | ၁၀၅၀(သစ်) | ၁၀၅၀(သစ်) | ၁၀၅၀(သစ်) |
| ၁၀ | ရန်ကုန် | ၁၂၅၀ | ၁၂၅၀ | ၁၀၀၀(သစ်) | ၁၀၀၀(သစ်) | ၁၀၀၀(သစ်) |
| ၁၁ | ပုသိမ် | ၉၅၀(သစ်) | ၉၅၀(သစ်) | ၉၅၀(သစ်) | ၉၅၀(သစ်) | ၉၅၀(သစ်) |
| ၁၂ | စစ်တွေ | ၁၀၀၀(သစ်) | ၁၀၀၀(သစ်) | ၁၀၀၀(သစ်) | ၁၀၀၀(သစ်) | ၁၀၀၀(သစ်) |
| ၁၃ | ဟားခါး | ၂၄၀၀ | ၂၄၀၀ | ၂၄၀၀ | ၂၄၀၀ | ၂၄၀၀ |
| ၁၄ | မုံရွာ | ၂၂၀၀ | ၂၂၀၀ | ၂၂၀၀ | ၂၂၀၀ | ၂၂၀၀ |
| ၁၅ | မန္တလေး | ၁၃၅၀ | ၁၃၅၀ | ၁၃၅၀ | ၁၃၅၀ | ၁၃၅၀ |
| ၁၆ | ပခုက္ကူ | ၁၇၀၀ | ၁၇၀၀ | ၁၇၀၀ | ၁၇၀၀ | ၁၇၀၀ |
| ၁၇ | မကွေး | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ |
| ၁၈ | ပြည် | ၁၄၀၀ | ၉၅၀(သစ်) | ၉၅၀(သစ်) | ၉၅၀(သစ်) | ၉၅၀(သစ်) |
| ၁၉ | ပဲခူး | ၁၃၀၀ | ၁၀၀၀(သစ်) | ၁၀၀၀(သစ်) | ၁၀၀၀(သစ်) | ၁၀၀၀(သစ်) |
| ၂၀ | ဖျာပုံ/မအူပင်? | ၁၀၀၀(သစ်) | ၁၀၀၀(သစ်) | ၁၀၀၀(သစ်) | ၁၀၀၀(သစ်) | ၁၀၀၀(သစ်) |
| ၂၁ | နေပြည်တော် | ၁၀၅၀(သစ်) | ၁၀၅၀(သစ်) | ၁၀၅၀(သစ်) | ၁၀၅၀(သစ်) | ၁၀၅၀(သစ်) |
| ၂၂ | ကလေး | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ |

Source-DOCA-Domestic

## စာမျက်နှာ (၁၅) စက်သုံးဆီ (ဓာတ်ဆီ၊ ဒီဇယ်). . . မှအဆက်

မြန်မာနိုင်ငံမြို့ကြီးများတွင် နေ့စဉ်ဖြစ်ပေါ်နေသော စက်သုံး ဆီဈေးနှုန်းများအား တစ်ဖက်ပါအတိုင်း ဖော်ပြအပ်ပါသည်။

ပြည်တွင်းစက်သုံးဆီဈေးကွက်တွင် နိုဝင်ဘာလအတွင်း စက်သုံးဆီဈေးနှုန်း အနည်းငယ် ပြန်လည်ကျဆင်းလာသဖြင့် နိုင်ငံခြားသားများကို ဝန်ဆောင်မှုပေးသည့် Tour ကားငှားရမ်းခ ၁၀ ရာခိုင်နှုန်း ဈေးတက်တော့မည်မဟုတ်ကြောင်း နိုင်ငံခြားသားခရီးသွားသယ်ယူပို့ဆောင်ရေးလုပ်ငန်းရှင်များထံမှ သိရှိရပါသည်။ ပြည်တွင်းစက်သုံးဆီဈေးနှုန်းသည် စက်တင်ဘာလ၌ တစ်ဂါလန် ကျပ်ငါးထောင်ကျော်သို့ မြင့်တက်ခဲ့၍ ယာဉ်အသုံးပြုရာတွင် အထွေထွေကုန်ကျစရိတ်များ တက်လာသဖြင့် နိုဝင်ဘာလမှစ၍ ဈေးတက်ရန်စီစဉ်ထားသော်လည်း ဆီဈေးပြန်ကျလာ၍ တိုးမြှင့်ကောက်ခံမည့်အစီအစဉ် ဖျက်သိမ်းခြင်းဖြစ်ကြောင်း သိရှိရပါသည်။ ဆီဈေး ပြန်ကျလာပြီး ကားငှားခဈေးမြင့်တက်မည့် အစီအစဉ်ကို ဖျက်သိမ်းခဲ့ သော်လည်း ယခုနှစ်ခရီးသွားရာသီတွင် အနောက်နိုင်ငံများမှ ခရီးသွားအဝင် ကျဆင်းနေ၍ နိုင်ငံခြားသားဧည့်သည်ရရှိမှု ယခင်နှစ်ထက် ၃၀ ရာခိုင်နှုန်းခန့် လျော့နည်းနေကြောင်း သိရှိရပါသည်။

ပြည်တွင်းစက်သုံးဆီဈေးနှုန်းသည် ဆက်တိုက်ကျဆင်းလာခဲ့ပြီး နိုဝင်ဘာလ ၃၀ ရက် ရန်ကုန်အထိုင်ဈေးကွက်တွင် စက်သုံးဆီ အောက်တိန်း 92 တစ်လီတာ ၈၆၅ ကျပ်၊ အောက်တိန်း ၉၅ တစ်လီ တာ ၉၄၅ ကျပ်၊ ပရီမီယံဒီဇယ်တစ်လီတာကျပ် ၁၀၂၅၊ ဒီဇယ် တစ်လီ တာ ၁၀၁၅ ကျပ်နှုန်းရှိခဲ့ပြီး ဒီဇင်ဘာလ ၆ ရက်တွင် အောက်တိန်း 92 တစ်လီတာ ၈၂၅ ကျပ်၊ အောက်တိန်း 95 တစ်လီတာကျပ် ၈၉၀၊ ပရီမီယံဒီဇယ် တစ်လီတာကျပ် ၉၉၀၊ ဒီဇယ်တစ်လီတာကျပ် ၉၈၀ နှုန်းဖြင့် ထပ်မံဈေးကျခဲ့ကြောင်း သိရှိရပါသည်။ စက်သုံးဆီဈေးများ ဆက်တိုက်ကျဆင်းလာခဲ့ပြီး နိုဝင်ဘာလကုန်ရက်မှ ဒီဇင်ဘာလ ၆ ရက်အတွင်း အောက်တိန်း 92 တစ်လီတာလျှင်ကျပ် ၄၀ (တစ်ဂါလံ ကျပ် ၁၈၀ )၊ အောက်တိန်း 95 တစ်လီတာ ၅၅ ကျပ် (တစ်ဂါလံ ကျပ် ၂၄၀)၊ ပရီမီယံဒီဇယ်တစ်လီတာ ၃၅ ကျပ် (တစ်ဂါလံကျပ် ၁၆၀)၊ ဒီဇယ်တစ်လီတာ ၁၀ (တစ်ဂါလံကျပ် ၅၀) ကျော်ခန့် ထပ်မံကျဆင်းပြီး အောက်တိန်း 92 နှင့် 95 သည် တစ်လီတာကျပ် ၉၀၀ အောက်သို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း သိရှိရပါသည်။

ပြည်တွင်းစက်သုံးဆီဈေးကွက်သမိုင်းတစ်လျှောက် အမြင့်ဆုံးနှုန်းထားဖြစ်သည့် အောက်တိုဘာလလယ်ဈေးနှင့် ဒီဇင်ဘာလ ၆ ရက်ဈေးနှိုင်းယှဉ်ကြည့်လျှင် အောက်တိန်း 92 တစ်လီတာကျပ် ၂၄၀ (တစ်ဂါလန် ကျပ် ၁၁၀၀)၊ အောက်တိန်း 95 တစ်လီတာကျပ် ၂၂၀ (တစ်ဂါလန် ကျပ် ၁၀၂၀)၊ ဒီဇယ်နှင့် ပရီမီယံ ဒီဇယ် တစ်လီတာ ၁၁၅ ကျပ် (တစ်ဂါလန်ကျပ် ၅၃၀) ခန့်ကျဆင်းခဲ့ကြောင်း သိရှိရပါသည်။


အောက်တိန်း 92 သည် တစ်လီတာကျပ် ၉၀၀ အောက်သို့ ပထမဆုံး ပြန်လည်ကျဆင်းသည့် စက်သုံးဆီဖြစ်ပြီး ဒီဇယ်ဆီ နှစ်မျိုးမှာလည်း ဈေးကျဆင်းလာခဲပြီး တစ်လီတာကျပ် ၁၀၀၀ အောက်သို့ ရောက်ရှိလာကြောင်း သိရှိရပါသည်။ ထိုသို့ ပြည်တွင်း စက်သုံးဆီဈေးနှုန်းများ ဆက်တိုက်ကျဆင်းခြင်းသည် ကမ္ဘာ့ရေနံစိမ်းဈေးနှင့် ကန်ဒေါ်လာငွေလဲနှုန်းများ ကျဆင်းခြင်း၏ အကျိုးဆက်ဖြစ်ပြီး ထပ်မံဈေးကျနိုင်ဖွယ်ရှိသည်ဟု စက်သုံးဆီလုပ်ငန်းရှင်များထံမှ သိရှိရပါသည်။ နိုဝင်ဘာ ၂၃ ရက်က ကမ္ဘာ့ရေနံစိမ်းဈေးနှုန်းသည် တစ်စည်လျှင် ၅၅ ဒေါ်လာရှိခဲ့ပြီး ဒီဇင်ဘာ ၆ ရက်တွင် ၅၂ ဒေါ်လာခန့်ဖြစ်ပေါ်ခဲ့ရာ နိုဝင်ဘာ ၂၃ ရက်ထက် ၃ ဒေါ်လာခန့် ကျဆင်းခဲ့ကြောင်း သိရှိရပါသည်။

ယခုတစ်ပတ်အတွင်း ဓာတ်ဆီဈေးနှုန်းများမှာ ဥရောပနိုင်ငံများတွင် ၁ ဒသမ ၃၀ ရာခိုင်နှုန်း၊ အာဖရိကနိုင်ငံများတွင် ၁ ဒသမ ၉၀ ရာခိုင်နှုန်း၊ တောင်အမေရိကနိုင်ငံများတွင် ၁ ဒသမ ၄၀ရာခိုင် နှုန်း၊ ဩစတြေးလျ၊ ကနေဒါ၊ အမေရိကန်နှင့် အာရှနိုင်ငံများတွင် ၂ ဒသမ ၀၀ ရာခိုင်နှုန်းကျော် အသီးသီးဈေးနှုန်းကျဆင်းခဲ့ပြီး www.globalpetrolprices.com မှ စစ်တမ်းရယူခဲ့သည့် နိုင်ငံပေါင်း ၁၁၁ နိုင်ငံအနက် အာရပ်နိုင်ငံများတွင် ၁၂ ဒသမ ၆ ရာခိုင်နှုန်းအထိ ကျဆင်းမှုနှင့်အတူ နိုင်ငံပေါင်း ၇၁ နိုင်ငံတွင်ဈေးနှုန်းကျဆင်းခဲ့ပြီး နိုင်ငံပေါင်း ၃၆ နိုင်ငံတွင် ဈေးနှုန်းပြောင်းလဲမှုမရှိဘဲ ၅ နိုင်ငံတွင်သာ ဈေးနှုန်းမြင့်တက်ခဲ့ကာ ကမ္ဘာ့ရေနံစိမ်းဈေးကွက်တွင် ဈေးနှုန်း ဆက်လက်ကျဆင်းမှုနှင့်အတူ ကမ္ဘာ့ဓာတ်ဆီနှင့် ဒီဇယ်ဈေးနှုန်းများပါ လိုက်ပါကျဆင်းလျက်ရှိကြောင်း သုံးသပ်တင်ပြအပ်ပါသည်။

| စဉ် | မြို့အမည် | စက်သုံးဆီ(ကျပ်/ဂါလံ) | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | ဓါတ်ဆီ | | | | | ဒီဇယ်ဆီ | | | | |
| | | နိုဝင်ဘာ ၃၀ | ဒီဇင်ဘာ ၃ | ဒီဇင်ဘာ ၄ | ဒီဇင်ဘာ ၅ | ဒီဇင်ဘာ ၆ | နိုဝင်ဘာ ၃၀ | ဒီဇင်ဘာ ၃ | ဒီဇင်ဘာ ၄ | ဒီဇင်ဘာ ၅ | ဒီဇင်ဘာ ၆ |
| ၁ | မြစ်ကြီးနား | ၄၃၉၇ | ၄၃၃၃ | ၄၃၃၃ | ၄၃၃၃ | ၄၃၃၃ | ၄၈၇၈ | ၄၈၁၅ | ၄၈၁၅ | ၄၈၁၅ | ၄၈၁၅ |
| ၂ | လားရှိုး | ၄၃၀၀ | ၄၃၀၀ | ၄၂၀၀ | ၄၂၀၀ | ၄၁၀၀ | ၄၉၀၀ | ၄၉၀၀ | ၄၉၀၀ | ၄၉၀၀ | ၄၈၀၀ |
| ၃ | ကျိုင်းတုံ | ၅၂၆၅ | ၅၂၆၅ | ၅၂၆၅ | ၅၂၆၅ | ၅၂၆၅ | ၅၇၁၅ | ၅၇၁၅ | ၅၇၁၅ | ၅၇၁၅ | ၅၇၁၅ |
| ၄ | တောင်ကြီး | ၄၃၅၀ | ၄၁၅၀ | ၄၁၅၀ | ၄၁၅၀ | ၄၁၅၀ | ၄၉၀၀ | ၄၇၅၀ | ၄၇၅၀ | ၄၇၅၀ | ၄၇၅၀ |
| ၅ | လွိုင်ကော် | ၄၇၀၀ | ၄၇၀၀ | ၄၇၀၀ | ၄၇၀၀ | ၄၇၀၀ | ၄၉၅၀ | ၄၈၅၀ | ၄၈၅၀ | ၄၈၅၀ | ၄၈၅၀ |
| ၆ | ဘားအံ | ၄၀၀၅ | ၃၈၂၅ | ၃၇၈၀ | ၃၇၈၀ | ၃၆၉၀ | ၄၇၂၅ | ၄၆၈၀ | ၄၆၃၅ | ၄၆၃၅ | ၄၅၆၈ |
| ၇ | မော်လမြိုင် | ၄၃၈၇ | ၄၃၈၇ | ၄၃၄၂ | ၄၃၄၂ | ၄၂၇၅ | ၄၈၆၀ | ၄၈၆၀ | ၄၈၁၅ | ၄၈၁၅ | ၄၇၇၀ |
| ၈ | ထားဝယ် | ၄၇၂၅ | ၄၅၀၀ | ၄၅၀၀ | ၄၂၇၅ | ၄၂၇၅ | ၅၀၄၀ | ၅၀၄၀ | ၅၀၄၀ | ၄၉၅၀ | ၄၉၅၀ |
| ၉ | မြိတ် | ၄၆၁၃ | ၄၃၂၀ | ၄၃၂၀ | ၄၃၂၀ | ၄၂၇၅ | ၄၈၃၈ | ၄၇၂၅ | ၄၇၂၅ | ၄၇၂၅ | ၄၆၈၀ |
| ၁၀ | ရန်ကုန် | ၄၀၅၀ | ၄၀၅၀ | ၄၀၅၀ | ၄၀၅၀ | ၄၀၅၀ | ၄၆၆၀ | ၄၅၄၆ | ၄၅၄၆ | ၄၅၄၆ | ၄၅၄၆ |
| ၁၁ | ပုသိမ် | ၄၂၅၀ | ၄၂၀၀ | ၄၂၀၀ | ၄၂၀၀ | ၄၂၀၀ | ၄၇၀၀ | ၄၇၀၀ | ၄၇၀၀ | ၄၇၀၀ | ၄၇၀၀ |
| ၁၂ | စစ်တွေ | ၄၃၆၀ | ၄၃၆၀ | ၄၃၆၀ | ၄၃၆၀ | ၄၃၆၀ | ၄၆၀၀ | ၄၅၆၀ | ၄၅၆၀ | ၄၅၆၀ | ၄၅၀၀ |
| ၁၃ | ဟားခါး | ၄၉၀၀ | ၄၉၀၀ | ၄၉၀၀ | ၄၉၀၀ | ၄၉၀၀ | ၄၉၇၀ | ၄၉၇၀ | ၄၉၇၀ | ၄၉၇၀ | ၄၉၇၀ |
| ၁၄ | မုံရွာ | ၄၇၀၀ | ၄၇၀၀ | ၄၇၀၀ | ၄၄၀၀ | ၄၄၀၀ | ၅၀၀၀ | ၅၀၀၀ | ၅၀၀၀ | ၅၀၀၀ | ၅၀၀၀ |
| ၁၅ | မန္တလေး | ၄၇၀၀ | ၄၇၀၀ | ၄၇၀၀ | ၄၇၀၀ | ၄၇၀၀ | ၄၈၀၀ | ၄၈၀၀ | ၄၈၀၀ | ၄၈၀၀ | ၄၈၀၀ |
| ၁၆ | ပခုက္ကူ | ၄၈၀၀ | ၄၈၀၀ | ၄၈၀၀ | ၄၈၀၀ | ၄၆၅၀ | ၄၈၅၀ | ၄၈၅၀ | ၄၈၅၀ | ၄၈၅၀ | ၄၇၀၀ |
| ၁၇ | မကွေး | ၄၀၀၀ | ၄၀၀၀ | ၄၀၀၀ | ၃၉၀၀ | ၃၉၀၀ | ၄၈၁၉ | ၄၈၁၉ | ၄၇၇၃ | ၄၇၂၈ | ၄၇၂၈ |
| ၁၈ | ပြည် | ၄၁၅၀ | ၄၁၅၀ | ၄၁၅၀ | ၄၁၅၀ | ၄၁၅၀ | ၄၈၀၀ | ၄၈၀၀ | ၄၈၀၀ | ၄၈၀၀ | ၄၈၀၀ |
| ၁၉ | ပဲခူး | ၄၀၁၀ | ၄၀၁၀ | ၄၀၁၀ | ၃၉၀၀ | ၃၈၁၀ | ၄၆၅၀ | ၄၆၅၀ | ၄၆၀၀ | ၄၆၀၀ | ၄၅၀၀ |
| ၂၀ | ပျဉ်းမနား | ၄၁၈၅ | ၄၁၈၅ | ၄၁၈၅ | ၄၁၈၅ | ၄၁၈၅ | ၄၈၁၅ | ၄၈၁၅ | ၄၈၁၅ | ၄၈၁၅ | ၄၈၁၅ |
| ၂၁ | နေပြည်တော် | ၄၁၈၅ | ၄၁၈၅ | ၄၁၈၅ | ၄၁၈၅ | ၄၁၈၅ | ၄၈၁၅ | ၄၈၁၅ | ၄၈၁၅ | ၄၈၁၅ | ၄၈၁၅ |
| ၂၂ | ကလေး | ၄၈၀၀ | ၄၈၀၀ | ၄၈၀၀ | ၄၈၀၀ | ၄၈၀၀ | ၅၂၀၀ | ၅၂၀၀ | ၅၂၀၀ | ၅၂၀၀ | ၅၂၀၀ |

Source : DOCA-Domestic

## စာမျက်နှာ (၁၅) သကြား ပြည်တွင်းဈေးနှုန်းနှင့် . . . မှအဆက်




Source: www.isosugar.org

၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလပထမပတ်အတွင်း တရုတ်နိုင်ငံတွင် ဖြစ်ပေါ်နေသော သကြား ဈေးနှုန်းမှာ တစ်တန်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ ၇၈၀ ဖြစ်ပေါ်ခဲ့ပြီး အမေရိကန်နိုင်ငံတွင် တစ်တန်လျှင် ဒေါ်လာ ၂၅၆၊ ပါကစ္စတန်နိုင်ငံတွင် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၆၉-၃၇၆၊ အိန္ဒိယနိုင်ငံတွင် အမေရိကန်ဒေါ်လာ ၄၃၅-၅၉၅ ဖြစ်ပြီး ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်ပါက အမေရိကန်နှင့် အိန္ဒိယနိုင်ငံတို့၏ သကြားဈေးမှာ အနည်းငယ်မြင့်တက်ခဲ့ပြီး တရုတ်နှင့် ပါကစ္စတန်နိုင်ငံ တို့တွင် အနည်းငယ် ဈေးနှုန်းကျဆင်းခဲ့ကြောင်း လေ့လာသိရှိရပါသည်။ မြန်မာ-တရုတ်နယ်စပ်ရှိတစ်ဖက်နိုင်ငံဒေသပေါက်ဈေးမှာ တစ်တန်လျှင် ပျမ်းမျှအမေရိကန်ဒေါ်လာ ၆၃၁ ဖြစ်ကြောင်း သိရှိရပါသည်။

၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ပထမပတ်အတွင်း မြန်မာ-တရုတ် နယ်စပ် မူဆယ်ဒေသ၌ သကြားတစ်တန်လျှင် ပျမ်းမျှဈေးမှာ အမေရိကန်ဒေါ်လာ ၆၂၃ သာရှိပြီး တရုတ်နိုင်ငံတွင် သကြားတစ်တန် လျှင် ပျမ်းမျှအမေရိကန်ဒေါ်လာ ၇၈၀ ပေါက်ဈေးရှိသောကြောင့် တစ်တန်ပေါ်တွင် အမေရိကန် ဒေါ်လာ ၁၅၇ ဒေါ်လာဈေးနှုန်း ကွာဟချက်ရှိပါသည်။ မြန်မာ-ထိုင်းနယ်စပ် မြဝတီမြို့တွင် သကြား တစ်တန် လျှင် အမေရိကန်ဒေါ်လာ ၄၉၂ ဝန်းကျင်ရှိပြီး ထိုင်းနိုင်ငံ၊ မဲဆောက်မြို့၌ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၁၆ ဝန်းကျင်ခန့်ရှိကြောင်း လေ့လာ သိရှိရပါသည်။

ထို့အပြင် ရက်သတ္တပတ်အတွင်း တိုင်းဒေသကြီး/ ပြည်နယ်များရှိမြို့ကြီးများ၌ နေ့စဉ်ဖြစ်ပေါ်နေသော သကြားပေါက်ဈေးများကို လေ့လာရာတွင် ဟားခါးမြို့တွင် သကြားတစ်ပိဿာလျှင် ကျပ် ၁၉၀၀ နှင့် ရန်ကုန်မြို့တွင် သကြားတစ်ပိဿာလျှင်ကျပ် ၁၈၀၀ ဖြင့် အမြင့်ဆုံး ဖြစ်ပေါ်နေပြီး ဘားအံမြို့တွင် သကြားတစ်ပိဿာလျှင်ကျပ် ၁၂၀၀ဖြင့် အနည်းဆုံးဖြစ်ပေါ်နေကြောင်း တွေ့ရှိရပါသည်။ မြန်မာနိုင်ငံမြို့ကြီးများတွင် နေ့အလိုက်ဖြစ်ပေါ်နေသော ဈေးနှုန်းများကို အထက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

| စဉ် | မြို့အမည် | သကြား(ကျပ်/ပိဿာ) | | | | |
|---|---|---|---|---|---|---|
| | | နိုဝင်ဘာ ၃၀ | ဒီဇင်ဘာ ၃ | ဒီဇင်ဘာ ၄ | ဒီဇင်ဘာ ၅ | ဒီဇင်ဘာ ၆ |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၁ | မြစ်ကြီးနား | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ |
| ၂ | လားရှိုး | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ |
| ၃ | ကျိုင်းတုံ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ |
| ၄ | တောင်ကြီး | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ |
| ၅ | လွိုင်ကော် | ၁၅၀၀ | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ |
| ၆ | ဘားအံ | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ |
| ၇ | မော်လမြိုင် | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ |
| ၈ | ထားဝယ် | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ |
| ၉ | မြိတ် | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ | ၁၅၀၀ |
| ၁၀ | ရန်ကုန် | ၁၈၀၀ | ၁၈၀၀ | ၁၈၀၀ | ၁၈၀၀ | ၁၈၀၀ |
| ၁၁ | ပုသိမ် | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ |
| ၁၂ | စစ်တွေ | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ |
| ၁၃ | ဟားခါး | ၁၉၀၀ | ၁၉၀၀ | ၁၉၀၀ | ၁၉၀၀ | ၁၉၀၀ |
| ၁၄ | မုံရွာ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ |
| ၁၅ | မန္တလေး | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ |
| ၁၆ | ပခုက္ကူ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ |
| ၁၇ | မကွေး | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ |
| ၁၈ | ပြည် | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ |
| ၁၉ | ပဲခူး | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ |
| ၂၀ | ပျဉ်းမနား | ၁၅၀၀ | ၁၅၀၀ | ၁၃၀၀ | ၁၃၀၀ | ၁၃၀၀ |
| ၂၁ | နေပြည်တော် | ၁၆၀၀ | ၁၆၀၀ | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ |
| ၂၂ | ကလေး | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ |

Source:DACA-Domestic

Trading Economic Website တွင် ဖော်ပြချက်အရ ဒီဇင်ဘာ ၆ ရက်တွင် ကမ္ဘာ့သကြားဈေးနှုန်းသည် ယခင်တစ်ပတ်ထက် ၁ ဒသမ ၆၃ ရာခိုင်နှုန်း ဈေးနှုန်းကျဆင်းခဲ့သည်ကို တွေ့ရှိရပါသည်။ မြန်မာနိုင်ငံအနေဖြင့် ၂၀၁၈ ခုနှစ် ဒီဇင်ဘာလ ပထမပတ်အတွင်း သကြားဈေးနှုန်းမှာ သိသိသာသာ ပြောင်းလဲမှုမရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

Branch of Singapore
HTG
YOUR LOGISTICS PARTERTNER

# WING POWER COMPANY LIMITED

## (Freight Forwarding & General Services)



Address : Building 40,No#2,Yanshin Road,Yankin Township,
Yangon,Myanmar.
H.P : +95 973053154, 09 420000204

# AUTO WORLD AGENCY

- Documentation Services
- Customs Clearance Services
- Container Transporation Services
- Export & Import Services




Add : No.5, 36 Street, Be Side The Embassy Of India, pabedan Township, yangon
Ph : 095086044, 095098862, 095113527
Email : sweswecustom33@gmail.com
uaw849@gmail.com

Superfine FURNITURE
Superfine Manufacturing Co. Ltd.





Superfine Manufacturing Co. Ltd

SHOW ROOM


Yangon
(1) No.97A, West Shwegondaing Road, Bahan Township. Tel : 95-1-548808, 543342 Fax : 95-1-543342
(2) Yuzana Plaza 4th Floor, Banyadala Road, Tamwe Township. Tel : 95-1-200747 (Ext :5544), 09-732 40414

Mandalay
A-12 To A-16,78th Street, Between 31st & 32nd Street, Under the Fantasy World, Mandalay.
Tel : 95-2-64589




MPC
Myanma Pivot
မြန်မာ့မဏ္ဍိုင် ဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်
MYANMA PIVOT CONSTRUCTION CO., LTD.
No.1104, Bo Myat Tun Tower,
MahaBandoola Road,
Botahtaung Township,
Yangon, Myanmar.
Ph : 951-296227
Mobile : 095016608
E-mail : myanmapivot2010@gmail.com


Kyaw Yadanamon Enterprise Co., Ltd.
Construction, Real Estate, Finance & General Services
ဆောက်လုပ်ရေးလုပ်ငန်းများ၊ အိမ်ခြံမြေရောင်းဝယ်ရေးနှင့် အကျိုးဆောင်လုပ်ငန်း။
ပုံသေအမြတ်အကျိုးတူလုပ်ငန်း- ငွေကြေးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနှင့်
အထွေထွေလုပ်ငန်းတို့ကိုလည်း ပူးပေါင်းညှိနှိုင်းဆောင်ရွက်ပေးပါသည်။
Air Ticket Services
Hotel Booking
Express Car Ticket Services
Car Rental Services
Attraction Tickets
MILE TO CONNECT
BEST DEAL BEST TRAVEL BEST MEMORIES
https://www.facebook.com/miletoconnect
TRAVE & TOUR
Right Field (Myanmar) Co., Ltd.
Trading & Real Estate
Pasta
Ham
Cheeses
Salami
Cold Cuts
Tin Dry items
Add : No. 53/B, Myintzu 1st Street, Pararmi Avenue, (8)Ward, Yankin Township, Yangon, Myanmar.
Ph : 09 8624998, 09 425816560, 09 951182918, 09 768475996, 09 5045218
Email : kyawydnm.mmk@gmail.com


ငွေပင်လယ်မွေးမြူရေးနှင့်ရေလုပ်ငန်းကုမ္ပဏီလီမိတက်
Ngwepinlae Livestock Breeding & Fisheries Co., Ltd
ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများ
ADDRESS NO. 189 / 191, MAHABANDOOLA ROAD, BOTAHTAUNG TOWNSHIP, YANGON, MYANMAR
TEL : 951-397470, 397480, 397481,
FAX : 951-397480, 397481
E-MAIL : ngwepinlae-headoffice@gmail.com
WEBSITE ngwepinlae.com


အဘထ
'ထ' အမှတ်တံဆိပ်
သွေးပေါင်ချိန်ကိုထိန်းညှိပေးမယ့်
သွေးတိုးကျ ခေါင်းကြည်ဆေး
လူတိုင်းကျန်းမာ အဘထ ဝေဒနာ
အမှတ်(၁၅၀)၊ မြို့ပတ်လမ်း၊ ရွာမအနောက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။

# အလုပ်အကိုင်ဖန်တီးပေးနိုင်မှုကဏ္ဍဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအလေးပေး

[ ရီလင်းထွင့်(မုံရွာ) ]

မြန်မာနိုင်ငံ၏ စီးပွားရေးမူဝါဒ(၁၂)ရပ်တွင် ပြည်တွင်းနေနိုင်ငံခြားသားများနှင့် နိုင်ငံရပ်ခြားမှ ပြန်လည်ရောက်ရှိလာသော မြန်မာနိုင်ငံသားများ အားလုံးအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ထုတ်ပေးရန်နှင့် အလုပ်အကိုင်အခွင့်အလမ်း မြင့်မားသော စီးပွားရေးလုပ်ငန်းများကို ကာလတိုအတွင်း ပိုမိုဦးစားပေး ဆောင်ရွက်ရန်ဟူသော မူဝါဒကို ချမှတ်ထားရှိပါသည်။ မျက်မှောက်ကာလ မြန်မာနိုင်ငံတွင် ကဏ္ဍစုံတိုးတက်ပြောင်းလဲမှုများကို အရှိန်အဟုန်မြှင့်တင်ပြီး နိုင်ငံအတွင်းရှိနေရာဒေသအားလုံး အချိုးညီ ဖွံ့ဖြိုးတိုးတက်လာစေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ၂၀၁၇ ခုနှစ် ဇွန်လ ၂၉ ရက်တွင် ကျင်းပခဲ့သည့် ပြည်ထောင်စုအစိုးရအဖွဲ့ စီးပွားရေးရာ ကော်မတီ အစည်းအဝေးကနေ ကဏ္ဍဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေး အဖွဲ့ ၁၀ ဖွဲ့ ဖွဲ့စည်းဆောင်ရွက်ရန် ခွင့်ပြုခဲ့ရာ ထို ၁၀ ဖွဲ့အနက် အလုပ်အကိုင် ဖန်တီးပေးနိုင်မှုကဏ္ဍဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီးက ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်ရန် နိုင်ငံတော်အကြီးအကဲများက တာဝန် ပေးအပ်ခဲ့ပါသည်။ အလုပ်အကိုင် ဖန်တီးပေးနိုင်မှုကဏ္ဍဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ကို ဝန်ကြီး ဌာန(၉)ခုနှင့် ပုဂ္ဂလိကအသင်းအဖွဲ့(၃)ခုတို့ပါဝင်ဖွဲ့စည်းထားကာ အတွင်းရေးမှူးအဖြစ် စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က တာဝန်ယူရပြီး အလုပ်အကိုင်ဖန်တီးမှု မဟာဗျူဟာ လုပ်ငန်းစဉ်များကို သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်လျက်ရှိပါသည်။ အလုပ်အကိုင် ဖန်တီးပေးနိုင်မှုကဏ္ဍဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေး အဖွဲ့၏ ပထမအကြိမ်လုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ၂၀၁၇ ခုနှစ် ဒီဇင်ဘာလက စတင်ကျင်းပခဲ့ပြီး ၃/၂၀၁၈ အစည်းအဝေးကို ၂၀၁၈ ခုနှစ် အောက်တိုဘာလ ၂၉ ရက်က နေပြည်တော် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၌ ကျင်းပ ပြုလုပ်ရာ မြန်မာနိုင်ငံ၌ အလုပ်အကိုင်အခွင့်အလမ်းများဖန်တီးပေးနိုင်ရေး ဦးစားပေး ကဏ္ဍခွဲအလိုက် အဖွဲ့ခွဲ ၄၇ ဖွဲ့အား ဦးစီးဌာနအသီးသီး၏ ညွှန်ကြားရေးမှူးချုပ်များက ဥက္ကဋ္ဌအဖြစ် တာဝန်ယူဖွဲ့စည်းခဲ့ပြီး ဖွံ့ဖြိုးမှုမိတ်ဖက် အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မည့်လုပ်ငန်း အစီအစဉ်များနှင့် ပတ်သက်၍ ညှိနှိုင်းဆွေးနွေးခဲ့ပါသည်။

## အလုပ်အကိုင်ဖန်တီးပေးနိုင်ရန်အတွက် အထောက်အကူပြုမည့် အချက်များ

လူသားအရင်းအမြစ်များအား စွမ်းရည်မြင့်မားစွာ အသုံးချနိုင်ရန် အရေးကြီးပြီး မြန်မာနိုင်ငံ၏ လုပ်သားအင်အားစုအခြေအနေ အလုပ်လုပ်နိုင်သောဦးရေသည် စုစုပေါင်းလူဦးရေ၏ ၆၅ ရာခိုင်နှုန်းခန့် ဖြစ်သောကြောင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် လုပ်သားအင်အားကြွယ်ဝသည့် အားသာချက်ကို ပိုင်ဆိုင်ထားကြောင်း သိရပါသည်။ ကျေးလက်ဒေသများ၌ လုပ်အားခများနိမ့်ကျပြီး ဆင်းရဲခြင်း၊ အလုပ်အကိုင် ရှားပါးခြင်းတို့ကြောင့် ကျေးလက်နေပြည်သူများသည် မြို့ပြများသို့လည်းကောင်း၊ ပြည်ပသို့လည်းကောင်း ရွှေ့ပြောင်းလျက်ရှိသည်ကိုတွေ့ရပါသည်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍ၊ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများနှင့် အထည်ချုပ်လုပ်ငန်း စသည့် ကုန်ထုတ်လုပ်မှုကဏ္ဍတို့သည် အလုပ်အကိုင် အခွင့်အလမ်းအတွက် အဓိကကျ၍ ထိုလုပ်ငန်းကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ဆောင်ရွက်ခြင်း၊ ပြည်တွင်းစက်မှုဇုန်များကို အပြည့်အဝ အကောင်အထည်ဖော်ဆောင်ခြင်း၊ ခရီးသွားလုပ်ငန်း၊ ကုန်သွယ်ရေး၊ ဆောက်လုပ်ရေး၊ သတင်းအချက်အလက်နှင့် နည်းပညာ လုပ်ငန်းများ ဖွံ့ဖြိုးစေခြင်းဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ တိုးပွားလာမည် ဖြစ်ပါသည်။ သီလဝါစီးပွားရေးဇုန်သည် ၂၀၂၀ ပြည့်နှစ်တွင် စွမ်းအားပြည့်လုပ်ကိုင်နိုင်ပြီး အလုပ်အကိုင်ပေါင်း ၄၀၀၀၀ ကျော်ကို ဖန်တီးပေးနိုင်မည်ဟု ခန့်မှန်းရကြောင်းသိရပါသည်။

အလုပ်အကိုင်ဖန်တီးပေးနိုင်ရန်အတွက် အထောက်အကူပြုမည့် အချက်များမှာ အသက်မွေးဝမ်းကျောင်းသင်တန်းများ ပေးခြင်း၊ ထောက်ပံ့ရေးနှင့် ပို့ဆောင်ရေးလုပ်ငန်းများဖွံ့ဖြိုးစေခြင်း၊ စီးပွားရေးလုပ်ငန်းများ ရှင်သန်ကြီးထွားနိုင်မည့်ဝန်းကျင်ကိုဖန်တီးခြင်း၊ လုပ်သာကိုင်သာရှိသော ရင်းနှီးမြှုပ်နှံမှု အခြေအနေကို ဖော်ဆောင်ပေးခြင်း၊ သာယာသည့်လုပ်ငန်းခွင် ဖြစ်ပေါ်စေခြင်းနှင့် အလုပ်ရှင် အလုပ်သမားဆက်ဆံရေးကို တိုးတက်စေခြင်းတို့ဖြစ်ကြောင်း သိရသည်။ အလုပ်အကိုင်အခွင့်အလမ်း များသည် တိုင်းပြည်၏ စီးပွားရေးပွင့်လင်းလာမှုများအပေါ် လည်း မူတည်လျက်ရှိသည်။ လက်ရှိစီးပွားရေးလုပ်ငန်းများသည် မိရိုးဖလာရှေးရိုးစွဲလုပ်ငန်းများဖြစ်ပြီး ခေတ်အမြင် မပြောင်းလဲနိုင်သဖြင့် ဆက်လက် ရှင်သန်ဖို့၊ ပိုမိုကြီးထွားဖို့ နည်းစနစ်များ၊ ပြည်တွင်း/ပြည်ပ အချိတ်အဆက်များလည်း လိုအပ်လျက်ရှိသည်ကို တွေ့ရသည်။ ရေနက်ဆိပ်ကမ်းများ၊ အထူးစီးပွားရေးဇုန်များ ဖော်ထုတ်ရာတွင် ပြည်ပကုမ္ပဏီများနှင့် သဘောတူစာချုပ်၍ အကျိုးတူဆောင်ရွက်ကြသော်လည်း အချို့ပြည်ပကုမ္ပဏီများသည် မြန်မာ လုပ်သားများကိုအသုံးမပြုဘဲ သူတို့နိုင်ငံမှ လုပ်သားများကို သာသုံးစွဲခြင်းများကြောင့် မြန်မာလုပ်သားများ အလုပ်အကိုင်အခွင့်အလမ်းမရသည်များကို တွေ့ရရာ နည်းပညာကျွမ်းကျင် လုပ်သားမှလွဲ၍ မြန်မာလုပ်သားများကိုသာ အသုံးပြုရန် သဘောတူညီချက်ထားရှိရန်လိုအပ်သလို မြန်မာလုပ်သားများ ဘက်ကလည်း ကျွမ်းကျင်မှုမရှိလျှင် အလုပ်အကိုင်အခွင့်အလမ်းများသည် အကန့်အသတ်ဖြင့်သာ ရရှိနိုင်မည်ဖြစ်ကြောင်း သိရှိကာ ကျွမ်းကျင်မှုရှိအောင် ကြိုးစားထားသင့်ပါသည်။ ပြည်ပရင်းနှီးမြှုပ်နှံမှုဖြင့် ဝင်ရောက်လာသည့် နိုင်ငံတကာကုမ္ပဏီကြီးများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများတွင် အလုပ်လျှောက်ထားသည့်အခါ ပညာအရည်အချင်းကို အဓိကဦးစားပေးသလို ပြင်ပကလျှောက်ထားသူများထက် ဝန်ထမ်းအချင်းချင်းက ထောက်ခံပေးသည့်သူများကို ယုံကြည်စိတ်ချစွာ ပိုမိုခန့်ထားသည်များလည်း ရှိသည်။

## ကျွမ်းကျင်လုပ်သားများအဖြစ် လေ့ကျင့်ပျိုးထောင်

အဆင့်မြင့်ပညာတတ်များနှင့် ကိုက်ညီသည့် အလုပ်အကိုင်များကို အခွင့်အလမ်းရရှိပါက လုပ်ခ လစာနှုန်းထားများ မြင့်မားစွာ ရရှိမည်ဖြစ်သလို အလုပ်ရှင်များဘက်ကလည်း လစာပေးရတာနှင့် ကိုက်ညီသည့် လုပ်အားကို လိုချင်ကြသည်သာဖြစ်သည်။ အလုပ်အကိုင်အခွင့်အလမ်းရရှိရေးသည် လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တိုက်ရိုက် ဆက်စပ်နေသဖြင့် ကျွမ်းကျင်လုပ်သားများအဖြစ် လေ့ကျင့်ပျိုးထောင်ရေး၊ လုပ်ငန်းခွင်ဆိုင်ရာ နည်းပညာများ ပံ့ပိုးပေးရေးသည် အရေးပါသောကြောင့် ပုဂ္ဂလိက သင်တန်းများရှိသလို အစိုးရကဏ္ဍဘက်ကလည်း ဌာနပေါင်းစုံမှ သက်ဆိုင်သည့် ပညာရပ်အသီးသီးကို သင်တန်းကျောင်းများ ဖွင့်လှစ်ပို့ချပေးလျက်ရှိပါသည်။ နယ်စပ်ရေးရာဝန်ကြီးဌာနသည် တိုင်းရင်းသားဖွံ့ဖြိုးရေးတက္ကသိုလ်များ၊ အိမ်တွင်းမှုအတတ်သင်ကျောင်းများ ဖွင့်လှစ်ထားခြင်း၊ စက်မှုဝန်ကြီးဌာနသည် စက်မှုလက်မှုသင်တန်းကျောင်းများ ဖွင့်လှစ်ထားခြင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် ရက်ကန်းနှင့် အသက်မွေးဝမ်းကျောင်းသင်တန်းများ ဖွင့်လှစ်ထားခြင်း၊ နည်းပညာ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ နည်းပညာအထက်တန်းကျောင်းများ၊ အစိုးရ စက်မှုသိပ္ပံကျောင်းများ ဖွင့်လှစ်ထားခြင်း၊ အခြားဌာနဆိုင်ရာ အသီးသီးကလည်း သက်ဆိုင်ရာနည်းပညာပေးသင်တန်းများ ဖွင့်လှစ်ပေးခြင်းတို့ဖြင့် ဘာသာရပ်နှင့်ဆိုင်သည့် ကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးလျက်ရှိကာ ဌာနဆိုင်ရာ အလုပ်ဝင်ရောက်မှုများ၊ ပြင်ပလုပ်ငန်းများအတွက်လည်း ချိတ်ဆက်ဆောင်ရွက်ပေးလျက် ရှိပါသည်။

## အလုပ်အကိုင် အခွင့်အလမ်းပြပွဲများနှင့် အလုပ်အကိုင်ရှာဖွေပေးရေး လုပ်ငန်းများ

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက အစိုးရနှင့် ပုဂ္ဂလိက လုပ်ငန်းများ၌ အလုပ်အကိုင်ခန့်ထားနိုင်မှု အခြေအနေပြဇယားကို လစဉ်ထုတ်ပြန်ပေးလျက် ရှိသည့်အတွက် အလုပ်ခန့်ထားပြီးသည့် အခြေအနေများ၊ အလုပ်လက်မဲ့လျော့ကျသွားမှုအခြေအနေများကို လေ့လာနိုင်ကြောင်း သိရသော်လည်း အလုပ်အကိုင်နှင့်ပတ်သက်သော သတင်းအချက်အလက်များ ကောက်ယူရန်နှင့် အလုပ်အကိုင်ဖန်တီးမှုဆိုင်ရာ ပံ့ပိုးမှုစနစ်များ တည်ထောင်နိုင်ရေး ညှိနှိုင်း ဆောင်ရွက်ကြရန် လိုအပ်နေသေးကြောင်း ဆွေးနွေးလျက်ရှိသည်။ အလုပ်အကိုင်ဖန်တီးမှုကဏ္ဍတွင် ရိုးရိုးလုပ်သားဖြစ်ဖြစ်၊ ကျွမ်းကျင်လုပ်သားဖြစ်ဖြစ် အလုပ်လိုအပ်နေသည့်သူများနှင့် လုပ်သားလိုအပ်နေသည့် အလုပ်ရှင်များကို ချိတ်ဆက်ပေးနိုင်ရေးသည်လည်း လိုအပ်ချက်တစ်ရပ်ဖြစ်သည်။ ထိုသို့ချိတ်ဆက်ပေးနိုင်ရန်အတွက် ရည်ရွယ်၍ အလုပ်အကိုင်အခွင့်အလမ်းပြပွဲ Job Fair များကို အလုပ်သမားညွှန်ကြားမှု ဦးစီးဌာနက ကြီးမှူး၍ဆောင်ရွက်လျက်ရှိသလို တက္ကသိုလ်မှ ဘွဲ့ရပြီးသည်နှင့် လုပ်ငန်းခွင်အဆင်သင့် ဝင်ရောက်နိုင်ရေးအတွက် အလုပ်ခန့်ထားပေးနိုင်သည့် ကုမ္ပဏီလုပ်ငန်းရှင်များ၊ အလုပ်အကိုင်ရှာဖွေရေး အင်ဂျင်စီများနှင့်ပူးပေါင်း၍ စီးပွားရေးတက္ကသိုလ်၊ သမဝါယမ တက္ကသိုလ်များမှာ နှစ်စဉ် Job Fair များ ပြုလုပ်ပေးလျက်ရှိသည်ကို တွေ့ရသည်။ ပြည်တွင်းအလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ရရှိစေရေးအတွက် အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးလုပ်ငန်း ဆောင်ရွက်လိုသည့် ကုမ္ပဏီများကို ပြည်တွင်း အလုပ်အကိုင်ရှာဖွေရေး အကျိုးဆောင်လိုင်စင်များ ခွင့်ပြုချထားပေးလျက်ရှိရာ ထိုအကျိုးဆောင်အေဂျင်စီများသို့ အလုပ်အကိုင်ရရှိရေးအတွက် လျှောက်ထားသူများ နေ့စဉ်များပြားလျက်ရှိကြောင်း သိရပါသည်။

## အလုပ်အကိုင်ပေးနိုင်မှုအား လေ့လာဆန်းစစ်မှုများ လုပ်ဆောင်ရန်လို

အစိုးရပိုင်းလုပ်ဆောင်ချက်များသာမက ပုဂ္ဂလိကကဏ္ဍဦးဆောင်ဖြစ်သော မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၏ ပေါင်းစပ်ဆောင်ရွက်မှုသည်လည်း အရေးကြီးလျက်ရှိပါသည်။ UMFCCI တွင် အလုပ်သမားရေးရာဌာနခွဲကနေ အလုပ်ရှင်များကိုယ်စား အစည်းအဝေးများကျင်းပ၍ အလုပ်သမားရေးရာကိစ္စများ တိုးတက်ကောင်းမွန်ရေးအတွက် အကြံပေးဆွေးနွေးခြင်းနှင့် အကောင်အထည်ဖော်ခြင်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရပါသည်။ အလုပ်ခန့်ထားမှု ဆိုင်ရာသဘောတူ စာချုပ်များချုပ်ဆိုရာတွင် ဥပဒေနှင့် သွေဖည်ခြင်းမရှိဘဲ လုပ်ငန်းသဘာဝနှင့် ဆီလျော်ကိုက်ညီအောင် ထည့်သွင်းချုပ်ဆိုခွင့်ရရှိရေးများကိုလည်း ဆွေးနွေးညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ ခေတ်နှင့်လျော်ညီသည့် အဆင့်မီ စက်မှုပစ္စည်းများ အဆင့်မြှင့်တင် ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ နိုင်ငံတကာတွင် စက်မှုပြောင်းလဲကာ ဖွံ့ဖြိုးတိုးတက်ခဲ့ကြသော်လည်း အလုပ်လက်မဲ့များမဖြစ်အောင် ဆောင်ရွက်ခဲ့ကြသည့် နမူနာကိုယူကာ စက်မှုပြောင်းသဖြင့် လူအား အလုပ်အကိုင်ရှားပါးသည်ဆိုသည့်အားနည်းချက်ကိုကျော်လွှား၍ လုပ်သားများ၏ လုပ်ချင်ကိုင်ချင်စိတ်များ အားသာချက်ဖြစ်အောင် ဖော်ဆောင်ကြရပါမည်။

အလုပ်အကိုင်ဖန်တီးပေးနိုင်ရေးကို အစိုးရပိုင်းက ဦးစားပေးလုပ်ငန်းတွေထဲကတစ်ခုအဖြစ် ဆောင်ရွက်နေပြီး အလုပ်သမားဥပဒေပြဋ္ဌာန်းချက်များကို လိုက်လျောညီထွေဖြစ်စေရေးနဲ့ ရွှေ့ပြောင်း အလုပ်သမားအရေးတွေကိုလည်း အဓိကထား ဆောင်ရွက်လျက်ကာ အလုပ်သမားကာကွယ်ပေးရေး၊ အလုပ်သမားထုရဲ့စွမ်းရည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူမှုဖူလုံရေးစနစ်အားကောင်းရေးတို့ကို ဆောင်ရွက်လျက်ရှိပါသည်။ အလုပ်ရှင်နှင့် အလုပ်သမားကြား ညှိနှိုင်းမပြေလည်မှုများနှင့် မိမိဘက် အကျိုးစီးပွားနစ်နာမည် စိုးရိမ်သဖြင့် ကြိုတင်ကာကွယ်မှုများကြောင့် ကန့်သတ်ချက်များ များပြားနေခြင်းတို့သည် အလုပ်အကိုင်အခွင့်အလမ်းကို ပိတ်ဆို့နေရုံမက နိုင်ငံစီးပွားရေး ဖွံ့ဖြိုးတိုးတက်ရန်အတွက် အတားအဆီးတစ်ရပ် ဖြစ်နေသည်ကို တွေ့ရသဖြင့် အလုပ်သမားရော အလုပ်ရှင်များပါ မိမိဖွံ့ဖြိုးတိုးတက်ရန်အပြင် မိမိနိုင်ငံစီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် အတူတကွ ကြိုးစားဆောင်ရွက်ကြမည်ဆိုသည့် အယူအဆအခြေခံ စိတ်ထားများ ထားရှိကြရန်လိုပါသည်။ အစိုးရကဏ္ဍဘက်ကလည်း စီမံခန့်ခွဲမှုကောင်းမွန်စွာဖြင့် လုပ်ငန်းကဏ္ဍအစုံတွင် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ လုပ်သား ပြည်သူများကိုလည်း ပါဝင်ရန် စည်းရုံးဆောင်ရွက်ခြင်း၊ ဒေသဆိုင်ရာအစိုးရအဖွဲ့နှင့် သက်ဆိုင်ရာဌာန အသီးသီး၏ပံ့ပိုးဆောင်ရွက်ခြင်းများဖြင့် အလုပ်အကိုင် ဖန်တီးပေးနိုင်မှုကဏ္ဍဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှုများသည် နိုင်ငံစီးပွား ဖွံ့ဖြိုးတိုးတက်ရေး၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အထောက်အကူပြုလျက် ရှိပါကြောင်း သိရှိရပါသည်။

■

# အိန္ဒိယ-အာဆီယံစီးပွားရေးစင်္ကြံလမ်းအတွက် ကုလားတန်မြစ်ကြောင်း ဘက်စုံသယ်ယူပို့ဆောင်ရေးစီမံကိန်း

အိန္ဒိယနိုင်ငံသည် မြန်မာနိုင်ငံနှင့်ထိစပ်နေသော နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံသို့ အိန္ဒိယ-မြန်မာချစ်ကြည်ရေး စီမံကိန်းအစီအစဉ်အရ အထောက်အပံ့ရန်ပုံငွေများ ပေးအပ်နေသည်။ ယင်းအထောက်အပံ့ ငွေကြေးများကို နှစ်နိုင်ငံနယ်စပ်ဒေသများဖြစ်သော ချင်းပြည်နယ်နှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများအတွက် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုနေပြီဖြစ်သည်။ အိန္ဒိယနိုင်ငံသည် နှစ်နိုင်ငံ နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းအကောင်အထည်ဖော်ရေး အထောက်အပံ့ပေးမည့် နားလည်မှုစာချွန်လွှာကို ၂၀၁၂ ခုနှစ် မေ ၂၈ ရက်တွင် နှစ်နိုင်ငံလက်မှတ် ရေးထိုးခဲ့သည်။ နားလည်မှုစာချွန်လွှာအရ အိန္ဒိယက မြန်မာသို့ အထောက်အပံ့ငွေ အမေရိကန် ဒေါ်လာငါးသန်းစီကို ငါးကြိမ်ခွဲကာ စုစုပေါင်း ဒေါ်လာ ၂၅ သန်း ထောက်ပံ့ကူညီမည်ဖြစ်သည်။

ပထမအကြိမ် ထောက်ပံ့ငွေဒေါ်လာငါးသန်းဖြင့် နှစ်နိုင်ငံနယ်စပ်ဒေသများဖြစ်သော ချင်းပြည်နယ်နှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသများ၌ လမ်း၊ တံတားလုပ်ငန်း ရှစ်ခု၊ အခြေခံပညာကျောင်း ၂၀ ကျောင်း၊ ကျန်းမာရေးလုပ်ငန်း ၁၇ ခု စုစုပေါင်း စီမံကိန်းလုပ်ငန်း ၄၆ ခု ဆောင်ရွက်ခဲ့သည်။ ယင်းစီမံကိန်းလုပ်ငန်းအားလုံး ၂၀၁၅ ခုနှစ်တွင် အပြီးအစီးဆောင်ရွက်နိုင်ခဲ့သည်။ ဒုတိယအကြိမ်ထောက်ပံ့ငွေ ဒေါ်လာငါးသန်း(ဒေါ်လာ ၄ ဒသမ ၉၄၈၅ သန်း) ကိုလည်း ချင်းပြည်နယ်နှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများ၌ လမ်း၊ တံတားတည်ဆောက်ရေးလုပ်ငန်း ၂၀ ခု၊ အခြေခံပညာကျောင်း ၁၁ ကျောင်း စုစုပေါင်း စီမံကိန်းလုပ်ငန်း ၃၁ ခုဆောင်ရွက်ခဲ့သည်။ ယင်းစီမံကိန်းလုပ်ငန်းအားလုံး ယခု ၂၀၁၈ ခုနှစ်အတွင်း အပြီးအစီးဆောင်ရွက်ပြီးလည်းဖြစ်သည်။ တတိယအကြိမ်ထောက်ပံ့လာမည့်ဒေါ်လာငါးသန်းအတွက် ဆောင်ရွက်မည့်လုပ်ငန်းများလည်း ကြိုတင်ရေးဆွဲပြီး ဖြစ်သည်။ ယင်းတတိယအကြိမ် ထောက်ပံ့ငွေ ဒေါ်လာငါးသန်းဖြင့် ချင်းပြည်နယ်နှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများ၌ လမ်း၊ တံတားလုပ်ငန်း ၂၃ ခု၊ အခြေခံပညာကျောင်း ၁၁ ကျောင်း၊ ကျန်းမာရေးလုပ်ငန်းတစ်ခု စုစုပေါင်း စီမံကိန်းလုပ်ငန်း ၃၅ ခု ဆောင်ရွက်မည်ဖြစ်သည်။ ယင်းလုပ်ငန်းများ ၂၀၁၈ ခုနှစ်အတွင်း ဆောင်လည်း ဆောင်ရွက်နေပြီ။ ယခုလုပ်ငန်းအားလုံး၏ ၇၅ ရာခိုင်နှုန်းနီးပါးပြီးစီးနေပြီဟုလည်း သိရသည်။ ဤသို့ဖြင့် စတုတ္ထအကြိမ်၊ ပဉ္စမအကြိမ်ထောက်ပံ့ ငွေများလည်း ဆက်တိုက်ပေးအပ်သွားမည်ဖြစ်သည်။ အိန္ဒိယ- မြန်မာနယ်စပ် ချင်းပြည်နယ်နှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအချို့သည် အတော်လေးဖွံ့ဖြိုးမှု နောက်ကျနေ၏။ အထူးသဖြင့် လမ်းပန်းဆက်သွယ်ရေး၊ အခြေခံ အဆောက်အအုံများ များစွာလိုအပ်နေသည်။ အိန္ဒိယနိုင်ငံသည် နှစ်နိုင်ငံနယ်စပ်ဒေသများ ဖွံ့ဖြိုးရေး အထူးအာရုံစိုက်နေခြင်းမှာ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံရေးလုပ်ငန်းများတွင် အထောက်အကူပြုစေရေးအတွက်ဖြစ်သည်။ နှစ်နိုင်ငံနယ်စပ်ဒေသများ တည်ငြိမ်အေးချမ်းမည်။ ဒေသခံပြည်သူများ လူနေမှုအဆင့်ဖွံ့ဖြိုးရမည်။ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ချောမွေ့မည်။ စီးပွားရေးလုပ်ငန်းများအတွက် အခြေခံအဆောက်အအုံများ အဆင့်မီမီတည်ရှိနေမည်ဆိုလျှင် ရင်းနှီးမြှုပ်နှံရေးကို များစွာ အထောက်အကူပြုစေပါသည်။ အိန္ဒိယနိုင်ငံသည် မြန်မာနိုင်ငံနှင့်အကျိုးတူပူးပေါင်းပြီး စီးပွားရေး စင်္ကြံတစ်ခု ဖော်ဆောင်ရန် အစီအစဉ်ရှိထားသည်။ ယင်းစီးပွားရေးစင်္ကြံလမ်းကိုလည်း အိန္ဒိယ-အာဆီယံစီးပွားရေးစင်္ကြံဟု အမည်ပေးထားသည်။

ယင်း အိန္ဒိယ-အာဆီယံစီးပွားရေးစင်္ကြံလမ်း ပေါ်ပေါက်ရေးအတွက် အိန္ဒိယနိုင်ငံသည် လောလောဆယ်တွင် ချင်းပြည်နယ်ပလက်ဝမြို့နယ်က စတင်မည်ဖြစ်သော ကုလားတန်မြစ်ကြောင်း ဘက်စုံသုံး သယ်ယူပို့ဆောင်ရေးစီမံကိန်းကို အကောင်အထည်ဖော်ဖို့ နှစ်နိုင်ငံ စီစဉ် စိုင်းပြင်းနေသည်။ မြန်မာနိုင်ငံကလည်း ယင်းစီမံကိန်းကို ပူးတွဲအကောင်အထည်ဖော်ရန် သဘောတူညီပြီး ဖြစ်သည်။ ကုလားတန်မြစ်ကြောင်းဘက်စုံသုံး သယ်ယူပို့ဆောင်ရေးစီမံကိန်းသည် အိန္ဒိယနိုင်ငံအဖို့ မြန်မာနိုင်ငံကတစ်ဆင့် အာဆီယံသို့အဆက်အသွယ်ပြုရာတွင် အဓိကကျသော လမ်းကြောင်းတစ်ကြောင်းဖြစ်သည်။ အိန္ဒိယသည် အာဆီယံနှင့် ချိတ်ဆက်ချင်လျှင် ချင်းပြည်နယ်အတွင်းရှိ ကုလားတန်မြစ်ကို မလွှဲမသွေအသုံးချရမည်။ ကုလားတန်မြစ်သည် ချင်းပြည်နယ်နှင့်ရခိုင်ပြည်နယ်များကို ဖြတ်သန်းစီးဆင်းပြီး အဆုံးတွင် စစ်တွေဆိပ်ကမ်းသို့ရောက်ကာ ဘင်္ဂလားပင်လယ် အော်တွင်းသို့စီးဝင်သွားသည်။ ထို့ကြောင့် အာဆီယံ ဒေသနိုင်ငံများနှင့်ထိတွေ့ဆက်ဆံကုန်သွယ်မှု ပြုလုပ်ချင်လျှင် ကုလားတန်မြစ်ကြောင်းတစ်လျှောက်ကို အသုံးပြုပြီး စစ်တွေဆိပ်ကမ်းတွင် ကုန်အတင်အချပြုလုပ်တစ်ဆင့်ပြောင်း သယ်ယူပို့ဆောင်ရေးပြုလုပ်ရမည်ဖြစ်သည်။ ထို့ကြောင့် စစ်တွေတွင် ပင်လယ်ရေနက်ဆိပ်ကမ်းတည်ဆောက်ရမည်။ ပလက်ဝတွင်လည်း ပြည်တွင်း ဆိပ်ကမ်းတစ်ခု ဆောက်လုပ်ရမည်။ ထို့ကြောင့် စီမံကိန်းရေးဆွဲချမှတ်ရမည်။ ယခုကုလားတန်မြစ်ကြောင်း ဘက်စုံသုံး

**မောင်လွင်ပြင်**

သယ်ယူပို့ဆောင်ရေး စီမံကိန်းက ယင်း တည်ဆောက်ရေးလုပ်ငန်းများကို ထည့်သွင်း ပါဝင်ဆောင်ရွက်သွားမည်။ သို့ဖြစ်ရာ ယခုလပိုင်းများတွင် ကုလားတန်မြစ်ကြောင်း စီမံကိန်းဖော်ဆောင်ရေးအတွက် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်နိုင်ရန် ပြင်ဆင်နေပြီ ဖြစ်သည်။ ယင်းကိစ္စများနှင့်ပတ်သက်၍ ချင်းပြည်နယ် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာမင်းဇော်ဦးက ယခုလို ပြောကြားထားသည်။ "ချင်းပြည်နယ် ပလက်ဝဘက်မှာ အိန္ဒိယက ဆောင်ရွက်တဲ့ ကုလားတန်မြစ်ကြောင်း ဘက်စုံ စီမံကိန်းအရ ပလက်ဝမှာ Deep Seaport (ပင်လယ်ရေနက်ဆိပ်ကမ်း) ရှိတယ်။ Deep Seaport က စစ်တွေကနေ ဟိုဘက်ထွက်လိုက်ရင် ဘင်္ဂလားပင်လယ်အော်၊ အဲဒီကနေ အိန္ဒိယဘက်ကို ပင်လယ်ထွက်ပေါက်ပေါ့။ ဒါကလည်း အိန္ဒိယရဲ့အရှေ့ကို ကြည့်မျှော်ပေါ်လစီပေါ့။ သူကလည်း ချင်းပြည်နယ်ကနေ လုံးဝကို ဖြတ်သွားတာဖြစ်တဲ့ အတွက် ကျွန်တော်တို့က ဒီလမ်းကြောင်းကို အကောင်းဆုံးအသုံးချရမယ်"ဟု ဆိုသည်။


ချင်းပြည်နယ် ဒေသန္တရစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးမှုအတွက် စိန်ခေါ်မှုနှင့် အခွင့်အလမ်းများ အစီရင်ခံစာတွင်လည်း အိန္ဒိယနိုင်ငံနှင့်ပူးပေါင်းဆောင်ရွက်နေသည့် ကုလားတန်မြစ်ကြောင်း ဘက်စုံသုံးသယ်ယူပို့ဆောင်ရေးစီမံကိန်း (Kaladon multi-modal Transit Transport Project) သည် မြန်မာနှင့် အိန္ဒိယနှစ်နိုင်ငံအကြား သွားလာဆက်သွယ်မှု လွယ်ကူချောမွေ့မှုမှတစ်ဆင့် နှစ်နိုင်ငံကုန်သွယ်ရေးမြှင့်တင်နိုင်မည် မျှော်လင့်ထားသည်ဟု ဖော်ပြထားသည်။ ထို့ကြောင့် မြန်မာနိုင်ငံက အိန္ဒိယသို့ဘာထုတ်ကုန်များ တင်ပို့မည်လဲ။ အိန္ဒိယကဘာပစ္စည်းများ တင်သွင်းမည်လဲ စသည်တို့ကို စဉ်းစားပြီး ရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်ရမည်။ ရင်းနှီးမြှုပ်နှံမည့် လုပ်ငန်းရှင်များအနေဖြင့်လည်း နှစ်နိုင်ငံပို့ကုန်သွင်းကုန်အခြေအနေကိုကြည့်ပြီး မည်သည့်နေရာတွင် ရင်းနှီးမြှုပ်နှံရမည်လဲဆိုသည်ကိုလည်း စဉ်းစားဆောင်ရွက်နိုင်ရန်လိုမည်ဟု ဒေါက်တာမင်းဇော်ဦးက ပြောကြားထားပါသေးသည်။ ချင်းပြည်နယ် တောင်ပိုင်း ပလက်ဝမြို့နယ်သည် နယ်စပ်ကုန်သွယ်ရေးအတွက် အလားအလာကောင်းသည့် ဒေသဖြစ်သည်။ လောလောဆယ်တော့ ချင်းပြည်နယ်သည် မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးမှုအနည်းဆုံး ပြည်နယ်တစ်ခု ဖြစ်နေသေးသည်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အထိ ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုဝင်ရောက်ခြင်း မရှိသေးသော ပြည်နယ် Zero Investment ပြည်နယ်အဖြစ် ရပ်တည်နေသည့်ပြည်နယ်ဖြစ်သည်။

အောက်တိုဘာ ၂၂ ရက်ကတော့ နေပြည်တော် Hilton Hotel ၌ ကုလားတန်မြစ်ကြောင်း စီမံကိန်းတွင်ပါဝင်သည့် စစ်တွေဆိပ်ကမ်းအပါအဝင် ဆိပ်ကမ်းနှင့်အဆောက်အအုံများ စီမံခန့်ခွဲခြင်းလုပ်ငန်းများလုပ်ကိုင်ရန် ပုဂ္ဂလိကဆိပ်ကမ်းဝန်ဆောင်မှုကုမ္ပဏီရွေးချယ်ရေး နှစ်နိုင်ငံသဘောတူလက်မှတ်ရေးထိုးခဲ့သည်။ ပုဂ္ဂလိကဆိပ်ကမ်းဝန်ဆောင်မှု ကုမ္ပဏီရွေးချယ်ရာတွင် အိန္ဒိယကုမ္ပဏီဖြစ်စေ၊ အိန္ဒိယနှင့်မြန်မာဖက်စပ်ကုမ္ပဏီဖြစ်စေရွေးချယ်သွားမည်ဟု သိရသည်။ ယင်းအတွက် ကုမ္ပဏီ ရွေးချယ်ရေးတင်ဒါခေါ်ယူခြင်းကို ယခုနှစ် ဒီဇင်ဘာလအတွင်း ဆောင်ရွက်မည် ဖြစ်သည်။ ကုလားတန်မြစ်ကြောင်း ဘက်စုံသုံး သယ်ယူပို့ဆောင်ရေးစီမံကိန်းတွင် စစ်တွေပင် လယ်ရေနက်ဆိပ်ကမ်းတည်ဆောက်ခြင်း၊ ပလက်ဝပြည်တွင်းရေကြောင်း ဆိပ်ကမ်းတည်ဆောက်ခြင်း၊ ဆိပ်ကမ်းနှင့်ဆက်စပ်ပစ္စည်းများ၊ အဆောက်အအုံများ စီမံခန့်ခွဲထိန်းသိမ်းခြင်း စသည့် လုပ်ငန်းများ ပါဝင်မည်ဖြစ်သည်။ ယင်းကိစ္စများအတွက် နှစ်နိုင်ငံသဘောတူစာချုပ်များ လက်မှတ်ရေးထိုးပြီးလည်း ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။

■

**Commerce ကာတွန်း**





## နိုဝင်ဘာလအတွင်း ရော်ဘာတန်ချိန် တစ်သောင်းလေးထောင်ကျော်တင်ပို့

နိုဝင်ဘာ ၂၄ ရက်မှ ၃၀ ရက်အထိ သီတင်းပတ်အတွင်း မြန်မာ-တရုတ် နယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၇၄၀ သန်း တန်ဖိုးရှိရော်ဘာ ၁၄၂၈ တန်ကျော်တင်ပို့ခဲ့ကြောင်း သိရပါတယ်။ စခန်းအလိုက် တင်ပို့မှုများမှာ မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ RSS-1 အမျိုးအစား ၃၃ တန်၊ RSS-3 အမျိုးအစား ၁၁၃၅ တန်၊ RSS- 5 အမျိုးအစား ၃၁ တန်ကျော်နဲ့ MSR-20 အမျိုးအစားတန်ချိန် ၁၀၀၊ ကန်ပိုက်တီ ကုန်သွယ်ရေးစခန်းမှ RSS-4 အမျိုး အစားတန်ချိန် ၃၀၊ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ concentrate Latex 60 % DRC အမျိုးအစား ၉၉ တန်တင်ပို့ခဲ့ပါတယ်။ နိုဝင်ဘာလအတွင်းမှာ ကုန်သွယ်ရေးစခန်းများမှ အမေရိကန်ဒေါ် လာ ၁၃ ဒသမ ၆၄၅ သန်းတန်ဖိုးရှိ ရော်ဘာ ၁၀၉၇၇ တန်ကျော်တင်ပို့ခဲ့ ပြီး အောက်တိုဘာလတင်ပို့မှုနဲ့နှိုင်းယှဉ်ပါက ၃၀၃၈ တန်ပိုမိုတင်ပို့ခဲ့ကြောင်း သိရပါတယ်။ ယခုတစ်ပတ် မူဆယ် ကုန်စည်ဒိုင်ရဲ့ ရော်ဘာပေါက်စျေးမှာ RSS- 3 တစ်တန်လျှင် ကျပ် ၁၇ ဒသမ ၅၄၂ သိန်းရှိပြီး ယခင်တစ်ပတ် စျေးနဲ့နှိုင်းယှဉ်ပါက တစ်တန်ကို ၁၃၉၅၄ ကျပ် စျေးကျကြောင်း သိရပါတယ်။

နိုဝင်ဘာ ၂၅ ရက်မှ ဒီဇင်ဘာ ၁ ရက်အထိ သီတင်းပတ်အတွင်း ရေကြောင်း ကုန်သွယ်မှုမှ အမေရိကန် ဒေါ်လာ ၂ ဒသမ ၂၂၀ သန်းတန်ဖိုးရှိရော်ဘာအဆင့်စုံ ၁၈၁၃ တန်တင်ပို့ခဲ့ ကြောင်း သိရပါတယ်။ ယခုတစ်ပတ် ရော်ဘာတင်ပို့မှုများမှာ မလေးရှားနိုင်ငံသို့ RSS-3 အမျိုးအစား ၄၃၂ တန်၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ RSS-1 အမျိုးအစားတန်ချိန် ၂၀ ကျော်၊ ဂျပန်နိုင်ငံသို့ MSR -20 အမျိုးအစား တန်ချိန် ၃၉၂ တန်၊ တရုတ်နိုင်ငံသို့ Synthetic Rubber အမျိုးအစား ၈၁၂ တန်၊ ဗီယက်နမ်နိုင်ငံသို့ ၁၇ တန်နဲ့ အီးယူနိုင်ငံသို့ TSR - 20 အမျိုးအစား တန်ချိန် ၄၀ ကျော်နဲ့ အိန္ဒိယနိုင်ငံသို့ MSR- 20 အမျိုးအစားတန်ချိန် ၁၀၀ ကျော်တင်ပို့ခဲ့ပါတယ်။ နိုဝင်ဘာလအတွင်းမှာ ရေ ကြောင်းမှအမေရိကန်ဒေါ်လာ ၄ ဒသမ ၂၆၁ သန်းတန်ဖိုးရှိ ရော်ဘာ ၃၃၂၃ တန်တင်ပို့ခဲ့ပြီး အနီးစပ်ဆုံး အောက်တိုဘာလတင်ပို့မှုနဲ့နှိုင်းယှဉ်ပါက ယခုလမှ ၄၆၇ တန်လျော့ကျခဲ့ကြောင်း သိရပါတယ်။

နိုဝင်ဘာလအတွင်း ရော်ဘာ တင်ပို့မှုစုစုပေါင်းမှာ အမေရိကန်ဒေါ် လာ ၁၇ ဒသမ ၉၀၆ သန်းတန်ဖိုးရှိ ရော်ဘာအဆင့်စုံ တန်ချိန် ၁၄၃၀၀ တင်ပို့ခဲ့ကြောင်း သိရပါတယ်။ ယခုတစ်ပတ် နိုင်ငံတကာ ရော်ဘာစျေးအတက် အကျ အနည်းငယ်သာရှိတဲ့အတွက် ပြည်ပတင်ပို့မယ့် မြန်မာ့ရော်ဘာစျေးလည်း ယခင် တစ်ပတ်အတိုင်း မပြောင်းလဲကြောင်း မြန်မာနိုင်ငံရော်ဘာစိုက်ပျိုး ထုတ်လုပ်သူများအသင်းရဲ့ စျေးနှုန်း ထုတ်ပြန်ချက်အရ သိရပါတယ်။ **ယဉ်ယဉ်အေး**

## အကျိုးအမြတ်ပိုရ၍ မုံရွာတွင် ကြက်သွန်နီစိုက်သူ ပိုများလာ

အခြားသီးနှံနဲ့စာရင် ကြက်သွန်က အကျိုးအမြတ်အနည်းငယ် ပိုမိုရရှိခဲ့သည့်အတွက် အခုနောက်ပိုင်းတွင် ကြက်သွန်ကို ဦးစားပေးစိုက်ပျိုးလာကြတယ်လို့ မုံရွာမြို့နယ်ရှိ တောင်သူများထံမှ သိရပါတယ်။

ဒီနှစ်မှာ စိုက်ပျိုးသူများလာပြီး စိုက်ပျိုးစရိတ် ချေးငွေမလုံလောက်လို့ သွင်းအားစုတွေကို သီးနှံပေါ် ပေး အတိုးနဲ့ ကုမ္ပဏီတွေဆီက ယူနေကြရသည့်အတွက် နိုင်ငံတော်အနေနဲ့ စိုက်ပျိုးစရိတ်ချေးငွေတွေ လုံလောက်အောင် ထုတ်ပေးစေချင်တယ်လို့ တောင်သူတွေက ပြောပါတယ်။

ဒီနှစ်မှာ မျိုးစေ့စျေးက တစ်ပြည်ကို တစ်သိန်းကျပ်ထိရှိလာတဲ့အတွက် တောင်သူတချို့ စျေးသက်သာတဲ့ အိန္ဒိယမျိုးစေ့ကို ပြောင်းလဲစမ်းသပ်တာတွေ့ရှိပါတယ်။ ကြက်သွန်နီ၏ မူရင်းဒေသမှာ အိန္ဒိယနိုင်ငံ အနောက်မြောက်ပိုင်း၊ အာဖဂန်နစ်စ္စတန်နိုင်ငံနှင့် ပါလက်စတိုင်းတစ်လျှောက် ဖြစ်ပါတယ်။

ကြက်သွန်နီ အဓိကထုတ်လုပ်သည့်နိုင်ငံများမှာ တရုတ်၊ အိန္ဒိယ၊ အမေရိကန်ပြည်ထောင်စု၊ အီရန်၊ ရုရှား၊ တူရကီ၊ အီဂျစ်၊ ပါကစ္စတန်တို့ဖြစ်ပြီး၊ အဓိကတင်ပို့သည့်နိုင်ငံများမှာ အိန္ဒိယ၊ နယ်သာလန်၊ တရုတ်၊ မက္ကဆီကို၊ စပိန်၊ အမေရိကန်၊ အီဂျစ်၊ နယူးဇီလန်၊ ပီရူး၊ ပြင်သစ်တို့ဖြစ်ပါတယ်။ အဓိကတင်သွင်းသည့် နိုင်ငံများမှာ မလေးရှား၊ အမေရိကန်၊ ယူအေအီး၊ ဂျပန်၊ ဂျာမနီ၊ နယ်သာလန်၊ ကနေဒါ၊ ပြင်သစ်၊ ဘယ်ဂျီယံ ဖြစ်ပါတယ်။

မြန်မာနိုင်ငံ၏ ဘဏ္ဍာနှစ်အလိုက် ကြက်သွန်နီပြည်ပတင်ပို့နိုင်မှုစာရင်းမှာ အောက်ပါအတိုင်း ဖြစ်ပါတယ်-

ကြက်သွန်သည် တခြားသီးနှံထက် အမြတ်အနည်းငယ်ပိုရလာသောကြောင့် စိုက်ပျိုးသူ တစ်နှစ်ထက် တစ်နှစ်များပြားလာပြီး ပြည်ပသို့ ပို့နိုင်မှုလည်း တိုးတက်လာပါတယ်။ နိုင်ငံတော်အနေနဲ့ စျေးကွက် ခိုင်မာမှုရှိသောကြောင့် ကူညီပေးစေချင်တယ်လို့ တောင်သူတွေက တောင်းဆိုလာပါတယ်။

**ခင်မြနွယ် (Myantrade)**

| ဘဏ္ဍာနှစ် | ပုံမှန် | | နယ်စပ် | | စုစုပေါင်း | | တစ်တန်ပျမ်းမျှ တန်ဖိုးကန်ဒေါ်လာ | |
|---|---|---|---|---|---|---|---|---|
| | တန်ချိန် | တန်ဖိုး တန်ဒေါ်လာသိန်း | တန်ချိန် | တန်ဖိုး တန်ဒေါ်လာသိန်း | တန်ချိန် | တန်ဖိုး တန်ဒေါ်လာသိန်း | | |
| ၂၀၀၀-၂၀၀၂ | ၇၈၄ | ၀. ၂၃၃ | ၂၈၉ | ၀. ၁၃ | ၁၀၇၃ | ၀. ၃၆၃ | ၂၉၇ | ၄၅၀ |
| ၂၀၀၂-၂၀၀၃ | ၅၅၀၀ | ၂. ၀၂၂ | ၈၈၂၅ | ၃. ၉၆၆ | ၁၄၃၂၅ | ၆. ၀၈၈ | ၃၈၆ | ၄၄၉ |
| ၂၀၀၃-၂၀၀၄ | ၁၂၈၀၇ | ၄. ၅၀၅ | ၄၄၂၅ | ၂၂. ၆၇၃ | ၅၆၅၁၂ | ၂၇. ၁၇၈ | ၃၆၆ | ၅၁၃ |
| ၂၀၀၄-၂၀၀၅ | ၉၇၅၂ | ၂. ၄၇၄ | ၂၆၃၈၃ | ၆. ၃၉ | ၃၆၁၃၅ | ၈. ၈၆၄ | ၂၈၂ | ၂၄၂ |
| ၂၀၀၅-၂၀၀၆ | ၁၂၈၄၀ | ၃. ၁၀၉ | ၄၅၄၀၆ | ၁၀. ၉၁၆ | ၅၇၇၄၇ | ၁၄. ၀၆၅ | ၂၅၅ | ၃၀၈ |
| ၂၀၀၆-၂၀၀၇ | ၇၂၀၄ | ၂. ၀၀၂ | ၅၉၄၉၉ | ၁၇. ၀၀၆ | ၆၆၇၀၃ | ၁၉. ၂၀၈ | ၂၉၃ | ၂၈၈ |
| ၂၀၀၇-၂၀၀၈ (၂၄. ၁၁. ၂၀၀၇ ထိ) | ၁၀၃၆. ၀၇၂ | ၀. ၄၃၃ | ၁၅၈၄၃ | ၆. ၂၆၄ | ၁၆၈၇၈. ၈၇ | ၆. ၆၉၇ | ၄၁၈ | ၃၉၅ |

## ရန်ကုန်ကားစျေးကွက် ကားသစ်နှင့် ကားဟောင်းအရောင်းအဝယ် နှစ်မျိုးရှိနေ

ရန်ကုန်မြို့ကားစျေးကွက်၏ ဒီဇင်ဘာလဆန်းပိုင်း အခြေအနေမှာ ယခင်လများမှာကဲ့သို့ပင် အရောင်းအဝယ် အကောင်းကြီးမဟုတ်သော်လည်း လက်ရှိသုံးစွဲနေသော ဂျပန်ညာမောင်းကားများနှင့် ဂျပန်၊ တရုတ် ဘရန်းနယူးကားများ အရောင်းအဝယ် ဆက်တိုက်ရှိလာကြောင်း သိရသည်။

လာမည့်နှစ်အတွက် ကားတင်သွင်းခွင့်မူဝါဒအား ပြီးခဲ့သည့်အောက်တိုဘာလ နှောင်းပိုင်းတွင် ထုတ်ပြန်ပြီး ဖြစ်သည့်အပြင် ဘယ်မောင်းတင်သွင်းခွင့် တစ်သမတ်တည်း သတ်မှတ်ခြင်းမှာလည်း ၂၀၁၈ တင်သွင်းခွင့်အတိုင်းသာ ဖြစ်၍ ထူးခြားစွာပြောင်းလဲမှုမရှိဘဲ အသစ်တင်သွင်းရမည့် ကားများအား မော်ဒယ်အမြင့် ၂၀၁၆ ခုနှစ်မှ စတင်၍သာ တင်သွင်းခွင့်ရ၍ ကားလောကသားများ စိတ်ဝင်စားမှုအားနည်းလာခဲ့သည်။

လက်ရှိ ရန်ကုန်ကားစျေးကွက်ထဲတွင်သာမက ဒုတိယဝယ်ယူမှုအများဆုံး မန္တလေးစျေးကွက်ထဲတွင်ပါ သိသိသာသာ ပြောင်းလဲမှုမရှိသည့် အဆိုပါမူဝါဒအရ ပြည်တွင်း တပ်ဆင် ဂျပန်၊ တရုတ်ကားများအား ပိုမိုစိတ်ဝင်စားကာ ဝယ်ယူလာကြပြီး ဝယ်ယူမှုအများဆုံးမှာ ရန်ကုန်လိုင်စင်သေချာသည့် ရန်ကုန်တိုင်းအတွင်းမှဖြစ်ကြောင်း သိရသည်။ သို့ရာတွင် ဂျပန်ပြည်တွင်ထုတ်လုပ်ပြီး တင်သွင်းထားသည့် ကားများသာ သုံးစွဲလိုသည့် လူတန်းစားများလည်း အများဆုံးရှိနေပြီး ဂျပန်နိုင်ငံထုတ် ညာမောင်းကားများအား အက္ခရာမြင့် နယ်လိုင်စင်ဖြစ်စေ၊ အက္ခရာနိမ့် ရန်ကုန်လိုင်စင်ဖြစ်စေ ဝယ်ယူစီးနင်းကြသည်လည်း သီးသန့်ရှိကြောင်း၊ ထက်ဝက်စီရှိမည်ထင်ကြောင်း ဝါရင့်ယာဉ်ဝယ်ရောင်း အကျိုးဆောင် ကိုမြင့်ကျော်မှ ပြောသည်။

ကားစျေးကွက်ပေါက်စျေးမှာလည်း ယခင်နှစ်များနှင့်စာလျှင် မြင့်တက်လာသော်လည်း လိုအပ်ချက်အရ ကိုယ်ပိုင်အမည်ပေါက်ဖြင့် ဝယ်ယူစီးနင်းလိုသူများသာ ယာဉ်ဟောင်း စလစ်စျေးထပ်ဆောင်း၍ ပြည်ပမှ ဘယ်မောင်းကား တစ်စီးတစ်လေ တင်သွင်းမှုများသာရှိကြောင်း၊ စျေးကွက်ထဲတွင် အသစ်အဆန်းဘရန်းမဟုတ်သော်လည်း နာမည်ရှိပြီး နီဆန်း၊ ဆူဇူကီး စသည့် ပြည်တွင်းတပ်ဆင်ကားများမှာ စျေးတန်း ၃၀၀ သိန်းဝန်းကျင်(အခွန်ငွေအပါ) တန်ဖိုးဖြင့် လက်ငင်းဖြစ်စေ၊အရစ်ကျဖြစ်စေ အများကြိုက်ဝယ်ယူလာကြကြောင်း ၎င်းမှ ပြောသည်။

**SN**

## ရန်ကုန်မြို့ တစ်ပတ်အတွင်း မော်တော်ယာဉ်စျေးနှုန်းများ

| စဉ် | အမျိုးအစား/MDL | အက္ခရာ | စျေးနှုန်း | မှတ်ချက် |
|---|---|---|---|---|
| ၁။ | ဆူဇူကီးဆွဖ် (၂၀၁၁) | H | ၁၅၂ သိန်း | ၁.၃ ဓာတ်ဆီ၊ ရန်ကုန် |
| ၂။ | ဝုရှ် (၂၀၀၉) | M | ၃၉၀ သိန်း | ၁.၈ ဓာတ်ဆီ၊ နယ်လိုင်စင် |
| ၃။ | အာလ်ဖတ် (၂၀၀၃) | G | ၃၆၅ သိန်း | ၂.၄ ဓာတ်ဆီ၊ ရန်ကုန် |
| ၄။ | မတ်(န်) တူး (၂၀၀၃) | F | ၂၄၅ သိန်း | ၂.၀ ဓာတ်ဆီ၊ ရန်ကုန် |
| ၅။ | ပရိုဘောက် (၂၀၁၁) | N | ၁၆၈ သိန်း | ၁.၃ ဓာတ်ဆီ၊ နယ်လိုင်စင် |
| ၆။ | ဘယ်လ်တာ (၂၀၀၉) | G | ၁၈၅ သိန်း | ၁.၃ ဓာတ်ဆီ၊ ရန်ကုန် |
| ၇။ | အက်ဇီယို (၂၀၁၀) | M | ၂၆၀ သိန်း | ၁.၃ ဓာတ်ဆီ၊ နယ်လိုင်စင် |
| ၈။ | မာဇဒါဒီမီယို (၂၀၀၈) | E | ၁၂၀ သိန်း | ၁.၃ ဓာတ်ဆီ၊ ရန်ကုန် |
| ၉။ | အပ်ကား(နှစ် ၂၀) | | ၁၂၃ သိန်း | |

## မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းနှင့် ယူနန်ပြည်နယ် Lincang မြို့တော်ဝန်နှင့် စီးပွားရေးလုပ်ငန်းရှင်များ တွေ့ဆုံဆွေးနွေး

မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌနှင့် အမှုဆောင်များအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန် ပြည်နယ် Lincang မြို့ ပြည်သူ့အစိုးရ မြို့တော်ဝန် ဦးဆောင်သော စီးပွားရေးလုပ်ငန်းရှင်များသည် ဒီဇင်ဘာ ၄ ရက် နံနက် ၁၀ နာရီက ချမ်းအေးသာစံမြို့နယ် ၇၈ လမ်းနှင့် ၃၄ လမ်းထောင့် ရတနာပုံစူပါစင်တာ စတုတ္ထထပ်ရှိ မန္တလေးတိုင်းဒေသကြီးကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းဧည့်ခန်းမတွင် လာရောက်တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် မန္တလေးတိုင်းဒေသကြီးကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးကျော်မင်းက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ယူနန်ပြည်နယ် Lincang မြို့တော်ဝန် Mr.LuZhi Hua က ယူနန်ပြည်နယ်မှ စီးပွားရေးလုပ်ငန်းရှင်များနှင့် မိတ်ဆက်ပေးသည်။ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ၊ ညီနောင်အသင်းများမှ စီးပွားရေးလုပ်ငန်းရှင်များသည် မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းများ ပိုမိုလွယ်ကူစေရေး၊ စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေး၊ လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများ ကောင်းမွန်ရေးနှင့် ချင်းရွှေဟော်-Lincang နယ်စပ် ကုန်သွယ်မှုဇုန် ကူးသန်းရောင်းဝယ်မှု မြှင့်တင်ရေးဆိုင်ရာများ ဆွေးနွေးကြသည်။ ဆက်လက်၍ အပြန်အလှန် ချစ်ကြည်ရေးလက်ဆောင်များ ပေးအပ်ကြပြီး မှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးခဲ့ကြောင်း သိရသည်။

**မောင်ပြည်သူ(မန္တလေး)**

## ဆွစ်ဇာလန်နိုင်ငံအစိုးရ၏ အထောက်အပံ့ဖြင့် အင်းလေးဒေသအနီးတစ်ဝိုက်တွင် Upgrading Horticulture Supply Capacity and Responsible Tourism of Develop Business Linkages စီမံကိန်းဆောင်ရွက်ရန် ကွင်းဆင်း အကဲဖြတ်မစ်ရှင်အဖွဲ့များ လာရောက်တွေ့ဆုံ ညှိနှိုင်းဆွေးနွေးခြင်းများ ပြုလုပ်



ဆွစ်ဇာလန်နိုင်ငံ အစိုးရ၏ အထောက်အပံ့ဖြင့် အင်းလေးဒေသ အနီးတစ်ဝိုက်တွင် "Upgrading Horticulture Supply Capacity and Responsible Tourism of Develop Business Linkages" စီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ဆွစ်ဇာလန်နိုင်ငံ စီးပွားရေးဇုန်ရေးရာ အတွင်းရေးမှူးချုပ်ရုံး (SECO) ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့များဖြစ်သည့်UNIDO ၊ UNTACD၊ ILO နှင့် ITC တို့မှ ကျွမ်းကျင်ပညာရှင် များသည် ၂၀၁၈ခုနှစ် နိုဝင်ဘာလ ၂၆ ရက်မှ ၃၀ ရက်အထိ နေပြည်တော်၊ တောင်ကြီးမြို့၊ အင်းလေးကန်အတွင်းရှိ ဖေယ်ချောင်းကျေးရွာ၊ ညောင်ရွှေမြို့နယ် မိုင်းသောက်ကျေးရွာနှင့် ရန်ကုန်မြို့ UMFCCI တို့တွင် သက်ဆိုင်သည့်ဌာနများ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ ရှမ်းပြည်နယ်ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများ၊ ညီနောင်အသင်းများမှ တာဝန်ရှိသူများ၊ အမျိုးသမီးရေးရာအသင်းအဖွဲ့များ၊ ဟိုတယ်၊ စားသောက်ဆိုင်လုပ်ငန်းရှင်များနှင့် အင်းလေးဒေသရှိ တောင်သူများ၊ ဟင်းသီးဟင်းရွက်နှင့် ဥယျာဉ်ခြံမြေစိုက်ပျိုးသည့် အသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့် ကွင်းဆင်းတွေ့ဆုံ၍ ဆွေးနွေးခဲ့ပြီး စီမံကိန်းတွင် ထည့်သွင်းဆောင်ရွက်နိုင်မည့် အချက်များကို တွေ့ဆုံညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သိရပါသည်။ စီမံကိန်းနှင့် စပ်လျဉ်း၍ ၂၀၁၈ ခုနှစ် ဇူလိုင်လ ၁၂ ရက်တွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၌ မြန်မာကုန်သွယ်မှုမြှင့်တင်ရေး အဖွဲ့ညွှန်ကြားရေးမှူးချုပ်နှင့် မြန်မာနိုင်ငံဆိုင်ရာ ဆွစ်ဇာလန်နိုင်ငံ သံရုံး ဒုတိယ သံအမတ်ကြီးနှင့် Myanmar Country Director (UNOPs)တို့က Project Documentကို လက်မှတ်ရေးထိုး သဘောတူညီခဲ့ကြပြီး တောင်ကြီးမြို့ ကမ္ဘောဇကုန်သွယ်မှုဗဟိုဌာနတွင် ရုံးခန်းဖွင့်လှစ်၍ ၂၀၁၈ ခုနှစ် ဩဂုတ်လကုန်ပိုင်းမှစတင်၍ လုပ်ငန်းများ စတင်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိပါသည်။

**ကမ္ဘောဇကုန်သွယ်မှုဗဟိုဌာန**

## ဟင်္သာတခရိုင်တွင် မိုးစပါးရိတ်သိမ်းပြီး သီးထပ်အဖြစ် မတ်ပဲကိုသာ အများဆုံး စိုက်ပျိုးလာ

ဟင်္သာတခရိုင်တွင် မိုးစပါးရိတ်သိမ်းပြီးပါက သီးထပ်အဖြစ် မတ်ပဲကိုသာ အစဉ်အလာအားဖြင့် အများဆုံးစိုက်ပျိုးကြပြီး၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ၄၄၅၂၇၅ ဧက နှင့် ၂၀၁၇ -၂၀၁၈ ဘဏ္ဍာနှစ်တွင် ၄၂၁၇၉၃ ဧက စိုက်ပျိုးခဲ့ကြပြီး ပေါက်ဈေး အနေနှင့်လည်း ၂၀၁၆ ခုနှစ် ဇွန်လတွင် မတ်ပဲတစ်တင်းလျှင် ကျပ် ၅၇၀၀၀ ၊ ၂၀၁၆ ခုနှစ် ဒီဇင်ဘာတွင် ကျပ် ၃၈၂၀၀ ထိကျဆင်းလာခဲ့ရာ ၂၀၁၇ ခုနှစ် ဒီဇင်ဘာတွင် ကျပ် ၂၀၂၀၀ ထိ ဆက်တိုက်ကျဆင်းလာခဲ့ပြီး ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၄ ရက်တွင် ကျပ် ၂၆၀၀၀ ပြန်ဖြစ်လာခဲ့ပါသည်။ ခရိုင်အတွင်းရှိ တောင်သူများမှလည်း ယခု အခါ မိုးစပါးရိတ်သိမ်းပြီးစီး၍ သီးထပ်အဖြစ် မတ်ပဲကိုသာ နေရာတော်တော်များများ စိုက်ပျိုးလာသည်ကို တွေ့ရှိရပါသည်။

နတ်မော်တိုက်နယ် စခန်းကြီးကျေးရွာမှ တောင်သူ ဦးတင်အောင်ချိုကလည်း "မတ်ပဲကိုစိုက်ရမှာပဲ။ သူက ကရိကထ မများဘူး၊ ကိုယ့်မြေနှင့်လည်း အဆင်ပြေတယ်။ ကျွန်တော်တို့ကွင်းမှာဆို ပဲတီစိမ်းကို ၁၀ ရာနှုန်းလောက်ပဲ စိုက်ကြတယ်။ အများဆုံးကတော့မတ်ပဲပေါ့။ တောင်သူတွေ ဝီရိယစိုက်ဖို့တော့လိုတယ်။ ဒီနှစ် ကျွန်တော်တို့ကွင်းမှာ စပါးထွက်နှုန်းကျတယ်။ အကြောင်းကတော့ ကျွန်တော်တို့ အခု ကြဲခင်းစိုက်ပျိုး နည်းစနစ်ကို သုံးလာတယ်။ အဓိကကတော့ ပေါင်းနိုင်ဖို့လိုတယ်။ ပေါင်းသတ်ဆေးကို စနစ်တကျ အချိန်ကိုက် ဖျန်းဖို့လိုတယ်။ ဒီနှစ် တက်ပွတ်မြက်တွေ အရမ်းများတယ်။ အဲတော့ စပါးအထွက်နှုန်းကျတယ်။ မတ်ပဲလည်း စနစ်တကျ စိုက်ပျိုးဖို့လိုတယ်။ နိုင်ငံတော်က ချေးတဲ့ စိုက်စရိတ်တွေက မိမိတို့ စိုက်ပျိုးမြေတွေမှာ အကျိုးရှိရှိ သုံးဖို့လိုတယ်"လို့ပြောပါတယ်။

အင်္ဂပူမြို့နယ် မဲဇလီကုန်းကျေးရွာမှ တောင်သူ ကိုအောင်ဇော်ဝင်းကတော့ "မတ်ပဲဈေး နှစ်သောင်း ကျော်ရင်တောင်သူက မတ်ပဲကိုပဲ စိုက်ကြမှာပါ။မတ်ပဲက နွေစပါးလို ရေတင်ဖို့မလိုဘူး၊ သွင်းအားစု မတတ်နိုင်တဲ့သူတွေအတွက်ကတော့ မတ်ပဲက အဆင်ပြေတယ်။ နောက်နှစ်မိုးစပါးအတွက်လည်း မတ်ပဲစိုက်ပျိုးခြင်းက မြေဆီလွှာကို ပိုကောင်းစေတယ်။ ကျွန်တော်ကိုယ်တိုင် ပထမတော့ မတ်ပဲဈေးက ၁၃၀၀၀ ကျပ်လောက် ထိ ဖြစ်သွားတော့ တခြားသီးထပ် ပြောင်းပြီးစိုက်ပျိုးတော့မလို့၊ ၂၀၁၈ ခုနှစ် အောက်တိုဘာကနေစပြီး မတ်ပဲ တစ်တင်းဈေး ကျပ်နှစ်သောင်းကျော်လာပြီး နိုဝင်ဘာလမှာ သုံးသောင်းကျော်သွားခဲ့တယ်။ အခု ဒီဇင်ဘာမှာ သုံးသောင်းအောက်ပြန်ကျပေမယ့် နှစ်သောင်းကျော်သေးတဲ့အတွက် မတ်ပဲကိုစိုက်ပျိုးပါတယ်"လို့ ပြောပါတယ်။ အိန္ဒိယက မြန်မာနိုင်ငံမှ မတ်ပဲကို ခွဲတမ်းဖြင့် ဝယ်ယူနေပေမယ့်လည်း ဟင်္သာတခရိုင်မှ တောင်သူများကတော့ လက်ရှိဈေးနှုန်းနှင့် ဈေးကွက်အခြေအနေအရ မတ်ပဲကိုသာ အများစု ဆက်လက် စိုက်ပျိုးနေကြကြောင်း လေ့လာတင်ပြလိုက်ရပါတယ်။

**မောင်မောင်မြတ်ခိုင်**

## ရော်ဘာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ရော်ဘာခြံရှင်ငယ်များအား ချေးငွေထုတ်ချေးရန် တွေ့ဆုံဆွေးနွေး

မွန်ပြည်နယ် ရော်ဘာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီနှင့် ရော်ဘာခြံရှင်ငယ်များ တွေ့ဆုံဆွေးနွေးခြင်းကို ဒီဇင်ဘာ ၅ ရက်က မော်လမြိုင်မြို့၊ နှစ်ရှည်ပင်များ သုတေသနနှင့် နည်းပညာ ဖွံ့ဖြိုးရေးဌာန၌ ပြုလုပ်ခဲ့ရာ အဆိုပါတွေ့ဆုံပွဲသို့ ကရင်တိုင်းရင်းသားရေးရာဝန်ကြီး ဦးအောင်မြင့်ခိုင်၊ မွန်ပြည်နယ် စိုက်ပျိုးရေး ဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူး၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ပြည်နယ်ဦးစီးမှူး၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပညာရှင်များ၊ ရော်ဘာခြံရှင်များ တက်ရောက်ခဲ့ကြပါသည်။

အဆိုပါတွေ့ဆုံပွဲမှာ ရော်ဘာခြံရှင်ငယ်တောင်သူများ ချေးငွေရရှိရေးကို အဓိကထား၍ တွေ့ဆုံခြင်းဖြစ်ပြီး ယခင်နှစ်က မြန်မာ့စီးပွားရေးဘဏ်နှင့် ပူးပေါင်း၍ ချေးငွေထုတ်ပေးရန် စီစဉ်ခဲ့ကြောင်း၊ တောင်သူတစ်ဦးချင်း ချေးငွေရရှိရေးကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့် ညှိနှိုင်း လုပ်ဆောင်သွားမည်ဟု သိရှိရပြီး ချေးငွေရရှိရေး တစ်ခုတည်းအတွက်သာမက ဈေးကွက်ရရှိရေး၊ အရည်အသွေးမြှင့်တင်ရေးကိစ္စများ၊ သုတေသနဖွံ့ဖြိုးရေးကိစ္စများကိုလည်း ဆောင်ရွက်ရမည်ဖြစ်ကြောင်း သိရှိရပါသည်။

မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်မှ ချေးငွေထုတ်ချေးခြင်းကို ၂၀၁၉ စက်တင်ဘာလတွင် စတင် ထုတ်ချေးမည်ဖြစ်ပြီး ပုံစံ (၇) ရှိသော ရော်ဘာခြံ တစ်ဧကလျှင် ကျပ်တစ်သိန်းနှုန်းဖြင့် ၁၀ ဧကအတွက် ထုတ်ချေးပေးမည်ဖြစ်ကြောင်း၊ ချေးငွေများကို ပြန်လည်ကောက်ခံရန် ၂၀၂၀ မတ်လတွင်စတင်ကောက်ခံမည်ဖြစ်ပြီး ၂၀၂၀ ဧပြီလတွင် အပြီးကောက်ခံမည်ဖြစ်ကြောင်း သိရှိရပါသည်။

**မိုးမိုး (မွန်)**

နိုင်ငံတကာနှင့် ပြည်တွင်းကုန်သွယ်မှု လုပ်ငန်းများအတွက် အချက်အလက်များရရှိလိုပါက အောက်ပါဖုန်းနံပါတ်တို့ကို ဆက်သွယ်နိုင်ပါသည်

(၁) မြန်မာကုန်သွယ်မှုဗဟိုဌာန (Myanmar Trade Center) ဖုန်း-၀၁ ၂၅၄၀၂၄ ဖက်စ်- ၀၁ ၂၅၄၀၂၃ အီးမေးလ်-itpic.moc@gmail.com

(၂) Myanmar-EU Trade Help Desk ဖုန်း- ၀၉ ၄၃၀ ၄၁ ၈၄၇ အီးမေးလ်- mmeu.tradehelpdesk@gmail.com

## ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Consumer Information and Complaint Center (CICC) စားသုံးသူသတင်း ပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးစင်တာများ၏ Contact Points များ

| | | |
|---|---|---|
| (၁) | ရန်ကုန်တိုင်းဒေသကြီး | ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com |
| (၂) | ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020 |
| (၃) | ပဲခူးတိုင်းဒေသကြီး(အရှေ့) | အောင်မြေသာရပ်ကွက်၊ ပိုလန်ဝင်း၊ ပဲခူးမြို့။ Ph : 052-2221844, 2221108, 2221036 |
| (၄) | ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com |
| (၅) | မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com |
| (၆) | ရခိုင်ပြည်နယ် | စစ်တွေမြို့။ Fax:043-23426,Ph:043-23426 |
| (၇) | မကွေးတိုင်းဒေသကြီး | အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197 |
| (၈) | ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။ Ph:081-2121615, Fax:081-2121627, email:dtptaunggyi@gmail.com |
| (၉) | ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034 |
| (၁၀) | ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039 |
| (၁၁) | ကရင်ပြည်နယ် | ဘားအံမြို့။ Fax:058-21666,Ph:058-21041 |
| (၁၂) | တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012 |
| (၁၃) | ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459 |
| (၁၄) | ကယားပြည်နယ် | (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-2221005,Ph:083-2221005 email : docakayah@gmail.com |
| (၁၅) | မွန်ပြည်နယ် | အမှတ်(၇)၊ အောက်လမ်းမကြီး၊ ဘိုကုန်းရပ်၊ မော်လမြိုင်မြို့။ Fax:057-2024809, Ph:057-2024318 |
| (၁၆) | စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါနခြံရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924 |


# (၇) နေ့ သားသမီးများအတွက်
## စီးပွားရေး အကြံပေး ဟောကိန်း
### ၁၀-၁၂-၂၀၁၈ မှ ၁၆-၁၂-၂၀၁၈ ရက်နေ့ထိ

ဒေါ်မြတ်မြတ်အေး
(မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့)



**တနင်္ဂနွေသားသမီးများအတွက်** စီးပွားရေးလုပ်ငန်းလုပ်ကိုင်ရာတွင် အဆင်ပြေလာမည်။ မြေတူးလုပ်ငန်းများ၊ ဓာတ်သတ္တုတူးဖော်ရေး လုပ်ငန်းများ အကျိုးပေးနေတတ်ပါသည်။ အချစ်ရေးတွင် စိုးရိမ်ပူပန်စိတ်များ ရှိနေတတ်ပါသည်။ ပညာရေးတွင် အတွေးအခေါ် ဉာဏ်ထက်မြက်မှု ရှိနေမည်။ ကျန်းမာရေးအနေဖြင့် ရင်ဘတ်အောင့်ခြင်း၊ အရိုးအဆစ်တို့ နာကျင်ခြင်းဝေဒနာ ခံစားရတတ်ပါသည်။

**ယတြာ။ ။သံဃာဒါနဆေးရုံတွင် ငွေကြေးနိုင်သလောက်လှူဒါန်းပါ။**



**တနင်္လာသားသမီးများအတွက်** စီးပွားရေးလုပ်ငန်းများတွင် တိုးတက်မှုများ၊ မြတ်စွန်းမှုများရှိသောကြောင့် အကျိုးတူပူးပေါင်းလုပ်ကိုင်လိုသူများ၊ အစုရှယ်ယာထည့်ဝင်လိုသူများ ဝင်ရောက်လာတတ်ပါသည်။ ပွဲရုံလုပ်ငန်းများ အကျိုးပေးပါသည်။ ပညာရေး အောင်မြင်မှုရမည်။ အချစ်ရေးကံကောင်းနေမည်။ အိမ်ထောင်ရေးကံကောင်းနေမည်။ ကျန်းမာရေး ဆီးရောဂါ သတိပြုသင့်ပါသည်။

**ယတြာ။ ။ အရပ် (၁၀) မျက်နှာမေတ္တာပို့ပါ။**



**အင်္ဂါသားသမီးများအတွက်** စီးပွားရေးလုပ်ငန်းများတိုးတက်မှု အမြတ်အစွန်းများရှိနေမည်။ အထည်ချုပ်လုပ်ငန်းများ အကျိုးပေးနေတတ်ပါသည်။ ပညာရေး အောင်မြင်နေမည်။ ဆောက်လုပ်ရေးလုပ်ငန်း၊ အလှဆင်လုပ်ငန်းများ အကျိုးပေးနေမည်။ အချစ်ရေး၊ အိမ်ထောင်ရေးပျော်ရွှင်မှုများရရှိနေတတ်ပါသည်။ ကျန်းမာရေးအနေဖြင့် ၄က်ဖျားရောဂါ၊ သွေးမသန့်ရောဂါဖြစ်တတ်ပါသည်။

**ယတြာ။ ။ဘုရားတွင် ရောင်တော်ဖွင့်၍ အနေကဇာတင်ပါ။**



**ဗုဒ္ဓဟူးသားသမီးများအတွက်** စီးပွားရေးကိစ္စအတွက် မိသားစုချင်း စကားများရတတ်သည်။ မိတ်ဆွေများ လူမျိုးခြားများနှင့် သဟဇာတဖြစ်မည်။ မင်းအစိုးရနှင့်ပတ်သက်သော အလုပ် လုပ်ကိုင်ခြင်းကြောင့် ငွေကြေးဥစ္စာရရှိတတ်သည်။ နိုင်ငံရပ်ခြားစီးပွားဆက်သွယ်ရေးလုပ်ငန်းအောင်မြင်လိမ့်မည်။ ပညာရေးကံသင့်နေမည်။ အချစ်ရေး၊ အိမ်ထောင်ရေး ချိန်ဆပါမှ သင့်မည်။ ကျန်းမာရေး ချို့တဲ့တတ်သည်။ စိတ်ကူးရည်ရွယ်ထားသော အရာများ ပျက်သွားတတ်သည်။

**ယတြာ။ ။ဘုရားတွင် ဂြိုလ်ပြေနံ့ပြေများ ကပ်လှူ၍ လိုရာ ဆုတောင်းပါ။**



**ကြာသပတေးသားသမီးများအတွက်** ကိုယ်တိုင်ကိုယ်ကျ လုပ်ကိုင်ဆောင်ရွက်သော လုပ်ငန်းများ အထူးအောင်မြင်မည်။ ကူးသန်းရောင်းဝယ်ရေးနှင့် ထုတ်လုပ်ဖြန့်ချိရေး လုပ်ငန်းများ အထူးအောင်မြင်မည်။ အချစ်ရေး၊ အိမ်ထောင်ရေးတွင် ချစ်ခင်သူ ပေါ်များနေတတ်သည်။ ပညာရေးတွင် ကြိုးစားမှုအားနည်းတတ်သည်။ လျှို့ဝှက်ပညာကို စိတ်ဝင်စားလိုက်စားမှုရှိနေမည်။ ကျန်းမာရေးတွင် အဖျားရောဂါ၊ ကိုယ်လက်ယားယံသော ရောဂါ၊ အရေပြားရောဂါတို့ သတိထားသင့်ပါတယ်။

**ယတြာ။ ။ဘုရားတွင် ပန်း၊ ရေချမ်း၊ ဆီမီးများလှူဒါန်းပါ။**



**သောကြာသားသမီးများအတွက်** စီးပွားရေးလုပ်ငန်းများ တိုးတက်မှုရှိလာပါသည်။ ကျောက်မျက်ရတနာဆိုင် လုပ်ငန်းလုပ်ကိုင်ပါက အကျိုးပေးပါသည်။ ပညာရေး ကြိုးစားအားထုတ်မှုရှိနေမည်။ အချစ်ရေး ရည်ရွယ်ချက်လွဲမှားနေတတ်သည်။ အိမ်ထောင်ရေးအဆင်ပြေမှုအားနည်းနေတတ်ပါသည်။ ကျန်းမာရေးအနေဖြင့် ဝမ်းဗိုက်နှင့်ပတ်သက်သော ဝေဒနာခံစားရတတ်သည်ကို သတိရှိသင့်ပါသည်။

**ယတြာ။ ။ သက်ကြီးရွယ်အိုတို့အား ဆေးဝါးလှူဒါန်းပါ။**



**စနေသားသမီးများအတွက်** လုပ်ကိုင်သော စီးပွားရေးလုပ်ငန်းများကိုစနစ်ကျစွာလုပ်ကိုင်ပါက အောင်မြင်မှုများရရှိမည်။ လေလံဆွဲသော လုပ်ငန်း၊ အကျိုးဆောင်လုပ်ငန်း၊ ပွဲရုံလုပ်ငန်းများ အကျိုးပေးမည်။ ပညာရေးတွင် အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲမှုပညာရပ်များ တိုးတက်မှုရှိမည်။ အချစ်ရေး၊ အိမ်ထောင်ရေးတို့တွင် ဝေခွဲမရဒွိဟဖြစ်နေတတ်သည်။ ကျန်းမာရေးအနေဖြင့် လေနာ၊ လေထိုးလေအောင့်ဝေဒနာ ခံစားရတတ်သည်။

**ယတြာ။ ။ကံပွင့်ဂါထာ ရွတ်ဖတ်ပူဇော်ပါ။**

# ရေနံချောင်းမြို့ သား၊ ငါး ဈေးကွက် အခြေအနေ

မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့ အသားဈေးကွက်၌ အမဲသား၊ ဝက်သား၊ ဆိတ်သား၊ ငါးဈေးနှုန်းများထဲမှ အမဲသား၊ ဆိတ်သားဈေးမြင့်နေကြောင်း ဈေးကွက်နှင့် စားသုံးသူများထံမှ သိရသည်။

"အမဲသား၊ ဆိတ်သားဈေးမြင့်တယ်။ အခြား အသားတွေကတော့ကြက်သား ဈေးတစ်ပိဿာ ကျပ် ၈၀၀၀ ဈေးရှိတယ်။ ယခင်ကထိန်မတိုင်မီက တစ်ပိဿာ ကျပ် ၆၇၀၀ ပဲ ရှိတယ်။ လက်ရှိဈေးတက်တယ်ပြောရမယ်"ဟု ထမင်းချိုင့်ဆွဲလုပ်ငန်းမှ ဒေါ်မာမြင့်က ပြောပါသည်။

လက်ရှိရေနံချောင်းမြို့တွင် အမဲသားတစ်ပိဿာ ကျပ် ၁၆၀၀၀၊ ဆိတ်သား တစ်ပိဿာ ကျပ် ၁၈၀၀၀၊ ဝက်သား တစ်ပိဿာ ကျပ် ၁၄၀၀၀၊ CP ကြက်သား တစ်ပိဿာကျပ် ၈၀၀၀၊ တိုင်းရင်းကြက်ခေါ် ဗမာကြက်သားတစ်ပိဿာကျပ် ၁၂၀၀၀ ပေါက်ဈေးရှိကြောင်း၊ တိုင်းရင်းကြက်ခေါ် ဗမာကြက်သားဈေးမှာ ယခင်တစ်ပတ်က ကျပ် ၁၀၀၀၀ သာ ပေါက်ဈေးခဲ့ကြောင်း အသားဈေးကွက်မှ သိရသည်။ ငါးဈေးနှုန်းများ အနေဖြင့် ငါးကြင်းတစ်ပိဿာကျပ် ၆၀၀၀၊ ငါးတန် တစ်ပိဿာ ကျပ် ၆၀၀၀၊ ငါးဘတ်တစ်ပိဿာကျပ် ၈၀၀၀ ဈေးရှိကြောင်း သိရသည်။

**ရွှေဇင်(ရေနံချောင်း)**

# ဆေးဘက်ဝင် ဈေးကွက်ဝင် ရှားစောင်းလက်ပတ်အပင်စိုက်ပျိုးဝင်ငွေတိုး

မကွေးတိုင်းဒေသကြီး ရပ်ကွက်နှင့် ကျေးရွာအတွင်း၌ ရှားစောင်း လက်ပတ်ပင်ကို စိုက်ပျိုးလာကြသည်ကို တွေ့ရသလို ရှားစောင်းလက်ပတ်ပင်သည် မြေနီမြေကျစ်၊ မြေပွများတွင် အစိုဓာတ်အသင့်အတင့်ရရုံဖြင့် နေ့စဉ်လုပ်အားခ ငွေမကုန်ဘဲ ရင်းနှီးစရိတ်မကုန်ဘဲဝင်ငွေရရှိနိုင်သည်။

စိုက်ပျိုးပြီး တစ်နှစ်သားအရွယ်မှာ ပင်အလက်များ သန်မာထွားကျိုင်းကာ ဖြစ်ထွန်းအောင်မြင်သည်။ အပင်မှ အလက်ကို ဓားဖြင့်လှီး၍ တစ်ထပ်ခြင်း အစီအရီထပ်ပြီး ထည့်စရာတစ်ခုတွင် ထည့်ကာ ရှားစောင်းလက်ပတ်အတွင်း အနှစ်ကို အသာအယာခြစ်ယူကာ အနှစ်ကို ပိဿာဖြင့် ရောင်းချကြသလို အပင်လိုက်၊ အခင်းလိုက်ပုတ်ပြတ် ရောင်းချရသည်။

ယခင်နှစ်များတွင် ရှားစောင်းလက်ပတ်ပင်ကို အပင်လိုက်ဝယ်ယူရာတွင် အလျားပေ ၄၀၊ အနံပေ ၆၀ ဝန်းကျင်ရှိ စိုက်ခင်းတစ်ခုကို ကျပ် ၅၀၀၀ ဝန်းကျင် ပေါက်ဈေးရှိပြီး အနိမ့်ဆုံး စိုက်ခင်း တစ်ခင်းကို ကျပ် ၂၀၀၀၀ ပေးဝယ်ခဲ့ကြောင်း သိရသည်။

များသောအားဖြင့် ခြံဝင်းကို အလဟဿမထားဘဲ မြက်အလေ့ကျပင်များ ပေါက်ရောက်ခြင်းမရှိ၍ ရှားစောင်းလက်ပတ်ပင်ကို ဆေးဘက်ဝင်အဖြစ် စိုက်ပျိုးကြသလို ဝင်ငွေရနေခြင်းဖြစ်သည်။

ပွဲစားများက အပင်မှအလက်ကို ဝယ်ယူပြီး အလက်အတွင်းမှ အနှစ်အားခြစ်ပြီး တစ်ဖန်အပူပေးကာ ချက်ဆေးကုန်ကြမ်းဈေးကွက်ကို ပရ ဆေးကုန်ကြမ်းအဖြစ် ပြန်လည် ရောင်းချကြောင်း သိရသည်။

**ရွှေဇင်(ရေနံချောင်း)**

# ပုဇွန်တောင်မြို့နယ်ရှိ အခြေခံပညာအထက်တန်းကျောင်းများတွင် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲကျင်းပ

ရန်ကုန်တိုင်းဒေသကြီး၊ စားသုံးသူရေးရာ ဦးစီးဌာန၊ အရှေ့ပိုင်းခရိုင်ဦးစီးမှူးရုံးမှ ဒုတိယခရိုင်ဦးစီးမှူးဦးဆောင်သောအဖွဲ့သည် ပုဇွန်တောင်မြို့နယ်ရှိ အ-ထ-က (၂)နှင့် အ-ထ-က(၃) ရှိ ဆရာ/ဆရာမများနှင့် ကျောင်းသား/ကျောင်းသူများအား စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး ဟောပြောပွဲကျင်းပဆောင်ရွက်ခဲ့ကြောင်း သိရှိရပါသည်။



ထိုသို့ဟောပြောဆွေးနွေးရာတွင် ရန်ကုန်တိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာန၊ အရှေ့ပိုင်းခရိုင်ဦးစီးမှူးရုံးမှ ဒုတိယခရိုင်ဦးစီးမှူး ဒေါ်နွယ်ဇင်ဝင်းက စားသုံးသူရေးရာဦးစီးဌာန၏ မျှော်မှန်းချက်နှင့် ရည်မှန်းချက်များ၊ စားသုံးသူရေးရာဦးစီးဌာန၏ နောက်ခံသမိုင်း၊ စားသုံးသူ အကာအကွယ်ပေးရေးဥပဒေတွင် ပါရှိသည့် အကြောင်းအရာများ၊ အဓိပ္ပာယ်ဖွင့်ဆိုချက်များနှင့် ပြစ်မှုပြစ်ဒဏ်များအကြောင်း၊ စားသုံးသူများမှ တိုင်ကြားလာသည့် နစ်နာဆုံးရှုံးမှုများအပေါ် ဖြေရှင်းဆောင်ရွက်နေမှုအခြေအနေများ၊ ထို့ပြင် တိုင်ကြားမှုများကို ရန်ကုန်တိုင်းဒေသကြီးအတွင်း ရှိစားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဦးစီးမှူးရုံးအပါအဝင် သက်ဆိုင်ရာခရိုင်ဦးစီးမှူးရုံးများတွင် သာမက စားသုံးသူရေးရာဦးစီးဌာန၏ Website ဖြစ်သော www.doca.gov.mm မှလည်း တိုင်ကြားနိုင်ကြောင်း၊ စားသုံးသူအကာအကွယ်ပေးရေး ဗဟိုကော်မတီမှ ၂၀၁၈ ခုနှစ် အောက်တိုဘာ ၂၆ ရက် ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ်နှင့် ၁/၂၀၁၈ ဖြင့်ထုတ်ပြန်သည့် "ကုန်စည်များ ထုတ်လုပ်ခြင်း၊ ရောင်းဝယ်ခြင်းတို့ပြုလုပ်ရာတွင် စားသုံးသူ ဘေးကင်းလုံခြုံရေးအတွက် ကုန်စည်များတွင် မြန်မာဘာသာဖြင့်ဖြစ်စေ၊ မြန်မာဘာသာနှင့် အခြားဘာသာတွဲလျက်ဖော်ပြခြင်း၊ ဖော်ပြရန်ထုတ်ပြန်ကြေညာခြင်း' နှင့်ပတ်သက်၍ စီးပွားရေးလုပ်ငန်းရှင်များသည် ကုန်စည်များပေါ်တွင် သုံးစွဲပုံအညွှန်း၊ ထားသိုသိမ်းဆည်းပုံအညွှန်း၊ ဓာတ်မတည့်ကြောင်း ဖော်ပြချက်နှင့် ကြိုတင်သတိပေးချက်၊ ဘေးထွက် ဆိုးကျိုးဖော်ပြရမည်ဖြစ်သည့်အပြင် လိုက်နာမှုမရှိပါက စားသုံးသူ အကာအကွယ်ပေးရေးဥပဒေပုဒ် ၁၉ အရ အရေးယူဆောင်ရွက်မည်ဖြစ်ပါကြောင်း အကျယ်တဝင့်ရှင်းလင်းဆွေးနွေးခဲ့ပါသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာန၊ အရှေ့ပိုင်းခရိုင်ဦးစီးမှူးရုံးမှ ဒုတိယဦးစီးမှူး ဒေါ်မိုးမိုးကြည်နှင့် ဒုတိယဦးစီးမှူးဒေါ်အေးအေးမော်တို့က ဆိုးဆေးများအန္တရာယ်အကြောင်း သိကောင်းစရာများနှင့်ပတ်သက်၍ အစားအသောက်တွင် သုံးစွဲရန်တားမြစ်ထားသည့် ဆိုးဆေးများအကြောင်း၊ အစားအသောက်များ စားသုံးရာတွင် သေချာရွေးချယ်၍ စနစ်တကျ ရွေးချယ်စားသောက်ရန်နှင့် ကျန်းမာရေးဦးစီးဌာနမှ တားမြစ်ထားသည့် အစားအသောက်များကို စားသုံးရန်မသင့်ကြောင်း ဟောပြောဆွေးနွေးခဲ့ပြီး တက်ရောက်သူ ဆရာ/ဆရာမများနှင့် ကျောင်းသား/ကျောင်းသူများအား လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သတင်းရရှိပါသည်။

**နွယ်ဇင်(ရန်ကုန်)**

# မပျော်ရွှင်နိုင်သော စားသုံးသူဘဝမှ ပျော်ရွှင်နိုင်သော စားသုံးသူဘဝသို့

**[ သင်းသင်းအေး(မုံရွာ) ]**

ယနေ့ မြန်မာနှင့် ကမ္ဘာပေါ်မှာ ရုပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်နေသလောက် အန္တရာယ်ရှိ အစားအသောက်တွေ၊ လုံခြုံစိတ်ချရမှုမရှိတဲ့ ထုတ်ကုန်ပစ္စည်းတွေနှင့် တိကျမှန်ကန်မှုမရှိတဲ့ ဝန်ဆောင်မှုများစတဲ့ နာမ်ပိုင်းဆိုင်ရာတွေကို နှစ်သက်သုံးစွဲလာကြရာမှ ဘေးထွက်ဆိုးကျိုးတွေ များပြားလာပြီးရောဂါများ ဖြစ်ပွားမှုနှုန်းမြင့်တက်လာတဲ့အတွက် မြန်မာတို့ရဲ့ပျမ်းမျှ လူ့သက်တမ်းဟာလည်း ကျဆင်းတိုတောင်းလာပြီး စားသုံးသူအခွင့်အရေးရခဲလှသော လူ့ဘဝကို ခြိမ်းခြောက်နေတာကတော့ လုံခြုံစိတ်ချရမှုမရှိတဲ့ အစားအသောက်နှင့် အသုံးအဆောင်များ၊ ဝန်ဆောင်မှုများ၊ လူသုံးကုန်ပစ္စည်းများပင် ဖြစ်ပါတယ်။ စားသုံးသူကာကွယ်မှုမရှိပါက မျှတသော ပြိုင်ဆိုင်မှုလည်း ရှိမည်မဟုတ်ပါ။ လူ့သက်တမ်းစေ့နေထိုင်နိုင်စေရန်နှင့် မျှတသောပြိုင်ဆိုင်မှုရှိစေရန်အတွက် စားသုံးသူများ၏ အခြေခံအခွင့်အရေးများကို ထိရောက်စွာ ဥပဒေဖြင့် ကာကွယ်ပေးရန် အလွန် အမင်းအရေးကြီးလာပါတယ်။

## နေ့စဉ်စားသုံးနေရသောအန္တရာယ်ပေးနိုင်သည့်အစားအသောက်များ

ပြည်သူအများစုနေ့စဉ် စားသုံးနေသော စားသုံးဆီများ၏ စစ်မှန်သန့်စင်မှုကိုအာမခံနိုင်ခြင်း မရှိခြင်း၊ ဓာတ်မြေသြဇာနှင့် ပိုးသတ်ဆေးများ အလွန်အကျွံအသုံးပြုထားခြင်းခံရသော ဟင်းသီးဟင်းရွက်များ၊ ရင့်မှည့်ချိန်မတိုင်ခင်ဆေးတို့ပြီး မှည့်ထားသော သစ်သီးဝလံများ၊ ဆိုးဆေးဆိုးထားသော မှျစ်နှင့် လက်ဖက်များ၊ ရေသန့်ဘူးခွံများပါဝင်ကြော်လှော်ထားသော အကြော်စုံများ၊ မှိုတက်နေသာ ငရုတ်သီးနှင့် ဓာတုဆေးသုံးဟင်းချိုမှုန့်များ၊ ယမ်းစိမ်း အသုံးပြုထားသော တာရှည်ခံသားငါးများ၊ ဆာဖျူရစ်အက်ဆစ်ပါအချဉ်နှင့် ဓာတုဆေး ကြာရှည်ခံငရုတ်ဆီများ၊ ဆိုးဆေးနှင့် ဓာတုဆေးသုံးအချိုရည်နှင့် လက်ဖက်ခြောက်များ၊ ကော်ဖီမစ်နှင့်နို့ဆီများ၊ ပွဆေးပါ အီကြာကွေးနှင့် အချိုမုန့် လွန်ကဲသော မုန့်ဟင်းခါးများ၊ အကြိမ်ကြိမ်ပြန်ကြော်ထားသောဆီနှင့် ချက်ပြုတ်ထားသော အကြော်အလှော်များကို နေ့စဉ်စားသုံးနေရပါ တယ်။

## မသိလို့လား၊ ဆင်းရဲလို့လား၊ နှစ်ခုစလုံးကြောင့်လား

ပြည်သူအများစုမှာ မသိရှိသောကြောင့်လည်းကောင်း၊ သိသော်လည်းဆင်းရဲသဖြင့် လုံခြုံစိတ်ချရသော အစားအသောက်များ ဝယ်ယူအသုံးမပြုနိုင်သောကြောင့် သိလျက်နှင့် သော်လည်းကောင်း၊ အမြင်၊အနံ့နှင့်အရသာဖြင့် ရွေးချယ် ဝယ်ယူတတ်သော ဓလေ့စရိုက်များကြောင့်လည်းကောင်း၊ မသန့်ရှင်းသော အစားအသောက်များနှင့် အသုံးမပြုသင့်သော ဆေးဝါးများကို ဝယ်ယူသုံးစွဲနေရပြီး အကျိုးဆက်အားဖြင့် လူသက်တမ်းတိုလာရခြင်းဖြစ်ပါတယ်။

## အသင့်အစားအစာများသတိထားစရာ

- ကျွန်မတို့ စားသုံးသူတွေဟာ အချိန်ကုန် လုပင်ပန်းမခံဘဲ သက်သက်သာသာနဲ့ အရသာရှိရှိ ဖိမ်နဲ့စားချင်လာကြတယ်။ ယခုမြန်နေရင်လည်း ဒီထက်ပိုမြန်တဲ့နည်းလမ်းရှာကြံတယ်။
- အဆင်သင့်ခူးပြီးခပ်ပြီး၊ ရောပြီးစပ်ပြီး၊ စားစရာများကို ရွေးချယ်လာပါတယ်။

ဒါကြောင့် အသင့်အစားအစာတွေဟာ ယနေ့ခေတ်မှာ တွင်ကျယ်လာကြရာ ကောင်းကျိုးရှိသလို ဆိုးကျိုးတွေကို ကာကွယ်ရှောင်ရှားတတ်ဖို့လည်းလိုပါတယ်။ ပြည်တွင်းပြည်ပက တံဆိပ်အမျိုးမျိုးနဲ့ လူသုံးကုန်ပစ္စည်းများဆိုလည်း အရည်အသွေးမမီတဲ့ မျက်နှာလိမ်းမိတ်ကပ်မှာပါဝင်တဲ့ မာကျူရီ၊ ခဲဆိပ်တွေကြောင့် မျက်နှာအရေပြား ပျက်စီးပြီး အလှပျက်တဲ့သူတွေရှိနေတယ်။ ဆံပင် ဆိုးဆေးကြောင့် ဆံပင်ကျွတ်၊ မျက်နှာရောင်ရမ်းတာတွေ တွေ့ဖူးကြမှာပါ။ ဆေးဝါးအတုတွေ၊ date လွန်တဲ့ဆေးဝါးတွေကို အသုံးပြုမိရင်လည်း ရောဂါ မပျောက်တဲ့အပြင် နောက်ဆက်တွဲဆိုးကျိုးများပါ ခံစားကြရမှာဖြစ်ပါတယ်။ ဒါကြောင့်မို့ ကျွန်မတို့ စားသုံးသူတွေကို သတိပေးချင်တာက အသင့် အစားအစာ၊ ဆေးဝါးနဲ့အလှကုန်တွေကို ဝယ်ယူစားသုံးတော့မယ်ဆိုရင် သတိထားရမယ့် အကြမ်း ဖျင်း အချက် (၄) ချက်ရှိပါတယ်။

(၁) ပါဝင်ပစ္စည်းပါ/မပါ။

(၂) ရက်လွန် Date Out ဖြစ်/မဖြစ်။

(၃) FDAထောက်ခံချက်ပါ/မပါ။

(၄) ဆက်သွယ်ရန်ကုမ္ပဏီလိပ်စာ၊ ဖုန်းနံ ပါတ်ပါ/မပါ ကြည့်ပြီးမှ ဝယ်ပါလို့ စားသုံးသူတွေ/ သုံးစွဲသူတွေကို တိုက်တွန်းချင်ပါတယ်။

## စီးပွားရေးကျင့်ဝတ်နှင့်မကိုက်ညီသောကျင့်သုံးမှု

စားသုံးသူ၏ မသိနားမလည်မှုနှင့် အားနည်းမှုအပေါ် အခွင့်အရေးယူပြီး ဆင်တူယိုးမှား ကုန်စည်များ၊ အစစ်နှင့်ခွဲမရသည့် အတုအပကုန်စည်များ၊ ရည်ရွယ်ချက်ရှိရှိပြိုင်ဘက်၏ မကောင်းသတင်းလွှင့်ခြင်း၊ လုံခြုံစိတ်ရမှုအာမခံချက်မပေးနိုင်သော ကုန်စည်များရောင်းချခြင်း၊ စားသုံးသူ အားပေးထားသည့် ကတိချိုးဖောက်ခြင်း၊ ကုန်စည် ၏ မကောင်းသောအချက်ကို မဖော်ပြခြင်း၊ လိမ်လည်ဖော်ပြခြင်း၊ မဝယ်လိုသူအား အတင်းအကျပ် ရောင်းချခြင်း၊ အလွန်အကျူးမက်လုံးပေးခြင်းနှင့် ချဲ့ကားပြောဆိုဆွဲဆောင်ခြင်း၊ မူရင်းထုတ်လုပ်သူအမည်၊ အရင်းအမြစ်ကိုသေချာဖော်ပြထားခြင်း နှင့် တစ်စုံတစ်ခုဖြစ်ပါက မည်သူကတာဝန်ယူမည်ကို မသေချာခြင်း၊ ဗဟုသုတနည်းပါးသူများအပေါ် ဆွဲဆောင်ရောင်းချ ခြင်းများပြုလုပ်လာ ကြပါတယ်။ ထိုသို့ဆောင်ရွက်လုပ်ကိုင်သော စီးပွားရေးလုပ်ငန်းရှင်များသည် စားသုံးသူများအား ဈေးနှုန်းလျှော့မက်လုံးပေးဆွဲ ဆောင်သဖြင့် အမှန်တိုင်းဖြောင့်မှန်စွာ လုပ်ကိုင်သောလုပ်ငန်းများမှာ မယှဉ်ပြိုင်နိုင်သကဲ့သို လုပ်ငန်းများ၏ မဖြောင့်မှန်သော လုပ်ရပ်များကြောင့် အမှန် အတိုင်းလုပ်ကိုင်သူများပါ ရောယောင်နာမည်ပျက်နိုင်သဖြင့် ဈေးကွက်တွင်းမျှတသော ယှဉ်ပြိုင်မှုကိုပါ ထိခိုက်စေပါတယ်။

မရိုးဖြောင့်သော MLM ရောင်းချသူများ၏ စည်းရုံးမှုကြောင့် မသိနားမလည်သူများ နစ်နာမှုမှ ကာကွယ်ရန် စားသုံးသူများအား အသိပညာပေးမှု စေတနာ့ဝန်ထမ်းစားသုံးသူ ကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းပြီး မရိုးဖြောင့်သော MLM များ၏ လုပ်ရပ် များအား စောင့်ကြည့်ခြင်း၊ ဆိုးကျိုးနစ်နာမှုများအား မီဒီယာများမှတစ်ဆင့် ဖော်ထုတ်ခြင်း၊ တရား စွဲဆိုခြင်းများ ပြုလုပ်ခြင်းဖြင့် နစ်နာသူစားသုံးသူများအတွက် အကာအကွယ်ပေးသွားမှာဖြစ်ပါတယ်။

## စားသုံးသူများအားမည်သို့ကာကွယ်ပေးမလဲ

မြန်မာနိုင်ငံ၏ စားသုံးသူကာကွယ်ရေး ဥပဒေသည် စားသုံးသူများ၏ အခွင့်အရေးများ ရရှိစေရန်နှင့်နစ်နာမှုများမှ ကာကွယ်ရန် လိုအပ်သည့်နေရာများကို ဥပဒေဖြင့် ကာကွယ်ထားရုံ သာမက မလိုက်နာသူများအား ထိရောက်သော ပြစ်မှုပြစ်ဒဏ်များ ဖြင့် အရေးယူနိုင်ရန် သတ်မှတ် ထားသည့်အပြင် တိုင်ကြားနိုင်သည့် အဖွဲ့အစည်းများ၊ တိုင်ကြားနိုင်သည့် နည်းလမ်းနှင့် အရေးယူ ဆောင်ရွက်မည့် အဖွဲ့အစည်းများအား တရားဝင် သတ်မှတ်ဖွဲ့စည်းထားရှိပါတယ်။

**ဆက်လက်ဖော်ပြပါမည်။**

---

**စာမျက်နှာ (၈) ပြည်ပဈေးကွက်ခိုင်မာစွာ တည်ဆောက်ရမည့် . . . . မှအဆက်**

ထို့ပြင် နိုင်ဂျီးရီးယားနိုင်ငံသည် အီးယူဈေးကွက်တွင် အိန္ဒိယပြီးလျှင် အများဆုံးတင်ပို့သည့် နိုင်ငံဖြစ်လျက်ရှိသော်လည်း အရည်အသွေးပိုင်းတွင် မကောင်းသတင်းပျံ့နှံ့နေသဖြင့် အီးယူ၏တင်းကျပ်သော စစ်ဆေးမှုကိုလည်း ရင်ဆိုင်ရလျက်ရှိသည်။ အာဖရိက၊ ဆူဒန်နှင့် အီသီယိုးပီးယားနိုင်ငံတို့သည် အီးယူဈေးကွက်တွင် နေရာယူနိုင်ရေး ပြိုင်ဆိုင်မှုပြင်းထန်နေကြပြီး အီသီယိုးပီးယားနိုင်ငံသည် ကတိကဝတ်ဖောက်ဖျက်မှု အများဆုံးနိုင်ငံအဖြစ် သတ်မှတ်ခံနေရကာ နှမ်းတင်ပို့မှုလျော့ကျလျက်ရှိသလို နာမည်ဆိုး ထွက်လျက်ရှိသည်ကိုလည်း ကုန်သွယ်မှုဆိုင်ရာ သတင်းများအရ သိရပါသည်။

နှမ်းသည် အီးယူဈေးကွက်တွင် အဓိကကဏ္ဍမှ ပါဝင်နေရခြင်းမှာ အထက်တွင်ဖော်ပြပြီးဖြစ်သည့်အတိုင်း စားသောက်စရာများတွင် အဓိကထည့်သွင်းစားသုံးခြင်းကြောင့်ပင်ဖြစ်သည်။ ထို့ပြင် နှမ်းဆီကို စားသုံးရန်အပြင် အလှပြင်ပစ္စည်းများ ပြုလုပ်ရာတွင်လည်း အသုံးပြုလျက်ရှိသလို တိရစ္ဆာန် အစားအစာများအတွက်လည်း အသုံးပြုလျက်ရှိသည်။ အီးယူ၏နှမ်းဈေးနှုန်းသတ်မှတ်မှုမှာ တင်ပို့ရောင်းချသည့် နိုင်ငံနှင့် အရည်အသွေးအပေါ် မူတည်၍ အမျိုးမျိုးပြောင်းလဲနေကြောင်းကို တွေ့ရသည်။ ဈေးကွက်ခိုင်မာမှုမှာလည်း တရုတ်နှင့် အိန္ဒိယနိုင်ငံတို့၏ နှမ်းအထွက်နှုန်းအပေါ် မူတည်လျက်ရှိပါသည်။ ၂၀၁၆ ခုနှစ်က နှမ်းစိုက်ပျိုးသည့်နိုင်ငံများမှ အထွက်နှုန်း ကောင်းမွန်သဖြင့် ဝယ်လိုအားလျော့နည်းခဲ့သောကြောင့် နှမ်းတစ်တန်လျှင် အမေရိကန်ဒေါ်လာ ၈၀၀ မှ ၉၀၀ ဈေးရောက်ရှိခဲ့ပြီးနောက် ၂၀၁၇ ခုနှစ်တွင် အထွက်နှုန်းလျော့ကျမှုကြောင့် အိန္ဒိယ၏နှမ်းတစ်တန်ဈေးနှုန်းမှာ အမေရိကန်ဒေါ်လာ ၁၀၀၀ အထိမြင့်တက်ခဲ့သည်ကို တွေ့ရပါသည်။ ထို့ကြောင့် နှမ်းစိုက်ပျိုးထွက်ရှိသည့် နိုင်ငံများ၏ အထွက်နှုန်းသည် ဈေးကွက်ကို ထိန်းချုပ်လျက်ရှိနေသည်ကိုလည်း တွေ့ရပါသည်။

မြန်မာနိုင်ငံသည် နှစ်စဉ် နှမ်းအမြောက်အများစိုက်ပျိုးထွက်ရှိကာ ပြည်ပသို့လည်း နှစ်စဉ်တင်ပို့လျက်ရှိပါသည်။ ဘဏ္ဍာနှစ်အလိုက် တင်ပို့မှုကို လေ့လာကြည့်ပါက ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် (၂၀၁၆ ဧပြီ မှ ၂၀၁၇ မတ်လအထိ) တွင် တန်ဖိုး အမေရိကန်ဒေါ်လာသန်း ၃၀ တန်ဖိုးရှိနှမ်းတန်ချိန် နှစ်သောင်းခန့်ကို တင်ပို့မှုရှိခဲ့ပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် (၂၀၁၇ ဧပြီမှ ၂၀၁၈ မတ်လအထိ) တန်ဖိုး အမေရိကန်ဒေါ်လာ ၃၁ သန်းကျော် တန်ဖိုးရှိ နှမ်းတန်ချိန် နှစ်သောင်းခွဲခန့်ကို တင်ပို့နိုင်ခဲ့သဖြင့် ကာလတူထက် တန်ချိန်ရော တန်ဖိုးပါ ပိုမိုတင်ပို့မှုရှိလာသည်ကို တွေ့ရပါသည်။ ထို့ပြင် ၂၀၁၈ ဧပြီမှ နိုဝင်ဘာ ၃၀ ရက်အထိ တင်ပို့မှုမှာ တန်ချိန်အားဖြင့် ၁၀၀၀ ဝန်းကျင်၊ တန်ဖိုး အားဖြင့် အမေရိကန်ဒေါ်လာ ၁၃ သန်းခန့်ကို တင်ပို့ခဲ့ကြောင်း၊ တင်ပို့သည့် နိုင်ငံများမှာ ထိုင်း၊ ထိုင်ဝမ်၊ စင်ကာပူ၊ ဂျပန်၊ ကိုရီးယား၊ တရုတ်၊ ချက်စ် ပြည်သူ့သမ္မတနိုင်ငံ၊ ကိုရီးယားနိုင်ငံ၊ ဟောင်ကောင်နိုင်ငံများသို့ တင်ပို့ခဲ့သည်ကို တွေ့ရပါသည်။ ၂၀၁၇ ခုနှစ်တွင်မူ ဒိန်းမတ်နိုင်ငံ၊ မလေးရှားနိုင်ငံ၊ ဩစတြေးလျနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံများသို့ တင်ပို့ခဲ့သော်လည်း ၂၀၁၈ ခုနှစ်တွင်မူ အဆိုပါနိုင်ငံများသို့ တင်ပို့မှုမရှိသေးသည်ကိုလည်း တွေ့ရှိရပါ သည်။

လက်ရှိနှမ်းဈေးကွက် အခြေအနေမှာ တရုတ်နိုင်ငံမှ ဝယ်ယူမှုများပြားလျက်ရှိပြီး စက်တင်ဘာလတွင် နှမ်းဈေးစံချိန်တင်မြင့်တက်ခဲ့ကြောင်း ဈေးကွက်မှစုံစမ်းသိရှိရပါသည်။ နှမ်းသုံးတင်းဝင် တစ်အိတ်လျှင် နှစ်သိန်း လေးသောင်းကျပ်ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကာ နှမ်းနက်ကို ဝယ်လက်နိုင်ငံများမှ အထူးဈေးပေးလျက်ရှိကြောင်းကိုလည်း သိရသည်။ နိုဝင်ဘာလတွင်ဖြစ်ပေါ်ခဲ့သော နှမ်းတင်ပို့မှုဈေး နှုန်းမှာ နှမ်းဖြူတစ်တန်လျှင် အမေရိကန် ဒေါ်လာ ၁၄၀၀ မှ ၁၅၀၀ ကြား၊ နှမ်းနက် (စမုံ) တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၁၇၀၀မှ ၁၇၅၀ ကြား၊ နှမ်းညိုတစ်တန်လျှင် အမေရိကန် ဒေါ်လာ ၁၂၀၀ မှ ၁၃၀၀ ကြားရှိကြောင်းကိုလည်း ကုန်စည်ဒိုင်များမှ သိရပါသည်။ လတ်တလောတွင် နှမ်းအထွက်နှုန်းကျခဲ့သော အခြေအနေရှိခဲ့သည့်အတွက် တောင်သူများလက်တွင် မျိုးနှမ်းသာ ကျန်ရှိတော့သဖြင့် ဈေးကွက်သို့ နှမ်းအဝင်နည်းကာ နှမ်းဆီဈေးများမှာလည်း မြင့်တက်လျက်ရှိပါသည်။ မန္တလေး ဝယ်လက်များအနေဖြင့် စမုံနက်နှမ်းကို ရသမျှဝယ်နေသည့်အတွက် ဝယ်လိုအားမှာ ရောင်းလိုအားထက် ပိုလျက်ရှိသည်ကိုလည်း တွေ့ရသလို နှမ်းသစ်များလည်း ပေါ်လာပြီဖြစ်သဖြင့် ဈေးကွက်ကို စောင့်ကြည့်ရမည့် အနေအထားဖြစ်နေကြောင်း ကုန်သည်များထံမှ သိရပါသည်။ ယခုပြည်တွင်း အရောင်းအဝယ်ဖြစ်နေသောဈေးမှာ နှမ်းနီတစ်တင်း ၅၆၀၀၀ ကျပ်၊ စမုံနှမ်းနက်တစ်တင်း ၈၈၀၀၀ ကျပ် ဖြစ်နေသည်ကို တွေ့ရပါသည်။

သို့ပါ၍ ကမ္ဘာ့ဈေးကွက်တွင် နာမည်ရလာသော မြန်မာ့နှမ်းကို လက်ရှိတင်ပို့နေသော နိုင်ငံများအပြင် နှမ်းလိုအပ်ချက်များပြားသော အီးယူနိုင်ငံများသို့ ယှဉ်ပြိုင် တင်ပို့နိုင်စေရေးအတွက် အီးယူဈေးကွက်အခြေအနေ၊ တင်ပို့ရာတွင် သိသင့်သော ကန့်သတ်ချက်များနှင့် နှမ်းတင်ပို့နေသော နိုင်ငံများ၏ အခြေအနေအား သုံးသပ်တင်ပြလိုက်ရပါသည်။

**ကိုးကား။ ။www.cbi.eu**

# ပြည်တွင်း၌ ဖွင့်လှစ်ခွင့်ရမည့် နိုင်ငံခြားဘဏ်များအနေဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာသာ ဖွင့်လှစ်ရမည်

ပြည်တွင်း၌ ဖွင့်လှစ်ခွင့်ရသည့် နိုင်ငံခြားဘဏ်များအနေဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာသာ ဘဏ်ခွဲဖွင့်လှစ်ခွင့်ရရှိမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံခြားဘဏ်များကို ပြည်တွင်းစီးပွားရေးလုပ်ငန်းအတွက် ချေးငွေဆိုင်ရာဘဏ်လုပ်ငန်းများ ခွင့်ပြုပေးခဲ့သော်လည်း ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာသာ ဖွင့်ခွင့်ပြုထားကြောင်း ဗဟိုဘဏ်မှ ဒုတိယဥက္ကဋ္ဌ ဦးစိုးသိန်းက ပြောသည်။

"ပြည်တွင်းလုပ်ငန်းရှင်တွေအတွက် နိုင်ငံခြားဘဏ်တွေရဲ့ ဘဏ်လုပ်ငန်း ဝန်ဆောင်မှုပေးဖို့ ခွင့်ပြုပေးတာက မြန်မာ့စီးပွားရေး တိုးတက်ဖို့နဲ့ ပြည်တွင်းက လုပ်ငန်းရှင်တွေ အရင်းအနှီးရရှိစေဖို့အတွက်ပါ။ အဲဒါကြောင့် လာမယ့်နှစ်အတွင်းမှာလည်း နိုင်ငံခြားဘဏ်တွေကို ထပ်မံခွင့်ပြုသွားဖို့ ရှိပါတယ်"ဟု ဗဟိုဘဏ်မှ ဒုတိယ ဥက္ကဋ္ဌ ဦးစိုးသိန်းက ပြောသည်။

နိုင်ငံခြားဘဏ်များအနေဖြင့် အခြားသော တိုင်းဒေသကြီးဖြစ်သည့် မန္တလေးတိုင်းဒေသကြီးတွင် ဘဏ်ခွဲဖွင့်လှစ်ရန် ခွင့်ပြုချက်တောင်းခံမှုများရှိသော်လည်း လက်ရှိခွင့်ပြုထားသည့် နိုင်ငံခြားဘဏ် ၁၃ ခုနှင့် ထပ်မံခွင့်ပြုရန်ရှိသည့် နိုင်ငံခြားဘဏ်များကို ရန်ကုန်မြို့မှလွဲ၍ အခြားဒေသများတွင် ဘဏ်ခွဲဖွင့်ခွင့် မပြုထားကြောင်း၊ ယင်းအတွက်ကြောင့် နယ်မှချေးလိုသည့် လုပ်ငန်းရှင်များအနေဖြင့် ရန်ကုန်သို့ လာရောက်ရမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံခြားဘဏ်များအား ဘဏ်ခွဲဖွင့်လှစ်ခွင့်ပြုလိုက်ခြင်းကို ပြီးခဲ့သည့် နိဝင်ဘာလမှ စတင်ကာ ခွင့်ပြုခဲ့ခြင်းဖြစ်ပြီး ဒေါ်လာနှင့် ကျပ်ငွေ နှစ်မျိုးစလုံးကို ထုတ်ချေးခွင့်ပြုလိုက်ခြင်းဖြစ်ကြောင်း၊ သို့ရာတွင် ခေါ်ယူအပ်ငွေနှင့် အတိုးပေးခွင့်ကို ခွင့်ပြုထားခြင်းမရှိကြောင်း သိရသည်။

**ချောစု**

## ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ လေကြောင်းလိုင်းသစ်လေးခု ဆင်းသက်နိုင်ရန် ညှိနှိုင်းမှုများ ပြုလုပ်နေ

အာဆီယံဒေသတွင်းရှိလေ ကြောင်းလိုင်းသစ်လေးခုကို ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဆင်းသက်ခွင့်ပေးရန်အတွက် ဆွေးနွေးညှိနှိုင်းမှုများ လုပ်ဆောင်နေကြောင်း Yangon Aerodrome Company Limited (YACL) မှ သိရသည်။

"ဆင်းသက်ခွင့်ပေးမယ်ဆိုတဲ့ လေကြောင်းလိုင်းတွေက အလားအလာရှိ တဲ့ လေကြောင်းလိုင်းတွေပါ။ အဲဒါကြောင့်လည်း သက်ဆိုင်ရာတာဝန်ရှိသူတွေနဲ့ ညှိနှိုင်းမှုတွေလုပ်နေပါတယ်။ အဲဒီ လေကြောင်းလိုင်းတွေဝင်လာရင် ခရီးသည်တိုးတက်မှုနှုန်းလည်း မြင့်တက်လာနိုင်ပါတယ်" ဟု YACL မှ COO Mr. Jose Angeja က ပြောသည်။

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ကို လာမည့် ၂ နှစ် ၃ နှစ်အတွင်း တိုးချဲ့အဆင့်မြှင့်တင်သွားမည့် လုပ်ငန်းများထဲတွင် ဘိုးရင်း ၇၇၇ လေယာဉ်ကဲ့သို့ Code C အမျိုးအစားလေယာဉ် ၁၃ စီးရပ်နားနိုင်မည့် နေရာအသစ်တစ်ခု၊ လေယာဉ်ပြေးလမ်း အလွယ်တကူ ရှင်းလင်းနိုင်ရေး အထောက်အကူပြုလမ်းကြောင်းတစ်လမ်း၊ လေယာဉ်ပြုပြင် ထိန်းသိမ်းမည့် အဆောက်အဦများ တည်ဆောက်ခြင်း၊ ကယ်ဆယ်ရေး၊ မီးသတ်စခန်းနှင့် မူလ Terminal 2 အဆောက်အအုံအား နည်းပညာဆိုင်ရာ ပြန်လည်အဆင့်မြှင့်တင်မှုများ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

ပြီးခဲ့သည့် ၂၀၁၅ ခုနှစ် အောက်တိုဘာတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ချိတ်ဆက်ပျံသန်းနေသည့် လေကြောင်းလိုင်းပေါင်း ၂၅ လိုင်း ရှိခဲ့ရာမှ ယခုအခါ တရုတ်နိုင်ငံမှ Sichuan Airline အပါအဝင် အပြည်ပြည်ဆိုင်ရာ လေကြောင်းလိုင်း ၃၁ လိုင်းအထိ ချိတ်ဆက်ပျံသန်းနေကြောင်း သိရသည်။

**ချောစု**



## တရုတ်နိုင်ငံမှ လူသုံးကုန်ပစ္စည်း အမျိုးပေါင်း ရှစ်သောင်းကျော်ပါဝင်သည့် ကုန်စည်ပြပွဲကျင်းပ

တရုတ်နိုင်ငံမှ လူသုံးကုန်ပစ္စည်းအမျိုးပေါင်း ရှစ်သောင်းကျော်ပါဝင်သည့် ကုန်စည်ပြပွဲ ZHEJIANG Export Fair (Myanmar)ကို ဒီဇင်ဘာ ၇ ရက်မှ ၉ ရက်နေ့အထိ မင်းဓမ္မလမ်းရှိ Myanmar Event Park တွင် ကျင်းပခဲ့သည်။

အဆိုပါပြပွဲကို တရုတ်ပြည်သူ့ သမ္မတနိုင်ငံနှင့် ပြည်တွင်းရှိ Creation Strength Co.,Ltd တို့ ပူပေါင်းကျင်းပခြင်းဖြစ်ပြီး တရုတ်နှင့်မြန်မာ နှစ်နိုင်ငံ ကုန်သွယ်မှု ပိုမိုကောင်းမွန်စေရန်၊ မြန်မာနိုင်ငံအနေနှင့် ကိုယ်စားလှယ်များ ပိုမိုရရှိစေရန် ရည်ရွယ်လုပ်ဆောင်ခြင်း ဖြစ်ကြောင်း သိရသည်။

"ဒီပြပွဲပြဖို့အတွက် တရုတ်ဘက်က လုပ်ငန်းရှင်တွေကိုလည်း ဖိတ်ခေါ်ထားပါတယ်။ ပြည်တွင်းနဲ့ပြည်ပက လုပ်ငန်းရှင်တွေအကုန်လုံးကို အခမဲ့ ဝင်ရောက်ပြသနိုင်အောင် လုပ်ပေးထားပါတယ်။ ဒီပွဲမှာ တရုတ်နိုင်ငံဘက် က လူသုံးကုန်ပစ္စည်းတွေ၊ ဖန်စီပစ္စည်းတွေ၊ ခရစ်စမတ်ပစ္စည်းတွေကို ဝင်ရောက်ပြသပေးသွားမှာပါ။ ဒီပြပွဲကနေတစ်ဆင့် ကုန်သွယ်မှုလုပ်ငန်းတွေလည်း လုပ်နိုင်သလို လုပ်ငန်းရှင်တွေလည်း တ ကူးတကသွားနေစရာမလိုဘဲ ပြည်တွင်းမှာပဲ အချိန်ကုန်သက်သက်သာသာနဲ့ လုပ်ငန်းပါတနာကို ရှာဖွေနိုင်မှာဖြစ်ပါတယ်"ဟု Creation Strength Co.,Ltd မှ မန်နေဂျင်းဒါရိုက်တာ ဦးစိုးလှိုင်က ပြောသည်။

ZHEJIANG Export Fair (Myanmar) ပြပွဲတွင် တရုတ်နိုင်ငံမှ ဆိုင်ခန်းပေါင်း ၁၅၀ နှင့် ပြည်တွင်းမှ ဆိုင်ခန်းပေါင်း ၅၀ ခန့် ပါဝင်ပြသခဲ့ ပြီး လူသုံးကုန်၊ အိမ်သုံးနှင့် အလှကုန် ပစ္စည်းများကို ပြသခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Creation Strength Co.,Ltd အနေဖြင့် ZHEJIANG နှင့်ပူးပေါင်း၍ လူသုံးကုန် ပစ္စည်းများ ရောင်းချသည့် ပြပွဲသာမက တရုတ်နိုင်ငံမှ ပိတ်စအမျိုးပေါင်း တစ်သိန်းကျော် ပါဝင်ပြသသည့် ပြပွဲကိုလည်း ဒီဇင်ဘာ ၇ ရက်မှ ၉ ရက် အထိ မင်းဓမ္မလမ်းရှိ Myanmar Convention Center ၌ ကျင်းပခဲ့ပြီး အဆိုပါပြပွဲတွင် တရုတ်နိုင်ငံမှ စက်ရုံပေါင်း ၁၅၀ ကျော်ပါဝင် ပြသခဲ့ကြောင်း သိရသည်။ **ချောစု**

# စင်ကာပူနိုင်ငံတွင်နေထိုင်သူများ AYA Bank မှတစ်ဆင့် ပြည်တွင်းသို့ လျှင်မြန်စွာငွေလွှဲနိုင်

စင်ကာပူတွင် နေထိုင်သူများသည် ဧရာဝတီဘဏ်မှတစ်ဆင့် ပြည်တွင်းရှိ အခြားဘဏ်များသို့ လျှင်မြန်လွယ်ကူစွာ ငွေလွှဲပေးပို့နိုင်မည့် ဝန်ဆောင်မှု စတင်လိုက်ပြီဖြစ်ကြောင်း ဒီဇင်ဘာ ၅ ရက်က ရန်ကုန်မြို့၊ နိုဗိုတယ်ဟိုတယ်တွင် ပြုလုပ်သော AYA Bankနှင့် စင်ကာပူအခြေစိုက် DBS Bankတို့ မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်ရေးသဘော တူညီချက်လက်မှတ်ရေးထိုးခြင်း အခမ်းအနားမှ သိရသည်။




"DBS Bank နဲ့ ပူးပေါင်းဆောင်ရွက်မှုဟာ စင်ကာပူနိုင်ငံအခြေစိုက် အသက်မွေးဝမ်းကျောင်းပညာရှင်တွေ၊ ကျောင်းသားတွေအနေနဲ့ ပြည်တွင်းက ဆွေမျိုးတွေအတွက် ဖြစ်နိုင်သမျှ အကောင်းဆုံးနည်းလမ်းနဲ့ စိတ်ချမ်းမြေ့စွာ ငွေလွှဲပေးပို့နိုင်တော့မှာ ဖြစ်ပါတယ်။ မိုဘိုင်းနည်းပညာကို အသုံးပြုပြီး ဘဏ်လုပ်ငန်းနယ်ပယ်ဝန်ဆောင်မှု အသုံးပြုသူတွေရဲ့ အတွေ့အကြုံကို အလေးထားကာ ဒီလုပ်ငန်းကို DBS Bank နဲ့ ပူးပေါင်း အကောင်အထည်ဖော်ရခြင်း ဖြစ်ပါတယ်"ဟု AYABank၏ မန်နေဂျင်းဒါရိုက်တာ ဦးမြင့်ဇော်က ပြောသည်။

ယခုပူးပေါင်းဆောင်ရွက်မှုသည် ဘဏ်နှစ်ခု၏ ဝန်ဆောင်မှုအသုံးပြုနေသူများအတွက် မြန်မာနိုင်ငံသို့ ငွေပို့ငွေလွှဲပြုလုပ်ရာတွင် နှစ်ဦးနှစ်ဖက် အကျိုးရှိရန်အတွက် ပူးပေါင်းဆောင်ရွက်ရခြင်းဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံသို့ ငွေလွှဲရန်အတွက် ငွေလွှဲပေးပို့မည့်သူသည် (DBS/POSB Singapore)တွင် ဘဏ်စာရင်းရှိရမည်ဖြစ်ပြီး ငွေလွှဲလက်ခံမည့်သူသည် ဧရာဝတီဘဏ်တွင် ငွေစာရင်းတစ်ခုဖွင့်လှစ်ထားရမည်ဖြစ်ကြောင်း၊ တစ်နေ့လျှင် အများဆုံး အမေရိကန်ဒေါ်လာတစ်သောင်းအထိလွှဲပို့နိုင်ပြီး မြန်မာစံတော်ချိန် နေ့လယ် ၁ နာရီမတိုင်မီ ငွေလွှဲပေးပို့လျှင် ယင်းနေ့တွင်ပင် ငွေလွှဲအား ငွေစာရင်းသို့ ချက်ချင်းထည့်သွင်းပေးမည်ဖြစ်ပြီး နေ့လယ် ၁ နာရီကျော်လွန်သွားပါက ငွေလွှဲအား နောက်တစ်နေ့ ရုံးဖွင့်ချိန်တွင် လက်ခံနိုင်မည်ဖြစ်ကြောင်း သိရသည်။

ပြည်တွင်းရှိ အခြားဘဏ်၏ငွေစာ ရင်းထဲသို့ ငွေလွှဲပေးပို့သည်ဆိုပါက မြန်မာစံတော်ချိန် နေ့လယ် ၁၂ နာရီမတိုင်မီ ငွေလွှဲပေးပို့လျှင် ယင်းနေ့တွင် ငွေလွှဲအား အခြားဘဏ်သို့နေ့ချင်းပေးပို့ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ငွေလွှဲပေးပို့သည့်နေ့တွင်ရှိသော ငွေလဲနှုန်းထားဖြင့် ငွေလွှဲအား လက်ခံရရှိမည်ဟု သိရသည်။

**သန်းထိုက်အောင်**

# မြောက်ပိုင်းခရိုင် စားသုံးသူအကြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ်(၁၁/၂၀၁၈) ကျင်းပ

စားသုံးသူရေးရာဦးစီးဌာန၊ မြောက်ပိုင်းခရိုင်ဦးစီးမှူးရုံး၊ ခရိုင်စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ (၁၁/၂၀၁၈) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို နိုဝင်ဘာ ၂၉ ရက်တွင် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး စည်းသူခန်းမတွင်ကျင်းပပြုလုပ်ခဲ့ပြီး အစည်းအဝေးသို့ အဖွဲ့ဝင်များ၊ စားသုံးသူရေးရာဦးစီးဌာန၊ မြောက်ပိုင်းခရိုင် ဦးစီးမှူးရုံးမှ ဝန်ထမ်းများ စုစုပေါင်း ၁၄ ဦး တက်ရောက်ခဲ့ပါသည်။

အဆိုပါအစည်းအဝေးတွင် ခရိုင်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး ဦးအောင်တင်စိုးက နိုဝင်ဘာလတွင် ခရိုင်အတွင်းမြို့နယ်များရှိ အခြေခံပညာကျောင်းနှင့် ဈေးများသို့ စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲ ကျင်းပပြီးစီးမှုအခြေအနေနှင့် ကျောင်းမုန့်ဈေးရောင်းချမှု၊ မြို့နယ်ဈေးများသို့ ကွင်းဆင်းပညာပေးဆောင်ရွက်ပြီးစီးမှုအခြေအနေ၊ စားသုံးသူအကာအကွယ်ပေးရေးဗဟိုကော်မတီက အောက်တိုဘာ ၂၆ ရက်တွင် အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၁၈)ကို ထုတ်ပြန်ခဲ့ပါကြောင်း၊ ယင်းအမိန့်ကြော်ငြာစာတွင် စားသုံးသူဘေးကင်းလုံခြုံရေးအတွက် ကုန်စည်များကို မြန်မာဘာသာဖြင့်ဖြစ်စေ၊ မြန်မာနှင့် အခြားဘာသာတွဲလျက်ဖြစ်စေ ဖော်ပြရမည့်ဦးစားပေးကုန်စည်များကို ထုတ်ပြန်ခဲ့ပါကြောင်း၊ အမိန့်ကြော်ငြာစာသည် ထုတ်ပြန်သည့်နေ့မှ (၆)လပြည့်မြောက်သည့်နေ့တွင် စတင်အာဏာသက်ရောက်မည်ဖြစ်ကြောင်း ဗဟိုကော်မတီက အမိန့်ကြော်ငြာစာထုတ်ပြန်ခဲ့မှုကို ရှင်းလင်းဆွေးနွေးခဲ့ပါသည်။

ထို့နောက် ခရိုင်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအေးသောင်းက စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းသည် တစ်ဦးကောင်းတစ်ယောက်ကောင်းဖြင့် ဆောင်ရွက်ပါက အောင်မြင်နိုင်မည်မဟုတ်ကြောင်း ဌာနဆိုင်ရာအသီးသီးကလည်း ပူးပေါင်းပါဝင်ပေးစေလိုကြောင်း နိဂုံးချုပ်ပြောကြားခဲ့ပါသည်။

**ထားလှိုင် (ရန်ကုန်)**

# ကလေးခရိုင်ဦးစီးမှူးရုံးတွင် သိမ်းဆည်းပစ္စည်းများအား မီးရှို့ဖျက်ဆီး

ခရိုင်စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၉/၂၀၁၈) (၁၅) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်အရ သိမ်းဆည်းပစ္စည်းများအား ခရိုင်/မြို့နယ် စီမံခန့်ခွဲမှုကော်မတီဝင်များ၊ ဖိတ်ကြားထားသောဌာနဆိုင်ရာမှ အကြီးအကဲများ၊ မိတ်ဖက်ဌာနများနှင့် ခရိုင်စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ဝင်များဖြင့် နိုဝင်ဘာ ၂၇ ရက်က စားသုံးသူရေးရာဦးစီးဌာန၊ ကလေးခရိုင်ဦးစီးမှူးရုံးဝန်းအတွင်း မီးရှို့/မြေမြှုပ်ဖျက်ဆီးခြင်းများ ပြုလုပ်ခဲ့ကြပါသည်။

ဈေးကွက်အတွင်းသို့မိတ်ဖက်ဌာနများနှင့်ပူးပေါင်း၍ ကွင်းဆင်းစစ်ဆေးခဲ့ရာတွင် သက်တမ်းလွန်နေသော အစားအသောက်များ၊ FDAဌာနမှစားသုံးရန်မသင့်/သုံးစွဲရန်မသင့် ကြော်ငြာထားသော အစားအသောက်များ၊ ဆေးဝါးများနှင့် အလှကုန်များ၊ မှိုတက်နေသောအစားအသောက်များနှင့် ထုပ်ပိုးမှု မကောင်းတော့သည့် အစားအသောက်များကိုတွေ့ရှိ၍ သိမ်းဆည်းခဲ့ပါသည်။

အဆိုပါ သက်တမ်းလွန်နေသောစားသောက်ကုန် ၁၇ မျိုး၊ မှိုတက် အစားအစာ ရှစ်မျိုး၊ ထုပ်ပိုးမှုမကောင်းသည့် စားသောက်ကုန် ၁၁ မျိုးနှင့် FDA ဌာနမှ စားသုံးရန်မသင့်ကြောင်း ကြေညာထားသော စားသောက်ကုန်တစ်မျိုး၊ စုစုပေါင်း စားသောက်ကုန် ၃၇ မျိုး၊ အရေအတွက်အားဖြင့် ၂၁၁ ထုပ်၊ ၁၆ ဘူးနှင့်ဆေးဆိုင်များမှ လာရောက်အပ်နှံသော ဆေးဝါး ၁၈ မျိုး၊ အရေအတွက်အားဖြင့် ၄၄ ဘူးနှင့် ၅၁ ကတ်၊ အလှကုန်နှစ်မျိုး အရေအတွက်အားဖြင့် ၁၀ ဘူးနှင့် စုစုပေါင်း တန်ဖိုးငွေကျပ် ၁၀၅၅၈၀ ဖြစ်ကြောင်းသိရပါသည်။

**သိမ့်သိမ့်(ကလေး)**

## စာမျက်နှာ (၁၅) ရွှေနှင့် အမေရိကန်ဒေါ်လာ . . . မှအဆက်

နိုဝင်ဘာလ ၂ ရက်နေ့မှ ဒီဇင်ဘာလ ၆ ရက်နေ့အတွင်း ကမ္ဘာ့ရွှေဈေးနှင့် မြန်မာ့ရွှေဈေး အခြေအနေတို့ကို အောက်ပါအတိုင်း တွေ့ရှိရပါသည်-

| စဉ် | နေ့စွဲ | ရွှေဈေးနှုန်း | |
|---|---|---|---|
| | | အခေါက်ရွှေ ၁ ကျပ်သားဈေးနှုန်း | (ဒေါ်လာ/ အောင်စ) |
| ၁ | ၂.၁၁.၂၀၁၈ | ၁၀၄၂၅၀၀ | ၁၂၃၂ |
| ၂ | ၃.၁၁.၂၀၁၈ | ၁၀၃၈၅၀၀ | ၁၂၃၃ |
| ၃ | ၅.၁၁.၂၀၁၈ | ၁၀၄၀၀၀၀ | ၁၂၃၀ |
| ၄ | ၈.၁၁.၂၀၁၈ | ၁၀၃၇၅၀၀ | ၁၂၂၄ |
| ၅ | ၉.၁၁.၂၀၁၈ | ၁၀၃၃၀၀၀ | ၁၂၂၀ |
| ၆ | ၁၂.၁၁.၂၀၁၈ | ၁၀၂၆၀၀၀ | ၁၂၀၇ |
| ၇ | ၁၃.၁၁.၂၀၁၈ | ၁၀၂၆၅၀၀ | ၁၁၉၇ |
| ၈ | ၁၄.၁၁.၂၀၁၈ | ၁၀၂၈၅၀၀ | ၁၁၉၉ |
| ၉ | ၁၆.၁၁.၂၀၁၈ | ၁၀၃၆၅၀၀ | ၁၂၁၈ |
| ၁၀ | ၁၇.၁၁.၂၀၁၈ | ၁၀၃၆၅၀၀ | ၁၂၂၂ |
| ၁၁ | ၁၉.၁၁.၂၀၁၈ | ၁၀၃၅၅၀၀ | ၁၂၂၂ |
| ၁၂ | ၂၀.၁၁.၂၀၁၈ | ၁၀၃၆၀၀၀ | ၁၂၂၄ |
| ၁၃ | ၂၃.၁၁.၂၀၁၈ | ၁၀၃၆၅၀၀ | ၁၂၂၂ |
| ၁၄ | ၂၆.၁၁.၂၀၁၈ | ၁၀၃၇၀၀၀ | ၁၂၂၆ |
| ၁၅ | ၂၇.၁၁.၂၀၁၈ | ၁၀၃၃၅၀၀ | ၁၂၂၅ |
| ၁၆ | ၂၈.၁၁.၂၀၁၈ | ၁၀၂၈၅၀၀ | ၁၂၁၄ |
| ၁၇ | ၂၉.၁၁.၂၀၁၈ | ၁၀၃၃၀၀၀ | ၁၂၂၆ |
| ၁၈ | ၃၀.၁၁.၂၀၁၈ | ၁၀၂၇၀၀၀ | ၁၂၂၃ |
| ၁၉ | ၁.၁၂.၂၀၁၈ | ၁၀၂၁၅၀၀ | ၁၂၂၃ |
| ၂၀ | ၂.၁၂.၂၀၁၈ | ၁၀၂၁၀၀၀ | ၁၂၂၃ |
| ၂၁ | ၃.၁၂.၂၀၁၈ | ၁၀၁၀၀၀၀ | ၁၂၃၀ |
| ၂၂ | ၄.၁၂.၂၀၁၈ | ၁၀၁၃၀၀၀ | ၁၂၄၀ |
| ၂၃ | ၅.၁၂.၂၀၁၈ | ၁၀၁၄၀၀၀ | ၁၂၃၅ |
| ၂၄ | ၆.၁၂.၂၀၁၈ | ၁၀၂၅၅၀၀ | ၁၂၃၆ |

Source: estimate of world's exchange rate and gold price page

ပြည်တွင်း ပြင်ပငွေကြေးဈေးကွက်တွင် နိုဝင်ဘာလအတွင်း အမေရိကန်ဒေါ်လာ ငွေလဲလှယ်နှုန်းသည် အမေရိကန်တစ် ဒေါ်လာလျှင် ကျပ် ၁၅၈၀ မှ ကျပ် ၁၅၉၀ ဝန်းကျင်အတွင်း ဖြစ်ပေါ်နေခဲ့ရာမှ လကုန်ရက်ဖြစ်သည့် နိုဝင်ဘာလ ၃၀ ရက်နေ့တွင် ၁၅၇၅ ကျပ်ဖြစ်ခဲ့ပြီး ဒီဇင်ဘာ ၃ ရက် နံနက် ဈေးဖွင့်ချိန်တွင် တစ်ဒေါ်လာ ၁၅၇၅ ကျပ်မှ ညနေဈေးကွက်ပိတ်ချိန်တွင် တစ်ဒေါ်လာ ကျပ် ၁၅၅၀ သို့ ကျဆင်းလာရာ တစ်ရက်အတွင်း တစ်ဒေါ်လာလျှင် ၂၅ ကျပ်ခန့် ကျဆင်းလာခဲ့သည်ကို တွေ့ရှိရပါသည်။ ဒီဇင်ဘာ ၅ ရက်တွင် တစ်ဒေါ်လာလျှင် ၁၅၁၅ ကျပ်ဖြစ်ပေါ်ခဲ့၍ တစ်ဒေါ်လာလျှင် ကျပ် ၆၀ ခန့်ထိ သိသိသာသာ ကျဆင်းလာခဲ့ခြင်းဖြစ်ကြောင်း သိရှိရပါသည်။ သို့ရာတွင် ဒီဇင်ဘာလ ၆ ရက်တွင် ဒေါ်လာဈေး ပြန်လည်မြင့်တက်လာပြီး မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ တရားဝင် ထုတ်ပြန်ချက်အရ အမေရိကန်တစ်ဒေါ်လာလျှင် ၁၅၄၃ ကျပ်ဖြစ်ပေါ်ခဲ့ပြီး ပြင်ပငွေလဲနှုန်းမှာ ကျပ် ၁၅၅၀ သို့ပြန်လည် မြင့်တက်လာခဲ့သည်ကို တွေ့ရှိရပါသည်။


မြန်မာနိုင်ငံတော်ဗဟိုဘဏ်၌လည်း နိုဝင်ဘာလပထမပတ် ငွေလဲလှယ်နှုန်းတွင် အမေရိကန်တစ်ဒေါ်လာလျှင် ၁၅၆၅ ကျပ်ဖြစ်ပေါ်ခဲ့ပြီး နိုဝင်ဘာလလယ်မှ ဒီဇင်ဘာလ ၃ ရက်နေ့ထိ ၁၅၇၃ ကျပ် ဝန်းကျင်ဖြင့် အပြောင်းအလဲမရှိ ဈေးနှုန်းတည်ငြိမ် နေခဲ့သည်ကို တွေ့ရှိရပါသည်။ ပြင်ပပြည်တွင်း ငွေကြေးဈေးကွက်အတွင်း အမေရိကန်ဒေါ်လာငွေလဲလှယ်ဈေးနှုန်းများ တစ်ရက်အတွင်း တစ်ဒေါ်လာလျှင် ၂၅ ကျပ်ခန့် ကျဆင်းလာခဲ့ပြီးနောက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ငွေလဲလှယ်နှုန်းမှာ နိုဝင်ဘာ ၃၀ ရက်တွင် အမေရိကန်တစ်ဒေါ်လာလျှင် ၁၅၇၃ ကျပ် ရှိခဲ့ရာမှ ဒီဇင်ဘာ ၅ ရက်တွင် ကျပ် ၁၅၄၀ သို့ ကျဆင်းလာခဲ့သဖြင့် တစ်ဒေါ်လာလျှင် ၃၃ ကျပ် ကျဆင်းခဲ့သည်ကို တွေ့ရှိရပါသည်။ ဒီဇင်ဘာလ ၆ ရက်တွင် ၁၅၄၃ ကျပ်သို့ အနည်းငယ်ပြန်လည်မြင့် တက်ခဲ့သည်ကို တွေ့ရှိရပါသည်။

ယင်းသို့ ပြင်ပငွေကြေးဈေးကွက်အတွင်း ကန်ဒေါ်လာတန်ဖိုး သိသိသာသာ ကျဆင်းလာရခြင်းသည် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် တရုတ်သမ္မတတို့သည် အာဂျင်တီးနားနိုင်ငံတွင် ကျင်းပလျက်ရှိသည့် G -20 အစည်းအဝေးတွင် မျက်နှာချင်းဆိုင် တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြပြီး အမေရိကန်နှင့် တရုတ်နိုင်ငံတို့ကြားအားပြိုင်နေသည့် ကုန်သွယ်ရေးစစ်ပွဲ ခေတ္တရပ်ဆိုင်းလိုက်ခြင်းကြောင့် နိုင်ငံတကာ ငွေကြေးဈေးကွက်တွင် ကန်ဒေါ်လာတန်ဖိုး ကျဆင်းလာခဲ့ပြီး နိုင်ငံတကာရေနံဈေးသည်လည်း ဆက်တိုက် ကျဆင်းလာခဲ့ခြင်းကြောင့် ဖြစ်ကြောင်းသိရှိရပါသည်။

ဒေါ်လာဈေးရုတ်တရက် ကျဆင်းလာရခြင်းမှာ မြန်မာနိုင်ငံသည် ပြည်ပမှ စက်သုံးဆီတင်သွင်းမှုအတွက် တစ်လလျှင် ကန်ဒေါ်လာသန်း ၄၀၀ ခန့်သုံးစွဲနေရပြီး ပြည်ပမှ စက်သုံးဆီ တင်သွင်းနေသည့် လုပ်ငန်းရှင်များမှ နိုင်ငံတကာ ရေနံဈေးကျဆင်းလာမှုကို စောင့်ကြည့်နေပြီး တင်သွင်းမှုလျှော့ချမှုများ ရှိခြင်းကြောင့် ကန်ဒေါ်လာ အသုံးနည်းလာခြင်း၊ ပြည်တွင်း၌ ရင်းနှီးမြှုပ်နှံထားသည့် နိုင်ငံခြားစီးပွားရေးလုပ်ငန်းရှင်များသည် အလုပ်သမားများအား လစာပေးရန် ဒေါ်လာရောင်းချမှု၊ ပြည်ပမှ သွင်းကုန်တင်သွင်းရန် ငွေလွှဲပေးပို့မှုနည်းခြင်း၊ လက်ရှိပြင်ပဈေးကွက်အတွင်း ဒေါ်လာရောင်းသူများ များပြားနေသည့်အပြင် ပြည်ပပို့ကုန်တင်ပို့မှုမှ ဒေါ်လာအဝင်များလာခြင်း၊ ပြည်ပတင်ပို့မှု များပြားသည့် ကာလဖြစ်သည့်အတွက် ပို့ကုန်မှရသည့် နိုင်ငံခြားငွေ (Earning) ဈေးနှုန်းဆက်ကျလာခြင်းများကြောင့် ပြင်ပငွေလဲလှယ်နှုန်းများ သိသိသာသာ ကျဆင်းလာခြင်းဖြစ်ကြောင်း ငွေကြေးဈေးကွက် ကျွမ်းကျင်သူများထံမှ သိရှိရပါသည်။

လက်ရှိအခြေအနေအရ ဒေါ်လာဈေးနှုန်းမှာ မှန်းဆရခက်ခဲနေသော်လည်း အကျဘက်သို့ ပြန်လည်ဦးတည်နိုင်ကြောင်း ယခုရက်ပိုင်းအတွင်း ဒေါ်လာဈေးရုတ်ချည်းထိုးကျရာမှ အနည်းငယ်ပြန်လည်မြင့်တက်လာခြင်းမှာ ဒေါ်လာဈေးကစားသူများကြောင့်ဖြစ်နိုင်ပါကြောင်း၊ ယခုအခါတွင် တရုတ်နှင့် အမေရိကန်တို့၏ကုန်သွယ်ရေးစစ်ပွဲအခြေအနေသည်လည်း တည်ငြိမ်လာပြီး ပြည် တွင်းအခြေအနေတွင် ပွင့်လင်းရာသီ ဖြစ်လာသည့်အတွက် ပို့ကုန်တင်ပို့မှုအခြေအနေများ ကောင်းမွန်ခြင်းကြောင့် ဒေါ်လာဈေးကစားသူများကို ထိန်းချုပ်နိုင်လျှင် အမေရိကန် တစ်ဒေါ်လာလျှင် ကျပ် ၁၅၀၀ အောက်သို့ ကျဆင်းနိုင်ကြောင်း စီးပွားရေးလုပ်ငန်းရှင် များမှ သုံးသပ်ပြောကြားခဲ့သည်ကို သိရှိရပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ website တွင် Economic Indicator (%) ဖော်ပြချက်များအရ GDP Growth 6.8 % ၊ Annual Rate of Inflation 6.34 % ၊ Year on Year Inflation က 8.85 % ရှိသည်ကိုလည်းလေ့လာသိရှိရပါသည်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ထုတ်ပြန်ချက်အရ ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်နေ့မှ ဒီဇင်ဘာလ ၆ ရက်နေ့အထိ နေ့အလိုက် ဖြစ်ပေါ်ပြောင်းလဲခဲ့သော အမေရိကန်ဒေါ်လာဖြင့် ကျပ်ငွေလဲလှယ်နှုန်းတန်ဖိုးများအား အောက်ပါဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-




Source:Central Bank of Myanmar

၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက်နေ့မှ ဒီဇင်ဘာ ၆ ရက်အထိ ရက်အလိုက် ဖြစ်ပေါ်ပြောင်းလဲခဲ့သော တစ်ပတ်အတွင်း အမေရိကန်တစ်ဒေါ်လာနှင့်ညီမျှသော နိုင်ငံတကာ ငွေလဲလှယ်နှုန်းများကို အောက်ပါဇယားဖြင့် ဖော်ပြအပ်ပါသည်-

တစ်ပတ်အတွင်း အမေရိကန် တစ်ဒေါ်လာ နှင့်ညီမျှသော နိုင်ငံတကာ ငွေလဲနှုန်းဇယား

| စဉ် | နိုင်ငံတကာ ငွေကြေးများ | | ၃၀-၁၁-၁၈ | ၃-၁၂-၁၈ | ၄-၁၂-၁၈ | ၅-၁၂-၁၈ | ၆-၁၂-၁၈ | တစ်ပတ်အတွင်း ငွေလဲလှယ်နှုန်း အတက်/အကျ (%) | |
|---|---|---|---|---|---|---|---|---|---|
| ၁ | Myanmar | Kyat | ၁၅၇၃ | ၁၅၇၃ | ၁၅၇၀ | ၁၅၄၀ | ၁၅၄၃ | -၁.၉၀၇ | ⬇ |
| ၂ | Thai Baht | THB | ၃၂.၉၀၅ | ၃၂.၈၅၀ | ၃၂.၇၈၅ | ၃၂.၇၈၀ | ၃၂.၈၀၀ | -၀.၃၄၉ | ⬇ |
| ၃ | Singapore Dollar | SGD | ၁.၃၇၀ | ၁.၃၆၉ | ၁.၃၆၇ | ၁.၃၆၆ | ၁.၃၆၉ | -၀.၀၇၃ | ⬇ |
| ၄ | Malaysian Ringgit | MYR | ၄.၁၈၈ | ၄.၁၇၉ | ၄.၁၆၆ | ၄.၁၅၇ | ၄.၁၅၉ | -၀.၆၉၂ | ⬇ |
| ၅ | Indonesian Rupiah | IDR | ၁၄၃၈၂ | ၁၄၂၄၀ | ၁၄၃၀၅ | ၁၄၃၇၅ | ၁၄၄၈၇ | ၀.၇၃၀ | ⬆ |
| ၆ | Chinese Yuan | CNY | ၆.၉၄၂ | ၆.၉၆၀ | ၆.၈၈၃ | ၆.၈၃၇ | ၆.၈၅၇ | -၁.၂၂၄ | ⬇ |
| ၇ | Indian Rupee | INR | ၆၉.၇၈၀ | ၆၉.၆၅၁ | ၇၀.၄၃၈ | ၇၀.၅၂၉ | ၇၀.၅၆၀ | ၁.၁၁၈ | ⬆ |
| ၈ | Japanese Yen | JPY | ၁၁၃.၃၉၄ | ၁၁၃.၆၂၃ | ၁၁၃.၄၂၃ | ၁၁၂.၈၈၇ | ၁၁၂.၈၀၁ | -၀.၅၂၃ | ⬇ |
| ၉ | Austrialia Dollar | AUD | ၁.၃၆၅ | ၁.၃၆၀ | ၁.၃၆၁ | ၁.၃၆၈ | ၁.၃၈၂ | ၁.၂၄၅ | ⬆ |
| ၁၀ | Euro | EUR | ၀.၈၇၈ | ၀.၈၈၂ | ၀.၈၈၀ | ၀.၈၈၂ | ၀.၈၈၁ | ၀.၃၄၂ | ⬆ |
| ၁၁ | Pound Sterling | GBP | ၀.၇၈၂ | ၀.၇၈၃ | ၀.၇၈၆ | ၀.၇၈၇ | ၀.၇၈၆ | ၀.၅၁၂ | ⬆ |

Source:Central Bank of Myanmar

လက်ရှိဖြစ်ပေါ်နေသည့်အခြေအနေအရ အပြောင်းအလဲများ ဖြစ်ပေါ်ခြင်းသည် ပို့ကုန်သွင်းကုန် လုပ်ငန်းရှင်များကို ထိခိုက်စေပြီး ယင်းကဲ့သို့ဒေါ်လာဈေးမတည်ငြိမ်မှုသည် တိုင်းပြည်စီးပွားရေးကို ထိခိုက်စေနိုင်ခြင်းကြောင့် ဒေါ်လာဈေးနှုန်းတည်ငြိမ်နေဖို့ လိုအပ်ပါကြောင်း၊ အစိုးရအနေဖြင့် ပြည်တွင်းကျပ်ငွေတန်ဖိုး တည်ငြိမ်ရေးဆောင်ရွက်ရာတွင် ရေရှည်တည်တံ့၍ စဉ်ဆက်မပြတ် အကျိုးသက်ရောက်မှုရှိစေမည့် စီမံချက်များ ချမှတ် အကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ကြောင်း နှင့်နိုင်ငံခြားဘဏ်များအား ဘဏ်ဝန်ဆောင်မှုလုပ်ငန်းများ တိုးမြှင့်ခွင့်ပြုပေးခြင်းကြောင့် ပြည်တွင်း ဒေါ်လာနှင့် ရွှေဈေးကွက်အပေါ် ဖြစ်ပေါ်လာမည့် အကျိုးသက်ရောက်မှုများအား စဉ်ဆက်မပြတ် စောင့်ကြည့်၍ လိုအပ်သည့် ထိန်းကျောင်းမှုများ ဆောင်ရွက်သွားသင့်ကြောင်း သုံးသပ်တင်ပြအပ်ပါသည်။

## လှိုင်ကော်ခရိုင် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ (၉/၂၀၁၈)လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ

ကယားပြည်နယ် လှိုင်ကော်ခရိုင် စားသုံးသူရေးရာ ဦးစီးဌာနမှ နိုဝင်ဘာလ ၂၉ ရက်တွင် ခရိုင်စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ (၉/၂၀၁၈) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ရာ အစည်းအဝေးသို့ ခရိုင်စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ တက်ရောက်ခဲ့ပါတယ်။

အစည်းအဝေးတွင် ခရိုင်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌ၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဦးစန်းဝင်းက အဖွင့်အမှာစကား ပြောကြားပြီး ခရိုင်စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့အတွင်းရေးမှူး ခရိုင်စားသုံးသူရေးရာဦးစီးဌာန ခရိုင်ဦးစီးမှူးဒေါ်မြို့ရီက ယခင်လ(၈/၂၀၁၈) လုပ်ငန်းညှိနှိုင်းအစည်းအဝေး ဆုံးဖြတ်ချက်များ ဆောင်ရွက်ပြီးစီးမှု အခြေအနေများ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ စားသုံးရန်မသင့် ထုတ်ပြန်ထားသော Miki-ko အမှတ်တံဆိပ် စားသောက်ကုန်အား သက်ဆိုင်ရာ ဒေသအာဏာပိုင်များဖြင့် ဈေးကွက်စောင့်ကြည့်စစ်ဆေးခဲ့မှုများ၊ စားသုံးသူ အကာအကွယ်ပေးရေးဗဟိုကော်မတီမှ ၂၀၁၈ ခုနှစ် အောက်တိုဘာ ၂၆ ရက်တွင် ထုတ်ပြန်ခဲ့သော ကုန်စည်များတွင် ထုတ်လုပ်ခြင်း၊ ကုန်သွယ်ခြင်းတို့ပြုရာတွင် စားသုံးသူ ဘေးကင်းလုံခြုံရေးအတွက် ကုန်စည်များတွင် မြန်မာဘာသာဖြင့်ဖြစ်စေ၊ မြန်မာနှင့် အခြားဘာသာတွဲလျက်ဖြစ်စေ ဖော်ပြခြင်း အမိန့်ကြော်ငြာစာ ၁/၂၀၁၈ နှင့် စပ်လျဉ်း၍ လှိုင်ကော်မြို့အတွင်း အမိန့်ကြော်ငြာစာပါ ကုန်စည် (၉)မျိုးကို ထုတ်လုပ်ခြင်း၊ တင်သွင်းခြင်း၊ လက်လီလက်ကားဖြန့်ဖြူး ရောင်းချနေသော လုပ်ငန်းရှင်များအား ခေါ်ယူ အသိပေး ရှင်းလင်း ဆောင်ရွက်ခဲ့မှု အခြေအနေများ တိုင်ကြားမှုများကို (CICC) မှ ဖြေရှင်းပေးခဲ့မှုအခြေအနေများကို လည်းကောင်း၊ ရှေ့ဆက်လက် ဆောင်ရွက်မည့် အစီအမံများကိုလည်းကောင်း တင်ပြဆွေးနွေးခဲ့ပြီး အဖွဲ့ဝင်များကလည်း အသီးသီး ဆွေးနွေးခဲ့ကြောင်း သတင်းရရှိပါတယ်။

**ကျော်ဇင်ထွေး (စားသုံးသူ၊ ကယား)**

## စစ်ကိုင်းတိုင်းဒေသကြီး၊ စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေးအမှတ်စဉ် (၅) သင်တန်းပို့ချ

စစ်ကိုင်းတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာန၊ တိုင်းဒေသကြီး ဦးစီးမှူး၏ ဦးဆောင်မှုဖြင့် ဒီဇင်ဘာ ၄ ရက်မှ ၅ ရက်ထိ၊ တိုင်းဒေသကြီး ဦးစီးမှူးရုံး၊ အစည်းအဝေးခန်းမ၌ ဝန်ထမ်းများ စွမ်းဆောင်ရည်မြှင့်တင်စေရန် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး အမှတ်စဉ် (၅ )သင်တန်းကို ကျင်းပပြုလုပ်ခဲ့ရာ သင်တန်းသား/ သူ ၂၀ ဦး တက်ရောက်ခဲ့ကြောင်း သိရှိရပါသည်။

သင်တန်းတွင် တိုင်းဒေသကြီး ဦးစီးမှူးက စစ်ကိုင်းတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာနသည် စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းစဉ်များကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိသကဲ့သို့ ပြည်တွင်းကုန်သွယ်မှု ဖွံ့ဖြိုးရေးနှင့် သုတေသနလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲပြုလုပ်ရာတွင်မြို့နယ်အသီးသီးမှ ဝန်ထမ်းများအနေဖြင့် တိုင်းဒေသကြီး အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့မှ ထုတ်ပြန်ထားသော ကြော်ငြာစာများ၊ ညွှန်ကြားချက်အသစ်များကို သိရှိထည့်သွင်းပြောကြားနိုင်စေရန်၊ စားသုံးသူများ ထုတ်ကုန်လုံခြုံမှုရှိစေရန် အတွက် ဈေးကွက်စောင့်ကြည့်လေ့လာစစ်ဆေးခြင်းများ ဆောင်ရွက်ရာတွင် သိမ်းဆည်းရမည့် ပစ္စည်းများ၊ တားမြစ်ရမည့် ပစ္စည်းများ၊ မီးရှို့ဖျက်ဆီးရမည့်ပစ္စည်းများကို စနစ်တကျဆောင်ရွက်တတ်စေရန် ယခုလို သင်တန်း ပေးရခြင်းဖြစ်ကြောင်း၊ ဈေး၊ ကျောင်း၊ ရပ်ကွက် စားသုံးသူရေးရာ အဖွဲ့ငယ်များဖွဲ့စည်း၍ စားသုံးသူများ၏ နစ်နာဆုံးရှုံးမှုများကို လွယ်ကူစွာ တိုင်ကြားနိုင်ရန် တိုင်ကြားမှုလက်ခံစာတိုက်ပုံးများ ထားရှိသွားမည်ဖြစ်ကြောင်း၊ တိုင်ကြားလာပါက (CICC) စားသုံးသူ သတင်းပြန်ကြားရေးနှင့် တိုင်ကြားမှုလက်ခံဆောင်ရွက်ရေး စင်တာမှ ဖြေရှင်းပေးနိုင်သည်များ ညှိနှိုင်းပေးခြင်းနှင့် သက်ဆိုင်ရာ စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ထံ တင်ပြ၍ ဆွေးနွေးအတည်ပြုချက် ရယူဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်းများအနေဖြင့် လုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်ရန် ကျယ်ကျယ်ပြန့်ပြန့် သိရှိ၍ စွမ်းဆောင် ရည်မြှင့်မားပြီး ကျေပွန်စွာ ထမ်းဆောင်နိုင်ရန် ရည်ရွယ်၍ ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ရှင်းလင်း ပြောကြားခဲ့ပါသည်။

ဆက်လက်၍ ဌာနဆိုင်ရာ တာဝန်ခံများမှ ဌာနတစ်ခုချင်းစီအလိုက် ဌာန၏ လုပ်ငန်း ဆောင်ရွက်ချက်၊ ညွှန်ကြားချက်များကို ရှင်းလင်းဆွေးနွေးခဲ့ကြပြီး တက်ရောက်လာသော ခရိုင်ရုံးဝန်ထမ်းများမှလည်း မိမိတို့ ခရိုင်၏ နေ့စဉ် လုပ်ငန်းဆောင်ရွက်ချက်၊ လက်တွေ့မြေပြင် ကွင်းဆင်းဆောင်ရွက်ရာတွင် တွေ့ကြုံရသည့်အချက်များကိုတင်ပြ ဆွေးနွေးခဲ့ကြောင်း သတင်းရရှိပါသည်။

**သင်းသင်းအေး (မုံရွာ)**

## ရွှေဘိုခရိုင်စားသုံးသူရေးရာဦးစီးဌာနမှ စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲနှင့် စားသုံးသူရေးရာ အဖွဲ့ ဖွဲ့စည်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ စားသုံးသူရေးရာ ဦးစီးဌာနမှ ခရိုင်ဦးစီးမှူး၏နှင့် ဝန်ထမ်းများသည် နိုဝင်ဘာလ ၂၈ ရက်က ရွှေဘိုမြို့နယ်၊ ညောင်ပင်သာကျေးရွာရှိ စိုက်ပျိုးရေး သိပ္ပံကျောင်းတွင် စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေး ဟောပြောပွဲကျင်းပခဲ့ရာ ဆရာဆရာမများနှင့် ကျောင်းသား/သူများ စုစုပေါင်း ၆၆၇ ဦး တက်ရောက်ခဲ့ပါသည်။ စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေး ဟောပြောပွဲတွင် စားသုံးသူအကာအကွယ်ပေးရေး ဥပဒေအကြောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးသူရေးရာဦးစီးဌာန၏ Website အကြောင်း၊ ရွှေဘိုခရိုင် စားသုံးသူ သတင်းပြန်ကြားရေးနှင့် တိုင်ကြားမှုလက်ခံဆောင်ရွက်ရေးဌာန (CICC) ဖွင့်လှစ်ပြီး စားသုံးသူနစ်နာ၍ တိုင်ကြားလာပါက တိုင်ကြားစာများ လက်ခံဖြေရှင်းဆောင်ရွက်ပေးမှု အခြေအနေများ၊ ဓာတုဆိုးဆေးနှင့် တာရှည်ခံဆေးများ ပါဝင်သော အန္တရာယ်ရှိ စားသောက်ကုန်များနှင့် စားသုံးရန် မသင့်ကြောင်း ကြေညာထားသည့် စားသောက်ကုန်များအကြောင်း၊ ဆေးလိပ်၊ စီးကရက်၊ အရက်၊ ဘီယာနှင့် ကွမ်းတို့၏ဆိုးကျိုးနှင့် အန္တရာယ်များအကြောင်း အကျယ်တဝင့် ဆွေးနွေးခဲ့ပြီး ဆရာဆရာမများနှင့် ကျောင်းသား/သူ ၁၆ ဦးတို့မှ စားသုံးသူအကာအကွယ်ပေးရေးနှင့်ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းခဲ့ရာ ခရိုင်ဦးစီးမှူးနှင့် ဝန်ထမ်းများက ပြန်လည်ဖြေကြားခဲ့ပြီး ကျောင်းစားသုံးသူရေးရာ အဖွဲ့ဖွဲ့စည်းခဲ့ကြောင်း သတင်းရရှိပါတယ်။

**နှင်းနှင်းခိုင်(ရွှေဘို)**

## ကော့ သောင်းမြို့ နယ်၊ ပုလုံးတုံးတုံးကျေးရွာတွင် ကျေးလက်ဒေသဖွံ့ ဖြိုးရေး ပြည်သူ့ စကားဝိုင်းဆွေးနွေးပွဲ ကျင်းပပြုလုပ်



တနင်္သာရီ တိုင်းဒေသကြီး၊ ကော့သောင်းခရိုင်၊ ကော့သောင်းမြို့နယ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးရေး ပြည်သူ့စကားဝိုင်း (Public Talk)ဆွေးနွေးပွဲကို စားသုံးသူအခွင့်အရေးနှင့်အစားအသောက်လုံခြုံခွင့် ခေါင်းစဉ်ဖြင့် ကော့သောင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ စားသုံးသူရေးရာ ဦးစီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနတို့ပူးပေါင်း၍ နိုဝင်ဘာလ ၂၄ ရက်တွင် ပုလုံးတုံးတုံးကျေးရွာ၊ ဘက်စုံသုံး အဆောက်အဦခန်းမ၌ ကျင်းပ ပြုလုပ်ခဲ့သည်။

ဆွေးနွေးပွဲတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ဦးစီးအရာရှိ ဒေါ်ဇင်နန္ဒာဦးက ကျေးလက်ဒေသများတွင် ပြည်သူ့စကားဝိုင်းကျင်းပရခြင်း ရည်ရွယ်ချက်အား ရှင်းလင်းပြောကြားပြီး ကော့သောင်းခရိုင် စားသုံးသူရေးရာဦးစီးဌာန၊ ခရိုင်ဦးစီးမှူး ဒေါ်မြသီတာက ကျေးလက်ပြည်သူများ ဝယ်ယူစားသုံးသည့်အစားအသောက်များနှင့်စပ်လျဉ်း၍ နစ်နာမှု၊ မကျေနပ်မှု ရပိုင်ခွင့်ဆိုင်ရာသိသင့် သိထိုက်သည့်ကိစ္စများ၊ စားသောက်ကုန် အာမခံချက်ဆိုင်ရာ သိသင့်သည်များ၊ စားသုံးသူ အငြင်းပွားမှုဆိုင်ရာ ဖြစ်စဉ်များနှင့် ညှိနှိုင်းဆောင်ရွက်ပေးမှုဆိုင်ရာ ကိစ္စရပ်များကိုလည်းကောင်း၊ ခရိုင် ပြည်သူ့ကျန်းမာရေး ဦးစီးဌာန ကော့သောင်းခရိုင်ဆေးရုံအုပ်ကြီး ဒေါက်တာခင်ဇော်က ကျေးလက်နေ ပြည်သူများ ကျန်းမာရေးနှင့် ညီညွတ်မျှတကာ အာဟာရပြည့်ဝစေနိုင်မည့် အစားအစာများ ရွေးချယ်စားသောက်တတ်ရေး၊ ကျန်းမာရေး အသိပညာအစဉ်ပြည့်ဝကာ ရောဂါဘယကင်းရှင်း၍ သက်တမ်းစေ့ နေထိုင်နိုင်ရေး၊ ကျန်းမာရေးအဆင့်အတန်း မြင့်မားသည့် လူနေမှုစားသောက်ပုံစနစ်ဆိုင်ရာ ဗဟုသုတဖြစ်ဖွယ်များကို ဆွေးနွေးပြောကြားခဲ့ပါသည်။

အဆိုပါဆွေးနွေးပွဲတွင် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာနမှ ခရိုင်တာဝန်ခံ ဦးဘုန်းနိုင်ဝင်းက အစားအသောက်ကုန်ပစ္စည်းများနှင့် ဓာတုဗေဒဆိုးဆေးများပါ အစားအသောက်များ သတိပြုဆင်ခြင်စားသောက်တတ်ရေး၊ သက်တမ်းလွန် စားသောက်ကုန်များ၊ ပြည်ပမှ တရားမဝင်တင်သွင်းလာသည့် စားသောက်ကုန်များနှင့်အတူ ဖြစ်ပေါ်လာနိုင်သည့် ဆိုးကျိုးအန္တရာယ်များ၊ ရှောင်ရန်၊ ဆောင်ရန်စသည်များကိုလည်း ကောင်း၊ ခရိုင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ လက်ထောက် ညွှန်ကြားရေးမှူး ဒေါက်တာနိုင်တင်ထွဋ်က ပြည်ပမှ တင်သွင်းလာသည့် အသားငါးများစားသုံးမှုနှင့်ဆက်စပ်၍ စားသုံးသူ ကျေးလက်ဒေသပြည်သူများ ကျန်းမာရေးဆိုင်ရာ ဘေးအန္တရာယ်မဖြစ်ပေါ်စေရေး သတိပြုသင့်သည်များ၊ အသားငါးများမှတစ်ဆင့် လူတို့ထံ ကူးစက်ဖြစ်ပွားလာနိုင်သည့်ရောဂါများနှင့် လိုက်နာရမည့်နည်းလမ်းများအား အသီးသီး ဆွေးနွေးခဲ့ကြပြီး ဆွေးနွေးပွဲသို့ လူဦးရေ ၁၀၄ ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။

**ရွှေဝယ်သား**

## ပုသိမ်ခရိုင်စားသုံးသူရေးရာဦးစီးဌာနမှအမှတ်(၃)ရပ်ကွက်မြို့သစ်ဈေးတွင်ရှောင်တခင်ကွင်းဆင်းစစ်ဆေး

ပုသိမ်ခရိုင်စားသုံးသူရေးရာ ဦးစီးဌာနမှ ဒုတိယခရိုင်ဦးစီးမှူး ဦးထွေးသိမ်းနှင့် ဝန်ထမ်းများသည် မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ ဈေးစားသုံးသူရေးရာကော်မတီအဖွဲ့ဝင်များနှင့်အတူ ဒီဇင်ဘာ ၃ ရက်တွင် အမှတ်(၃)ရပ်ကွက်၊ မြို့သစ်ဈေးသို့သွားရောက်၍ စားသုံးရန်မသင့်သော စားသောက်ကုန်စည်များ ရောင်းချခြင်း ရှိ/မရှိ သွားရောက်ကွင်းဆင်းစစ်ဆေးခဲ့ပါသည်။

၎င်းဈေးအတွင်း ကုန်မျိုးစုံရောင်းချသော ဆိုင်၊ စားသောက်ကုန်ရောင်းချသော ဆိုင်များတွင် ခွင့်မပြုဆိုးဆေးပါ စားသောက်ကုန်များ၊ ရက်လွန်အစားအစာများ၊ တားမြစ်ထားသော စားသောက်ကုန်စည်များ ရောင်းချခြင်းမပြုရန် ကွင်းဆင်းစစ်ဆေးကာ စားသုံးသူအကာအကွယ်ပေးရေး ဥပဒေပါ စီးပွားရေးလုပ်ငန်းရှင်များ လိုက်နာရမည့် ကျင့်ဝတ်များလည်း အသိပညာပေးခဲ့ကြောင်း သိရသည်။

**ရာမြေ(ပုသိမ်)**

## ယင်းမာပင်ခရိုင်၊ ကနီမြို့နယ်၊ အထွေထွေအုပ်ချုပ်ရေး အစည်းအဝေးခန်းမတွင် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဆွေးနွေးပွဲကျင်းပ

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့နယ် အထွေထွေအုပ်ချုပ်ရေးအစည်းအဝေးခန်းမတွင် နိုဝင်ဘာ ၃၀ ရက်က ကျေးရွာ/ရပ်ကွက်၊ အုပ်ချုပ်ရေးမှူးများ၊ တာဝန်ရှိဝန်ထမ်းများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ဌာနဆိုင်ရာများအား စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး ဆွေးနွေးပွဲကျင်းပရာ စုစုပေါင်း ၁၀၅ ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။

အဆိုပါဆွေးနွေးပွဲတွင် ကနီမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစည်သူနေမျိုးက အဖွင့်အမှာစကားပြောကြားပြီး ယင်းမာပင်ခရိုင်၊ စားသုံးသူရေးရာဦးစီးဌာန၊ ခရိုင်ဦးစီးမှူး ဦးသက်နိုင်က ဌာန၏ မျှော်မှန်းချက်၊ ရည်ရွယ်ချက်များနှင့် လစဉ်လုပ်ငန်းဆောင်ရွက်မှုများ၊ စက်တင်ဘာ ၁၈ ရက်က ကြော်ငြာထားသော ကုန်စည်နှင့် ဝန်ဆောင်မှု ဥပဒေ ပုဒ်မ-၄(ဂ)အရ (MLM)Multi Level Marketing)ဆင့်ပွားဈေးကွက် ဖြန့်ချိရေးလုပ်ငန်းအကြောင်း၊ အောက်တိုဘာ ၂၆ ရက်က ကြေညာထားသော ကုန်စည်နှင့် ဝန်ဆောင်မှုများအပေါ်တွင် မြန်မာစာနှင့်ဖြစ်စေ၊ မြန်မာစာနှင့် အခြားဘာသာတွဲလျက်ဖြစ်စေ၊ ဖော်ပြစေရန် စားသောက်ကုန်၊ လူသုံးကုန်ပစ္စည်းများကို သိရှိနားလည်စေရန် ကျယ်ကျယ်ပြန့်ပြန့် ရှင်းလင်းဆွေးနွေးခဲ့ပြီး စားသုံးသူ၏အခွင့်အရေးများ မှန်ကန်စွာရယူနိုင်ရန် ဆွေးနွေးခဲ့ပြီး ယင်းမာပင်ခရိုင်၊ စားသုံးသူရေးရာဦးစီးဌာနရုံးတွင် (CICC) စားသုံးသူသတင်းပြန်ကြားရေးနှင့် တိုင်ကြားမှုလက်ခံဆောင်ရွက်ရေးစင်တာ ရုံးခန်းဖွင့်လှစ်ထားရှိကြောင်း၊ ဖုန်းဖြင့်ဖြစ်စေ၊ စာဖြင့်ဖြစ်စေ တိုင်ကြားမှုများကို ခရိုင်စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့မှ လက်ခံဖြေရှင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း ဆွေးနွေးခဲ့ပါသည်။

ထို့နောက် စားသုံးသူရေးရာဦးစီးဌာန၊ ဒုတိယခရိုင် ဦးစီးမှူး ဒေါ်ခိုင်မို့မို့က ကျောင်း/ရပ်ကွက်/ကျေးရွာများတွင် ပရဟိတလုပ်ငန်းများဆောင်ရွက်သကဲ့သို့ စားသုံးသူများ နစ်နာဆုံးရှုံးမှုအား ဝိုင်းဝန်းကာကွယ်နိုင်စေရန် စားသုံးသူရေးရာအဖွဲ့များ ဖွဲ့စည်းရခြင်းဖြစ်ကြောင်း၊ အထောက်အထားအပြည့်အစုံဖြင့် ကုန်စည်နှင့် ဝန်ဆောင်မှုများ၏ သက်တမ်းလွန်/မှိုတက်/FDAမှ တားမြစ်ထားသည်များ ရောင်းချခြင်းရှိ/မရှိ စစ်ဆေးခြင်းများကို ပူးပေါင်းဆောင်ရွက်ပေးစေရန် အတွက် စားသုံးသူရေးရာအဖွဲ့ ဖွဲ့စည်းခြင်းဖြစ်ကြောင်း ဆွေးနွေးပြောကြားခဲ့ပြီးနောက် မိတ်ဖက်ဌာနဆိုင်ရာ အဖွဲ့အစည်းများကလည်း အသီးသီးရှင်းလင်းဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**ခိုင်မို့မို့(မြင်းမူ)**

## ရွှေဘိုခရိုင်၊ ရေဦးမြို့နယ်တွင် ကျောင်းစားသုံးသူရေးရာအဖွဲ့ ဖွဲ့စည်းခြင်း၊ ကျောင်းမုန့်ဈေးတန်း စစ်ဆေးခြင်းနှင့် ပညာပေးဟောပြောပွဲဆောင်ရွက်

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ရေဦးမြို့နယ်၊ စားသုံးသူရေးရာဦးစီးဌာန၊ မြို့နယ်တာဝန်ခံသည်မီးသတ်ဦးစီးဌာန၊ ပြန်/ဆက်ဦးစီးဌာနတို့နှင့် ပူးပေါင်း၍ ဒီဇင်ဘာ ၆ ရက်တွင် ရေဦးမြို့နယ်၊ ဇိန့်ဇွန်းကျေးရွာအုပ်စု၊ ဇိန့်ဇွန်းကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်းသို့ ကွင်းဆင်းသွားရောက်ကာ ကျောင်းရုံးခန်း၌ ဆရာ/ဆရာမများ၊ ကျောင်းအကျိုးတော်ဆောင်များ၊ ကျောင်းမိဘဆရာ အသင်းများနှင့် တွေ့ဆုံညှိနှိုင်းပြီး ကျောင်းစားသုံးသူရေးရာအဖွဲ့ကို အင်အား ခုနစ်ဦးဖြင့် ဖွဲ့စည်းခဲ့ပါသည်။ ထို့နောက် ကျောင်းမုန့်ဈေးတန်းသို့ ကွင်းဆင်းစစ်ဆေးရာ ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာနမှ စားသုံးရန်မသင့်ကြောင်း ကြေညာထားသည့် စားသောက်ကုန်များ၊ ဆိုးဆေးများလွန်းသောမုန့်များ၊ ရက်လွန်မုန့်များ၊ မှိုတက်မုန့်များ ရောင်းချမှုမရှိကြောင်း စစ်ဆေးတွေ့ရှိရပြီး ဆိုင်ပိုင်ရှင်အား ယခုမုန့်များ ရောင်းချမှုလျှော့ချပြီး မြန်မာ့ရိုးရာမုန့်များ အစားထိုးရောင်းချနိုင်ရေး ကြိုးစား ဆောင်ရွက်ရန် အကြံပြု ပြောကြားခဲ့ပြီး၊ ယခုဖွဲ့စည်းသည့် ကျောင်းစားသုံးသူရေးရာ အဖွဲ့မှ ကျောင်းမုန့်ဈေးတန်းအား ဆက်လက် ကြီးကြပ်သွားရန် မှာကြားခဲ့ပါသည်။

ထို့နောက် စားသုံးသူရေးရာဦးစီးဌာန မြို့နယ်တာဝန်ခံမှ စားသုံးသူအကာအကွယ်ပေးရေး ဥပဒေအကြောင်း၊ အန္တရာယ်ရှိစားသောက်ကုန်များ၊ ဝန်ဆောင်မှုများနှင့် ဖျော်ဖြေမှုများအကြောင်းကိုလည်းကောင်း၊ မြို့နယ်မီးသတ်တပ်ဖွဲ့စခန်း တာဝန်ခံမှ မီးဘေးနှင့် သဘာဝဘေးအန္တရာယ်များ ကြိုတင်ကာကွယ်ရေးနှင့် ကြုံတွေ့လာပါက ဆောင်ရွက်ရမည့်နည်းလမ်းများကိုလည်းကောင်း၊ ပြန်/ဆက်ဦးစီးဌာန ဦးစီးမှူးမှ စာဖတ်ခြင်း၏ အကျိုးကျေးဇူးများကိုလည်းကောင်း အသီးသီး ပညာပေးဟောပြောကာ စားသုံးသူရေးရာ ဦးစီးဌာနမှ ပညာပေးလက်ကမ်းစာစောင် (၅၀)စောင်၊ မီးသတ်ဦးစီးဌာနမှ ပညာပေးလက်ကမ်းစာစောင် (၅၀)စောင် ဖြန့်ဝေပညာပေးခဲ့ကြောင်း သိရှိရပါသည်။

အဆိုပါဟောပြောပွဲသို့ ဆရာ/ဆရာမ ၁၁ ဦး၊ ကျောင်းသား/ကျောင်းသူ ၂၄၃ ဦး၊ လေ့လာသူ ၃ ဦး၊ စုစုပေါင်း(၂၅၇)ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။

**အောင်ညွန့် (ရေဦး)**

## ကျိုင်းတုံတွင် အခြေခံပညာကျောင်း(၄)ကျောင်းမှ သက်တမ်းလွန်မုန့်များ တွေ့ရှိသိမ်းဆည်း

ကျိုင်းတုံမြို့ အ. ထ. က(၂)၊ အ. ထ. က(၄)၊ အ. လ. က(၄)၊ အ. လ. က(ဟွေခါး)ကျောင်းများရှိ မုန့် ဆိုင်များနှင့် ကျောင်းပတ်ဝန်းကျင်ရှိစတိုးဆိုင်/ကုန်စုံဆိုင်များသို့ ကျိုင်းတုံခရိုင် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့မှ တာဝန်ပေးအပ်ထားသော မြေပြင်ကွင်းဆင်းစစ်ဆေးရေး အဖွဲ့ဝင်များ၊ ရပ်ကွက် အုပ်ချုပ်ရေးမှူးများ ပူးပေါင်းပါဝင်သောအဖွဲ့သည် နိုဝင်ဘာ ၂၈ ရက်က ရှောင်တခင်ဝင်ရောက် စစ်ဆေးခဲ့ရာ FDA မှ တားမြစ်ထားသော ဘုတ်ဆုံမတံဆိပ် အရောင်တင်မှုန့်၊ အာဖျန်းအချိုရည်၊ ၅၅၅ တံဆိပ်ဆေးလိပ်မုန့်၊ ပြည်တွင်း/ပြည်ပထုတ် သက်တမ်းလွန်စားသောက်ကုန်များနှင့် ထောက်ခံချက်မရှိသော တရုတ်နိုင်ငံထုတ် စားသောက်ကုန်များ (ကာလတန်ဖိုးကျပ် ၂၄၇၁၀၀



ခန့်)အား စားသုံးသူအကာအကွယ်ပေးရေး ဥပဒေအရ သိမ်းဆည်း အရေးယူဆောင်ရွက်ခဲ့ပြီး အများပြည်သူများ၏ရှေ့မှောက်တွင် မီးရှို့ဖျက်ဆီးသွားမည်ဖြစ်ကြောင်း အဆိုပါအဖွဲ့ထံမှ သတင်းရရှိပါတယ်။

သိမ်းဆည်းခြင်းခံရသော ဆိုင်ရှင်များအနေဖြင့် သက်တမ်းကုန်ဆုံးသွားသော စားသောက်ကုန်များ၊ ထောက်ခံချက် မရှိသော ပြည်တွင်း/ပြည်ပထုတ်စားသောက်ကုန်များ၊ ကျန်းမာရေးဝန်ကြီးဌာနမှ တားမြစ်ထားသော စားသောက်ကုန်များ ဆက်လက်ရောင်းချခြင်းမပြုကြပါရန်နှင့် ထပ်မံတွေ့ရှိပါက ထိရောက်စွာ အရေးယူခံရမည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ ကွင်းဆင်း အရေးယူဆောင်ရွက်ခြင်းသည် စားသုံးသူပြည် သူများ ဘေးအန္တရာယ်ကင်းရှင်းစေရန်အတွက် လိုက်နာစေလိုကြောင်း ရှင်းလင်းဆွေးနွေးခဲ့သည်ဟု သတင်းရရှိပါတယ်။

**ရန်နောင်(ကျိုင်းတုံ)**

## ကရင်ပြည်နယ် ဘားအံမြို့ အမှတ်(၁)စံပြဈေးတွင် စားသောက်ကုန်များ စစ်ဆေးခြင်းနှင့် စားသုံးရန်မသင့် ပစ္စည်းများသိမ်းဆည်း/ မြေမြှုပ်ဖျက်ဆီး

ကရင်ပြည်နယ် ဘားအံမြို့၊ စားသုံးသူရေးရာဦးစီးဌာန ပြည်နယ် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနနှင့် ဆက်စပ်ဌာနများ ပူးပေါင်း၍ နိုဝင်ဘာ ၂၈ ရက်က ဘားအံမြို့ အမှတ်(၁)စံပြဈေးတွင် စစ်ဆေးခြင်း၊ နမူနာယူ စမ်းသပ် စစ်ဆေးခြင်းနှင့် စားသုံးရန်မသင့်သည့် ကုန်စည်များကို သိမ်းဆည်းဖျက်ဆီး ဆောင်ရွက်ခဲ့ကြောင်းသိရပါသည်။

၎င်းဈေးအတွင်း ရောင်းချနေသည့် ကုန်မျိုးစုံဆိုင်၊ ငါးပိ၊ ငရုတ်သီးမှုန့်ဆိုင် ချဉ်ဖတ်ဆိုင် စုစုပေါင်းဆိုင် ၅၀ ဆိုင်အား စစ်ဆေးခဲ့ပါသည်။ ၎င်းထဲမှ လက်လုပ်ချဉ်ဖတ်ဆိုင်ကိုးဆိုင်မှ ချဉ်ဖတ် ၁၈ မျိုး၊ (ပဲတီချဉ်အစုံနှစ်မျိုး၊ မုန်လာဥချဉ်နှစ်မျိုး၊ ဟင်းဂလာချဉ်သုံးမျိုး၊ မျှစ်ချဉ်လေးမျိုး၊ ကြောင်လျှာသီးချဉ်၊ သစ်တိုသီးချဉ်၊ ပဲပြား သုံးမျိုး၊ မုန့်ဖတ်၊ ဒညင်းသီးအိုးစိမ်း) ကို နမူနာယူ၍ ဈေးခေါင်းရုံးတွင် FDAမှ ဝန်ထမ်းများက စမ်းသပ်စစ်ဆေးရာ ဟင်းဂလာချဉ် သုံးမျိုးနှင့် ဒညင်းသီးအိုးစိမ်တို့၌ Salicylic acid တွေ့ရှိရသဖြင့် ပစ္စည်းများအား သိမ်းဆည်းခဲ့သည်။ သက်တမ်းလွန် အချိုရည် ခုနစ်မျိုး Big Strawberry ဗူးကြီးတစ်ဗူး၊ Fanta Orange ဗူးကြီးတစ်ဗူး၊ Fanta creamsoda ဗူးကြီးတစ်ဗူး၊ ODrink ၆ဗူးပါရှစ်ကတ်နှင့် ၅ဗူး၊ Asia peach ခြောက်ဗူးပါသုံးကတ်၊ BigCola ၁၂ဗူးတစ်ကတ်၊ BigOrange ၁၂ ဗူးတစ်ကတ်တို့ကိုလည်း သိမ်းဆည်းခဲ့ပြီး ၎င်းသိမ်းဆည်းပစ္စည်းများကို အဖွဲ့စုံ (စားသုံးသူရေးရာဦးစီးဌာန၊ ပြည်နယ် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေး ဦးစီးဌာန၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ စည်ပင်သာယာရေး၊ မြို့နယ်ကျန်းမာရေးဌာန)တို့၏ရှေ့မှောက်တွင် မြေမြှုပ်ဖျက်ဆီးခဲ့ကြောင်း သတင်းရရှိပါသည်။ **ခင်ကြည် (ကရင်ပြည်နယ်)**

## မအူပင်ခရိုင်၊ ဓနုဖြူမြို့နယ်၊ ပြင်ကသာ (အ.ထ.က) ကျောင်းတွင် စားသုံးသူရေးရာ အသိပညာပေး ဟောပြောပွဲကျင်းပ

မအူပင်ခရိုင်၊ ဓနုဖြူမြို့နယ်၊ ပြင်ကသာ(အ. ထ. က)ကျောင်းခန်းမတွင် စားသုံးသူရေးရာအသိပညာပေး ဟောပြောပွဲကို ဒီဇင်ဘာ ၄ ရက်က ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါအခမ်းအနားတွင် ဓနုဖြူမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှဝန်ထမ်းများ၊ ပညာရေးဌာနမှ ဝန်ထမ်းများ၊ ဓနုဖြူမြို့နယ်စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်းများ ပူးပေါင်း၍ အခမ်းအနားကိုအစီအစဉ် (၅)ရပ်ဖြင့် ကျင်းပခဲ့ပြီး အစီအစဉ်အရ ကျောင်းအုပ်ဆရာမကြီးက အဖွင့်အမှာစကား ပြောကြားခဲ့ပါသည်။ ထို့နောက် ဓနုဖြူမြို့နယ်၊ စားသုံးသူရေးရာဦးစီးဌာနမှ မြို့နယ်တာဝန်ခံ ဒေါ်မြစန်းက စားသုံးသူအကာအကွယ်ပေးရေး ဥပဒေများအကြောင်း၊ စားသုံးသူများ ဘေးအန္တရာယ်ကင်းရှင်းစွာ နေထိုင်စားသောက်တတ်ရန် အသိပညာပေးခြင်းနှင့် ကုလသမဂ္ဂလူ့အခွင့်အရေးများအကြောင်းတို့ကို အသေးစိတ် ဟောပြောခဲ့ကြောင်း သိရှိရသည်။

ဟောပြောပွဲအခမ်းအနားအပြီးတွင် ဓနုဖြူမြို့နယ်၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ/ဆရာမများ၊ စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်းများပါဝင်သော ပူးပေါင်းအဖွဲ့သည် ကျောင်းမုန့်ဈေးတန်းရှိ မုန့်ဆိုင်(၃)ဆိုင်အားစားသုံးရန် မသင့်သော အစားအစာများ မရောင်းချရန်အတွက် ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**Consumer MT**




# ဗလင်စီယာ ဝက်စ်ဟမ်းသို့ အလွတ်ပြောင်းရွှေ့ဖွယ်ရှိ

မန်ယူအသင်း၏ ညာနောက်ခံကစားသမား ဗလင်စီယာသည် ယခုနှစ်ရာသီကုန်တွင် အသင်းနှင့် စာချုပ်သက်တမ်း ကုန်ဆုံးတော့မည်ဖြစ်သည်။ မန်ယူအသင်းကလည်း ဗလင်စီယာကို စာချုပ်သက်တမ်း တိုးမြှင့်ချုပ်ဆိုခြင်းမရှိတော့၍ ၎င်းကစားသမားသည် ရာသီကုန်တွင် မန်ယူအသင်းမှ အလွတ်ပြောင်းရွှေ့ခွင့်ရရှိတော့မည်ဖြစ်သည်။

မန်ယူအသင်းနှင့်အတူ ပရီးမီးယားလိဂ်ပွဲပေါင်း ၂၅၀ နီးပါး ကစားခဲ့သည့် ဗလင်စီယာသည် ဝက်စ်ဟမ်းအသင်းသို့ ပြောင်းရွှေ့ကစားတော့မည်ဟု သတင်းများ ထွက်ပေါ်လျက်ရှိနေသည်။

မန်ယူအသင်းသည်အသင်းမှ ဗလင်စီယာ ထွက်ခွာသွားပါက ၎င်း၏နေရာတွင် အစားထိုးနိုင်ရန် ဂါလာတာစာရေးအသင်းမှ နောက်ခံကစားသမား အိုဇန်ကာဘက်ကို ခေါ်ယူသွားရန် စောင့်ကြည့်နေကြောင်း သိရသည်။



# ပရီးမီးယားလိဂ်သို့ ပြောင်းရွှေ့ကစားရန် ဆန္ဒရှိကြောင်း နေမာ ထုတ်ဖော်ပြောကြား

ပြင်သစ်လီဂူးဝမ်းကလပ် ပီအက်စ်ဂျီအသင်းမှ တိုက်စစ်မှူး နေမာက မိမိအနေဖြင့် အင်္ဂလန်ပရီးမီးယားလိဂ်သို့ ပြောင်းရွှေ့ကစားလိုကြောင်း ထုတ်ဖော်ပြောကြားလိုက်သည်။ နေမာက 'အင်္ဂလန်ပရီးမီးယားလိဂ်ဟာ ဥရောပပြည်တွင်းလိဂ်တွေမှာ အအောင်မြင်ဆုံးလိဂ်တစ်ခုပါ။ ပရိသတ်အားပေးမှု အမြင့်မားဆုံးနဲ့ ပြိုင်ဆိုင်မှု အမြင့်မားဆုံးလိဂ်တစ်ခုလို့ ပြောလို့ရပါတယ်။ ကျွန်တော်က စိန်ခေါ်မှုတွေကို ကြိုက်တယ်။ ဘောလုံးသမားတစ်ယောက်ဟာ အင်္ဂလန်ပရီးမီးယားလိဂ်လို ပြိုင်ပွဲမျိုးမှာ ကစားဖူးဖို့လိုတယ်လို့ထင်ပါတယ်။ ဒါမှလည်း ဘောလုံးလောကရဲ့ ပြိုင်ဆိုင်မှုက ဘယ်လောက်အထိ ပြင်းထန်တယ်ဆိုတာ သိရမှာပါ'ဟု ပြောကြားလိုက်သည်။

နေမာကို အသင်းဟောင်း ဘာစီလိုနာအသင်းက ပြန်လည်ခေါ်ယူမည်ဟုဆိုသော်လည်း ကစားသမားကိုယ်တိုင်က အသင်းဟောင်းတွင် ပြန်လည်ကစားလိုခြင်း မရှိတော့သလို ပရီးမီးယားလိဂ်အသင်းတစ်သင်းသင်းသို့ ပြောင်းရွှေ့ကစားရန် ဆန္ဒရှိလာခဲ့ခြင်းဖြစ်သည်။

ထို့ပြင် အသက်(၂၆)နှစ်ရှိ နေမာက မိမိအနေဖြင့် ပရီးမီးယားလိဂ်သို့ ပြောင်းရွှေ့ခွင့်ရရှိပါက မန်ယူ သို့မဟုတ် မန်စီးတီးတစ်သင်းသင်းတွင် ကစားလိုကြောင်း ပြောကြားလာခဲ့ခြင်းဖြစ်သည်။



# အိုဇေးလ်ကို ရောင်းချရန် ဆန္ဒမရှိဟု နည်းပြ အူနိုင်းအမ်မရီ ပြောကြား

အာဆင်နယ်အသင်းနည်းပြ အူနိုင်းအမ်မရီက မိမိအသင်း၏ ကွင်းလယ်ကစားသမား အိုဇေးလ်ကို ရောင်းချသွားရန် ဆန္ဒမရှိကြောင်း ထုတ်ဖော်ပြောကြားလိုက်သည်။ အာဆင်နယ်အသင်းက အိုဇေးလ်ကို ရောင်းထုတ်တော့မည်ဟုသတင်းများ ကျယ်ကျယ်ပြန့်ပြန့် ထွက်ပေါ်လျက်ရှိခြင်းကို နည်းပြ အူနိုင်းအမ်မရီက ပြန်လည်တုံ့ပြန်ပြောဆိုလိုက်ခြင်းဖြစ်သည်။

လက်ရှိအချိန်တွင် အိုဇေးလ်သည် ဒဏ်ရာပြဿနာများ မကြာခဏ ကြုံတွေ့နေရသလို အာဆင်နယ်အသင်းတွင်လည်းပုံမှန်ပွဲထွက်ခွင့် မရရှိခြင်းအပေါ် ဝေဖန်မှုများ ပေါ်ထွက်လာခဲ့ခြင်းလည်းဖြစ်သည်။ အာဆင်နယ်အသင်း နည်းပြ အူနိုင်းအမ်မရီက အိုဇေးလ်မှာ အသင်း၏ အဓိကကစားသမားတစ်ဦးအဖြစ် ရှိနေဆဲဖြစ်ကြောင်း၊ အိုဇေးလ်ကဲ့သို့ ကစားသမားမျိုးကို ရောင်းထုတ်မည်ဆိုပါက အလွန်ပင် မိုက်မဲရာကျမည်ဖြစ်ကြောင်း၊ ကစားသမားကိုယ်တိုင်က အသင်းမှထွက်ခွာလိုသည်ဟု ဆိုလာလျှင် အပြောင်းအရွှေ့က ဖြစ်ကောင်းဖြစ်နိုင်ကြောင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

# ဒမ်ဘီလီကို ခေါ်ယူရန် အာဆင်နယ်အသင်း ချဉ်းကပ်နေ



အာဆင်နယ်အသင်းသည် လာမည့် ဇန်နဝါရီဈေးကွက်ဖွင့်ချိန်တွင် ကစားသမားသစ် နှစ်ဦးခန့် ခေါ်ယူသွားရန်ရှိနေကြောင်း သိရသည်။ ထိုသို့ ကစားသမားသစ်များ ခေါ်ယူသွားရန်ရှိနေသည့် အာဆင်နယ်အသင်းသည် ဘာစီလိုနာအသင်းမှ အသက်(၂၁)နှစ်သာရှိသေးသည့်ပြင်သစ်လူငယ်တိုက်စစ်မှူး ဒမ်ဘီလီကို ခေါ်ယူနိုင်ရန် ချဉ်းကပ်နေကြောင်း သိရသည်။ သို့သော် အာဆင်နယ်အသင်းအနေဖြင့် ဒမ်ဘီလီကို ခေါ်ယူရာတွင် ပြောင်းရွှေ့ကြေးက ကြီးမားသည့် အဟန့်အတားတစ်ခု ဖြစ်စေနိုင်ကြောင်းနှင့် ဒမ်ဘီလီ၏ ပြောင်းရွှေ့ကြေးမှာ ပေါင်သန်း ၉၀ ကျော်အထိ ဖြစ်နိုင်ကြောင်း သတင်းတွင် ထောက်ပြထားသည်။

အာဆင်နယ်အသင်းသည် ဒမ်ဘီလီကို ခေါ်ယူရန်ချဉ်းကပ်မှုများရှိနေသည်ဟုဆိုသော်လည်း ဘာစီလိုနာအသင်းက ၎င်းကစားသမားကို ရောင်းထုတ်ရန် ပြောဆိုထားခြင်း မရှိသလို ကစားသမားကိုယ်တိုင်ကလည်း ယင်းသတင်းနှင့်ပတ်သက်၍ တုံ့ပြန်ပြောဆိုလာခြင်းမရှိပေ။ ဒမ်ဘီလီသည် ယခုနှစ်ရာသီတွင် ဘာစီလိုနာအသင်းအတွက် ၁၃ ပွဲ ကစားပေးထားရာတွင် ငါးဂိုးသွင်းပေးထားနိုင်သည်။ ထို့ပြင် ဒမ်ဘီလီသည် အသင်းဖော်များ ဂိုးသွင်းနိုင်အောင်လည်း များစွာပံ့ပိုးပေးနေသူဖြစ်သည်။

ဟန်နေသစ် စုစည်းသည်

# အဲလစ်ဆန်ဒရိုကို ခေါ်ယူရန် သဘောတူညီမှု ရရှိထားပြီဟု မန်ယူအသင်းထုတ်ပြန်




မန်ယူအသင်းသည် အီတလီစီးရီးအေကလပ် ဂျူဗင်တပ်အသင်းမှ ဘရာဇီး နောက်ခံကစားသမား အဲလစ်ဆန်ဒရိုကို လာမည့် ဇန်နဝါရီ အပြောင်းအရွှေ့ဈေးကွက်ဖွင့်ချိန်တွင် ခေါ်ယူသွားရန် အကြိုသဘောတူညီမှု ရရှိထားပြီဖြစ်ကြောင်း မန်ယူအသင်းက သတင်းထုတ်ပြန်ထားသည်။

အဲလစ်ဆန်ဒရိုသည် ဘယ်နောက်ခံ ကစားသမားဖြစ်သော်လည်း ဗဟိုခံစစ်နေရာတွင်လည်း ကောင်းစွာ ကစားနိုင်သူဖြစ်သည်။ အသက်(၂၇)နှစ်ရှိပြီဖြစ်သည့် ၎င်းကစားသမားသည် ဂျူဗင်တပ်အသင်းနှင့် စာချုပ်သက်တမ်း ကျန်နေသေးသော်လည်း ကစားသမားကိုယ်တိုင်က အသင်းပြောင်းရန် ဆန္ဒရှိနေသလို ဂျူဗင်တပ်အသင်းကလည်း အသင်းမှ ထွက်ခွာခွင့်ပြုထားပြီးဖြစ်ကြောင်း သိရသည်။

အဲလစ်ဆန်ဒရိုကို ခေါ်ယူရန် ပြင်သစ်လီဂူးဝမ်းကလပ် ပီအက်စ်ဂျီအသင်းကလည်း ကမ်းလှမ်းမှုများရှိနေကြောင်း သိရသည်။ သို့သော် အဲလစ်ဆန်ဒရိုကမူ မန်ယူအသင်း၏ ကမ်းလှမ်းမှုကို လက်ခံလိုက်ကြောင်း သတင်းများတွင် ထပ်မံဖော်ပြထားသည်။

အဲလစ်ဆန်ဒရိုသည် ၂၀၁၅ ခုနှစ်ကပင် ပေါ်တိုအသင်းမှ ဂျူဗင်တပ်အသင်းသို့ ရောက်ရှိလာခဲ့ခြင်းဖြစ်ပြီး ဂျူဗင်တပ်အသင်းအတွက် ၈၈ ပွဲပါဝင်ကစားပေးကာ ကိုးဂိုးသွင်းပေးထားသည်။ ၎င်းကစားသမား၏ ပြောင်းရွှေ့ကြေးကိုမူ ဖော်ပြထားခြင်းမရှိကြောင်း သိရသည်။

# 0efx rfESh p u m;

**နိုင်ဦး**

**ယခင်တစ်ပတ်မှအဆက်**

ရှေးလူကြီးသူမများက အစာကိုလည်း 'တန်ဆေး၊ လွန်ဘေး ဆိုသကဲ့သို့'ချင့်စား ရမည်။ အစာလည်းဆေး၊ ဆေးလည်း အစာဖြစ်မှ ကျန်းမာပျော်ရွှင်စွာနဲ့ သက်တမ်းစေ့ နေထိုင်နိုင်မယ်။ စကားကိုလည်း ပြောမည့်စကား၊ မပြောခင်စဉ်းစား၊ ပြောနေစဉ် စဉ်းစား၊ ပြောပြီးပါကလည်း ပြန်စဉ်းစားဟူ၍ စကားကိုလွယ်လွယ် မပြောရေးမှာကြားခဲ့ကြတယ်။ ငွေသုံးစွဲရာတွင်လည်း တစ်မူး တစ်ပဲ အသုံးရဲ မွဲဆေးဖော်သူ၊ နာလန်မထူဟူ၍ ငွေကိုလွယ်လွယ် မသုံးစွဲရန် မှာကြားခဲ့ကြသည်။ သူတို့ မှာကြားခဲ့သောစကားများသည် မှတ်တမ်း မှတ်ရာများအဖြစ် ကျန်ရစ်ချင် ကျန်ရစ်နေမည်။ လက်ဆင့်ကမ်း ပြောကြားချက်များ ဖြစ်ချင်ဖြစ်မည်။ ဘဝနေထိုင်မှုတွင် လိုက်နာရမည့် ကျင့်စဉ်များဖြစ်မည်ကိုတော့ မည်သူမျှမငြင်းနိုင်မည် မဟုတ်ပေ။

ထို့ကြောင့်ပင်မြန်မာမှုနယ်ပယ်၌ စကားပြောဆိုနည်းများဖြစ်သည့် စကားပြောနည်း (၁၀) မျိုးကို အောက်ပါအတိုင်းမှတ်တမ်းပြုစုထားသည်ကို မှတ်သားဖွယ်တွေ့ရှိရပါသည်-

**(က) ရေကူးညာတင်စကားပြောနည်း။** မြန်မာ့အသုံးအနှုန်းများတွင် အထက်ဘက်အရပ်ကို အညာ၊ အောက်ဘက်အရပ်ကို အကြေဟူ၍ခေါ်သည်။ မြစ်များ၊ ချောင်းများသည် အထက်မှအောက်သို့ စီးဆင်းမြဲ ဖြစ်သည်။ တစ်ဘက်ကမ်းမှအခြားတစ်ဘက်ကမ်းသို့ ရောက်လိုသောသူသည် တည့်တည့် ကူးပါက လိုရာသို့ မရောက်နိုင်ပေ။ မိမိရောက်လိုသည့် နေရာ၏ အထက်ကျကျနေရာမှ ကူးခတ်မှသာ လိုရာအရပ်သို့ ဆိုက် ရောက်နိုင်မည်ဖြစ်သည်။ ထို့အတူပင် စကားပြောရာတွင်လည်း အခြေအနေကို သုံးသပ်၍ပြောခြင်းကို ရေကူးညာတင်စကားပြောနည်းဟု ဆိုကြသည်။

**(ခ) ကောက်ပင်ရိတ်လှီးစကားပြောနည်း။** ကောက်ရိတ်သူသည် လက်တစ်ဖက်က ကောက်ပင်ကို မိမိရရကိုင်၍ ကျန်တစ်ဖက်မှ တံစဉ်ဖြင့်ပိုင်ပိုင်နိုင်နိုင် ဖြတ်သကဲ့သို့ စကားပြောရာတွင်လည်း မိမိပြောလိုသည်ကို လောလောမပြောဘဲ တစ်ဖက်က ပြောသူ၏ စကားများထဲမှ အချက်အလက်များကို မှတ်သား၍ အချက်ကျကျ တစ်ဖက် သူမငြင်းသာအောင်၊ ဝန်ခံလိုက်နာအောင် အပိုင်အနိုင် ပြောဆိုနည်းဖြစ်သည်။

**(ဂ) ရေစီးဖောင်ဆန် စကားပြောနည်း။** အောက်အရပ်မှ အထက်အရပ်သို့ ရေလမ်းခရီး သွားသူသည် ဖောင်ပေါ်တွင် မိမိအလိုရှိသော ပစ္စည်းများကိုတင်ဆောင်၍ ရွက်အသုံးပြု၍ဖြစ်စေ၊ လှော်ခတ်၍ဖြစ်စေ၊ ရေလမ်းကို ကြည့်ရှု ဆင်ခြင်ဆောင်ရွက်မှ လိုရာသို့ ရောက်နိုင်သည်။ ထို့အတူစကားပြောရာ၌လည်း မိမိအလိုရှိရာ ရောက်အောင် ဥပမာများ နှင့်တကွ ဆင်ခြင်ပြောဆို နည်းဖြစ်သည်။

**(ဃ) အိုးတန်ဆန်ခတ်ပြောစကားပြောနည်း။** ရှေးခေတ်က ထမင်းချက်ရာတွင် မြေအိုးများကို အသုံးပြုသည်။ အိုးငယ်ထဲဆန်များများထည့်ချက်ပါက မနူးမနပ်ဖြစ် သလို အိုးအကြီးထဲဆန်အနည်းအငယ်ထည့်ချက်လျှင်လည်း တူးသွားတတ်သည်။ အိုး နှင့်လိုက်ဖက်စွာ ဆန်ထည့်ချက်မှသာ ထမင်းကောင်းရရှိနိုင်သည်။ ထိုနည်းတူစွာ စကားပြောရာတွင်လည်း ဖြစ်ပေါ်လာသည့် အကြောင်းကိစ္စနှင့် လိုက်လျောညီထွေဖြစ် အောင် မယုတ်မလွန် ပြောဆိုနည်းဖြစ်သည်။

**(င) ဆီပွတ်ကျည်ပွေ့စကားပြောနည်း။** ရှေးအခါက စားသုံးရန် ဆီကိုသစ်သားဆုံဖြင့် အထပ်ထပ်အခါခါ ပွတ်ကြိတ်၍ ရယူရသည်။ ထို့အတူပင် စကားပြောရာ၌ မိမိလိုအင်ပြည့်ဝစေရန် အကြိမ်ကြိမ် သိမ်းသွင်းပြောဆိုနည်းဖြစ်သည်။

**(စ) ဆင်ငှေ့ရန်ရှောင်စကားပြောနည်း။** ဆင်သည်အင်အားကြီး၍ ထိုးငှေ့ခံရလျှင် အသက်သေနိုင်သည်။ ရှောင်ရှားနိုင်ပါမှ လွတ်နိုင်သလို စကားပြောရာတွင်လည်း မိမိထံ အပြစ်ဒဏ်မကျရောက်အောင် လွှဲဖယ်ပြောဆိုခြင်းဖြစ်သည်။

**(ဆ) တောင်သူယာလုပ်စကားပြောနည်း။** တောင်သူများ မြေရှင်း ရာတွင် ဦးစွာသစ်ပင်ငယ်၊ ခြုံပုတ်များကို ဦးစွာခုတ်ထွင်သည်။ ပြီးမှ အပင်ကြီးများကို ရှင်းသည်။ ထို့အတူပင် စကားပြောဆိုရာတွင် သေးငယ်သော အချက်အလက်များကို ဦးစွာပြောဆိုပြီး မှ ကြီးမားသော အချက်ကို သိမ်းချုပ်၍ ပြောဆိုနည်းဖြစ်သည်။

**(ဇ) ကြက်ဆုတ်ခွပ်ပစ်စကားပြောနည်း။** ကြက်ခွပ်ရာတွင် အနိုင်အရှုံးရရှိရေးအတွက် နောက်သို့ဆုတ်ခြင်း၊ အရှိန် ဖြင့်ရှေ့သို့ပစ်ခွပ်ခြင်းများပြုကြသည်။ ထို့အတူပင် စကား ပြောဆိုရာတွင်လည်း တစ်ဖက်သူပြောစကားကို မဆန့်ကျင်စေဘဲ၊ ထိုက်သင့်သ လိုလိုက်လျောရသည်။ မိမိလိုအပ်သည့် အကွက်ဆိုက်မှ အပိုင်အနိုင် ပြောဆိုနည်း ဖြစ်သည်။

**(ဈ) ရေစစ်ကရားစကားပြောနည်း။** ရေစစ်ကရားသည် ရေစစ် ခွက် ဖြစ်သည်။ အဝကျယ် မှရေ လောင်းချ၍ ရေသန့်ရရှိရန်၊ ပိုးမွှား၊ ခဲ၊ သလဲများကျန်ရှိနေစေရန် အသုံးပြုသည်။ ထို့အတူပင် တစ်ဖက် သူပြောဆိုမှုကို မှတ်သား၍မပြောင်းလဲ၊ မငြင်းပယ်နိုင်အောင်၊ ဝန်ခံ လာအောင် အပိုင်အနိုင်ပြောဆိုနည်းဖြစ်သည်။

**(ည) ခက်တင်မောင်းနင်းစကားပြောနည်း။** ခက်တင်သည် ရေပုံး၊ အခြားထည့်စရာတစ်ခုခုကို ကြိုးဖြင့် အပေါ်အောက်တင်/ချရာတွင်သုံးသည်။ ရှေးအခါက ဆန်ကိုမောင်းဖြင့် ထောင်း၍ သုံးရာ၌ မောင်းနင်းသူ နင်းလိုက်က မောင်းအပေါ်တက်ပြီး၊ လွှတ်လိုက်ပါက ဆန်များကို ထောင်းသလိုစကားပြောဆိုရတွင် လည်းတစ်ဖက်သူ၏ စကားကို ဟုတ်သည်လည်းမပြော၊ မဟုတ် ဘူးဟူ၍လည်းမပြောဘဲ မတင်မကျပြောဆိုခြင်းဖြင့် လိုရာပြီး မြောက်စေသည့် နည်းဖြစ်သည်။

စကားများ ပြောဆိုကြရာတွင် စကား စကားပြောပါများ၊ စကားထဲက ဇာတိပြဆို သကဲ့သို့မဖြစ်စေရေး လွန်စွာအရေးကြီးသည်။ စကား၏ နောက်တွင်ဘာသာ၊ အယူဝါဒ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးစံများစွာရှိသည်။ ဌာနအကြီးအကဲတစ်ဦးမှလည်း မိတ်ဆွေ၊ ရန်သူကို လျှာဖျားက ဆုံးဖြတ်ပေးတတ်သည်ဟုလည်း ဆုံးမခဲ့မှုကို နာခံခဲ့ရဖူး သည်။မှတ်သားခဲ့ရဖူး သည်။ လွန်စွာအဖိုးတန်လှသော သွန်သင်ချက်တစ်ခုအဖြစ်ရင်၌ စွဲထင်အောင် ဘဝတစ်လျှောက်လုံး၏ လမ်းညွှန်ချက်အဖြစ် အသုံးချခဲ့သည်။

**ဆက်လက်ဖော်ပြပါမည်။**

# မြန်မာနိုင်ငံ ကြံနှင့်သကြားစက်မှုလုပ်ငန်း ရေရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်စေဖို့

**ယခင်တစ်ပတ်မှအဆက်**

Pivot ရေဖျန်းစက်ဖြင့် ကြံစိုက်ပျိုးခြင်း၏ အကျိုးကျေးဇူးများအနေဖြင့် သာမာန်တောင်သူများ၏ ကြံအထွက်နှုန်းမှာ တစ်ဧကလျှင် ၁၀ တန်မှ ၂၅ တန်အထိ ထွက်ရှိရာ ရေဖျန်းစက် (Pivot) ဖြင့် စိုက်ပျိုးပါက တစ်ဧကအထွက်နှုန်းမှာ ၂၅ တန်မှ ၄၀ တန်အထိ ထွက်ရှိပါမည်။ သာမန်တောင်သူများအနေဖြင့် လမိုင်း (ကြံခင်းအဟောင်း)ကို ၁ နှစ်သာ အကျိုးခံစားခွင့်ရှိရာ ရေဖျန်းစက် (Pivot) ဖြင့် စိုက်ပျိုးရာ ၅ နှစ်အထိ လမိုင်းခင်းမှ ကြံအထွက်နှုန်းကောင်းလျက်ရှိကြောင်း တွေ့ရှိရပါသည်။ Pivot ရေဖျန်းစက်ဖြင့် အပင်အတွက် လိုအပ်သော အာဟာရများကိုလည်းထည့် ပျော်ဝင်စေ၍ ရေဖျန်းလျက်ရှိပါသည်။ လိုအပ်သော ရေပမာဏကိုသာ အသုံးပြုခြင်းဖြင့် ရေအလေအလွင့်မရှိဘဲ စနစ်တကျဖြင့် ရေများကို သုံးစွဲလျက်ရှိပါသည်။ လာမည့် ကြံရာသီတွင်လည်း ရေဖျန်းစနစ်ဖြင့် ကြံစိုက်ခင်းများကို တိုးချဲ့ရန်ပြင်ဆင်လျက်ရှိပါသည်။ ၂၀၁၈ ခုနှစ်၊ မေလမှစ၍ ရွှေပြည်မြေကုမ္ပဏီနှင့် ECTerra Pyay Company Limited တို့ ပူးပေါင်းပြီး ECTerra Agricultural အနေဖြင့် ဆက်လက်တိုးချဲ့လုပ်ကိုင်လျက်ရှိပါသည်။



**နောင်ချိုမြို့တွင် ငွေရည်ပုလဲကုမ္ပဏီအုပ်စု၊ ဆင်းရွှေလီသကြားစက်ရုံများ ပေါ်ပေါက်လာပြီး ကြံစိုက်ပျိုးတိုးတက်လာမှု အခြေအနေ**

စာရေးသူရောက်ရှိခဲ့သည့် နောင်ချိုမြို့နယ်ရှိ ကြံစိုက်တောင်သူများနှင့် ငွေရည်ပုလဲကုမ္ပဏီအုပ်စု၊ ဆင်းရွှေလီသကြားစက်များသည် အခြားဒေသများနှင့်မတူ ဖွံ့ဖြိုးတိုးတက်မှုများ ဖြစ်ထွန်းလျက်ရှိသည်ကို တွေ့ရှိခဲ့ရပါသည်။ ငွေရည်ပုလဲကုမ္ပဏီအုပ်စု ဆင်းရွှေလီသကြားစက်များသည် ခေတ်စနစ် ပြောင်းလဲခြင်းနှင့်အတူ ၂၀၀၆ ခုနှစ်မှစတင် ပေါ်ပေါက်လာသော သကြားစက်ရုံများဖြစ်ပါသည်။ စက်ရုံထူထောင်ခါစ ကနဦးကပင် 'ကြံစိုက်တောင်သူနှင့် သကြားစက်ရုံတို့ နှစ်ဦးနှစ်ဖက် ပြိုင်တူအကျိုး စီးပွားဖြစ်ထွန်းရေး" ဟူသော မူဝါဒကို မမှိတ်မသုန်ကိုင်စွဲ ဆောင်ရွက်ခဲ့ပါသည်။ အကျိုးအားဖြင့် စက်ရုံ၏ ကနဦးစတင်လည်ပတ်စဉ်က ကြံစိုက်တောင်သူ ၉၀၀ ကျော်၊ ကြံစိုက်ဧက ၅၀၀၀ ကျော်၊ ကြံတန်ချိန် တစ်သိန်းကျော် ကြံကြိတ်ဝါးခဲ့ရာမှ ယခု ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ကြံရာသီ၌ ကြံစိုက်တောင်သူ (၅၈၀၀)ကျော်၊

**DOCA (Domestic)**

ကြံစိုက် ဧက(၅၈၀၀၀)ကျော်နှင့် ကြံအထွက်တန်ချိန် ၁၀ သိန်းခန့်မှန်းခဲ့သော်လည်း ကြံတန်ချိန် (၁၁၇၀၀၀၀)တန်ထိ ထွက်ရှိမည်ဖြစ်ပါသည်။ (၁၀) စုနှစ် တစ်ခုကျော်အတွင်း ကြံစိုက်တောင်သူများနှင့် ကြံစိုက်ပျိုးထုတ်လုပ်မှု (၁၁)ဆခန့် မြင့်တက်လာခဲ့ပါသည်။ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် ကြံရာသီတွင် ကြံတန်ချိန် (၃၀)သိန်း ရရှိရေးအတွက် ကြိုးပမ်းဆောင်ရွက် လျက်ရှိပါသည်။ ထို့အပြင် တန်(၂၀၀၀) ကြိတ်ဝါးနိုင်သည့်စက်မှ တန် ၇၀၀၀ ကြိတ်ဝါးနိုင်သည့် စက်အထိ တိုးတက်ခဲ့သည့်အပြင် ထပ်မံ၍လည်း တန် ၁၂၀၀၀ ကြိတ်ဝါးနိုင်သည့် စက်ရုံတည်ဆောက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

**ကြံမျိုးရရှိမှု၊ လက်ရှိစိုက်ပျိုးထားသော ကြံမျိုးများနှင့် ထပ်မံလိုအပ်သည့် ကြံမျိုးဖြည့်ဆည်းမည့် အခြေအနေ**

ငွေရည်ပုလဲကုမ္ပဏီအုပ်စု၊ ဆင်းရွှေလီသကြားစက်များအနေဖြင့် ကြံတောင်သူများ စီးပွားရေးတွက်ချေကိုက်စေရန် ရည်ရွယ်၍ နေပြည်တော်တိုင်း၊ ပျဉ်းမနား(ရေဆင်း)ကြံသုတေသနနှင့် မျိုးပွားခြံတို့ဖြင့် ချိတ်ဆက်၍ အထွက်တိုး ကြံမျိုးကောင်းမျိုးသန့်များကို သယ်ယူပြီး ကုမ္ပဏီပိုင်ကြံမျိုးပွား စိုက်ခင်းများတွင် စမ်းသပ်စိုက်ပျိုး၍ ကြံတောင်သူများကို ဖြန့်ဝေလျက် ရှိပါသည်။ လက်ရှိ စိုက်ပျိုး ဖြန့်ဝေထားသော ကြံမျိုးများမှာ ထိုင်းမျိုးများဖြစ်သော (K-95/84, K91-2-056, K92/11,KPS-94/13,K2000/89,KK3)၊ ဖိလစ်ပိုင်ကြံမျိုးဖြစ်သော (Phil76/64)၊ အိန္ဒိယကြံမျိုးများဖြစ်သော (CO-1287, CO-86/032)၊ တရုတ်ကြံမျိုးများဖြစ်သော (YT93/159,Z-10,ROC-22) တို့ဖြစ်ပါသည်။ ငွေရည်ပုလဲ ကုမ္ပဏီ ဆင်းရွှေလီသကြားစက်အနေဖြင့် ထပ်မံတိုးချဲ့စိုက်ပျိုးမည့် စိုက်ဧကများအတွက် လိုအပ်သော ကြံမျိုးများကို မိမိကုမ္ပဏီပိုင်ကြံမျိုးပွားစိုက်ခင်းများမှလည်းကောင်း၊ ကြံမျိုးကောင်းမျိုးသန့် စိုက်ပျိုးထားသော ကြံတောင်သူများထံမှ ဝယ်ယူ၍ တောင်သူအချင်းချင်း ကြံမျိုးဖြန့်ဝေခြင်းနည်းဖြင့် လည်းကောင်း ဆက်လက်၍ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**ဆက်လက်ဖော်ပြပါမည်။**

# လယ်ယာထွက်ကုန်ပစ္စည်းများအပါအဝင် စိုက်ပျိုးရေးထုတ်ကုန်များရဲ့ ပြည်ပတင်ပို့မှုကျဆင်းခြင်းကို ကုစားနိုင်ဖို့ဆိုလျှင်...

## ပို့ကုန်ကဏ္ဍအတွက် အလားအလာကောင်းသော ရေထွက်ပစ္စည်းကဏ္ဍ



မြန်မာနိုင်ငံ၏ ပို့ကုန်ကဏ္ဍတွင် ရေထွက်ပစ္စည်းတင်ပို့မှုသည် အလားအလာကောင်းသောကဏ္ဍ တစ်ခုအဖြစ် ရပ်တည်လျက်ရှိနေသည်ကို တွေ့ရှိရပေသည်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၏ ပို့ကုန်တင်ပို့မှုတွင် ရေထွက်ကုန်ပစ္စည်းတင်ပို့မှုသည် စုစုပေါင်းပို့ကုန်တန်ဖိုး၏ ၅ ရာခိုင်နှုန်းခန့်ရှိပြီး ပို့ကုန်ကဏ္ဍတွင် နံပါတ် (၅) နေရာတွင် ရပ်တည်လျက်ရှိကြောင်း တွေ့ရှိရပေသည်။ ဘဏ္ဍာနှစ်အလိုက် ရေထွက်ကုန်ပစ္စည်းများ၏ ပြည်ပ တင်ပို့နိုင်မှုအခြေအနေကိုလေ့လာကြည့်သော် အောက်ပါအတိုင်းတွေ့ရှိရပါသည်-

**ဘဏ္ဍာနှစ်အလိုက် ရေထွက်ကုန်ပစ္စည်းများ၏ ပြည်ပ တင်ပို့နိုင်မှုအခြေအနေ**

| စဉ် | ဘဏ္ဍာနှစ် | တန်ဖိုး (အမေရိကန်ဒေါ်လာသန်း) | စုစုပေါင်းပို့ကုန်တန်ဖိုး |
|---|---|---|---|
| ၁။ | ၂၀၁၅-၂၀၁၆ | ၄၆၃.၆၁၃ | ၄.၆၀% |
| ၂။ | ၂၀၁၆-၂၀၁၇ | ၅၈၁.၅၂၆ | ၄.၈၅% |
| ၃။ | ၂၀၁၇-၂၀၁၈ | ၆၉၇.၇၄၂ | ၄.၇၅% |
| ၄။ | ၂၀၁၈-၂၀၁၉ (၂၆.၁၀.၂၀၁၈ ထိ) | ၆၄.၈ | ၆.၈၃% |

Source- Customs

အထက်ပါဇယားအရ ရေထွက်ကုန်ပစ္စည်းများ၏ ပြည်ပတင်ပို့မှုတန်ဖိုးမှာအခြေအနေမှာ နှစ်စဉ် တိုးတက်လာလျက်ရှိသည်ကို တွေ့ရှိရသည်။ ရေထွက်ပစ္စည်းများတွင် ငါး၊ ပုစွန်၊ ဂဏန်း၊ ငါးရှဉ့်နှင့် အခြားရေထွက်ပစ္စည်းများပင်ဖြစ်ပါသည်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ရေထွက်ကုန်ပစ္စည်းများ၏ ပြည်ပတင်ပို့မှုတွင် ငါး တင်ပို့မှုသည် အမေရိကန်ဒေါ်လာ ၃၉၆ ဒသမ ၉၈၈ သန်း၊ ပုစွန်တင်ပို့မှုသည် အမေရိကန်ဒေါ်လာ ၇၁ ဒသမ ၈၀၄ သန်း၊ ဂဏန်းတင်ပို့မှုသည် အမေရိကန်ဒေါ်လာ ၇၄ ဒသမ ၆၀၈ သန်း၊ ငါးရှဉ့်တင်ပို့မှုသည် အမေရိကန်ဒေါ်လာ ၃၀ ဒသမ ၂၀၆ သန်းနှင့် အခြား ရေထွက်ပစ္စည်းတင်ပို့မှုသည် အမေရိကန်ဒေါ်လာ ၁၂၄ ဒသမ ၁၃၆ သန်းအသီးသီး တင်ပို့နိုင်ခဲ့သည်ကို တွေ့ရှိရပေသည်။ မြန်မာနိုင်ငံမှ ထွက်ရှိသည့် ရေထွက် ပစ္စည်းများကို ထိုင်း၊ တရုတ်၊ ဆော်ဒီအာရေဗျ၊ ဂျပန်၊ ကူဝိတ်၊ စင်ကာပူ၊ ယူအေအီးနှင့် EU နိုင်ငံများသို့ အဓိကတင်ပို့ကြောင်းသိရှိရပေသည်။ ဘဏ္ဍာနှစ်အလိုက် ရေထွက်ကုန်ပစ္စည်းများ၏ ပို့ကုန်ပစ္စည်းအမယ် အလိုက် ပြည်ပတင်ပို့မှုအခြေအနေအား အောက်ပါအတိုင်း တွေ့ရှိရသည်-

**ရေထွက်ကုန်ပစ္စည်းများ၏ ပို့ကုန်ပစ္စည်းအမယ်အလိုက် ပြည်ပတင်ပို့မှုအခြေအနေ**

ရေတွက်ပုံ- အမေရိကန်ဒေါ်လာသန်း

| စဉ် | ရေထွက်ပစ္စည်းအမည် | ဘဏ္ဍာနှစ် ၂၀၁၅-၂၀၁၆ | ၂၀၁၆-၂၀၁၇ | ၂၀၁၇-၂၀၁၈ | ၂၀၁၈-၂၀၁၉ (၂၆.၁၀.၂၀၁၈ ထိ) |
|---|---|---|---|---|---|
| ၁။ | ငါး | ၂၆၀.၂၆၄ | ၃၂၆.၀၇ | ၃၉၆.၉၈၈ | ၃၆.၆၈၄ |
| ၂။ | ပုစွန် | ၄၅.၆၀၈ | ၅၇.၈၈ | ၇၁.၈၀၄ | ၇.၀၇၆ |
| ၃။ | ဂဏန်း | ၄၃.၆၅၉ | ၆၈.၅၇ | ၇၄.၆၀၈ | ၄.၁၅၄ |
| ၄။ | ငါးရှဉ့် | ၂၄.၅၇၀ | ၂၆.၀၃၇ | ၃၀.၂၀၆ | ၂.၆၉၂ |
| ၅။ | အခြားရေထွက်ပစ္စည်း | ၈၈.၅၁၇ | ၁၀၂.၉၆၉ | ၁၂၄.၁၃၆ | ၁၄.၁၉၅ |
| | စုစုပေါင်း | ၄၆၃.၆၁၉ | ၅၈၁.၅၂၆ | ၆၉၇.၇၄၂ | ၆၄.၈၀၁ |

Source- customs

လက်ရှိအချိန်တွင် မြန်မာနိုင်ငံအနေဖြင့် ပြည်ပသို့ ငါး၊ ပုစွန်

**DOCA (Domestic)**

အပါအဝင် ရေထွက်ကုန်ပစ္စည်း တင်ပို့နေသည့် ပမာဏသည် အိမ်နီးချင်းနိုင်ငံများနှင့် နှိုင်းယှဉ်ပါက အလွန်နည်းနေသေးကြောင်း သိရှိရသည်။

ထို့ကြောင့် တင်ပို့မှုပမာဏကို မြှင့်တင်ရာတွင် သဘာဝမှ ဖမ်းဆီးရောင်းချခြင်းထက် မွေးမြူရေးစနစ်များ ကောင်းမွန်အောင် ဆောင်ရွက်ကာ ပြည်တွင်းထုတ်လုပ်မှုမြင့်မားလာအောင် ဆောင်ရွက်ပြီး တင်ပို့သင့်သည်။ ထို့ပြင် စက်ရုံ၊ အလုပ်ရုံများ တည်ဆောက်ရင်းနှီး၍ အလုပ်အကိုင်အခွင့်အလမ်းများပေးနိုင်သည့် ရေထွက်ပစ္စည်းများ ပြုပြင်ထုတ်လုပ်သည့် လုပ်ငန်းများအား နိုင်ငံတကာ ဈေးကွက်တွင် ယှဉ်ပြိုင်နိုင်ရန်နှင့် စက်ရုံများ၏ လိုအပ်ချက်ဖြစ်သော နိုင်ငံတကာမှ သတ်မှတ်ထားသည့် စံချိန်စံညွှန်းများနှင့် ကိုက်ညီသော ရေထွက်ပစ္စည်းထုတ်ကုန်များကို အရည်အသွေးပြည့်မီစွာ ထုတ်လုပ်တင်ပို့နိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။

**ဆက်လက်ဖော်ပြပါဦးမည်. . .။**

# အီရန်ရှိ Chabahar ဆိပ်ကမ်းနှင့် အာဖဂန်နယ်စပ်ရှိ ရထားလမ်းစီမံကိန်းတို့တွင် အိန္ဒိယအတွက် အမေရိကန်က Sanctions များမှ ကင်းလွတ်ခွင့်ပြုခဲ့

အီရန်မှ ရေနံများကို ဆက်လက်တင်သွင်းရန် အိန္ဒိယအား ခွင့်ပြုကြောင်းကို အမေရိကန်က မကြာသေးမီက ထုတ်ပြန်ခဲ့ပြီးနောက် ယခုဆက်လက်၍ အီရန်ရှိ Chabahar ဆိပ်ကမ်းနှင့် အီရန်ဆိပ်ကမ်းမြို့နှင့် အာဖဂန်နယ်စပ်သို့ ဆက်သွယ်သည့် ရထားလမ်း စီမံကိန်းတည်ဆောက်ခြင်းတို့ကိုလည်း အမေရိကန်က ခွင့်ပြုပေးခဲ့ကြောင်း၊ ယင်းကိစ္စတွင် မိုဒီအစိုးရက ထရမ့်အစိုးရအနေဖြင့် ၎င်းစီမံကိန်းများအတွက် အရေးယူပိတ်ဆို့ခြင်းမှ ကင်းလွတ်ခွင့်မပြုသည့်တိုင် ဆက်လက်ဆောင်ရွက်ရန် ဆုံးဖြတ်ထားကြောင်း ထုတ်ပြန်ခဲ့ပြီးနောက်တွင် ပေါ်ပေါက်လာခြင်းဖြစ်ကြောင်း သိရှိရပါသည်။



ထိုသို့ကင်းလွတ်ခွင့်ပြုလိုက်ခြင်းကြောင့် ယူရေးရှားနှင့် ကုန်းတွင်းပိတ် အာဖဂန်နစ္စတန်သို့ဝင်ပေါက်ဖြစ်သည့် Chabahar ဆိပ်ကမ်းစီမံကိန်းသို့အိန္ဒိယက ဘဏ္ဍာငွေ ထောက်ပံ့ရန်အတွက် အခက်အခဲ လျော့နည်းသွားမည်ဖြစ်ကြောင်း၊ သမ္မတထရမ့်၏ တောင် အာရှမဟာဗျူဟာသည် အာဖဂန်နစ္စတန်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ဆက်လက်ပံ့ပိုးပေးရန်ဖြစ်ပြီး၊ အိန္ဒိယနှင့်လည်း ပိုမိုနီးကပ်သည့် မိတ်ဖက်ဆက်ဆံရေး ထူထောင်ရန်ဖြစ်ကြောင်း၊ သို့ဖြစ်၍ အမေရိကန်အနေဖြင့် ဒေသတွင်းနှင့် အခြားကမ္ဘာ့နိုင်ငံများကို မတည်မငြိမ်ဖြစ်စေသည့် အီရန်အစိုးရ၏ မူဝါဒအား ပြောင်းလဲလာစေရန် အပြင်းထန်ဆုံး ဖိအားပေးမည့် မူဝါဒတစ်ရပ် အကောင်အထည်ဖော်နေရာ အိန္ဒိယနှင့် အာဖဂန်နစ္စတန်တို့နှင့်လည်း ရင်းနှီးသည့်ဆက်ဆံရေးရှိအောင် တည်ဆောက်ရန် ကြိုးပမ်းနေသည်ဟု အမေရိကန် အစိုးရ၏ ပြောရေးဆိုခွင့်ရှိသူက ET သို့ ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး Mark Pompeo အနေဖြင့် ကျယ်ပြန့်နက်ရှိုင်းစွာ စဉ်းစားသုံးသပ်ပြီးမှသာ Iran Freedom and Counter-Proliferation Act of 2012 (IFCA) အောက်တွင် အရေးယူပိတ်ဆို့မှုများ ချမှတ်ရာ၌ Chabahar ဆိပ်ကမ်းနှင့် ဆက်စပ်ရထားလမ်းတည်ဆောက်ရေးတို့ကို ကင်းလွတ်ခွင့်ပြုလိုက်ပြီး၊ အီရန်ဆိပ်ကမ်းကိုဖြတ်၍ အာဖဂန်နိုင်ငံ အသုံးပြုရန်အတွက် ပိတ်ပင်ထားသည့် ကုန်စည်စာရင်းတွင် မပါဝင်သည့် ကုန်စည်များ သယ်ဆောင်သွားလာခွင့်ကိုလည်း ခွင့်ပြုလိုက်ကြောင်း၊ ထို့မျှသာမက အာဖဂန်အား အီရန်၏ ရေနံထွက်ကုန်ပစ္စည်းများ ဆက်လက်တင်သွင်းခွင့်ကိုလည်း ခွင့်ပြုပေးခဲ့ကြောင်း သိရှိရပါသည်။

အဆိုပါကင်းလွတ်ခွင့်များသည် အာဖဂန်နစ္စတန်နိုင်ငံ ပြန်လည်တည်ဆောက်ရေး အကူအညီနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေးတို့နှင့် ဆက်စပ်နေပြီး၊ အာဖဂန်၏ တိုးတက်မှုနှင့် လူသားချင်းစာနာ ထောက်ထားမှုအတွက် ဆက်လက်ထောက်ပံ့ရန် အရေးကြီးကြောင်း ဖော်ပြထားပါသည်။

**ယဉ်ယဉ်နွယ်**
**စီးပွားရေးသံမှူး၊ နယူးဒေလီမြို့**

# ထိုင်းနိုင်ငံတွင် အင်တာနက် 5G စနစ်ကို၂၀၁၉ ခုနှစ်တွင် စတင်စမ်းသပ်မည်

အင်တာနက် 5G နည်းပညာသည် ထိုင်းနိုင်ငံ၏စီးပွားရေးနှင့် နိုင်ငံရေးကိုပြန်လည် ပုံဖော်ပေးနိုင်ရုံသာမက လုပ်သား အင်အား၊ လုပ်ငန်းဆောင်ရွက်မှုပုံစံနှင့် စက်မှုလုပ်ငန်းကွင်းဆက် ပြောင်းလဲလာမှုများအတွက် အလျင်အမြန်ချိတ်ဆက်နိုင်ခြင်းကို သေချာစေမည် ဖြစ်ပါသည်။

အင်တာနက် 5G ကွန်ရက်သည် ထိုင်းနိုင်ငံ၏အထွေထွေရွေးကောက်ပွဲတွင် မဲပေးစနစ်ကိုတိုးတက်စေမည့်အပြင် ဆိုရှယ်မီဒီယာများမှတစ်ဆင့် ဒစ်ဂျစ်တယ်နိုင်ငံရေးလှုပ်ရှားမှုများကိုလည်း ဖန် တီးပေးမည် ဟု "5G: Shaping Thailand's Economic and Political Landscape" ဆွေးနွေးပွဲ၌ ပညာရှင်များက ဆွေးနွေးခဲ့ကြပါသည်။

ထိုင်းနိုင်ငံရှိဆက်သွယ်ရေးကုမ္ပဏီများသည် 5G အမြန်နှုန်းအတွက် စိုးရိမ်ပူပန်နေကြပါသည်။ ပြည်တွင်း ဆက်သွယ် ရေးစည်းမျဉ်းစည်းကမ်းများသည် 5G စနစ် တည်ထောင်ရေးအတွက် အထောက်အကူပြုသော်လည်း5G ၏ ကုန်ကျစရိတ်သည် အလွန်မြင့်မားပါသည်။ ထိုင်းနိုင်ငံသည် ၂၀၁၂ ခုနှစ်တွင် အင်တာနက် 3G စနစ်ကို စတင်အသုံးပြုခဲ့ပြီး တိုင်းပြည်စီးပွားရေးသည် တဖြည်းဖြည်း တိုးတက်လာခဲ့ပါသည်။ ၂၀၁၆ ခုနှစ်တွင် 3G မှ 4G သို့ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် အဆင့်မြှင့်တင်ခဲ့ကြောင်း သိရှိရပါသည်။

၂၀၁၂ ခုနှစ်တွင် ထိုင်းနိုင်ငံရှိမိုဘိုင်းဖုန်းသုံးစွဲမှုသည် ၇၉ဒသမ၂သန်း ရှိပြီး ၃ ဒသမ ၇ သန်းသည် 3G စနစ်ကို အသုံးပြုပါသည်။ လက်ရှိအချိန်တွင် မိုဘိုင်းဖုန်း သုံးစွဲမှုပမာဏသည် ၁၂၅ သန်းအနက် 3G နှင့် 4G ကို အသုံးပြုသည့်အရေအတွက်မှာ ၁၂၃ ဒသမ ၅ သန်းအထိ ရှိပါသည်။ ထိုင်းနိုင်ငံသည် ၂၀၂၀ ခုနှစ်တွင် 5G ကို စတင်အသုံးပြုမည်ဖြစ်ပါသည်။ 5G စနစ်သည်ပြည်တွင်းစက်မှုလုပ်ငန်းများ၏ ဒေါင်လိုက် ပြောင်းလဲမှုလှိုင်းကို ဖန်တီးပေးမည်ဖြစ်သည်။ တစ်နည်းအားဖြင့် တိုင်းပြည်စီးပွားရေး တိုးတက်ရေးအတွက် စက်မှုလုပ်ငန်းများဖြင့် အဓိကမောင်းနှင်သည့်ပုံစံမှ Smart Industry ၊ Smart City နှင့် Smart people စသည့် ဆန်းသစ်တီထွင်မှုများဖြင့် မောင်းနှင်သည့်ပုံစံသို့ပြောင်းလဲသွားမည်ဖြစ်သည်။

ထိုင်းနိုင်ငံရှိဆက်သွယ်ရေးကုမ္ပဏီနှစ်ခုဖြစ်သော AIS(Advanced Info Service Plc) နှင့် TrueMove (True Move H)တို့၏ ပထမအကြိမ် 5G စနစ် (26-gigahertz spectrum) စမ်းသပ်ခြင်းကို ၂၀၁၈ ခုနှစ် နိုဝင်ဘာ ၂၂ ရက်နှင့် ဒီဇင်ဘာ ၁၅ ရက်နေ့အတွင်း ဆောင်ရွက်ကြမည်ဖြစ်ပါသည်။ AIS နှင့် True Move တို့သည် ၎င်းတို့၏5G စက်ကိရိယာများကို စမ်းသပ်ခွင့်ပြုရန် ယခင်ကတည်းကတင်ပြထားမှုရှိခဲ့ပြီး DTAC (Total Access Communication Plc) အတွက် 5G စမ်းသပ်မှုအား ထိုင်းနိုင်ငံဆက်သွယ်ရေးဘုတ်အဖွဲ့၏ နောက်တစ်ကြိမ်ကျင်းပမည့် အစည်းအဝေးတွင် ခွင့်ပြုပေးရန်ရှိကြောင်း သိရှိရပါသည်။

အင်တာနက် 5G(10Gbps)သည် 4G (100 Mbps)ထက် ဆယ်ဆပိုမြန်ကြောင်း၊ AIS အနေဖြင့် 5G ကို အင်တိုက်အားတိုက် အကောင်အထည်ဖော်မည်ဖြစ်ပြီး 4G သည် သုံးစွဲသူများ၏ တောင်းဆိုမှုအရ ရောင်းချပေးမည်ဖြစ်ကြောင်း AIS ကုမ္ပဏီ၏အမှုဆောင်အရာရှိချုပ် Mr.Weerawat Kiattipongthaworn က ပြောကြားခဲ့ပါသည်။

ထိုင်းနိုင်ငံ၌ လက်ရှိမိုဘိုင်းသုံးစွဲမှုသည် ၁၄၀ ရာခိုင်နှုန်းရှိရာမှ 5G ကို ပြောင်းလဲကျင့်သုံးသည့် အချိန်တွင် ၁၀၀၀ ရာခိုင်နှုန်းသို့ မြင့်တက်လာမည်ဖြစ်ပါသည်။ 5G အခြေခံအဆောက်အဦသည် ဆန်းသစ်တီထွင်နိုင်သော နည်းပညာ သုံးစွဲမှုအတွက် အလွန်အရေးကြီးပါသည်။ 4Gသည် တစ်ချိန်တည်းတွင် စက်ကိရိယာပေါင်းထောင်ဂဏန်းသာ အသုံးပြုနိုင်ချိန်တွင် 5G သည် သန်းနှင့်ချီ၍ ချိတ်ဆက်ပေးနိုင်မည်ဖြစ်ပါသည်။ လာမည့် အနာဂတ်ကာလတွင် အရာရာတိုင်းသည် အင်တာနက်ဖြင့် ချိတ်ဆက်ထားကြမည်ဖြစ်ပါသည်။ 4G စနစ်ဖြင့် မရနိုင်သည့် တိုးတက်မှုများကို 5G တွင် အခိုင်အမာ ရရှိမည်ဖြစ်ပါသည်။

၂၀၂၀ ခုနှစ်တွင် 5G စနစ်အား စီးပွားဖြစ်သုံးစွဲမှု တွင်ကျယ်လာမည်ဖြစ်ရာ မော်တော်ယာဉ် ထုတ်လုပ်ရေးကဏ္ဍ၊ ကုန်ချောထုတ်လုပ်မှုကဏ္ဍ၊ အများပြည်သူသုံး မီးနှင့် ရေဝန်ဆောင်လုပ်ငန်း (Utilities) နှင့် ကျန်းမာရေးကဏ္ဍများ၌ အသုံးများလာမည် ဖြစ်ပါသည်။ ဩစတြေးလျနိုင်ငံနှင့် တောင်ကိုရီးယားနိုင်ငံများ အပါအဝင် ကမ္ဘာ့နိုင်ငံများစွာ၌ 5G ကို အကောင်အထည်ဖော်မည့် အစီအမံများကို ချမှတ်ထားပြီးဖြစ်ပါသည်။ အချို့နိုင်ငံများတွင်လည်း ယခုနှစ်အတွင်း 5G တည်ထောင်ရေးအတွက် လေလံပွဲများကို ကျင်းပမည်ဖြစ်ပါသည်။

ထိုင်းနိုင်ငံ၏ စီးပွားရေးတိုးတက်မှုသည် နည်းပညာ အထောက်အပံ့မပါသော ယနေ့အချိန်တွင် နှစ်စဉ်ပျမ်းမျှ ၃ ရာခိုင်နှုန်း တိုးတက်လျက်ရှိကြောင်း၊ ခေတ်မီနည်းပညာ တိုးတက်မှုလာမှုကြောင့် လာမည့်နှစ် ၂၀ အတွင်း ထိုင်းနိုင်ငံ၌ အလုပ်အကိုင်စုစုပေါင်း ၃ သန်း ကျဆင်းသွားမည်ဖြစ်ကြောင်း၊ မီဒီယာနှင့်ကြော်ငြာလုပ်ငန်းများသည်Facebook နှင့် Google များအပေါ်တွင် ပြောင်းလဲဆောင်ရွက်လာကြမည်ဖြစ်ကြောင်း Thailand Development and Research Institute ၏ဥက္ကဋ္ဌ Mr.or Somkiat Tangkitvanich က ပြောကြားခဲ့ပါသည်။

ထိုင်းနိုင်ငံ၏ စီးပွားရေးတွင် e-commerce သည် အမှန်တကယ် အရေးပါသည့်အခန်းကဏ္ဍမှ ပါဝင်လာကြောင်း၊ ထိုင်းနိုင်ငံ၏အွန်လိုင်းဝယ်ယူမှုစွမ်းအားသည်ဗန်ကောက်မြို့၌သာမက ပြည်နယ်ဈေးကွက်များအထိ ကျယ်ပြန့်စွာ ဆောင်ရွက်လာကြောင်း၊ တရုတ်နိုင်ငံတွင် ငွေကြေးရွှေ့ပြောင်းမှုသည် အွန်လိုင်းကုန်သွယ်မှုအခြေခံပေါ်သို့ ရောက်ရှိလာကြောင်း၊ Tarad.com ကုမ္ပဏီအနေဖြင့်လည်း ဒစ်ဂျစ်တယ်စီးပွားရေးအရ လိုအပ်လာမည့် ဝန်ဆောင်မှုလုပ်ငန်းများအတွက် ပိုမိုအလေးထား ဆောင်ရွက်လျက်ရှိကြောင်း Tarad.com ကုမ္ပဏီတည်ထောင်သူနှင့် အမှုဆောင်အရာရှိချုပ် Mr. Pawoot Pongvityapanu က ပြောကြားခဲ့ပါသည်။

**ကျော်သူရ**
**မြန်မာသံမှူး၊ ဗန်ကောက်မြို့**

## ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (PNO)နှင့် ပူးပေါင်း၍ ကျောက်တလုံးကြီးမြို့နယ်ခွဲ၊ နောင်ကားကျေးရွာ၌ စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေး ဟောပြောဆွေးနွေးပွဲ ကျင်းပ



စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးသူရေးရာဦးစီးဌာန ရှမ်းပြည်နယ်ဦးစီးမှူးရုံး မှ ဦးစီးအရာရှိ ဦးခွန်ကျော်ဌေး ဦးဆောင်သောအဖွဲ့နှင့် ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO)မှ ကိုယ်စားလှယ်တို့ ပူးပေါင်း၍ ဒီဇင်ဘာ ၂ ရက်တွင် ကျောက်တလုံးကြီးမြို့နယ်ခွဲ၊ နောင်ကားကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျေးရွာအတွင်းရှိ ရပ်မိ/ရပ်ဖ၊ ကျေးရွာသူ/ကျေးရွာသားများကို စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေး ဟောပြောဆွေးနွေးပွဲ ကျင်းပခဲ့တယ်လို့ သိရပါတယ်။

အဆိုပါ ဟောပြောဆွေးနွေးပွဲတွင် ဦးစီးအရာရှိ ဦးခွန်ကျော်ဌေးက မိမိတို့ပအိုဝ်းလူမျိုးတို့၏ အမျိုးသားကျန်းမာရေးကို ရှေးရှုခြင်းဖြစ်ကြောင်း၊ ရိုးသားသော ပအိုဝ်းလူမျိုးတွေအပေါ် စီးပွားရေးလုပ်ငန်းရှင် များ၏ မသမာမှု၊ လောဘကြီးမှု၊ စီးပွားရေးအရနှိပ်စက်မှုများမခံရစေရန် လာရောက်ဟောပြောရခြင်းဖြစ်ကြောင်း ပြောကြားခဲ့ပါတယ်။ ဆက်လက်၍ ထုတ်ကုန်လုံခြုံစိတ်ချရမှုမရှိသော ကုန်စည်နှင့်ဝန်ဆောင်မှုများ၊ ကျန်းမာရေးနှင့် မညီညွတ်သော အစားအသောက်များ၊ လူသုံးကုန်ပစ္စည်းများ၊ ဆေးဝါးပစ္စည်းများ၊ စားသုံးသူတို့၏ အခွင့်အရေးနှင့် တာဝန်များ၊ စီးပွားရေးလုပ်ငန်းရှင်တို့၏ အခွင့်အရေးနှင့်တာဝန်များအကြောင်း ရှင်းလင်းဟောပြောခဲ့ပြီး အခွင့်အရေး ထိခိုက်လာပါက တိုင်ကြားနိုင်ရန်နှင့် ပြစ်မှုပြစ်ဒဏ်များအကြောင်းကို အသေးစိတ်ဟောပြောခဲ့ပါတယ်။ ဆက်လက်၍ တောင်သူဦးကြီးများအနေနှင့်လည်း စိုက်ပျိုးရေးသုံး ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးများ အကောင်းဆုံးရွေးချယ်ဝယ်ယူသုံးစွဲရန်နှင့် လုံခြုံစိတ်ချစွာသုံးစွဲနိုင်ရေး ရှင်းလင်းပြောကြားခဲ့ပြီး အသိပညာပေးလက်ကမ်းစာစောင်များနှင့် တိုင်ကြားမှုပုံစံများကို ဖြန့်ဝေပေးခဲ့တယ်လို့ သတင်းရရှိပါတယ်။

အဆိုပါဟောပြောဆွေးနွေးပွဲသို့ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (PNO) မှ အကြီးအကဲများ၊ အုပ်ချုပ်ရေးမှူးများ၊ ကျေးရွာဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ကျေးရွာသူ/ကျေးရွာသားများ စုစုပေါင်း ၁၅၀ ဦးခန့် တက်ရောက်ခဲ့တယ်လို့ သတင်းရရှိပါတယ်။

**စောနွေဝင်း (တောင်ကြီး)**

# တရုတ်နိုင်ငံမှ EU polysilicon အပေါ်တွင် anti-dumping, countervailing အစီအမံများ ဖယ်ရှား

တရုတ်နိုင်ငံသည် EU နိုင်ငံမှ တင်သွင်းခဲ့သည့် solar-grade polysilicon သွင်းကုန် ပစ္စည်းများအပေါ်တွင် anti-dumping, countervailing အစီအမံများကို ပယ်ဖျက်မည်ဖြစ်ကြောင်း တရုတ်နိုင်ငံ၏ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ကြေညာခဲ့ပါသည်။

solar-grade polysilicon သည် solar cells များ ပြုလုပ်ရာတွင် အဓိကကျသောပစ္စည်းဖြစ် ပါသည်။

EU မှ polysilicon ထုတ်ကုန်များကို တရုတ်နိုင်ငံ ဈေးကွက်သို့ စုပုံတင်ပို့ ခဲ့သည်ကို စုံစမ်း စစ်ဆေးရှာဖွေတွေ့ရှိခဲ့ပြီးနောက် ၂၀၁၄ ခုနှစ်၊ မေလ ၁၄ ရက်နေ့တွင် EU ကုန်ပစ္စည်းများအပေါ်၌ ကန့်သတ်ချက်များကို ချမှတ်ခဲ့ခြင်းဖြစ်သည်။

ပြည်တွင်းစက်မှုလုပ်ငန်းများ၏ တောင်းဆိုမှုအရ သက်တမ်းကုန်ဆုံးမှု ပြန်လည်သုံးသပ်ခြင်း စတင်ခဲ့ပြီးနောက် (၂) နှစ် အစီအမံသည် ၂၀၁၇ ခုနှစ်၊ မေလမှစတင်ပြီး နောက်ထပ် (၁၈) လအထိ သက်တမ်းထပ်မံတိုးမြှင့်ခဲ့ပါသည်။

၂၀၁၈ ခုနှစ်၊ မတ်လတွင် ဝန်ကြီးဌာနမှ ပြည်တွင်းစက်မှုလုပ်ငန်းများနှင့် သက်ဆိုင်သည့် လုပ်ငန်းများသည် သက်တမ်းကုန်ဆုံးမှု ပြန်လည်သုံးသပ်ခြင်းအား သက်တမ်းကုန်ဆုံးမည့် အောက်တိုဘာလ ၃၁ ရက်နေ့မတိုင်မီ ရက် (၆၀) အလိုတွင် လျှောက်ထားနိုင်ကြောင်း ပြောကြားခဲ့ပါသည်။

ဤကာလအတွင်း မည်သည့်လျှောက်လွှာမျှ လျှောက်ထားလာခြင်းမရှိသည့်အတွက် ဝန်ကြီးဌာနမှ သက်တမ်းကုန်ဆုံးမှု ပြန်လည်သုံးသပ်ခြင်းစတင်မှုများကို ဆန့်ကျင်ပြီး anti-dumping, countervailing အစီအမံများ ဖယ်ရှားရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ခြူးသီရိရွှင်**

CB BANK

# INTERNATIONAL TRADE SERVICES
# နိုင်ငံတကာ ကုန်သွယ်ရေး ဝန်ဆောင်မှု

## Import Services
## သွင်းကုန်ဝန်ဆောင်မှု

- ငွေလွှဲစာတမ်းဖွင့်လှစ်ခြင်း/ ပြင်ဆင်ခြင်း။
- ငွေလွှဲစာတမ်း အတွက် ငွေပေးချေခြင်း။
- ကောက်ခံရေးစနစ် (DP/DA) ဖြင့် ရောက်ရှိလာသော သွင်းကုန်ပစ္စည်းဖိုးအား ပေးချေခြင်း။
- သဘောတင်စာရွက်စာတမ်း အာမခံထုတ်ပေးသော ဝန်ဆောင်မှု။
- ပြည်တွင်း ငွေလွှဲစာတမ်းဖွင့်လှစ်ခြင်း။
- ကုန်ရောင်းငွေလွှဲစာတမ်းပေါ် အခြေခံ၍ ကုန်ဝယ်ငွေလွှဲ စာတမ်းအားပြန်လည်ဖွင့်လှစ်ပေးခြင်း။

## Export Services
## ပို့ကုန်ဝန်ဆောင်မှု

- ငွေလွှဲစာတမ်းနှင့် ငွေလွှဲစာတမ်းပြင်ဆင်ခြင်းအား အကြောင်းကြားပေးခြင်း။
- ငွေလွှဲစာတမ်းအတွက် ငွေတောင်းခံခြင်း။
- ကောက်ခံရေးစနစ် (DP/DA) ဖြင့် ပေးပို့သော ကုန်ပစ္စည်းများအတွက် ငွေတောင်းခံခြင်း။
- ကြိုတင်ရငွေ/ ပို့ကုန်ငွေလွှဲအားထည့်သွင်းပေးခြင်း။
- လွှဲပြောင်းနိုင်သော ငွေလွှဲစာတမ်းဖွင့်လှစ်ခြင်း။

## Export/Import Financing
## ပို့ကုန်/သွင်းကုန် ငွေကြေးထောက်ပံ့မှု

**ပို့ကုန် ငွေကြေးထောက်ပံ့မှု**
**( Export Financing )**

- ကုန်ပစ္စည်းဝယ်ယူထုတ်လုပ်ရန် ကြိုတင်ငွေ ထုတ်ယူခြင်း။
- ကုန်တန်ဖိုး ငွေတောင်းခံလွှာပေါ်တွင် ချေးငွေထုတ်ယူခြင်း။
- ဆိုင်းငံ့ကာလစနစ် ထုတ်ကုန်ငွေလွှဲစာတမ်းပေါ်တွင် သဘောတင်စာရွက်စာတမ်းများ ဝယ်ယူခြင်း။
- ကောက်ခံရေးစနစ် (DP/DA) ဖြင့် ကုန်ပစ္စည်းတင်ပို့သော စာရွက်စာတမ်းများ ဝယ်ယူခြင်း။

**သွင်းကုန် ငွေကြေးထောက်ပံ့မှု**
**( Import Financing )**

- ယုံကြည်မှုဖြင့် ဝယ်ယူထားသောကုန်ပစ္စည်းအတွက် အချိန်ပိုင်း ချေးငွေထုတ်ပေးခြင်း။
- သွင်းကုန် ငွေတောင်းခံလွှာ ပေါ်တွင် ချေးငွေထုတ်ပေးခြင်း။
- ကောက်ခံရေးစနစ် (DP/DA) ပေါ် အခြေခံ၍ အချိန်ပိုင်း ချေးငွေဖြင့် ငွေပေးချေခြင်း။
- ကုန်ရောင်းသူ၏ အကြွေးစနစ်ပေါ်တွင်ငွေလက်ငင်းရရှိရန် ကြားခံဘဏ်များမှ ချေးငွေထုတ်ပေးခြင်း။

## International Remittance
## အပြည်ပြည်ဆိုင်ရာ ငွေလွှဲဝန်ဆောင်မှု

- ပြည်ပမှ ငွေလွှဲများဝင်ရောက်ခြင်း။
**( Inward Remittance )**
- ပြည်ပသို့ ငွေလွှဲများ ပေးပို့ခြင်း။
**( Outward Remittance )**



Call Centre : (+95) **1 231 777 0**

Contact Us : (95-1) 2317698, (95-9) 261997208
www.cbbank.com.mm
STU@cbbank.com.mm

# WHITE UNICORN Trading.,Ltd.
## White Unicorn Services



လူကြီးမင်းတို့၏သွင်းကုန်နှင့်ထုတ်ကုန် ပစ္စည်းများကို
ရိုးရှင်း လျင်မြန်စွာဖြင့် အကောက်ခွန်အပိုင်း၊ ဆိပ်ကမ်းအပိုင်း
ထုတ်ယူဆောင်ရွက်ပေးပြီး လူကြီးမင်းတို့၏ စိတ်တိုင်းကျ
ဝန်ဆောင်မှု ပေးနေပါသည်။
လက်ရှိလုပ်ကိုင်နေသော လူကြီးမင်း၏ သွင်းကုန်၊ ထုတ်ကုန်
လုပ်ငန်းစဉ်များတွင် စိတ်တိုင်းကျမှု မရှိခဲ့ပါလျှင်
ကျွန်တော်တို့ White Unicorn Service
လုပ်ငန်းမှ လျင်မြန်သွက်လက်ပြီး အတွေ့အကြုံရှိသော
ဝန်ထမ်းများဖြင့် ကူညီဖြေရှင်းပေးပါရစေ။

No.106, 2nd floor, 39th Street, Lower Block, Kyauktada Township, Yangon, Myanmar
Hp : 09 49592083, 0973206575, 01370936, Email : wucorn.agent@gmail.com

# KIP KHANT COMPANY LIMITED

## Electric Concrete pole/Material/Machine Manufacturing & Distributor



အမှတ်(၃)၊ စက်မှုမြို့ပတ်လမ်း၊ ၆၂-ရပ်ကွက်၊ စက်မှုဇုံ(၂)၊ တောင်ဒဂုံ။ ရုံးဖုန်း - ၀၁-၂၃၄၈၁၁၅၊ ၀၉-၄၂၁၀၅၄၂၃၆

# COMMERCE INTERNATIONAL

## ပဲတင်သွင်းမှု ကန့်သတ်ချက်များနှင့်စပ်လျဉ်း၍ WTO ၌ တင်းမာမှုများကို အိန္ဒိယတိုး၍ ရင်ဆိုင်နေရ

ပြည်တွင်းဈေးကွက်၌ ပဲဈေးနှုန်းများကျဆင်းနေခြင်းကို ထိန်းချုပ်ရန်အတွက် ပဲအမျိုးအစားအချို့အပေါ် သွင်းကုန်ပမာဏ ကန့်သတ်ချက်များ အိန္ဒိယက ဆက်လက်ထားရှိခဲ့ခြင်းအပေါ် ဩစတြေးလျ၊ ကနေဒါနှင့် အမေရိကန်တို့က World Trade Organization သို့တင်ပြခဲ့ရာ အိန္ဒိယအနေဖြင့် တင်းမာမှုများကို တိုး၍ ရင်ဆိုင်နေရကြောင်း သိရှိရပါသည်။



ပြီးခဲ့သည့် ဧပြီလတွင် အိန္ဒိယအစိုးရက ထုတ်ပြန်သတ်မှတ်ခဲ့သည့် သွင်းကုန်ပမာဏ ကန့်သတ်ချက်များနှင့်စပ်လျဉ်း၍ ကမ္ဘာ့ကုန်သွယ်ရေးစည်းမျဉ်းနှင့် ကိုက်ညီမှုရှိ/ မရှိ၊ အိန္ဒိယအစိုးရအနေဖြင့် နှစ်ကုန်တွင် ကန့်သတ်ချက်များကို ထပ်မံသက်တမ်းတိုးရန် အစီအစဉ်ရှိ/ မရှိတို့ကို သိရှိလိုသည်ဟု အဆိုပါနိုင်ငံများက World Trade Organization မှတစ်ဆင့် မေးမြန်းထားကြောင်း သိရှိရပါသည်။

ပြီးခဲ့သည်နှစ်များအတွင်း WTO ကော်မတီ အစည်းအဝေးပေါင်းများစွာ၌ အဖွဲ့ဝင်နိုင်ငံများစွာက ယင်းကိစ္စနှင့် စပ်လျဉ်း၍ ၎င်းတို့၏ ပူပန်မှုများကို ဆွေးနွေးမေးမြန်းမှုများ ပြုလုပ်ခဲ့သော်လည်း အိန္ဒိယသည် ပမာဏကန့်သတ်ချက်များကို ဆက်လက်ထားရှိခဲ့ပြီး WTO စည်းမျဉ်းအရ ကိုက်ညီမှုရှိ/ မရှိကိုလည်း လက်ရှိအချိန်ထိ ပြန်လည်ဖြေကြားရှင်းလင်းခြင်း မရှိသေးကြောင်း၊ သို့ဖြစ်၍ ဩစတြေးလျ၊ ကနေဒါ နှင့် အမေရိကန်တို့က ၂၀၁၈ ခုနှစ် နိုဝင်ဘာ ၂၉ ရက်တွင် WTO စိုက်ပျိုးရေးကော်မတီ အစည်းအဝေး၌ ထပ်မံမေးမြန်းထားခြင်းဖြစ်ကြောင်း သိရှိရပါသည်။

ဩစတြေးလျ၏ တင်ပြချက်တွင် အိန္ဒိယသည် ပဲတန်ချိန် ၁၀၀၀၀၀ခန့် တင်သွင်းခွင့် သတ်မှတ်ချက်အား ကနဦးအနေဖြင့် ဇွန် ၃၀ ကာလအထိ သတ်မှတ်ခဲ့ကြောင်း၊ ယင်းနောက် စက်တင်ဘာ ၃၀ ထိ ပထမအကြိမ်၊ ဒီဇင်ဘာ ၃၁ရက်အထိ ဒုတိယအကြိမ် သက်တမ်းတိုးမြှင့်ခဲ့ကြောင်း၊ အိန္ဒိယ၏ ကနဦး ထုတ်ပြန်ချက်တွင် သတ်မှတ်ပမာဏ တန်ချိန်အား ပထမသုံးလအတွင်း အပြီးတင်သွင်းရန် သတ်မှတ်ဖော်ပြထားကြောင်း၊ သို့ဖြစ်၍ ၎င်းတို့အနေဖြင့် သိရှိလိုသည်မှာ သက်တမ်းတိုးမြှင့်သည့် ကာလများအတွက်ကိုတာ ထပ်တိုးခွင့်ပြုခြင်း ရှိ/မရှိနှင့် ဇူလိုင်မှ ဒီဇင်ဘာကာလအတွက် Peas များအပေါ် သွင်းကုန်ကန့်သတ်ချက် သက်ရောက်ခြင်း ရှိ/မရှိတို့ကို မေးမြန်းထားကြောင်း သိရှိရပါသည်။

ကနေဒါ၏တင်ပြချက်တွင် အစိုးရအေဂျင်စီများအနေဖြင့် ပဲများဝယ်ယူရာ၌ ပဲဈေးနှုန်းများအား အစိုးရက သတ်မှတ်ပေးသည့်ဈေးနှုန်း (သို့မဟုတ်) ဈေးကွက်ပေါက်ဈေးဖြင့် ဝယ်ယူရန်မည်သို့ဆုံးဖြတ်ခဲ့သည်ကို သိရှိလိုကြောင်း မေးမြန်းထားသည်ဟု သိရှိရပါသည်။

အိန္ဒိယအစိုးရသည် ယခုနှစ်၊ ဧပြီလတွင် yellow peas တန်ချိန်တစ်သိန်းကိုသာမက ပဲစင်းငုံတန်ချိန်နှစ်သိန်းနှင့် မတ်ပဲတန်ချိန် ၅ သိန်းခန့်တင်သွင်းခွင့်ကို ခွင့်ပြုထားခဲ့ပါသည်။

စိုက်ပျိုးရေးဝန်ကြီးဌာန၏ အချက်အလက်များအရ အိန္ဒိယသည် လက်ဝယ်၌ အရန်ပဲ အမြောက်အမြား ရှိနေသော်လည်း Kharif ရာသီပဲသီးနှံများဖြစ်သည့် ပဲစင်းငုံ၊ မတ်ပဲ၊ ပဲတီစိမ်းအထွက်နှုန်းမှာ လက်ရှိရာသီတွင် တန်ချိန် ၉ ဒသမ ၂၂သန်း သာရှိမည်ဟု ခန့်မှန်းထားရာ ပြီးခဲ့သည့်နှစ်၊ အလားတူကာလ ထုတ်လုပ်မှုပမာဏ တန်ချိန် ၉ ဒသမ ၃၄ သန်းအောက် အနည်းငယ်လျော့နည်းမည်ဖြစ်ကြောင်း၊ ထိုသို့ပဲထုတ်လုပ်မှု ဆက်လက်ကျဆင်းမည်ဆိုပါက အိန္ဒိယအနေဖြင့် သွင်းကုန်ကန့်သတ်ချက်များအား ဖယ်ရှားရန် ပိုမိုလွယ်ကူလာလိမ့်မည်ဟု တာဝန်ရှိသူ တစ်ဦးက ပြောကြားထားကြောင်း သိရှိရပါသည်။

**ယဉ်ယဉ် နွယ်**
**စီးပွားရေးသံမှူး၊ နယူးဒေလီမြို့**

## နိုဝင်ဘာလကုန်ထိစာရင်းများအရ အိန္ဒိယဆောင်းသီးနှံ (Rabi Crops)စိုက်ပျိုးမှု ဟက်တာဧက ၃၂ သိန်းခန့်လျော့နည်း

အိန္ဒိယနိုင်ငံရှိ အချို့သောဒေသများ၌ မိုးခေါင်မှုအန္တရာယ်နှင့် တွေ့ကြုံနေရသည့်အတွက် နိုဝင်ဘာလကုန်ထိ ဆောင်းသီးနှံ (Rabi Crops) စိုက်ပျိုးပြီးစီးမှုမှာ ပြီးခဲ့သည့်နှစ် အလားတူကာလနှင့်နှိုင်းယှဉ်ပါက ဟက်တာ ဧက ၃၂ သိန်းခန့်အထိ လျော့နည်းကျဆင်းနေကြောင်း၊ အိန္ဒိယ၏ ဆောင်းသီးနှံကာလမှာ အောက်တိုဘာလမှ မတ်လအတွင်းဖြစ်ရာ အဆိုပါသီးနှံများအား အောက်တိုဘာလတွင် စတင်စိုက်ပျိုးလေ့ရှိကြောင်း သိရှိရပါသည်။

အိန္ဒိယ စိုက်ပျိုးရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် အချက်အလက်များအရ ၂၀၁၈ ခုနှစ် နိုဝင်ဘာလ ၃၀ ရက်အထိ ဆောင်းသီးနှံစိုက်ပျိုးပြီးစီးသည့် ဟက်တာဧကပေါင်း ၃၅၅ သိန်းခန့်ရှိရာ ပြီးခဲ့သည့်နှစ်၊ အလားတူကာလတွင် စိုက်ပျိုးပြီးစီးခဲ့သည့် ဟက်တာ ဧက၃၈၇ သိန်းအောက် ၃၂ သိန်းခန့် လျော့နည်းနေကြောင်း၊ ထိုသို့လျော့နည်းခဲ့သည့် စိုက်ဧကများ၏ သုံးပုံတစ်ပုံခန့်မှာ Maharashtra ပြည်နယ်ကဖြစ်ပြီး ကျန်ပမာဏတွင် Uttar Pradesh၊ Rajasthan နှင့် Karnataka ပြည်နယ်တို့ အဓိကပါဝင်ကြောင်း သိရှိရပါသည်။

သီးနှံအမျိုးအစားအလိုက် စိုက်ဧကလျော့နည်းမှုအနေဖြင့် နှံစားပြောင်း (coarse cereals) သီးနှံ စိုက်ပျိုးပြီးစီးမှုမှာ ယခင်နှစ် နိုဝင်ဘာလကုန်တွင် ဟက်တာ ဧက ၄၀ ဒသမ ၆၅ သိန်းခန့်ရှိခဲ့သော်လည်း ယခုနှစ်တွင် ၂၉ ဒသမ ၆၄ သိန်းခန့်သာ ရှိခဲ့သည့်အတွက် ၂၇ ရာခိုင်နှုန်း လျော့နည်းနေကြောင်း၊ ထိုသို့ လျော့နည်းခဲ့သည့် ပမာဏတွင် Maharashtra ပြည်နယ်က ၁၁ ဒသမ ၀၅ ဟက်တာဧကနှင့် Karnataka ပြည်နယ်က ၁ ဒသမ ၉ ဟက်တာဧကတို့ဖြစ်ကြောင်း သိရှိရပါသည်။

ဆောင်းရာသီ ပဲသီးနှံအနေဖြင့် အိန္ဒိယတွင် Peas ကို အဓိကစိုက်ပျိုးလေ့ရှိကြောင်း၊ နိုဝင်ဘာလကုန်အထိ ပဲသီးနှံစိုက်ပျိုးပြီးစီးသည့် ဟက်တာဧကအနေဖြင့် ယခင်နှစ်တွင် ၁၁၁ ဒသမ ၆၃ သိန်းခန့်ရှိရာမှ ယခုနှစ်တွင် ၁၀၁ ဒသမ ၉၁ သိန်းခန့်သို့ ၁၂ ရာခိုင်နှုန်း လျော့နည်းကျဆင်းလျက်ရှိကြောင်း၊ ပဲ စိုက်ဧကကျဆင်းခဲ့သည့် အဓိကပြည်နယ်သုံးခုမှာ Maharashtra၊ Karnataka နှင့် Rajasthan ပြည်နယ်တို့ဖြစ်ကြောင်း၊ Gram စိုက်ပျိုးပြီးစီးမှုမှာ ယခင်နှစ်အောက် ၁၅ ရာခိုင်နှုန်း လျော့နည်းခဲ့ပြီး ဟက်တာ ဧက ၇၀ ဒသမ ၄၆ သိန်းသာရှိသည်ဟု အစိုးရ၏ တရားဝင် အချက်အလက်များ၌ ဖော်ပြထားပါသည်။

နိုဝင်ဘာလကုန်ထိ စာရင်းများအရ ဂျုံသီးနှံစိုက်ဧက လျော့နည်းခဲ့သည့် အဓိကပြည်နယ်များမှာ Uttar Pradesh၊ Madhya Pradesh၊ Bihari၊ Gujarat၊ Rajasthan နှင့် Maharashtra ပြည်နယ်တို့ဖြစ်ပြီး တစ်ပတ်အတွင်း စိုက်ပျိုးမှု အခြေအနေအရ ပုံမှန်အောက် ၁၅ ရာခိုင်နှုန်း လျော့နည်းလျက်ရှိကာ စိုက်ပျိုးပြီးစီးသည့် ဟက်တာဧကပေါင်း ၁၈၀ ဒသမ ၂၀ သိန်းခန့်ဖြစ်ကြောင်း၊ သို့ရာတွင် ပြီးခဲ့သည့်နှစ်စိုက်ဧကနှင့် နှိုင်းယှဉ်ပါက ၂ ဒသမ ၄၂ ရာခိုင်နှုန်းခန့်သာ လျော့နည်းကြောင်း သိရှိရပါသည်။



ဆီထွက်သီးနှံစိုက်ဧကအနေဖြင့် ယခင်နှစ်နှင့်နှိုင်းယှဉ်ပါက မုန်ညင်းစိုက်ပျိုးမှု တိုးလာသည့်အတွက် ယခုနှစ်စိုက်ဧကမှာ အနည်းငယ်မြင့်မားနေကြောင်း၊ သို့ရာတွင် အခြားသော ဆီထွက်သီးနှံစိုက်ပျိုးမှု အရှိန်နှုန်းထားအနေဖြင့် အနည်းငယ် ကျဆင်းနေကြောင်း၊ နိုဝင်ဘာလကုန်အထိ ဆီထွက်သီးနှံစိုက်ပျိုးပြီးစီးသည့် ဟက်တာဧကမှာ ၆၃ ဒသမ ၁၄ သိန်းခန့်ရှိခဲ့ပြီး ယခင်နှစ် အလားတူကာလ ၆၂ ဒသမ ၉၀ သိန်း ဟက်တာဧကထက်သုည ဒသမ၃၈ ရာခိုင်နှုန်း မြင့်မားနေကြောင်း သိရှိရပါသည်။

သို့ဖြစ်၍ ဆောင်းသီးနှံများအတွက် မျှော်လင့်ချက် ရောင်ခြည်အနေဖြင့် ဆည်/တာတမံများ၌ ရေသိုလှောင်မှုပမာဏ ကောင်းမွန်လျက်ရှိနေခြင်းသာဖြစ်ပြီး Central Water Commission က ထိန်းသိမ်းစောင့်ရှောက်သည့် ဆည်မြောင်း တာတမံ ၉၁ ခုတွင် ရေကုဗမီတာပေါင်း ၉၈ ဒသမ ၃၅ ဘီလီယံခန့်ရှိနေပြီး သိုလှောင်နိုင်စွမ်းပမာဏ၏ ၆၁ ရာခိုင်နှုန်းခန့်ရှိနေသည်ဟု ဖော်ပြထားကြောင်း သိရှိရပါသည်။

**ယဉ်ယဉ် နွယ်**
**စီးပွားရေးသံမှူး၊ နယူးဒေလီ**

Don't Trash Our Future

**ကျွန်ုပ်တို့ အနာဂတ်သာယာလှပဖို့ အမှိုက်စနစ်တကျ စွန့်ပစ်စို့။**